


မောင်မျိုး -
စီစဉ်သည်
ကလျာ (ဝိဇ္ဇာ/သိဒ္ဓိ)
အန္တရာယ်ဆိုးည
ဒုတိယအကြိမ်
design : bo bo htoon . 2005

25568475

ကလျာ (ဝိဇ္ဇာ/သိပ္ပံ)

# အန္တရာယ်ဆိုးည

(ဒုတိယအကြိမ်)

ပထမအကြိမ်- ၁၉၇၉ ခု၊ဩဂုတ်လ။
ဒုတိယအကြိမ်- ၂၀၀၆ ခု၊ ဧပြီလ

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

ပြည်ပအားကိုးပုဆိန်ရိုး၊ အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး။
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက်(၄)ရပ်

စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာဖြစ်ပေါ်လာရေး။
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက်(၄)ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။


စာမူခွင့်ပြုချက်အမှတ်
၁၃၀၆/၂၀၀၄ (၁၁)

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၈၅၄၀၅၀၇

ထုတ်ဝေသူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်စာပေ

ပုံနှိပ်သူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

ထုတ်ဝေခြင်း
ဒုတိယအကြိမ်၊ ၂၀၀၆ ခုနှစ် ဧပြီလ
အုပ်ရေ ၅၀၀၊ တန်ဖိုး ၁၀၀ ကျပ်

## အခန်း(၁)

လူတစ်အုပ် ကြောက်လန့်တကြား ပြေးလွှားရင်း ငိုယိုပြီး ညည်းညူလာသလို. . .

"သစ္စာမွန်စံအိမ်"၏ ပရဝုဏ်တွင် ထိတ်လန့်ဖွယ်ရာ အသံများကို ဖြစ်ထွန်းစေရင်း လေပြင်းသည်တိုက်ခတ်မွှေ့နှောက်လာသည်။

လေပြင်းဒဏ်ကြောင့် သစ်ရွက်ချင်း သစ်ခက်ချင်း အရှိန်ပြင်းစွာ ထိခိုက်ပွတ်တိုက်သံ၊ သစ်ကိုင်းခြောက်များ ကျိုးကြေကျသံများက သန်းခေါင်ယံအကာလည၏ ဝိညာဉ်ဆိုးများ လှုပ်ရှားနေကြသလိုချောက်ချားဖွယ်ရာ ကောင်းလှပါဘိ။

"နန္ဒာ"

"နန္ဒာနွယ်"

"နှန်းနန္ဒာနွယ်"

"ဒေါ်လေး ဒေါ်ကြူနန္ဒာ"၏ ဆင့်ကာဆင့်ကာ ပြည့်စုံစွာ အသံပြုခေါ်ဝေါ်လာပါသဖြင့် . . .

"နန္ဒာ လာပါပြီ"

"မလာနဲ့ . . မလာနဲ့၊ တံခါးတွေပိတ်ပြီးပြီလားလို့ မေးမလို့"

"ပိတ်ပြီးပါပြီ၊ ဒေါ်လေးကြူနန္ဒာ"

"လေတွေ သိပ်ထန်လာတယ်"

"ဟုတ်တယ်"

"မိုးပါရွာတော့မယ်ထင်တယ်၊ လေက သိပ်သည်းပြီး အေးစိမ့်လာတယ်"

"ဟုတ် . . ဟုတ်ကဲ့"

ဖန်မီးအိမ်ကိုကိုင်ရင်း ဒေါ်ကြူနန္ဒာ၏ အခန်းဝနားတွင် နန္ဒာနွယ် ရပ်နေရသည်။ သူခေါ်၍ထွက်လာပြီးလေမှ သူက သူ့အခန်းသို့ လာစရာမလိုပါဟု ဆိုလာ၍ပါ။

"ဒီညမိုးလာတော့မယ် ထင်တယ်"

အမေးစကားမဟုတ်ပါဘဲ အပြောစကားသာဖြစ်ပါ၍ နန္ဒာနွယ် ဘာမှမဖြေဖြစ်၊ နားသာစွင့်နေမိသည်။

"မိုးရွာလာရင်တော့ သတိထားတော့"

"ရှင်"

"ခုလို မိုးဦးနဲ့မိုးနှောင်းညတွေမှာ မိုးသိပ်သည်းလာရင် ဟောဒီ သဥ္ဇာမွန်စံအိမ်မှာ တစ်ခုခုဖြစ်တတ်မြဲပဲ နန္ဒာ"

"အို . . ."





"ဘာပဲဖြစ်ဖြစ် ကျရောက်လာမယ့် အန္တရာယ်ဆိုး ညဟာ ကိုယ့်အတွက်မဖြစ်ပါစေနဲ့လို့ ဘုရားမှာဆုတောင်းရင်း သတိဝီရိယနဲ့ အိပ်ပေါ့ဟုတ်လား၊ ကဲ . . သွားတော့၊ သွားအိပ်ချေတော့"

ဒေါ်ကြူနန္ဒာ၏ အမိန့်ကို နန္ဒာနွယ် မလွန်ဆန်ရဲ၊ ထပ်မမေးရဲပါ၊ ဘာကိုမှ မဆွေးနွေးရဲပါ။

ဤ 'စံအိမ်' နေမိသားစုများနှင့်အတူ ဒေါ်ကြူနန္ဒာကို နန္ဒာနွယ်ကြောက်ရပါသည်။ စောဒကဆိုသော ဆင်ခြေစကားများကို ဒေါ်ကြူနန္ဒာနွယ်က ကြားဖူးမည်ပင်မထင်၊ သူ့ပတ်ဝန်းကျင်ဝယ် ပဒေသရာဇ်မှိုင်းငွေ့များဖြင့် ပိတ်ဆည်းကာရံထားဆဲပါပင်။

နန္ဒာနွယ်မှာ အိမ်ထဲရောက် 'လေ' များ၏ တိုက်ခတ်မှုကြောင့် သူ့လက်မှမီးအိမ်လေး ငြိမ်းမသွားပါစေရန် လက်နှင့်ကာရင်း တရွေ့ရွေ့ဖြင့် မိမိ၏အခန်းရှိရာသို့ ပြန်လျှောက်လာရသည်။

မိမိလှမ်းလိုက်တိုင်း ရှည်မြောင်းသောအရိပ်မည်းကြီးက ရွေ့လျား၍ ရှေ့မှသွားနှင့်သည်။ နန္ဒာနွယ်မှာ ကိုယ့်အရိပ်ကိုပင် လန့်လာရင်းအခန်းတွင်းသို့ ခပ်သွက်သွက်ကလေး လှမ်းဝင်လိုက်ရသည်။ ကျောဘက်ဆီမှ ကြက်သီးများဖြာခနဲထနေဆဲမှာပင် အခန်းထဲသို့ ကျောလေးကော့ပြီး ဝင်ပြေးခဲ့ရပါပြီ။

"ကျွီ . . ကျွီ . ."

ချောင်နေသော တံခါးပတ္တာဟောင်း၏ မြည်သံနှင့်လေတိုးမှုကြောင့် သစ်သားရှက်ချင်းထိခတ်သံက လူတစ်ယောက်တံခါးကို လာပုတ်နှိုးနေသည်သို့ပင်။ ချောက်လှန့်မှုက နှိုးဆော်နေပါ၏။

"သဥ္ဇာမွန်စံအိမ်ကို အပြီးပြန်တော့မယ်ဆိုတဲ့ နှန်းနန္ဒာနွယ်

ကို ကျွန်တော်မှာလိုက်ပါရစေ"

"ကိုစောနောင်"၏ စကားသံများကို မိုးသံလေသံကြားမှ ပီပြင်စွာကြားလာရပါသည်။

"သဋ္ဌာမွန်စံအိမ်ကြီးရဲ့ အရှင်သခင် နန္ဒာနွယ်တို့ရဲ့ အဘိုး "ဦးဒိဗ္ဗ"က နိမိတ်ဖတ်သွားခဲ့ဖူးတယ်၊ သူ မရှိတဲ့နောက်ပိုင်းမှာ ဒီ သဋ္ဌာမွန်မှာ သွေးချောင်းစီးမတတ် ချောက်ချားစရာအဖြစ်အပျက်တွေနဲ့ ကြုံရလိမ့်မယ်တဲ့. . . ကျွန်တော့်ဖေဖေက ပြောပြဖူးတယ် နန္ဒာနွယ်"

ကိုစောနောင်၏ အမှာစကားများကို ထပ်ဆင့်ကြားရပြန်သည်။

"ခုတော့ လူတွေသေလိုက်ရင်. . . အသေဆိုးနဲ့ချည်းပဲ၊ ပြီးတော့. . . သေပုံတွေကလည်း ဆန်းတယ်"

"ဘာပဲဖြစ်ဖြစ်ပေါ့၊ ကိုယ့်ဘက်ကတော့ သတိနဲ့ဝီရိယနဲ့ အမြဲနေပါ"

"အကြောင်းရှိလာလို့ ကျွန်တော့်ကို[သ]တိရခဲ့ရင်တော့ မှာယူပါနန္ဒာ၊ ကျွန်တော်လိုက်လာပြီး ကူညီပါရစေ"

တည်ကြည်၍ ထက်မြက်သောကိုစောနောင်၏ မျက်နှာသွင်ပြင်ကိုပါ နန္ဒာနွယ် မြင်ယောင်လာမိသည်။

"ဩော်. . . ကိုစောနောင်သာ ဒီစံအိမ်နန်းကြီးရဲ့ တစ်နေရာရာမှာရှိနေမယ်ဆိုရင် ငါဘယ်လောက်များ အားရှိလိုက်မလဲ၊ ခုတော့. . ."

နန္ဒာနွယ်မှာ မိမိ၏အခန်းတံခါးကိုပိတ်ရင်း၊ စဉ်းစားရင်း





ဖြင့်. . .။

"အို. . ."

ချခဲ့သောနိုင်လွန်ဇာခြင်ထောင်မှာ လူးလွင့်နေသည်။ အခန်းတွင်းသို့ လေဝင်မွှေနေပြီမို့. . .

"အမယ်လေး"

မီးအိမ်ကငြိမ်းသွားသည်။ နန္ဒာ၏ကမ္ဘာမှာ မှောင်အတိကျသွားခဲ့ရပါပြီ. . .။

ကြောက်စိတ်ဖြင့် မျက်စိကိုစုံမှိတ်ပြီးမှ ကြောက်စိတ်ဖြင့်ပင် မျက်စိကိုပြန်ဖွင့်ကြည့်မိသည်။ အမှောင်ထဲတွင် မျက်စိခဏမှိတ်ပြီး ပြန်ဖွင့်ကြည့်မိလျက်သားမို့ကျင့်သားရသွားပြီး ဝိုးတဝါးမြင်သာနိုင်ပါပြီ. . .

"ဟာ. . . ပြတင်းတံခါးပွင့်လို့ပါလား"

လေပြင်းနှင့်အတူ မိုးစက်မိုးပေါက်များကပါ အခန်းတွင်းသို့ လွင့်စင်ခုန်ဝင်လာကြသည်။

နန္ဒာနွယ်မှာ တုန်ရီသောလက်လေးများဖြင့် မိုးလေကြားတွင် ကြောက်အားလန့်အားနှင့် တံခါးကိုကြိုးစား၍ ပိတ်နေမိသည်။

တစ်ဖက်ကို အရအမိပိတ်နိုင်သော်လည်း တစ်ဖက်တံခါးကို လေအားနှင့် လုနေရ၍ တော်တော်နှင့်ပိတ်၍မရ. . .။

"ဟင်"

ဟော်၏ တောင်ဘက်ထောင့်ဆီ၌ အရိပ်မည်းနှစ်ခု ရှေ့ဆင့်နောက်ဆင့် ပြေးလွှားနေသည်ကို မိုးလေများအကြားတွင် မှုန်ဝါးဝါးမြင်လိုက်ရသည်။

ရှေ့မှပြေးသူက ခပ်ဖြူဖြူအဝတ်ကို ဝတ်ထား၍ မြင်သာသော်လည်း နောက်မှ လိုက်သူကဖြင့် မည်းနေသည်။ သူ့သဏ္ဍာန်ကိုပင် ဖုံးကွယ်ထားသော်လည်း သူ့လက်တွင် လက်နှိပ်ဓာတ်မီးကို ဖွင့်ကိုင်ပြီး ပြေးလိုက်နေသည်မို့ အလင်းတန်းလေး ပြေးနေသည်နှင့်အတူ လူ တစ်ယောက်ပြေးလိုက်နေကြောင်း သိသာနေရသည်။

"အို. . . တံခါးကလဲ"

"ဘာပဲဖြစ်ဖြစ် မကြည့်ချင်ပါ၊ မမြင်ရဲပါ၊ ကိုယ့်လုံခြုံမှုအတွက် ကိုယ့်အခန်းတံခါးကို ပိတ်ထားနိုင်ဖို့သာ. . ."

"အား"

ငယ်သံပါသော အော်သံလေးသဲ့သဲ့က မိုးသံလေသံများကြားတွင် လွင့်ပါးလာသည်။

ဖြူဖြူသဏ္ဍာန်နှင့် အမည်းသဏ္ဍာန်တို့ လိုက်မီရောထွေးသွားကြပြီး ဆွေတော်မျိုးတော်တို့၏ သင်္ချိုင်းဂူများထားရှိရာနေရာ အနောက်ဘက်ထောင့် အုတ်ဂူများကြားတွင် သဏ္ဍာန်နှစ်ခုလုံး ပျောက်ဆုံးတိုးဝင်သွားကြပါပြီ။

"ဂျိမ်း . . . ဂျိမ်း"

ဆိုသော မိုးချိန်းသံကြီးမလာမီ လျှပ်ရောင်တစ်ချက်ပြက်လိုက်ချိန်တွင် နန္ဒာနွယ်မှာ တံခါးကို ပိတ်နိုင်ခဲ့ပါပြီ။ မင်းတုံးကို အသေအချာထိုးပြီး အိပ်ရာဆီသို့ စမ်း၍ပြန်ခဲ့ရပါ၏။

မောရှမ်းမြေ၏ မိုးသည်းညတွင် နန္ဒာနွယ်၏ကိုယ်ခန္ဓာမှာ ချမ်းစိမ့်မနေပါ။ ကြောက်သောဇောချွေးလေးများ စို့ပြန်လာရသည်။

"စောစောက ငါမြင်ရတာ ဘယ်သူတွေပါလိမ့်"





"လူတွေလား"

"ဂူထဲက ဝိညာဉ်တွေလား"

"အို. . . ဘုရား. . . ဘုရား. . . မတွေးဘူး မတွေးဘူး၊ သူဟာသူ ဘာဖြစ်ဖြစ်. . ."

"လေရယ် ငြိမ်ပါတော့"

"မိုးရယ် တိတ်ပါတော့"

"အမှောင်ရယ် သွားပါတော့"

"အို. . ."

အန္တရာယ်ဆိုးညရယ် အမြန်ဆုံးကုန်ဆုံးပါစေတော့ကွယ်။

* * *

## အခန်း(၂)

"ညက ဘာထူးခြားသေးလဲ နန္ဒာနွယ်"

နံနက်ဦးစာ လက်ဖက်ရည်ဝိုင်းမှာ ဒေါ်ကြူနန္ဒာက မေးလိုက်ခြင်းဖြစ်ပါ၏။ နန္ဒာနွယ် ဘာမှမဖြေဆိုရဲ။ ညကအဖြစ်များသည် အိပ်မက်နယ်မြေမှ အဖြစ်များပမာ မပီဝိုးဝါးမို့ တိကျသော ဒြပ်ဝတ္ထုများလို နန္ဒာနွယ် မတင်ပြချင်ပါ၍ . . .

"ဘာမှ မထူးခြားပါဘူး ဒေါ်လေး ကြူနန္ဒာ"

"နန္ဒာနွယ် ကြောက်တတ်သလား"

"ရှင်"

"ကြောက်တတ်သလားလို့"

"မ. . . မကြောက်တတ်ပါဘူး"

"မကြောက်တတ်လို့ ကြည့်ချင်ရင်တော့ ဆွေတော်မျိုးတော်





တွေရဲ့ ဂူဘေးမှာ အလောင်းတစ်လောင်းရှိနေတယ်၊ ကြည့်ချင်သွားကြည့်နိုင်တယ်. . ."

"ရှင်"

"သေတာ မိန်းကလေး၊ လှကလှနဲ့. . . သူတို့လာမယူခင် ကြည့်ချင်ကြည့်ထားလိုက်"

"ဟင်. . . အဲ. . . အဲဒီမိန်းကလေးက ဘာ. . . ဘာလို့ သေတာလဲရှင်"

"မသိဘူးလေ၊ ဒါ တို့များအလုပ်မှမဟုတ်ဘဲ၊ ရဲကစစ်လိမ့်မပေါ့"

ဒေါ်ကြူနန္ဒာက ကြက်ဥမကျက်တကျက်ကြော်မှ စီးကျလာသော အနှစ်ရည်ပျစ်ပျစ်များကို ဇွန်းငယ်နှင့် ထိုးကော်ခပ်သောက်ရင်း ပြောလိုက်သည်။

သူ့အမူအရာက တည်ငြိမ်လွန်းလှသည်။ ခြံထဲမှ ခွေးသေကောင်အကြောင်း ပြောသည်ထက် ပိုမို့မလေးနက်ပါ။

ဒေါ်ကြူနန္ဒာနွယ်သည် ဤသင်္ချိုင်းစံအိမ်ကြီး၏ အကြီးအကဲပါ။ နန္ဒာနွယ်တို့၏ အဘိုး "ဦးဒိဗ္ဗ"ကွယ်လွန်ပြီးချိန်မှစ၍ "ဦးဒိဗ္ဗ"၏သမီး နန္ဒာနွယ်တို့၏ ဒေါ်လေး "ဒေါ်ကြူနန္ဒာ" သည် ဤသင်္ချိုင်းမွန်၏ နာယကကြီးတစ်ယောက်ဖြစ်လာသည်။

သူမ၏ ထက်မြက်သော ဩဇာအာဏာ၏အရှိန်အဝါသည် ဤသင်္ချိုင်းမွန်စံအိမ်နှင့် ခြံကြီးတစ်ခုလုံးအတွင်းဝယ် ထောင့်စေ့အောင် လွှမ်းမိုး စိုးအုပ်ထားနိုင်ပါ၏။

"မမကြီးကို ဘာပြောလိုသလဲ၊ မောင်ဩတ"

ထမင်းစားဆောင်အတွင်းသို့ ဝင်လာပြီး လက်နောက်ပစ်လျက် ဒေါ်ကြွန္တာ၏ အရိပ်အခြေကိုကြည့်နေသော ဤစံအိမ်နန်း၏ ဘဏ္ဍာစိုးခေါ်ရမလား၊ အတွင်းရေးမှူးခေါ်ရမလားမသိ၊ အရာအားလုံး သူပါမှပြီးရသော "ဦးသြတ"ကို ဒေါ်ကြွန္တာက မကြည့်ဘဲနှင့် မေးလိုက်သည်။

"ရဲအရာရှိက မမကြီးနဲ့ တွေ့ခွင့်တောင်းနေပါတယ်"

"မင်းနဲ့. . . မပြီးဘူးလား"

"မပြီးလို့ပါ မမကြီး. . . သေဆုံးသူဟာ သဥ္ဇာမွန်ရဲ့ မဟာဆီ၊ မဟာသွေးလေးတစ်ယောက်မို့. . ."

"ဟဲ့. . . ဘာ. . . ဘာ"

"သေဆုံးသူဟာ မမကြီးတို့ရဲ့ ဆွေတော်မျိုးတော်ထဲကမို့ လို့လည်း မမကြီးကို မေးလို မြန်းလိုဟန် တူပါတယ်"

"ဒါ ထားစမ်းပါ. . . ခုသေတာ ဘယ်သူလဲ"

"ညိုမာမွန်ပါတဲ့ မမကြီး"

"ညိုမာမွန်. . . တဲ့လား ဒီနာမည်ဟာ မစိမ်းသလိုပဲ၊ ကြားနေကျလိုပဲ. . . နေပါဦး ညိုမာမွန်ဆိုတာ ဘယ်သူတဲ့လဲ. . ."

"မိတ္ထီလာမြို့က မမကြီးရဲ့အစ်ကို ဦးသီဟရဲ့ သမီးပါ၊ သူ ပင်းတယမြို့က တစ်ဆင့် ရောက်လာတာပါ"

ဦးသြတက လက်နှစ်ဖက် နောက်မှာချိတ်လျှက် ခါးကို ကိုင်းညွှတ်၍ ပြောရပါ၏။

ဒေါ်ကြွန္တာမှာ ခ[illegible]ယပ်ဖျားမှ အမဲသားတုံးကို မစားဖြစ်တော့ပါဘဲ ပေါင်မုန့် ပန်းကန်ပေါ်သို့ ဆောင့်ပစ်ချလိုက်ပြီး. . .





"ဟင်. . . ကိုသီဟရဲ့သမီးက ဒီမှာလာသေနေတယ်. . . ဟုတ်လား"

"ဟုတ်ပါတယ်"

"သူ့အလောင်း သယ်သွားပြီလား"

"ကားမလာသေးလို့ ဒီအတိုင်းပဲ"

"ငါသွားကြည့်ဦးမယ်"

"ဖြစ်ပါ့မလား မမကြီး"

"ဘာလို့မဖြစ်ရမှာလဲ၊ ဘာတဲ့. . . ညိုမာမွန် ဟုတ်လား၊ ငါ့သွေးသားပဲ၊ ငါ့တူမလေးပဲ၊ ပင်းတယမြို့ကနေ ငါ့ခြံထဲကို ဘယ်လိုဘယ်လို ရောက်လာပြီး. . . သေသွားရရှာတာတဲ့လဲ မောင်သြတ"

လက်ဖက်ရည် ပန်းကန်တွင်းသို့ နို့ကရားမှ နို့များ ပိုမိုထည့်ယူလိုက်သည်။ သကြားဖြင့် ခေါက်လိုက်ပါ၏။ ပြီး တစ်ချက်တည်း မော့သောက်လိုက်ပြီး၊ ဦးသြတ မဖြေကြားနိုင်မီမှာပင်. . .

"လာ. . . ငါကိုယ်တိုင် သွားကြည့်မယ်"

ဒေါ်ကြွန္တာက ခပ်မတ်မတ် ရပ်ရင်း ခပ်ဆတ်ဆတ် လမ်းလျှောက်သွားသည်။

နန္ဒာနွယ်သည်လည်း အယောင်ယောင် အမှားမှားဖြင့် သူ့နောက်မှ လိုက်သွား လိုက်မိပါ၏။

သဥ္ဇာမွန်စံအိမ်ပိုင်မြေကွက်မှာ ဆယ်ဧကမျှ ကျယ်ဝန်းသည်။ ဤစံအိမ်အိမ်ကြီး၏ တောင်ဘက် သချိုင်းဂူများ၏ အနောက်ပိုင်းတွင် မြေရိုင်းမြေလွတ်များက ငါးဧကမျှသာဖြစ်နေမည် ထင်

သည်။ တောဆိုသော်လည်း ရှုပ်ထွေးနက်ရှိုင်းနေခြင်း မဟုတ်ပါ၊ လမ်းသွယ်လေးများ၊ လျှိုမြောင်လေးများနှင့် အနားယူသည့်အိမ်လေး တစ်လုံးနှင့် စမ်းချောင်းကလေးတစ်ခုတို့ ပါရှိနေကြပါ၏။

"အလောင်းသယ်ဖို့ ကားတောင်ဝင်လာနေပါပြီ မမကြီး"

နန္ဒာနွယ်က ခြံကြီးဘက်သို့ မျှော်ကြည့်ရင်း စဉ်းစားလာသည်၊ ဦးသြတက ဒေါက်တာနန္ဒာနွယ်ကို ပြောလိုက်ခြင်းဖြစ်၏။

ရပ်စောက်မြို့ဘက်ဆီမှ မောင်းနှင်လာသော ဝပ်ဘတ်ကားစုတ်ကြီးတစ်စင်းလည်း ခြံတွင်းသို့ ဝင်လာနေပါ၏။"

"လာပစေပေါ့. . . ငါရောက်သွားမှ သူတို့ အလောင်းကို သယ်ကြမှာပဲ"

ဒေါက်တာနန္ဒာမှာ အရာရာတွင် သူ့အမိန့်ပေးပြီးမှ ပြီးမြောက်စေရမည်ဟု ယုံကြည်ထားသူ ဖြစ်ပါ၏။

ဤသဥ္စာမွန်စံအိမ်၏ ပြင်ပသို့တိုင် သူ့အာဏာစက် ပျံ့နှံ့စေရမည်ဟူ၍ မျှော်လင့်ထားလေသလား မသိပါ။ ဒေါက်တာနန္ဒာမှာ အရာရာတွင် သူ့ကိုယ်သူ ယုံလွန်းသူ အမျိုးသမီးကြီးတစ်ဦးဖြစ်ပါ၏။

"ကဲ. . . ဘယ်လို ဖြစ်ကြတာလဲ"

လူတစ်စု၏ အနားအရောက်တွင်၊ ခါးထောက်လျက်၊ ဒေါက်တာနန္ဒာက မေးလိုက်ခြင်းဖြစ်ပါ၏။

"အဲဒါ ကျွန်တော်တို့က မေးရမယ့်စကားပဲ ဒေါက်တာနန္ဒာ"

ရဲအရာရှိလုပ်သူက စာအုပ်ငယ်နှင့် ဘောလ်ပင်ကို ကိုင်ထားရင်းက တည်ကြည်သော မျက်နှာနှင့် မေးလိုက်သည်။

"အမယ်လေး. . . ရွှံ့တွေကလည်း ခြေထောက်မြုပ်တော့





မယ်၊ အိုက်မောင်းကို မြေဖို့ပါဆိုလည်း ပြောမရဘူး၊ လာ. . . လာ ဘက်က ခြောက်တဲ့နေရာမှာ စကားပြောကြမယ်"

လူသတ်မှုအကြောင်း အရေးတကြီး မေးမြန်းဆွေးနွေးရမည့်အစား၊ ဒေါက်တာနန္ဒာက ရွှံ့ထူသည့်အကြောင်း အပြစ်ဖို့ပြောကြားနေသေးသည်။

သူတို့ ထွက်သွားကြသည်. . .။

ညက မိုးကြီးလေကြီး ကျထားပါ၍၊ ခြံတွင်း၌ ရွှံ့များဗွက်ဆိုင်းနေပါ၏။

နန္ဒာနွယ်မှာ. . . ဒေါက်တာနန္ဒာတို့ထွက်သွားသည့်ဘက်သို့ မလိုက်ပါဘဲနှင့်၊ အလောင်းရှိနေသောဘက်သို့ ရွှံ့ဗွက်များကို နင်းလျက် လျှောက်လာမိသည်။

စုလစ်မွန်းချွန်များနှင့် ဆောက်တည်ထားသော ဂူနှစ်ခုကြားတွင် လူနှစ်ယောက်ရပ်နေသည်။ ထိုသူနှစ်ယောက်၏ ခြေရင်းတွင်. . .

"ညိုမာလွင်၏ အလောင်း. . ."

ခါးအောက်ပိုင်းက တစောင်းအနေအထား၊ ခါးနေရာမှ အထက်ပိုင်းမှာ ပက်လက်လန်နေသည်။ ကိုယ်က တစ်ဆစ်ချိုးလည်၍ လန်နေခြင်းဖြစ်ပါ၏။

"အို"

ညိုမာမွန်၏ မျက်နှာပြင်ကိုကြည့်ပြီး နန္ဒာနွယ်မှာ တစ်ဖက်သို့ မျက်နှာလှည့်ပစ်လိုက်ရသည်။

သေအံ့ဆဲဆဲ ကာလက မချိမဆန့်ခံစားရင်း၊ ကြောက်လန့်ပြီး

သေသွားရသည့်အဖြစ်ကို၊ သူ့မျက်နှာပြင်ပေါ်မှာ ပေါ်လွင် နေသည်။

ပါးစပ်က ယခုပင် အော်နေသလို ဝန်းဝိုင်းစွာ ပွင့်ဟ၍ လျှာအနည်းငယ် ထွက်ပြူနေသည်။

ကြောက်စရာ အကောင်းဆုံးက ညိုမာမွန်၏ မျက်ဝန်း. . .။ မျက်ဝန်းမှ မျက်ဆံကြီးပါ ပြူးကျယ်ထွက်နေသည်။

အလွန်အမင်း ကြောက်ရွံ့ခြင်းနှင့် အကြီးအကျယ်နာကျင်ခြင်း စသော ဝေဒနာများက သူ့မျက်နှာပြင်တွင် ပေါ်လွင်နေခဲ့ရှိပါ၏။

ကိုယ်တစ်ပိုင်းက ရွှံ့များ၊ ရေများထဲမှာ။ အသက်နှစ်ဆယ်မျှလောက်သာ ရှိသေးသော စိုပြည် ပြည့်ဖြိုးလှပသော မိန်းကလေး၊ အဝါရောင်လေး ဝတ်ဆင်ထားရှာသည်. . .။

"လရောင်အောက်မှာ ပန်းနုရောင်လို အဖြူရောင်လို ငါမြင်လိုက်ရတယ်၊ သနားစရာပဲကွယ်၊ ဒီလောက်လှတဲ့ မိန်းကလေးရဲ့နောက်က လိုက်သတ်ခဲ့တဲ့ ငါမြင်ရတဲ့ အရိပ်မည်းဟာ ဘယ်သူပါလိမ့်"

"ဘယ်သူများ ဖြစ်ပါလိမ့်"

နန္ဒာနွယ်မှာ ညိုမာမွန်၏ အလောင်းကို ကျောခိုင်းလိုက်၏။ ဂူများဘက်မှ ထွက်လာခဲ့ရပါ၏။ ဒေါက်တာနန္ဒာနှင့်အတူ ရဲမှူးနှင့် ရပ်ကွက်လူကြီးအပါအဝင် လူတစ်စုက ဆွေးနွေးမေးမြန်းနေကြဆဲပါ. . .။

"ဒီအိမ်မှာ ကျွန်မတစ်ယောက်ထဲ နေတာမှမဟုတ်ဘဲ၊ အိမ်ရဲ့အရှင်သခင်တွေနဲ့အတူ မှီခိုသူတွေ အလုပ်သမားတွေက နှစ်ဆယ်ကျော်ရှိတာပဲ"





"သိပါတယ် ဒေါက်တာနန္ဒာ"

"အဲဒီလူနှစ်ဆယ်ထဲက တစ်ယောက်မမြင်၊ တစ်ယောက်မြင်ရမှာပေါ့ရှင့်. . . ဟိုကားဒရိုင်ဘာက မနေ့ညနေက ဒီမိန်းကလေးကို ဒီခြံရှေ့မှာ ချပေးခဲ့ရပါတယ်ဆိုပေမယ့်. . . ညိုမာမွန် ဒီသဥ္ဇာမွန်ဟော်ကို ရောက်မလာခဲ့ပါဘူး၊ သူရောက်လာတာကို တစ်ယောက်မှ မြင်တွေ့ခဲ့သူမရှိပါဘူး"

"သူ ရောက်လာလို့ ဟိုမှာ. . . သေနေပြီပဲ ဒေါက်တာနန္ဒာ"

ရဲအရာရှိက ပြေပြစ်စွာ ပြောသော်လည်း သူ့လေသံက ကျေနပ်ဟန်မရှိပါ။

"ဟာ. . . ဒီစံအိမ်ကြီးရဲ့ခြံဝင်းကျယ်ကြီးထဲမှာ၊ သူ့ဟာသူလာသေနေတာနဲ့ ကျွန်မတို့နဲ့ ဘာဆိုင်လဲရှင့်"

"ဒါဟာ လူသတ်မှုဖြစ်ပါတယ်၊ ဒေါက်တာနန္ဒာရဲ့မြေပေါ်မှာ ဖြစ်နေတော့ ဒေါက်တာနန္ဒာတို့မှာ လုံးဝတာဝန်မကင်းပါဘူး. . . ကျွန်တော့်အနေနဲ့ မသင်္ကာမှုနဲ့အားလုံးကို ဖမ်းချုပ်သွားနိုင်ပါတယ်. . ."

ဒေါက်တာနန္ဒာက ရဲအရာရှိကို စက်ဆုပ်စွာ ကြည့်လိုက်သည်။ "ဒါမျိုးဘာရမလဲ" ဟူသော အကြည့်မျိုးလည်းပါဝင်သည်။ နှုတ်ကဖြင့် ဘာမှမပြော။ ရဲမှူးကသာ. . .

"ပြီးတော့ ညိုမာမွန်ဆိုတဲ့ မိန်းကလေးဟာ ဒေါက်တာနန္ဒာရဲ့တူမဆို"

"ဟုတ်တယ်"

"ဒါဖြင့် ပင်းတယမြို့ကနေပြီး ရွှေညောင်နဲ့ ရပ်စောက်မြို့

ရဲ့ အကြားမှာ တည်ရှိတဲ့ ဟောဒီ သဥ္ဇာမွန်စံအိမ်ကို သူလာရောက်တယ်ဆိုတာသေချာပြီ"

"ဒါပေမယ့် ဒီခြံမှာရှိတဲ့ လူအားလုံးနဲ့ ညိုမာမွန်နဲ့ မဆုံခဲ့ကြပါဘူး. . . သူလာတာကို တစ်ယောက်မှ မသိခဲ့ကြဘူး"

"ကောင်းပြီလေ၊ ခင်ဗျားနဲ့ အငြင်းပွားနေလို့လည်း ပြီးမှာမဟုတ်ဘူး. . . ညိုမာမွန်ရဲ့ မိဘတွေနဲ့ သူ့ကိုပို့ခဲ့တယ်ဆိုတဲ့ ကားဒရိုင်ဘာကို ကျွန်တော်အသေအချာ တွေ့ဆုံစစ်ဆေးမယ်"

"ဒါလုပ်သင့်တဲ့ အလုပ်ပဲ"

"ကဲ. . . မောင်ထွေးရေ ဓာတ်ပုံရိုက်ပြီးပြီ မဟုတ်လား၊ အလောင်းကို တင်ခဲ့တော့"

ရွံ့များပေလူးနေသော အလောင်းကြီးကို သယ်မလာကြပြီး ဝပ်ဘက်ကားထဲသို့ ပစ်စလတ်ခတ် ထည့်လိုက်ကြသည်။

ပြီးတော့ အားလုံး အလျှိုလျှို ထွက်သွားကြတော့သည်။ ဒေါ်ကြက္ကနွာအပါအဝင် သဥ္ဇာမွန် မိသားစုတို့မှာ အသိရခက်သော မျက်နှာကိုယ်စီဖြင့် တည်ကြည်ငြိမ်သက်လွန်းစွာ ကျန်ရစ်ခဲ့ကြပါသတည်း။

သဥ္ဇာမွန်ခြံကြီးသည် ယခင်အတိုင်းပင် ခြောက်ချားဖွယ်ကောင်းလောက်အောင် ပြန်လည်၍ တိတ်ဆိတ်သွားပြန်ချေပြီသာ. . .။

* * *



## အခန်း(၃)

ထင်းရှူးပင်များကြားမှ ဖြာကျလာသော နေရောင်ခြည်မှာ ငွေခြည်ကြိုးတန်းလေးများစွာ သွယ်ကျလာသလို လင်းလင်းလက်လက် လှလှပပလေးပါ။

နန္ဒာနွယ်မှာ ဖုန်းဆိုးမြေရိုင်းပမာအသုံးမပြုပါဟု ဆိုထားသော သဥ္ဇာမွန်စံအိမ်ကြီး၏ အနောက်ဘက်တောတန်းအုပ်အုပ်ကြီးရှိရာသို့ တစ်ယောက်တည်း ထွက်လာခဲ့မိသည်။

"ဒီခြံကြီးရဲ့နောက်ဘက်ပိုင်းကို အသုံးမပြုကြဘူးဆိုလို့ တောရိုင်းမြေကြီးဖြစ်နေလိမ့်မယ်လို့ ထင်ခဲ့မိတာ"

နန္ဒာနွယ်မှာ သာယာသောဝန်းကျင်ကို ခြေစုံရပ်၍ ဝဲလှည့်ကြည့်လိုက်မိသည်။ ပြီး အတွေးထဲမှာပင် ဆက်လက်၍ ပြောမိသည်။

"ခုတော့လည်း တကယ် လှပအေးမြတဲ့ ရပ်ဝန်းဒေသလေး ပါလား"

ဝေးဝေးက ကြည့်လျှင်သာ ချုံနွယ်များ ထူထပ်နေမည့် နေရာဟု ထင်မြင်ရပါသော်လည်း အနီးကပ်လာသည့်အခါ အောက်ခြေမှာ ရှင်းလင်းသန့်စင်နေကြောင်း အံ့ဩစွာတွေ့လာရပါ၏။

"ဒီဘက်ကိုဘယ်သူမှ မသွားကြဘူးသာဆိုတယ် တစ်ယောက်ယောက်ကရှင်းလင်းထားသလိုပဲ၊ ထင်းရှူးရွက်ခြောက်လေးတွေတောင် လိုက်ကောက်ထားတဲ့ပုံပဲ"

နန္ဒာနွယ်မှာ ထင်းရှူးတောတန်းများကိုကျော်ပြီး ဆက်လက်လျှောက်လာမိသည်။ နှစ်ဖာလုံခန့်အရောက်တွင် စမ်းရေစီးသံညင်ညင်သာသာလေးကို စတင်ကြားလာရပါ၏။ စမ်းချောင်းငယ်ကလေး သွယ်စီးလာသည့် စမ်းရေလမ်းကိုပါ လှမ်း၍မြင်ရပါပြီ။

"ဘာသံပါလိမ့်"

ပထမတော့ စမ်းရေစီးသံနှင့်ရောထွေးနေသည်။

အသေအချာ နားထောင်ရင်း စမ်းချောင်းဘေးမှ ဆက်လျှောက်လာလေမှ. . .

"ဟင်. . . ဂစ်တာသံပါလား"

လွမ်းမောဖွယ် ဂီတသံစဉ်လေးကို ပီပြင်စွာ ကြားလာရသည်။ တီးခတ်ပုံက နူးညံ့၍ သိမ်မွေ့လှပေသည်။ အလွမ်းတေးမို့ အေးနွဲ့နေပုံလည်းရပါ၏။ တေးစာသားကိုဖြင့် နန္ဒာနွယ်မသိ။ ဂစ်တာသမားကလည်း အတီးချည်း သက်သက်သာ။

စမ်းချောင်းငယ်၏ ဟိုမှာဘက်ကမ်းမှ ချယ်ရီပင်





သစ်ငုတ်တိုပေါ်တွင် ခေါင်းငိုက်စိုက်ချရင်း ဂစ်တာတီးနေသော "လူငယ်တစ်ယောက်"။

သူ့ဟန်က သွယ်သွယ်နွဲ့နွဲ့ဖြစ်သော်လည်း ကျစ်လစ်သော ခန္ဓာကိုယ်က ဖျတ်လတ်သွက်လက်မည့်ပုံစံမျိုး။

အသက်ကလည်း နန္ဒာတို့နှင့် မတိမ်းမယိမ်း နှစ်ဆယ်စွန်းစမျှရှိမည်ထင်ရသည်။ မျက်နှာပုံစံက သွယ်သွယ်၊ ညိုညို၊ နှာတံပေါ်ပေါ်၊ မေးချွန်းချွန်းနှင့် ပြတ်သားတိကျမည့် ပုံစံမျိုးဖြစ်သော်လည်း သူ့မျက်ဝန်းများက သူ့ဟန်ပန်ပုံစံနှင့် မလိုက်ဖက်လောက်အောင် နွမ်းညှိုးနေပါကြောင်းမြင်သာနေပါ၏။

နန္ဒာနွယ်မှာ စီးဆင်းလာသောစမ်းရေကြောပေါ်သို့ ခြေချလိုက်မိသည်နှင့် သူက ဖျက်ခနဲ မော့ကြည့်လိုက်သည်။

"ဟင်. . . ခင်ဗျား. . . ခင်ဗျား"

လှပချောပြေလွန်းသော နန္ဒာနွယ်ကို မကောင်းဆိုးဝါး သတ္တဝါတစ်ခုလို သူက အလန့်တကြားကြည့်ရင်း တုန်ရီကြောက်ရွံ့ဟန်နှင့်. . .

"ဘာ. . . ဘာလာလုပ်တာလဲ. . . သွား. . . သွား"

"အို"

သူက ဂစ်တာကို ရိုးတံဖျားမှကိုင်၍ ဂစ်တာအိမ်နှင့် လှမ်းရိုက်ရန် ရွယ်နေပါ၍. . .

"ဟာ. . . မလုပ်ပါနဲ့. . . မလုပ်ပါနဲ့ရှင့်"

နန္ဒာနွယ်မှာ အလန့်လန့်အထိတ်ထိတ်ဖြင့် နောက်ပြန်လှမ်းလိုက်မိသည်။ စမ်းရေတွင် တစ်ဝက်နစ်နေသော ကျောက်တုံး

ပေါ်မှ ရေညှိကို နင်းမိ၍ ခြေချော်လဲရပါပြီ။

"အမယ်လေး. . ."

စမ်းချောင်းဘက်သို့ပင် ပြန်လျှောပြီး ဖင်ထိုင်လျှက် လဲကျသည်။ နန္ဒာနွယ်၏ ခါးအောက်ပိုင်းမှာ စမ်းရေထဲတွင် နစ်လျက်. . .။

ဆယ်ပေမျှလောက် ကျယ်ဝန်းသော စမ်းချောင်းငယ်အတွင်းသို့ သူဆင်းလာသည်။ နန္ဒာနွယ် ထမပြေးနိုင်မီမှာပင်၊ သူ နန္ဒာနွယ်၏ အနီးသို့ ရောက်လာခဲ့ပါပြီ. . .။

"ဩော်. . . စံအိမ်တော်ကြီးက ဟာတွေမှတ်လို့၊ မမ က မျက်နှာစိမ်းဧည့်သည်ပဲ. . ."

"ဟင်"

အဝေးက ကြည့်ရသည်ထက် ပိုမို၍နုနယ်သော သူ့မျက်နှာပြင်လေးနှင့် လိုက်ဖက်အောင်ပင် သူ့အသံက ညင်းပြောင်းလှသည်။

ပြီးတော့ နန္ဒာနွယ်ကိုလည်း "မမ. . ." တဲ့။

"ထလို့ရလား. . . ထူပေးရမလား"

"ရတယ်. . . ရတယ်"

ရှက်ကြောက် လန့်ထိတ် စိတ်များဖြင့် နန္ဒာနွယ်မှာ စမ်းချောင်းငယ်မှ အားယူ၍ထလိုက်ရသည်။

"ဝမ်းနည်းပါတယ် ခင်ဗျာ. . . ရိုင်းပျတဲ့ ကျွန်တော့်ရဲ့ အပြုအမူကိုလည်း ခွင့်လွှတ်ပါ"

"ကိစ္စမရှိပါဘူးကွယ်. . . မမကလည်း ခွင့်မတောင်းဘဲ ဝင်လာခဲ့မိတာကိုး. . ."





အကြီးနှင့်အငယ်ဆိုသော အရွယ်အပိုင်းအခြားကြောင့် ရင်းနှီးမှုက ပိုမိုလွယ်ကူသွားရသည်။

သူက နန္ဒာနွယ်၏မျက်နှာကို စူးစူးဝါးဝါး စိုက်ကြည့်လာသည်။ မျက်မှောင်ကလေးတွန့်ပြီး. . .

"မမ. . . မမ ဟာ ဘယ်သူလဲဟင်၊ စန္ဒာနဲ့ တူလှချည့်လား"

"စန္ဒာ. . . ဟုတ်လား"

"ဟုတ်တယ်. . . စန္ဒာ. . . ကျွန်တော့်ရဲ့ စန္ဒာနဲ့သိပ်တူနေပါလားဗျာ"

သူ့မျက်နှာက ချက်ချင်းပင် ညှိုးရော်သွားသည်။ ခံစားမှုဟောင်းများ ပြန်လည်ဆန်းသစ်လာပြီ ထင်ပါ၏။

"စန္ဒာငယ် ဆိုတဲ့ မိန်းမချောလေးဟာ မမနန္ဒာနွယ်ရဲ့ တစ်ဦးတည်းသော ညီမငယ်လေးပေါ့ကွယ်. . ."

"ဟင်. . . တကယ်. . . တကယ်လား"

"ဒါနဲ့ စန္ဒာနဲ့ တူတယ်ဆို"

"ဟုတ်ပါတယ်. . . ဒါပေမယ့် စန္ဒာ့မှာ သူ့လိုလှတဲ့ အစ်မတစ်ယောက်ရှိနေပါတယ်လို့ ကျွန်တော့်ကို တစ်ခါမှ စန္ဒာက ပြော မပြခဲ့ဘူးပါလား. . ."

"နေပါဦး . . . ဒီက မောင်လေးကရော၊ စန္ဒာနဲ့ ဘယ်လိုပတ်သက်လို့လဲ ဟင်. . ."

"ကျွန်တော်. . . ကျွန်တော်ဟာ စန္ဒာငယ်ရဲ့ ခင်ပွန်းပါ . . . အဲ. . . ချစ်သူပါ"

"အို"

နန္ဒာနွယ်မှာ အံ့သြလွန်းစိတ်ဖြင့် ကြည့်လိုက်မိသည်။

စန္ဒာငယ် လက်ထပ်သည်ဟု မကြားမိခဲ့ပါလား. . .

"နာမည်က ဘယ်သူလဲ ဟင်. . . စန္ဒာနဲ့ ဘယ်တုန်းက လက်ထပ်ခဲ့ကြတာလဲ"

"ကျွန်တော့်နာမည် **"မောင်ဟေမာန်"** ပါ မမ. . .၊ စန္ဒာနဲ့ ကျွန်တော်ဟာ ဘယ်တရားရုံးမှာမှ လက်မထပ်ခဲ့ရသေးပါဘူး. . . ဒါပေမယ့် စန္ဒာဟာ ကျွန်တော့်ရဲ့ဇနီးပါ. . .၊ ကျွန်တော် သိပ်ချစ်မြတ်နိုးခဲ့ရတဲ့ ဇနီးပါဗျာ"

"အို"

"ဟုတ်ပါတယ် မမနန္ဒာ၊ စန္ဒာသေဆုံးသွားတဲ့အချိန်က စန္ဒာရဲ့ရင်ထဲမှာ ကျွန်တော့်ရဲ့ရင်သွေးလေးပါ ပါသွားခဲ့ပါတယ်"

"အို. . . ကွယ်. . ."

သဥ္ဇာမွန်စံအိမ်ဝန်းကျင်တွင် "မောင်ဟေမာန်" နှင့် ဤမျှ မြန်မြန်ဆန်ဆန်ကြီး ဆုံရလိမ့်မည်ဟု နန္ဒာနွယ် မမျှော်လင့်မိခဲ့။

ညီမငယ် စန္ဒာတွင် ကိုယ်ဝန်ရှိခဲ့သည်။ ချစ်သူရှိနေသည်ဆိုသည့် အဖြစ်များကိုလည်း နန္ဒာနွယ်မသိရှိခဲ့ပါ။

**"သဥ္ဇာမွန်စံအိမ်ကြီးထဲတွင် စန္ဒာငယ်တစ်ယောက် အဆိပ်သောက်၍ သတ်သေသွားခဲ့ပြီ"**

ဆိုသည့် သတင်းဆိုးကိုသာ သဥ္ဇာမွန်စံအိမ် မိသားစုက ပေးပို့ခဲ့လေသည်။

ပြင်ပ၏ ကောလာဟလ သတင်းစကားများထဲတွင်ဖြင့်. . .





စန္ဒာငယ်ဟာ ရိုးရိုးတန်းတန်း သတ်သေခြင်း မဟုတ်ပါ။

တစ်စုံတစ်ယောက်၏ ဖန်တီးမှုအောက်တွင် သူကိုယ်သူ အဆုံးစီရင်ဟန်ဖြင့် အသတ်ခံရခြင်းပါ. . .

ဟူသော သတင်းအစအနများကြောင့်လည်း၊ နန္ဒာနွယ်မှာ သဥ္ဇာမွန်စံအိမ်သို့ ရောက်ရှိလာခဲ့ရခြင်းဖြစ်ပါ၏။

"မမ. . . မမ နန္ဒာ"

"ဟင်. . ."

သူ့လေသံတွင် ရင်းနှီးမှုဟန်ပါလာသည်။ သူ့ချစ်သူသို့မဟုတ် ချစ်ဇနီးလေး၏အစ်မဆိုသော အသိကြောင့်မောင်ဟေမာန်မှာ ဝမ်းသာအားတက်သွားပုံရသည်။

"နေပါဦး. . . မောင်ဟေမာန်က ဒီမှာဘာလာလုပ်နေတာလဲ၊ ဒါ သဥ္ဇာမွန်ပိုင်မြေပဲ မဟုတ်လား"

"ကျွန်တော် ဟိုးဘက်ကခြံထောင့်မှာ တစ်ယောက်တည်းနေတာ"

"ဟင်. . ."

"ဟုတ်တယ် မမနန္ဒာ၊ စန္ဒာရှိနေတဲ့မြေမှာ ကျွန်တော်နေချင်တာနဲ့ ဖွတ်နေ နေတာပါ၊ ဟိုးက. . . အုတ်ဂူဖြူဖြူလေးမှာ စန္ဒာငယ် ရှိနေတယ် မမနန္ဒာ၊ ဒီအသိတွေနဲ့ ဒီဂူကိုကြည့်ပြီး ကျွန်တော်လေ. . . ကျွန်တော်. . ."

"ပြောပါ မောင်ဟေမာန်"

"ကျွန်တော် အလွမ်းဖြေနေတယ်မထင်နဲ့ မမနန္ဒာ၊ လွမ်းနေတာ. . . ကျွန်တော် စန္ဒာ့ကိုလွမ်းနေတာဗျ"

"သြော်. . . မောင်ဟေမာန်ရယ်"

မောင်ဟေမာန်၏အသိရခက်သော မျက်နှာသွင်ပြင်ကို ကြည့်လိုက်ပြီးမှ ကိုယ့်ကိုကိုယ်သတိရမိလာသည်။

"ငါ့လုံချည် တစ်ထည်လုံးလည်းရေတွေစိုလို့ပါလား"

ယင်းအသိနှင့်အတူ စိမ့်နေအောင်အေးလာသည့် အဖြစ်ကိုသတိထားမိလာသည်။

ပြီးတော့ မောင်ဟေမာန်၏ထူးခြားလွန်းလှသောအပြုအမူ အပြောအဆိုများကြောင့်လည်း လက်ရှိနေရာတွင် မနေရဲတော့ လောက်အောင်ပင် ကြောက်စိတ်ကဝင်လာမိသည်နှင့်. . .

"မမ ပြန်လိုက်ဦးမယ်နော် မောင်ဟေမာန်"

"ဟာဗျာ. . . ဆွေးနွေးမယ်မှ မကြံရသေးဘူး"

"မမ. . . သိပ်ချမ်းလာလို့ပါ"

"ကျွန်တော်နေတဲ့ အေးရိပ်သာလေးကို လိုက်ခဲ့ပါလား မမနန္ဒာ၊ အဲဒီမှာ အဝတ်လဲလေ၊ ကျွန်တော် မီးဖိုပေးမယ်၊ ပြီးတော့ ကျွန်တော့်ရင်ထဲမှာ မထွေးနိုင် မအန်နိုင်အောင် ပြည့်သိပ်နင့်ဆို့နေရတဲ့ စန္ဒာငယ်ရဲ့ ဇာတ်လမ်းလေးတွေလည်း ပြောပြစမ်းပါရစေလား မမနန္ဒာရယ်"

"မမလည်း နားထောင်ချင်ပါတယ်. . . မမရဲ့ ညီမလေး သေဆုံးခဲ့ရပုံကိုလည်း မမဘာမှ အသေးစိတ်မသိရသေးပါဘူး၊ ဒါကြောင့်လည်း မောင်ဟေမာန်နဲ့ ဆွေးနွေးချင်လှပါတယ်၊ ဒါပေမယ့် သဥ္စာမွန်စံအိမ်ရဲ့ စည်းကမ်းတွေကလည်း သိတဲ့အတိုင်းပဲ"

"ဟုတ်တယ်. . . အလကား အရူးတွေ"





"ပြီးတော့. . . မမအဝတ်လည်း ပြန်လဲပါရစေဦး၊ မောင်ဟေမာန်နဲ့လာတွေ့ပါဦးမယ်လေ"

"မမ တကယ်လာမှာလား"

"လာမှာပါ"

"ဒါဖြင့် နက်ဖြန်ဒီအချိန် ဒီနေရာကနေပြီး ကျွန်တော် စောင့်နေမယ်၊ ပြီးတော့ မမကိုကျွန်တော်နေတဲ့ "အေးရိပ်သာ"ဆိုတဲ့ အိမ်ကလေးကိုဖိတ်ခေါ်ပြီး တစ်ခုခုကျွေးရင်း စန္ဒာငယ့်အကြောင်း ဆွေးနွေးကြတာပေါ့ မမနန္ဒာ"

"ကောင်းပါပြီ မောင်ဟေမာန်"

"မမနန္ဒာ ဆက်ဆက်လာပါနော်"

"ကောင်းပါပြီကွယ်. . . သွားမယ်နော်"

နန္ဒာနှယ်မှာ အကျဉ်းအကြပ်တစ်ခုမှ လွတ်မြောက်ခါစ လူတစ်ယောက်လိုခပ်သွက်သွက် လှမ်းလိုက်မိသည်။

"ဒီမှာ မမနန္ဒာ"

မောင်ဟေမာန်က အပြေးကလေးလိုက်လာပြီး. . .

"ကျွန်တော်နဲ့တွေ့ခဲ့တယ်လို့ သူတို့ကိုပြောပြမိရင်လေ သူတို့က မမနန္ဒာကို ဘာပြန်ပြောကြမလဲ သိလား"

"ဟင်. . . အို. . . ဘယ်သိပါ့မလဲ"

"မောင်ဟေမာန်ဆိုတဲ့ကောင်ဟာ ရူးနေတာပါလို့ ပြောကြပါလိမ့်မယ်"

"အို"

"ဟုတ်ပါတယ် မမနန္ဒာ. . . ကျွန်တော် ရူးနေပါတယ်၊

ကျွန်တော် ရှူးနေတာဟာ စန္ဒာငယ်အတွက်၊ အချစ်အတွက်သာ ရှူးနေရခြင်းဖြစ်ပါတယ်၊ တခြားတခြားသော ကိစ္စတွေမှာတော့ ကျွန်တော်ဟာ လူကောင်းပကတိပါဆိုတာတော့ မမနန္ဒာ ယုံသွားပါဗျာ"

"ကောင်းပါပြီ မောင်ဟေမာန်၊ ကောင်းပါပြီကွယ်"

"စန္ဒာငယ်သေဆုံးရပုံတွေကို စုံစမ်းနေရင်းက သဥ္ဇာမွန်စံအိမ်ရဲ့ ကောက်ကျစ်ယုတ်မာတဲ့ လျှို့ဝှက်ချက်တွေကို ကျွန်တော်သိလာခဲ့ရတာတွေအများကြီးပဲ"

"ဟုတ်လား"

"အဲဒါတွေလည်း ဆွေးနွေးရင်း၊ မမနန္ဒာရဲ့ လုံခြုံရေးအတွက်ကိုလည်း သတိပေးရင်း ပြောကြဆိုကြရအောင် မမနန္ဒာလာခဲ့ပါနော်"

"စိတ်ချပါ မောင်ဟေမာန်၊ မမနန္ဒာ ဆက်ဆက်လာခဲ့ပါ့မယ်ကွယ်"

မောင်ဟေမာန်ကို ကျောခိုင်းလျက်ခပ်သွက်သွက်လျှောက်လာခဲ့သော နန္ဒာနွယ်၏နောက်မှ အရိပ်မည်းတစ်ခုသည် ပုန်းလျှိုးကွယ်လျှိုးဖြင့် လိုက်လံချောင်းမြောင်းနေသည့် အဖြစ်ကို. . .

နန္ဒာနွယ်မသိရှာပါချေတကား။

* * *



## အခန်း(၄)

ဒေါ်ကြူနန္ဒာ၏ အသက်ငါးဆယ်ပြည့်ရွှေရတု မွေးနေ့ပွဲကျင်းပရန် မွမ်းမံပြင်ဆင်နေကြလေပြီ။

ဤအိမ်ကြီးကို ပြင်ဆင်နေကြသည်မှာ ပါးရေတွန့်နေသောအဘွားအိုတစ်ယောက်ကို မိတ်ကပ်လိမ်းခြယ်ပေးနေသလိုပါပဲလားဟု နန္ဒာနွယ်တွေးမိသည်။ ပြင်ဆင်နေသူများအားလုံးသည်လည်း အသက်မပါကြသလို တက်ကြွမှုလုံးဝမရှိကြပါ၊ ဒေါ်ကြူနန္ဒာနွယ်၏ အာဏာရိပ်အောက်မှာမို့ မလွန်ဆန်ဝံ့ကြ၍သာ လုပ်ဆောင်နေကြောင်း သိသာလှပါ၏။

ဘာပဲဖြစ်ဖြစ် ဤမွေးနေ့ပွဲသို့ "ကိုစောနောင်"တက်ရောက်လာမည်ဆိုသော သတင်းကိုဖြင့် နန္ဒာနွယ်အားတက်မိသည်။ လက်ရှိအခြေအနေအရပ်ရပ်ကိုလည်း "ကိုစောနောင်"ကို တင်ပြချင်လှ

ပါပြီ။

"နန္ဒာနွယ်"

နီရဲသောပိတ်စတစ်စကိုကိုင်၍ ဒေါ်ကြူန္ဒာ ရောက်ရှိလာသည်။

"ရော့. . . အဲဒီမှာ ခဲရာကြောင်းထားတယ်၊ ဒီအတိုင်း စီးကွင့်ထိုးပေးပါ"

ဘူးလေးတစ်ခုနှင့် ပိတ်တစ်စကိုကမ်းပေးပြီး ရေးကြီးသုတ်ပြာပင် ဒေါ်ကြူန္ဒာ ပြန်လှည့်ထွက်သွားပါ၏။

## "မင်္ဂလာစံအိမ်တော်မှ လှိုက်လှဲစွာ "ကြိုဆိုပါ၏"

"လှိုက်လှဲစွာကြိုဆိုပါ၏" ဆိုလျှင်လည်း ပြီးပါလျက်နှင့် "မင်္ဂလာစံအိမ်တော်" ဆိုသည့် စကားလုံးကို ထည့်သွင်းထားသေးသည်။

သူခဲရာအတိုင်းမှာ စီးကွင့်ခေါ်သော ဘော်ကြယ်လက်လက်ဝိုင်းဝိုင်းကလေးများ သီထိုးရပါမည်။ ညပွဲ၏ မီးရောင်အောက်တွင် ဖိတ်ဖိတ်တောက်နေပါလိမ့်မည်။

နန္ဒာနွယ်မှာ အိမ်လယ်ကမှောင်နေပါ၍ နောက်ဘက်ဆောင်၏ ပြတင်းတံခါးဝကိုနေရာရွေးလိုက်သည်။ သင်ဖြူးငယ်တစ်ချပ်ကိုခင်းလိုက်ပြီး အဝတ်နီပေါ်တွင် လက်နှင့်ချုပ်ရန် လက်ဝင်သောလုပ်ငန်းကိုစပါပြီ။





"ရော့. . . မိန်းကလေး၊ ဒါလေးနဲ့ ပန်းထိုးပါ"

ကြိမ်ဝိုင်းလေးတစ်ခုကို ဒေါ်စောနန်းက လာပေးပါ၏။ ရှေးအမျိုးသမီးများ လက်ပန်း၊ စက်ပန်းစသည့် ပန်းများထိုးလျှင် အသုံးပြုသော ပစ္စည်းဟောင်းကလေးပါ။

"ကျေးဇူးပါပဲ အမေစောနန်း"

ဒေါ်စောနန်းက ခေါင်းညိတ်ပြပြီး တစ်ဆင့်နိမ့်သော ပီးဖိုခန်းသို့ သူဆင်းသွားသည်။ မကြာမီတွင် ဆန်ကောတစ်ချပ်ကို ကိုင်လျက် ဒေါ်စောနန်းပြန်ရောက်လာပါ၏။

"အမေလည်း သမီးနားမှာ ဆန်လာရွေးမလို့"

ဆန်ကောထဲရှိ ဆန်ဖြူများအတွင်းမှ စက်ချေးနှင့်စပါးလုံးများ၊ ဆန်ကျော်များကို ရွေးထုတ်နေပါ၏။

အမျိုးသမီးနှစ်ယောက်၏ အလုပ်နှစ်ခုလုံးက မျက်စိမအားကြသော်လည်း စကားမူ ပြော၍ရပါ၏။ ဒေါ်စောနန်းသည် နန္ဒာနွယ်ကို တစ်စုံတစ်ခုပြောချင်နေကြောင်း နန္ဒာနွယ်ရိပ်မိလာပါ၏။

"အမေစောနန်းရော အသက်ဘယ်လောက်ရှိပြီလဲဟင်"

"ခြောက်ဆယ့်တစ်နှစ် ရှိပြီ"

"ကြီးပြီပဲ ဒါပေမယ့် အရွယ်တင်တယ်နော်. . . အလုပ်လည်း သိပ်လုပ်နိုင်တာပဲ၊ ကျစ်ကျစ်သေးသေးလေးမို့ထင်တယ်"

ဒေါ်စောနန်းက ခေါင်းတစ်ချက်ညိတ်ပြပြီး ဆန်ကိုဆက်ရွေးနေသည်။ နန္ဒာနွယ်ကလည်း ဘာမှဆက်၍ မပြောဖြစ်တော့။

"အမေစောနန်း. . . ဒါတွေသွားပို့လိုက်တော့မယ်နော်"

သေဆုံးသွားပြီဆိုသော ဒေါ်စောနန်း၏သမီးမှ ကျန်ရစ်

သောမြေးလေး မောင်ထူးက အိတ်တစ်လုံးကိုဆွဲပြီး လာပြောသည်။

"နေဦးလူလေး. . . ကြောင်အိမ်အောက်စင်မှာ ငှက်ပျော တစ်ဖီးအုပ်ထားတယ်၊ အဲဒါလေးပါ ထည့်ယူသွားပါ၊ သနားပါတယ်၊ ပြီးတော့. . . မင်းအစ်ကိုခိုင်းတာလည်း လုပ်ပေးခဲ့နော်"

"ဟုတ်ကဲ့ အမေစောနန်း"

ပါးဖောင်းဖောင်း ဝဝတစ်တစ်နှင့် ဆယ်နှစ်ရွယ်ကောင်လေးတစ်ယောက်က ဂုန်နီလက်ဆွဲအိတ်ကြီး မနိုင့်ဘနိုင်ဆွဲရင်း ထွက်သွားတော့သည်။

"မောင်ဟေမာန့်အတွက်လေ"

"ဟုတ်လား. . . ဘာတွေပို့တာလဲဟင်"

"ဆီတို့ ဆန်တို့ အမဲခြောက်တို့လေ၊ အဲဒီကလေးအတွက်လည်း မဏ္ဍာက တာဝန်ယူရရှာတယ်၊ အမေကလည်း သနားလို့ အမြဲဂရုစိုက်ပြီး စားဖို့သောက်ဖို့တွေ ပို့ပို့ပေးပါတယ် သမီး"

"သူဟာသူ ချက်စားသလားဟင်"

"ဟုတ်တယ်၊သူ့အလုပ်က ထမင်းချက်စားတယ်၊ ဂီတာတီးတယ်၊ သမီးလေးစန္ဒာငယ်ရဲ့ဂူရှေ့မှာ အကြာကြီးထိုင်ငိုနေတတ်တယ်. . . တစ်ခါတလေ လသာတဲ့ညတွေမှာ အလွမ်းတေးချင်းလေးတွေဆိုတဲ့အခါများ အမေတောင်မျက်ရည်ကျမိတယ်"

"မောင်ဟေမာန်နဲ့ပတ်သက်ပြီး သမီးသိချင်တာတွေ အများကြီးပဲ အမေစောနန်း၊ ဘယ်ကစပြီး မေးရမှန်းမသိလို့သာ"

"ဒါပေမယ့် ဘာမှသိစရာမလိုတော့ပါဘူး"

"ဟင်. . . ဘာဖြစ်လို့လဲ"





"သူဟာ ရူးနေပြီပဲကွယ်"

"အို. . . ဟုတ်လို့လား"

"သူ့ကို သမီးတွေ့ဖူးသလား"

"ရှင်"

မောင်ဟေမာန်နှင့် တွေ့ဆုံခဲ့ရကြောင်း သဥ္ဇာမွန်မိသားစုကို နန္ဒာနွယ်မပြောပြမိသေးပါ၊ ပြောသင့်သလား မပြောသင့်သည်လားလည်း ခွဲခြားမရနိုင်ပါ၊ နန္ဒာနွယ်၏ အခက်အခဲကို ဒေါ်စောနန်းက ရိပ်မိဟန်ဖြင့်. . .

"မောင်ဟေမာန်ဟာ ဟိုးဘက်ကတောထဲက အိမ်ငယ်လေးမှာ တစ်ယောက်ထဲနေတယ်၊ နှင်လို့လည်း မသွားဘူး၊ စံအိမ်ကြီးပေါ်ခေါ်တင်လည်း မနေဘူး၊ ဒီအရွယ်ယောကျ်ားလေးတစ်ယောက်ဟာ ဒီလိုနေသင့်ပါ့မလား. . . သမီးစဉ်းစားကြည့်ပေါ့"

"ဟုတ်တာပေါ့. . . သူနေပုံက စိတ္တဇဆန်လိုက်တာနော်"

"ဟုတ်တယ် ခုတော့လည်း နေချင်နေပစေတော့ဆိုပြီး ဒီလိုပဲထားလိုက်ကြရတယ်"

"စိတ်ဝင်စားစရာပဲ၊ မောင်ဟေမာန်နေတဲ့အိမ်ကို တစ်ခါလောက်တော့ သွားလေ့လာကြည့်ရရင် ကောင်းမလားပဲ"

အကဲစမ်းလိုစိတ်ဖြင့် ဒေါ်စောနန်းကို မေးကြည့်လိုက်မိသည်။

"အင်း. . . သွားချင်ရင်လည်းသွားပေါ့၊ ဒါပေမယ့် သတိနဲ့သွားကွယ်"

ဒေါ်စောနန်း၏အသံက တိုးတိတ်လွန်းသော်လည်း ခိုးရိမ်

ပူပန်စိတ်များ လွှမ်းမိုးအုပ်မိုးထားပါ၏။

"ဘာဖြစ်လို့လဲ အမေစောနန်း. . . သူက ရန်မူတက်လို့လားဟင်"

"အင်းပေါ့. . . သူရူးဆိုတာ ဆေးမရှိဘူးလေ. . . ပြီးတော့လည်း မင်္ဂလနန္ဒာတို့က ကြိုက်နှစ်သက်ကြလိမ့်မယ် မထင်ဘူး"

"သူတို့မရှိတဲ့ အချိန်သွားရင်ရော"

"ခြံကြီးကကျယ်လို့ မသိနိုင်မမြင်နိုင်ဖူးများ မထင်လေနဲ့၊ ဒီသဉ္ဇာမွန်စံအိမ်နဲ့ ပိုင်မြေအတွင်းမှာ. . . ဘာပဲလှုပ်ရှားလှုပ်ရှား အားလုံးပြန်ပေါ်မှာပဲ နန္ဒာနွယ်၊နတ်မျက်စိတစ်လုံးက အမြဲလိုက်ကြည့်နေသလိုပါပဲလေ"

နန္ဒာနွယ်က ဆန်ငံ့ရွေးနေဆဲ ဒေါ်စောနန်းကိုလှည့်ကြည့်လိုက်မိသည်။ "နတ်မျက်စိ"ပမာ အရာရာကို မြင်နိုင်စွမ်းရှိသည်ဆိုသော အချက်ကိုမကျေနပ်ပါ၍. . .

"အမေစောနန်းက နန္ဒာ ဘာမှမလှုပ်ရှားရဲအောင် ခြိမ်းခြောက်နေတာလားဟင်"

"မဟုတ်ဘူးသမီး. . . မဟုတ်ရပါဘူးကွယ်၊ ခြိမ်းခြောက်နေတာမဟုတ်ဘဲ သတိပေးနေတာပါလို့ ယူဆပါ"

"ဒါဆိုရင်တော့ ကျေးဇူးတင်ပါတယ်"

"ပြီးတော့ သမီးကိုသတိပေးချင်စရာ တစ်ခုလည်းရှိလို့ပါ"

"ပြောပါ အမေစောနန်းမှာ ပြောစရာတစ်ခုခုရှိနေတယ်ဆိုတာ သမီးရိပ်မိပါတယ်"

"ကိုယကၡနဲ့ပတ်သက်လို့"





"ဒေါ်လေးကြာနန္ဒာရဲ့ မန်နေဂျာလား"

"ဟုတ်တယ် အဲဒီလူ. . . အဲဒီလူဟာ. . ."

ဒေါ်စောနန်းက မလုံမလဲစိတ်ဖြင့် အိမ်အပြင်ဘက်သို့ ခေါင်းပြူကြည့်လိုက်ပြီးမှ လေသံတိုးလေးဖြင့်. . .

"မိန်းကလေးချောချောလှလှဆိုရင် ချမ်းသာမပေးချင်ဘူး"

"ဗျို"

"မင်္ဂလနန္ဒာနဲ့ နေပုံထိုင်ပုံတောင် အမေစောနန်းတယ်ပြီး သဘောမကျချင်ဘူး၊ မင်္ဂလနန္ဒာကလည်း ကိုယ့်အသက်အရွယ်ကိုတောင် မစောင့်စည်းပဲ ကိုယကၡကို မျက်နှာသာပေးလွန်းတယ်"

"ကောင်းပါပြီ အမေစောနန်း. . . သမီး သတိအမြဲရှိပါတယ်"

"ကိုသက္က ကတော့ တော်ရှာပါတယ်"

"ကိုသက္ကဆိုတာက ဘယ်သူလဲ"

"ကိုယကၡရဲ့ အစ်ကိုလေ၊ မောင်ဟေမာန်ရဲ့ အဖေပေါ့"

"ဩော်. . . အခု သူကဘယ်မှာလဲ"

"ခရီးထွက်သွားတယ်ပြောတာပဲ၊ ပြန်မလာတာကြာလှပြီ၊ သေဆုံးသွားပြီလို့ ယူဆလိုက်ကြရတယ်"

"မောင်ဟေမာန့် အမေရော"

"ဟေမာန်လေး ငယ်ငယ်ထဲကဆုံးသွားပြီ၊ သားအဖနှစ်ယောက်ထဲနေလာကြတာ အကြာကြီးပဲ၊ သူ့သားမရူးခင် စန္ဒာငယ်မဆုံးခင်လေးကမှ သူပျောက်သွားခဲ့တာ"

"အစက ဒီအိမ်ကြီးမှာပဲ နေကြသလား. . . အမေစောနန်း"

"ဒီအိမ်ကြီးပေါ်မှာတော့ မဟုတ်ဘူး၊ ဒီခြံကြီးရဲ့ အရှေ့ဘက်ထောင့်မှာ အိမ်ဆောက်ပြီးနေကြတာ၊ သူတို့အိမ် ခုထိရှိသားပဲ ပိတ်ထားတယ်၊ အစက ကိုယက္ခဟာ အဲဒီအိမ်မှာနေတာပါ"

"ဪ. . ."

"သမီးတို့အဘိုး ဦးဒိဗ္ဗသေဆုံးပြီး မက္ကန္ဒာက ဒီအိမ်ကြီးရဲ့ အရှင်သခင်မဖြစ်လာမှ ကိုယက္ခကို စံအိမ်ကြီးပေါ် ခေါ်တင်ထားတော့တာပဲ"

"သမီးလည်း မှန်းဆမိပါတယ်၊ ဦးယက္ခဆိုတဲ့လူကြီးဟာ နာမည်နဲ့လိုက်အောင် ဘီလူးတစ်ကောင်လို ကြမ်းတမ်းလိမ့်မယ်လို့"

"အင်း. . . အမေစောနန်းရင်ထဲမှာ သိနေတာတွေတော့ ရှိတာပေါ့ကွယ်၊ မပြောအပ်လို့ မြိုထားရတွေက အများကြီးပဲ"

"ဦးယက္ခဆိုတာက. လူပျိုကြီးလား"

"အိမ်ထောင်ပျက်ပဲ၊ ခုထိ သူ့မိန်းမ ပင်းတယမြို့မှာ ရှိနေသေးတယ်"

"သားသမီးရော"

"မရှိဘူး၊ သူ့မိန်းမက နောက်အိမ်ထောင်နဲ့လေ"

တစ်ဆက်တည်းပင် ဒေါ်က္ကန္ဒာမှာ အသက်သုံးဆယ်နီးပါးရှိ အပျိုကြီးသမီးတစ်ယောက်နှင့် မုဆိုးမဆိုသော အဖြစ်ကိုပါ သတိရလာမိသည်။

ဦးယက္ခဆိုသည်မှာ မျက်နှာက ခက်ထန်လှသည်ဆိုသော်လည်း နုပျိုသန်မာဆဲ အရွယ်တင်ဆဲမို့ ဒေါ်က္ကန္ဒာထက် အနည်းငယ်သာငယ်သော်လည်း ဒေါ်က္ကန္ဒာ၏သမီး **"စောစုမြတ်"** နှင့် လောက်





သာ လိုက်ဖက်မည့်အရွယ်မျိုးပါ။

"အင်းပေါ့ အမေစောနန်းရယ်. . . သူတို့ရဲ့အိမ်တွင်းရေးဘာပဲဖြစ်နေဖြစ်နေ သမီးတို့ကဝင်မပါဘဲ ကိုယ့်ဟာကိုယ်နေတတ်ဖို့ပဲ လိုတာပေ့ါ"

"ဒါပေါ့. . . ဒါဟုတ်တာပေါ့"

"သမီးလည်းနေရတာ. . . တစ်ခါတစ်ခါတော့လည်း စိတ်အားငယ်မိသား"

"အို. . . ဘာအားငယ်စရာရှိလဲ၊ ကိုယ်က အမေစောနန်းတို့လို လာရောက်မှီခိုသူမှ မဟုတ်ဘဲ. . . နေခွင့်နေထိုက်ရှိတဲ့ ဆွေတော်မျိုးတော်ပဲ"

"အို"

"ဒီစံအိမ်ကြီးရဲ့ အမွေဆက်ခံနိုင်ခွင့်ရှိတဲ့ ဦးဒိဗ္ဗရဲ့မြေးအရင်းတစ်ယောက်အနေနဲ့ ဘာမှအားငယ်စရာမရှိပါဘူး နန္ဒာနွယ်"

နန္ဒာနွယ် ခေါင်းညိတ်ပြမိသည်၊ တစ်ယောက်နဲ့တစ်ယောက် မကြည့်နိုင်ကြ၊ လက်က အလုပ်ကိုယ်စီနှင့်ပါ. . .။

"အမေဟာ သမီးတို့သားအဖ ဒီအိမ်ကထွက်မသွားခင်ကတည်းက သမီးကို ထိန်းကျောင်းလာခဲ့ရတဲ့ သူတစ်ယောက်အနေနဲ့ သမီးအပေါ်မှာ သံယောဇဉ်ရှိပြီးသားပါဆိုတာတော့ ယုံပါ. . ."

"ယုံပါတယ် အမေစောနန်း"

"အေးလေ. . . အမေ ပြောချင်တာကတော့ ဒီစံအိမ်ကြီးမှာ အတွင်းရန်လား. . . အပြင်ရန်လားမသိတဲ့ အန္တရာယ်တွေဟာ မကြာခဏ ဝင်ရောက်ဝါးမျိုနေတယ်"

"ဟုတ်ကဲ့"

"အခုလည်း မက္ကန္ဒာက မွေးနေ့ပွဲကျင်းပဦးမယ်ပြောတယ်၊ ခုလို ထူးထူးခြားခြားနေ့မျိုးတွေမှာဆိုရင် တစ်ခုခုတော့ ထူးထူးခြားခြားဖြစ်တတ်တာချည်းပဲ"

"ရှင်"

"မက္ကန္ဒာရဲ့ ရွှေရတုမွေးနေ့ပွဲညဟာ "အန္တရာယ်ဆိုးည" ဖြစ်မလာပါစေနဲ့လို့သာ ဆုတောင်းရတော့မှာပဲ နန္ဒာနွယ်ရေ"

* * *



## အခန်း(၅)

နံနက်ဦးစာ လက်ဖက်ရည်ဝိုင်းတွင် နန္ဒာနွယ်တစ်ယောက်တည်း လက်ဖက်ရည် သောက်နေစဉ် "စောစုမြတ်"နှင့် ဦးယက္ခတို့ ရှေ့ဆင့်နောက်ဆင့် ဝင်ရောက်လာကြသည်။

ဦးယက္ခက အလွန်တည်ကြည်သိက္ခာရှိသော လူကြီးလူကောင်းပုံစံနှင့် နန္ဒာနွယ်ကိုကြည့်ပြီး အသိအမှတ်ပြုကြောင်း ခေါင်းတစ်ချက်သာညိတ်ပြပြီး ဣန္ဒြေနှင့် သူ့လက်ဖက်ရည်ကို ဖျော်စပ်သောက်သုံးနေပါ၏။

"ညီမလေး တော်ပလား"

"ဟုတ်ကဲ့ ဝပြီ. . . မမမြတ်"

စောစုမြတ်သည် ခပ်အေးအေးပင် နေတတ်သော အပျိုကြီးတစ်ယောက်ဖြစ်ပါ၏။ နန္ဒာနွယ့်အပေါ်လည်း ငဲ့ညှာကြင်နာစိတ်ဖြင့်

ဆက်ဆံတတ်သူပါ။

စောစုမြဲတ်၏ သိမ်မွေ့ပုံကို နန္ဒာနွယ်သတိထားမိသည်။ သူသည် ဦးယက္ခအတွက် ပေါင်မုန့်ကို ကိုယ်တိုင်ထောပတ်သုတ်ပေးသည်။ စကားဖြင့် မပြောကြ။

အလိုက်သိစွာဖြင့် နန္ဒာနွယ်က နှုတ်ဆက်ပြီး ထလာခဲ့ရပါ၏။

အိမ်ရှေ့တွင် ဖိတ်စာများကို အစီအစဉ်ချနေသော ဒေါ်ကြ္ကန္ဒာ၏ဘေးတွင် နန္ဒာနွယ် ဝင်ထိုင်းရင်း. . .

"နန္ဒာဘာများကူညီရပါ့မလဲ. . . ဒေါ်လေး ကြ္ကန္ဒာ"

"မလိုပါဘူး နန္ဒာ၊ ဖိတ်စာမှာ ဂုဏ်ထူးဝိသေသထည့်ဖို့ နေရပ်လိပ်စာရေးဖို့တွေက ဒေါ်လေးကိုယ်တိုင်လုပ်မှ ဖြစ်မှာ"

နန္ဒာနွယ်မှာ မိမိအတွက် အနှောင့်အယှက် မဖြစ်စေပါရန် စားပွဲပေါ်မှ ဝတ္ထုစာအုပ်ကိုဆွဲပြီး မျက်နှာဖုံးကို ကြည့်မိသည်။ အင်္ဂလိပ်ဘာသာနှင့် ရေးထားသော လျှို့ဝှက်သည်းဖို ဝတ္ထုတစ်ပုဒ်ဖြစ်ပါ၏။ မိန်းကလေးတစ်ယောက် ကြောက်လန့်တကြီးဖြင့် သေပြေးရှင်ပြေး ပြေးနေသည်။ နောက်ကွယ်မှ အရိပ်မည်းတစ်ခုက ဓားတစ်ချောင်းကိုကိုင်ပြီး အားသွန်ခွန်စိုက်လိုက်နေသည့် သရုပ်ဖော်ပုံဖြင့် ပြင်ဆင်ထားပါ၏။

"ညိုမာမွန်"

မကြာသေးမီက ဤခြံကြီးအတွင်း၌ ငယ်သံပါအောင် အော်ရင်း ထွက်ပြေးရှာသည့် ညိုမာမွန်နှင့် သူနောက်က ထပ်ချပ်မကွာလိုက်ပါခဲ့သော အရိပ်မည်းကြီးတစ်ခုကို မျက်စိမှာ ပြန်လည်၍





မြင်ယောင်လာမိသည်။

မိုးသည်းည၏အန္တရာယ်ဆိုး မြင်ကွင်းတစ်ခုကြောင့် နန္ဒာနွယ်မှာ စာအုပ်ကို စားပွဲပေါ်တွင်မှောက်ချလိုက်သည်။ မျက်နှာဖုံးကို မမြင်နိုင်တော့ရန် ဖြစ်ပါ၏။

နန္ဒာနွယ်၏အပြုအမူများကို ဒေါ်ကြ္ကန္ဒာက အားလုံးရိပ်မိဟန်နှင့် နှုတ်ခမ်းကို တင်းတင်းစေ့ရင်း ပြုံးလိုက်ပြီးမှ. . .။

"နန္ဒာနွယ်"

"ဟုတ်ကဲ့ ဒေါ်လေးကြ္ကန္ဒာ"

"အဲဒီသရုပ်ဖော်ပုံကိုကြည့်ပြီး ကျရောက်လာမယ့် အန္တရာယ်ကို လန့်နေသလား"

ဖိတ်စာများကို စာကြည့်မျက်မှန်နှင့်ကြည့်နေရာမှ အဝေးမြင်ကွင်းကိုမြင်သာရန် မျက်မှန်ကို နှိမ့်ချပြီး မျက်မှန်ပေါ်မှကျော်၍ ကြည့်နေသည်။

"မကြောက်ပါဘူး ဒေါ်လေးကြ္ကန္ဒာ"

"ညိုမာမွန်လို ဖြစ်မှာကော မကြောက်ဘူးလား နန္ဒာနွယ်"

"မကြောက်ပါဘူး၊ ညိုမာမွန်က ခြံထဲမှာ ဖြစ်ရတာ၊ နန္ဒာက ဒေါ်လေး ကြ္ကန္ဒာနားမှာကပ်ပြီး နေခွင့်ရနေတာပဲ"

"ဆိုလိုတာက အန္တရာယ်ဟာ ဒေါ်လေးနားမှာ မရှိဘူးလို့ ပြောချင်တာလား"

"ဒီသဘောပါပဲ. . . ဒေါ်လေးက ဒီစံအိမ်ကြီးရဲ့ အရှင်သခင်မ ပဲမဟုတ်လား"

"ဒီလို ဒေါ်လေးပေါ်ယုံကြည်မှုရှိနေတယ်ဆိုတာ ကောင်း

တဲ့အတွေးအခေါ်ပါပဲ"

ဒေါ်ကြ္ဂန္ဒာက စကားစပြတ်သွားပြန်သည်။ သူ့ဖိတ်စာများပေါ်တွင် အာရုံရောက်သွားဟန်ရှိပြန်၏။

ခဏကြာမှ. . .

"ဒါနဲ့ ညီမာမွန်သေဆုံးရတာနဲ့ပတ်သက်ပြီး နန္ဒာနွယ်ဘယ်လိုထင်သလဲ"

"ဘာကိုလဲ ဒေါ်လေးကြ္ဂန္ဒာ"

"ဒေါ်လေးမေးတာ ရှင်းပါတယ်"

"ညီမာမွန်နဲ့ပတ်သက်ပြီး နန္ဒာ ဘာမှမထင်တတ်ပါဘူး၊ သူ့ကိုတစ်စုံတစ်ယောက် သတ်လိုက်တာကို မြင်. . . အဲ. . . သိတာကလွဲပြီး နန္ဒာဘာမှ မပြောတတ်ပါဘူး"

ညီမာမွန်၏အဖြစ်ကို မိုးသည်းညက ပိုးတဝါးမြင်လိုက်ရသည့်အဖြစ်ကြောင့် မှားသွားသောစကားကို ဒေါ်ကြ္ဂန္ဒာက စူးစမ်းသလို စိုက်ကြည့်လာသေးသည်။ သို့ပါသော်လည်း သူလည်း ဘာမှမမေး၊ နန္ဒာနွယ်ကလည်း ဘာမှမပြောတော့ပါ၊ အတော်ကြီးကြာမှ. . .

"ဟိုမှာ ကြည့်လိုက်စမ်း နန္ဒာနွယ်. . . အပေါ်က ဆီဆေးပန်းချီကားကြီးနှစ်ချပ်ဟာ ဒေါ်လေးတို့ရဲ့ အဘိုးနဲ့အဘွားပေါ့၊ ပဒေသရာဇ်ခေတ်က ဩဇာလျှမ်းလျှမ်းတောက်ခဲ့ကြသူတွေပေါ့၊ ဒီစံအိမ်ကြီးကို သူတို့လက်ထက်မှာ ဆောက်ခဲ့ကြတာပဲ"

ဧည့်ခန်း၏ထိပ်ဝတွင် လူတစ်ရပ်စာနီးပါးမျှ ကြီးမားလှသော လက်ရာကောင်းဆီဆေးပန်းချီကားချပ်ကြီးများကို ညွှန်ပြရင်း





ဒေါ်ကြ္ဂန္ဒာက ပြောလိုက်သည်။

"အပေါ်စုံတွဲရဲ့ အောက်က စုံတွဲကတော့ ဒေါ်လေးတို့ရဲ့ မိဘနှစ်ပါးပဲ၊ နန္ဒာနွယ်တို့ရဲ့ အဘိုးနဲ့အဘွားပေါ့"

"ဟုတ်ကဲ့ ဒေါ်လေး"

နန္ဒာနွယ်မှာ အသေအချာမော့ကြည့်မိသည်။ ကျက်သရေရှိသော စုံတွဲတစ်တွဲပါတည်း၊ နန္ဒာနွယ်၏ အဘိုးအဘွားကို ခပ်ဝါးဝါးသာ သိမှတ်လိုက်ဖူးပါ၍ နန္ဒာနွယ်အသေအချာကြည့်မိပါသည်။

အဘိုးက တောင်ရှည်နှင့်ရင်ဖုံးနှင့်၊ အဘွားက ထိုင်မသိမ်းနှင့် ပလာယမီနှင့် ပဝါနှင့်ပါ။

အဘွား၏ဘီးဆံထုံးမှာ လည်ပင်းနှင့်ရင်ညွန့်တစ်ဝိုက်မှာ၊ လက်ဖျားနှစ်ဖက်မှာ စိန်များ၊ ကျောက်မျက်ရတနာများ များစွာ ဆင်ယင်ဝတ်ထားပါ၏။

ကင်းဘတ်ပေါ်တွင် ဆီဆေးအဖုအပိန့်များနှင့် လက်ရာမြောက်လှစွာရေးတင်ထားပါ၍ ရတနာစစ်များကို အမှန်တကယ်ထည့်သွင်းရေးခြယ်ထားသည်သို့ပင် လက်ရာမြောက်လှကြောင်း နန္ဒာနွယ်မြင်ရပါ၏။

တစ်ချိန်ချိန်တွင် အမြင့်သို့တက်၍ ဖုထစ်နေသောနေရာများတွင် တကယ့်ပတ္တမြား၊ နီလာများပမာ ရေးခြယ်ထားသည်ကို စမ်းသပ်ကြည့်ပါဦးမည်ဟု တွေးထားနှင့်သည်။

"အေး. . . အဲဒီ ဦးဒိဗ္ဗနဲ့ ဒေါ်သီရိမွန်တို့မှာ သားသမီးလေးယောက်ထွန်းကားခဲ့တယ်ဆိုတာတော့ နန္ဒာနွယ်သိတယ်နော်"

"ဟုတ်ကဲ့ရှင့်. . . သိပါတယ်ဒေါ်လေး"

"ဘယ်သူတွေလဲ"

"အကြီးဆုံးက နန္ဒာတို့မေမေ **"ဒေါ်ဥမ္မာ"**ပါ၊ ဒုတိယက "မိတ္ထီလာမြို့" မှာရှိနေတဲ့ **"ဦးသီဟ"**ပါ"

"ဟုတ်ပြီ၊ သူဟာ လေဖြတ်ထားလို့ မသွားနိုင် မလာနိုင်ဘူး၊ ဆင်းရဲနေတယ်၊ မိန်းမ ဆုံးသွားပြီ"

"ဟုတ်ကဲ့"

"သူ့မှာ သားသမီးလေးယောက်ရှိတဲ့အနက် ညိုမာမွန်ဆိုတဲ့အလယ်မလေးက လူတတ်ကြီးလုပ်ပြီး အမွေတောင်းရအောင် သဥ္ဇာမွန်ကို လိုက်လာတယ်ဆိုပဲ"

"ဩော်"

"ဒါပေမယ့် သူလောဘဇောတိုက်လာတဲ့ ဟောဒီစံအိမ်ကြီးပေါ်ကိုတောင် ခြေတစ်လှမ်းစာချခွင့်မရချိန်မှာ သေသွားခဲ့ပြီ. . . သူ့ကြမ္မာ သူဖန်တာပေါ့"

ကိုယ့်စာမအရင်းတစ်ယောက် ကိုယ့်ခြံဝင်းတွင်းမှာ အသတ်ခံသွားရရှာသည့် အဖြစ်ကို ကျေနပ်အားရဟန်နေသော အပြောများကြောင့်. . .

"ညိုမာမွန်သေဆုံးရတာ ဒေါ်လေးကုန္ဒာရဲ့ ပယောဂမှ ကင်းပါရဲ့လား"

ဟူသော အတွေးများ နန္ဒာနွယ့်ထံသို့ ချက်ချင်းရောက်လာကြပါ၏။

"အဲ. . . ဆက်ပြောရမယ်ဆိုရင် တတိယသမီးတော်က ဒေါ်လေးပဲ၊ ဒေါ်လေးယောကျ်ားဆုံးသွားတော့ "စောစုမြတ်" ဆိုတဲ့





သမီးလေးကျန်ခဲ့တယ်၊ ခု သူတောင် အသက်အစိတ်ကျော်ပြီ"

"ဟုတ်ကဲ့ ဒေါ်လေး"

"ဒေါ်လေးဟာ ငယ်ငယ်ရွယ်ရွယ်နဲ့ အိမ်ထောင်ပြုတာက လွဲရင် ဘယ်တော့မှမိဘနဲ့မခွဲတဲ့ သမီးပဲ၊ ဒေါ်လေးတစ်သက်လုံး ဒီအိမ်ကြီးမှာနေလာခဲ့တာ အခုလိုအိမ်ကြီးရဲ့ အရှင်သခင်မဖြစ်လာတဲ့အထိဆိုပါတော့"

သူ့စကားကိုစိတ်ဝင်စားပါသော်လည်း သူ့လေသံများကို နားကလောလှသည်။

"အဲ. . . အငယ်ဆုံးအမိုက်ဆုံးကတော့ အခု ပင်းတယမှာနေတဲ့ **"ဝဏ္ဏ"**ပေါ့၊ သူ့ကို ဒေါ်လေးတို့က ဝဏ္ဏ လို့မခေါ်ဘူး၊ "အတ္တ" လို့ပဲခေါ်တယ်၊ သူ့မိန်းမက မြှောက်ပေးလိုက်ရင် ဒီမှာ အမွေလာတောင်းပြီ"

မောဟသံလွှမ်းနေသော ဒေါ်ကုန္ဒာ၏စကားသံများကို နန္ဒာနွယ် ဆက်လက်ကြားနေပါပြီ။

"ဒီစံအိမ်ကြီးရဲ့ မြတ်နိုးစရာရှေးဟောင်းအမွေအနှစ်တွေကို ဝိုင်းပြီးထိန်းကြသိမ်းကြဖို့တော့ စိတ်မကူးဘဲ. . . တစ်ခါလာ အမွေ၊ တစ်ခါလာအမွေ ဒါတွေပဲ ပြောနေကြ တောင်းနေကြတာပဲ"

ဒေါ်ကုန္ဒာ၏ လေသံက ပိုမိုမာလာသည်။

"နန္ဒာရောက်လာတာကတော့ အမွေတောင်းဖို့ကိစ္စ မပါပါဘူးနော်. . . ဒေါ်လေးကုန္ဒာ"

"အေးပါ. . . သိပါတယ်၊ ညည်း **ဆယ်တန်းအောင်တဲ့ထိ** ကျောင်းစရိတ်တွေထောက်ပံ့ထားပေးခဲ့ပြီပဲ"

"နန္ဒာသိပါတယ် နားလည်ပါတယ်ရှင်"

"အေး. . . ခုတော့ ဒေါ်လေးကအပြတ်ကြေညာထားတယ်ငါအသက်ရှိသရွေ့ ဒီသဥ္ဇာမွန်စံအိမ်နန်းကြီးကို ဘယ်တော့မှ မရောင်းဘူး၊ဘယ်သူ့ကိုမှလည်း ခွဲမပေးဘူး၊ ဆိုင်ချင် ပိုင်ချင်ရင် အခုလိုလာနေကြ၊ဝိုင်းလုပ်ကြ၊ ဝိုင်းစားကြ ဒါပဲ"

သူမဝါဒများကို ကြေညာပြီး ဖိတ်စာများကို သူ့လက်ကိုင်အိတ်မည်းကြီးထဲသို့ စုထည့်လိုက်သည်။

လက်ဖက်ရည်ဝိုင်းမှ ထွက်လာသောဦးယက္ခနှင့်အတူ ဒေါ်ကုန္ဒာအပြင်သို့ ကားတစ်စီးနှင့်ထွက်သွားခဲ့ပါပြီ။

စကားနည်းသော စောစုမြတ်သည်လည်း နန္ဒာနွယ်ကိုပြုံးပြပြီး အပေါ်သို့တက်သွားပါတော့သည်။

နန္ဒာနွယ်မှာအောက်ထပ်၏ ကျယ်ပြန့်ခန့်ညားသော ဧည့်ခန်းတွင်းဝယ် တစ်ယောက်တည်းကျန်ရစ်ရသည်။

ခေတ်တစ်ခေတ်စာ နောက်ကျနေသော အိမ်ထောင်ပရိဘောဂများကို ကျော်ပြီး ဟောင်းနွမ်းနေသော ကတ္တီပါကော်ဇောနီကြီးကိုနင်းလျက် ဆီဆေးပန်းချီကားကြီးများရှေ့သို့ လျှောက်လာမိသည်။

ချောမောလှပ ကျက်သရေရှိလှသော မိမိ၏အဘိုးနှင့်အဘွား၏ပုံတူ ဆီဆေးပန်းချီကားကြီးများကို ကြည့်မိသည်။

ပန်းချီကားပေါ်မှ ဖုထစ်နေသောရတနာများကို ကိုင်ကြည့်ချင်စိတ် မျိုသိပ်လိုက်ရပါပြီ။

မျက်လုံးပေါင်းရာထောင်မက ဤအိမ်ကြီးအတွင်းဝယ်





လိုက်လံချောင်းမြောင်းနေတတ်သည့် နတ်မျက်စိဆိုသည့် စကားမျိုးကို ဒေါ်စောနန်းက သတိပေးထားဘူးသည် မဟုတ်ပါလား။

နန္ဒာနွယ်မှာ အောက်ကပင်မော့ကြည့်ရင်း **"ဦးဒိဗ္ဗနှင့် ဒေါ်သီရိမွန်"** တို့၏ မိသားစုများကို စဉ်းစားနေမိသည်။

"ပထမက **ဒေါ်ဥမ္မာမွန်**"

"နန္ဒာနွယ်နှင့် စန္ဒာငယ်တို့၏ မိခင်"

မိမိတို့မိသားစုအကြောင်းကလည်း အလွမ်းဇာတ်လမ်းလေးတစ်ခုပမာ ရင်နာကြေကွဲစရာပါ၊ နောင်တစ်ခါခါကျခါမှ မိမိတို့၏ မိသားစုဖွဲ့စည်းပုံ၊ ပြိုကွဲရပုံ၊ စန္ဒာငယ်သေဆုံးရပုံ စသည်များကိုဆက်လက်၍ တွေးတောစဉ်းစားပါမည်။

ဒုတိယက လေဖြတ်ထား၍ လှုပ်ရှားစွမ်းဆောင်နိုင်စွမ်းမရှိတော့သော **"ဦးသီဟ"**၊ မိတ္ထီလာမြို့တွင် နေထိုင်သူဖြစ်ပါ၏။

သူ့သားတစ်ယောက်လည်း ဤရပ်စောက်မြို့သို့အလာကားမှောက်၍ သေဆုံးခဲ့ရသည်။ တစ်စုံတစ်ယောက်၏ ပယောဂမကင်းသလိုလို ကြားသိလိုက်ရသည်။

ထိုအချိန်က နန္ဒာနွယ် ဤစံအိမ်သို့ ရောက်မလာသေး၊ ရန်ကုန်မှာပင် ရှိသေးသည်။

ဦးသီဟသည် သားသေဆုံးပြီးသမီး ညိုမာမွန်ဆုံးရပြန်သည်။

ယခု ဤဒုက္ခိတ ဦးလေးနှင့်အတူ သမီးငယ်နှစ်ယောက်သာရှိပါတော့မည်။

တတိယက **"ဒေါ်ကုန္ဒာ"** ပါပင်။

စတုတ္ထက အငယ်ဆုံးသား ဦးလေး "ဦးဝဏ္ဏ" ပင်းတယမှာ နေသူ...။

ဒေါ်ဣန္ဒာ၏အမြင်က အတ္တစိတ်နှင့်လောဘစိတ်များရှိသူဆိုသော်လည်း နန္ဒာနွယ်သိမြင် လေ့လာရသလောက်မှာ ဦးလေးဝဏ္ဏသည် စိတ်သဘောထားသိမ်မွေ့နူးညံ့သူတစ်ယောက်ပါ။

"ငါလည်း ပင်းတယကို တစ်ခေါက်လောက်သွားပြီး... ဦးလေးကိုတွေ့ပါဦးမယ်လေ..."

"ဒေါ်ဥမ္မာ"နှင့် "ဒေါ်ဣန္ဒာ"၊ "ဦးသီဟ" နှင့် "ဦးဝဏ္ဏ" စသော နန္ဒာနွယ်တို့၏မိသားစုများကို စဉ်းစားမိရင်း ဦးလေးငယ်ထံသွားလည်လိုသောစိတ်များ ပေါ်ပေါက်လာမိရခြင်းပါ။

ယခု ဤသဥ္စာမွန်စံအိမ်တွင် ဦးလေးဝဏ္ဏ၏ သားတစ်ယောက်လာနေသည်။ သူကလည်း နန္ဒာနွယ်လိုပင် အလုပ်လက်မဲ့တစ်ယောက်မို့ ဤသဥ္စာမွန်ပိုင်မြေဆယ်ဧကအတွင်းမှာ စိုက်ပျိုးရေးလုပ်ကိုင်စားရန် ဒေါ်ဣန္ဒာ၏ခွင့်ပြုချက်ဖြင့် လာရောက်နေထိုင်သူပါဟု သိရပါ၏။

သူ့အမည်က စောမင်းညို...။

* * *



## အခန်း(၆)

ဒေါ်ဣန္ဒာတို့တောင်ကြီးမြို့သို့တက်ပြီး ပစ္စည်းများဝယ်ကြသာနေ့ဖြစ်ပါ၏။

အိမ်မှထွက်ခါနီးတွင် "သွားဖို့မသင့်တော်ပါ" ဟူသောျှင့်ချိန်စိတ်ဖြင့် မြေလှမ်းတုန့်မိသေးသည်။

"အို ငါလာခဲ့တဲ့ကိစ္စပြီးပြတ်ဖို့က အရေးကြီးလှတယ်"

"ဒီကိစ္စ ပြီးမြောက်အောင်လည်း မောင်ဟေမာန်နဲ့ တွေ့မှဖြစ်တော့မှာပေါ့"

ခဲစိတ်သွင်း၍ သားရေဖာ့အိမ်နှင့် ဖားမြှောင်ငယ်လေးစ်ချောင်းကို ထဘီအထက်ဆင်စည်းပ်သည့်နေရာတွင် ဝှက်ကွယ်ပုဆောင်လာခဲ့ပြီးမှ သဥ္စာမွန်စံအိမ်ကြီး၏ အနောက်ဘက်သို့ ခပ်ွက်သွက်လျှောက်ခဲ့ရသည်။

ကိုဟေမာန်နှင့်ဆုံတွေ့ရန်က သဥ္ဇာမွန်၏ သချိုင်းဂူများကို မဖြတ်၍မရ။

နောက်ကြောင်းမလုံစိတ်ဖြင့်လည်း လှည့်ကြည့်ရပါသေးသည်။

နန္ဒာနွယ်၏ မြင်ကွင်းတွင်ဖြင့် ဘယ်သူမှမရှိ။ စိတ်ရဲရဲထားပြီး ဂူများကြားမှဖြတ်ထွက်လို ရသည်။ ဂူက အားလုံးဆယ့်နှစ်ခုရှိပါ၏။

"ညို မာ မွန်"
"အသက် ၂၂ နှစ်"

ဟူသော ဂူသစ်ဖွေးဖွေးလေးပေါ်မှ စာတန်းကိုဖတ်ပြီး နန္ဒာနွယ် လန့်ဖြန့်သွားမိသည်။

"အို. . . ညိုမာမွန်ကို သူတို့ဒီမှာပဲ မြှုပ်ခွင့်ပြုတယ်လား"

"အင်းပေါ့လေ. . . ညိုမာမွန်ဟာ ဦးဒိဗ္ဗနဲ့ ဒေါ်သီရိမွန်တို့ရဲ့ မြေး ဆယ်ယောက်အနက်က တစ်ယောက်သော မြေးမလေးပဲကို"

ယနေ့သည် ညိုမာမွန်သေဆုံးပြီးသည်၏ လေးရက်မြောက်သော နေ့ဖြစ်ပါ၏။

"ဒါဆို မနေ့က. . . ဆေးရုံကအလောင်းကိုယူပြီး ဒီမှာ မြှုပ်ထားလိုက်ကြတယ်ထင်တယ်၊ ငါလည်း ဘာမှမသိရ၊ မမြင်ရ၊ မကြားရပါလား"

ညိုမာမွန်၏ ဈာပနသို့ ဒုက္ခိတဖခင်နှင့် သမီးငယ်နှစ်ယောက် လိုက်မလာနိုင်ရှာ။





ယင်းကိစ္စကို ဒေါ်ကုန္ဒာဘယ်လိုများ ရှင်းလိုက်သည်ဖြင့် မသိရပါ။

ကြောက်စိတ်များကို ဖြေလျှော့ပစ်လိုက်ပြီး ညီမငယ်၏ ဂူကို နန္ဒာနွယ် အပြေးအလွှားရှာမိသည်။

"စ န္ဒာ ငယ်"
"အသက် ၁၉ နှစ်"

စန္ဒာငယ်သေဆုံးခဲ့သည်မှာ ခြောက်လကျော်ကြာလေပြီ။ မိုးတစ်ရာသီ၏ဒဏ်ကို ခံထားရပြီးဖြစ်ပါသဖြင့် ညီမလေးစန္ဒာငယ်၏ဂူမှာ သစ်လွင်မှုများမှေးမှိန်နေလေပြီ၊ သို့ပါသော်လည်း ရေညှိများဖြင့် မွဲတေ ညိုညစ်နေခြင်း မရှိပါ။

မောင်ဟေမာန်၏ လက်ရာများကြောင့်ပင် ဖြစ်မည်ထင်ပါသည်။

နန္ဒာနွယ်မှာ စန္ဒာငယ်၏ဂူပေါ်သို့ မိမိ၏လက်ဃာလက်ကို တင်လိုက်သည်။

"ညီမလေး စန္ဒာငယ်"

"မမ ကြားသိခဲ့ရတဲ့ သတင်းဆိုးအတိုင်းသာ ဟုတ်မှန်ခဲ့ရင်လေ. . ."

"ညီမလေးကို ရက်ရက်စက်စက် သတ်ပစ်တဲ့တရားခံကို ရှာကြံလက်စားချေပြီးမှ မမနန္ဒာ ဟောဒီခြံကပြန်မယ်လို့ ကတိပြုသစ္စာဆိုလိုက်ပါတယ် ညီမလေးစန္ဒာငယ်"

ရင်ထဲမှသာမဟုတ်၊ နှုတ်ကပင် တိုးတိုးလေးဆိုမြည်လိုက်မိသည်။

ပြီးမှ သတိရသွားသလို ဘေးဘီသို့ ဝဲလှည့်ကြည့်လိုက်မိပါ၏။

"ဟင်"

ဂူဟောင်းများကြားမှ သစ်ကိုင်းခြောက်ချွန်ချွန်များချည်းသာ ရွေ့လျားလာနေသည်။

"ဘုရား. . .ဘုရား၊ သစ်ကိုင်းခြောက်တွေက တရွေ့ရွေ့လာနေပါလား"

"သရဲ. . .သရဲများ ခြောက်တာလား"

နေ့အလင်းရောင်အောက်မှာပင် ကြောက်စိတ်များဝင်လာမိပါ၍ နန္ဒာနွယ်မှာ စန္ဒာငယ်၏ဂူဘေးတွင် ဝင်ကပ်လိုက်ပြီး အရိပ်အခြေကို ကြည့်နေမိပါ၏။

တထိတ်ထိတ်ခုန်သောရင်များဖြင့် စောင့်ကြည့်နေဆဲမှာ. .

"ဟာ. . .လူတစ်ယောက်ပဲ"

သစ်ကိုင်းခြောက်များကို ထမ်းလျှောက်လာသော လူတစ်ယောက်ပါ။

ဂူများကွယ်နေ၍ လူကိုမမြင်ရ၊ သူထမ်းလာသော သစ်ကိုင်းများသည်သာ ဂူပေါ်မှကျော်၍ ရွေ့လျားနေခြင်းပါ။

"အသားမည်းမည်း၊ ဗလကောင်းကောင်းနဲ့ အသက်ငါးဆယ်လောက်အရွယ် ယောကျ်ားကြီးပဲ၊ ဒီလူဟာ ဘယ်သူပါလိမ့်၊ ဒီအိမ်မှာ ငါတစ်ခါမှမဆုံဖူးသေးတဲ့ သူပဲ"

ထိုအမျိုးသားကြီးက နန္ဒာနွယ်ရှိနေပေလိမ့်မည်ဟု အနည်း





ယ်သော်မှ တွေးမိဟန်ရှိပုံမရပါ၊ သူသည် ဂူများကိုဖြတ်ကျော်ပြီး ကြီးအတွင်းသို့ ဆက်လက်လျှောက်ရင်း ပျောက်ကွယ်သွားပါတော့ သည်။

နန္ဒာနွယ်မှာ မိမိဦးတည်လာရာခရီးလမ်းကို ယခုမှ ပြန်လည်းသတိရလာမိသည်။

"မောင်ဟေမာန်ဆီ အမြန်သွားမှပါပဲလေ"

စမ်းချောင်းသွယ်လေးစီးနေရာကို အလွယ်တကူရှာမတွေ့ နိုင်သေး၊ စိတ်အေးတည်ငြိမ်အောင်ကြိုးစားရင်း ရှာဖွေခဲ့ရသည်။

ယခုမှတွေ့လာသော စမ်းချောင်းသွယ်လေးအတိုင်း လျှောက်လာမိစဉ်. . .

"ဟိတ်. . .အစ်မ"

"အမယ်လေး"

သစ်ပင်ကွယ်တစ်ခုမှ ဘွားခနဲပေါ်လာပြီး အလန့်တကြားအော်လိုက်ပါ၍ နန္ဒာနွယ်မှာ အသံကျယ်လောင်သွား လောက်အောင် ခုန်ပြီးအော်လိုက်မိသည်။

"ဟင်. . .မင်း. . .မင်းပါလား"

ဒေါ်စောနန်း၏ အသက်ဆယ်နှစ်ရွယ်မြေးလေး ကိုတူး ပါတကား. . .

"အစ်မက ဘယ်လဲဗျ"

"ဟင်"

"အဲဒီဘက်မသွားနဲ့လေ၊ ကြောက်စရာကြီးဗျ"

"ဘာ. . .ဘာကြောက်စရာရှိလို့လဲ ကိုတူးရဲ့"

"အစ်ကိုဟေမာန်ရှိတယ်ဗျ"

"ဟင်"

"သူက ကျွန်တော်တို့လိုကောင်လေးတွေကို ဘာမှမလုပ်ဘူး၊ အစ်မတို့လို မိန်းမလှလှဆိုရင် သတ်ပစ်တတ်တယ်ဗျ"

"အို"

"အစ်မက အခုဘယ်သွားမှာလဲ"

"အဲဒီ မောင်ဟေမာန်ဆီပဲ. . . ကိုတူး"

"ဟာ. . . မသွားပါနဲ့ဗျာ"

သည်ကလေးက သွက်လက်ချက်ချာလှသည်။ သူ့အရပ်က ပုသော်လည်း တုတ်ခိုင်တောင့်တင်းသည်။ ကလေးဟန်မျိုးမဟုတ် လူကြီးလေးလို ပြောရဆိုရလွယ်ကူမည်၊ အတိုင်ပင်ခံနိုင်မည်ဟူသော အတွေးများဖြင့် ကိုတူးကို နန္ဒာနွယ်က. . .

"ကိုတူး အခု မောင်ဟေမာန့်ဆီက ပြန်လာတာမဟုတ်လား"

သူ့လက်တွင်းမှခြင်းတောင်းလွတ်ကိုကြည့်ပြီး မေးလိုက်ရသည်။ ကိုတူးက ခေါင်းညိတ်၍ဖြေပါ၏။

"ဒါဖြင့် မမနဲ့ခဏပြန်လိုက်ခဲ့ပါဦးနော်. . . မမ မောင်ဟေမာန့်ဆီသွားချင်လို့ လိုက်ပို့ပါကွယ်၊ အပြန်ကျရင် မုန့်ဖိုးငွေတစ်ကျပ် မမကပေးပါ့မယ်"

ကိုတူး တွေဝေသွားပြီးမှ. . .

"ဒါဖြင့်လာလေ ကျွန်တော်လိုက်ပို့ပါ့မယ်၊ အပြန်ကျရင် တကယ်ပေးနော်. . ."





"အို. . . စိတ်ချ"

ကလေးလက်ကိုတွဲလျက်နှင့် စမ်းချောင်းလေးဘေးမှ လျှောက်လာမိကြသည်။

"ကိုတူး မောင်ဟေမာန့်ကို ဘာတွေသွားပို့တာလဲဟင်"

"ဘဲဥနဲ့ ဆီနဲ့ဆန်နဲ့ခင်ဗျ"

"ဩော်. . . မောင်ဟေမာန်က သူ့ဟာသူချက်စားတယ်လား"

"ဟုတ်တယ်. . . သူက ရူးနေတာအစ်မရဲ့"

"ကိုတူးသွားတဲ့အချိန်မှာ သူဘာတွေလုပ်နေတာတွေ့လို့လဲဟင်"

"ထမင်းချက်စားတယ်၊ မြက်တွေရှင်းတယ်၊ ပြီးတော့ စာဖတ်တယ်၊ သူအမြဲလုပ်တာက ဂီတာတီးတယ်ဗျ"

"ဒါ လူကောင်းတွေလုပ်တဲ့ အလုပ်တွေပဲ၊ သူ မရူးလို့သာ လုပ်နိုင်မှာပေါ့ကွယ့် ကိုတူးရဲ့"

"မသိပါဘူးအစ်မရာ၊ လူကြီးတွေကပြောတော့ ရူးနေတယ်တဲ့"

ကိုတူးမှာ ရှုပ်ထွေးသွားသလို မျက်မှောင်လေးကြုတ်ပြီး ပြောလိုက်ပါ၏။

"ကိုတူးကိုရော ဘာတွေပြောသေးလဲ"

"သူလိုတဲ့ပစ္စည်းမှာတယ်၊ ပေးရင် ကျေးဇူးပဲပေါ့ညီရာတဲ့"

နန္ဒာနွယ်မှာ ကလေး၏လက်ကိုချစ်စနိုးဖြင့် ဖျစ်ညှစ်လိုက်မိသည်။ ပြီးတော့မှ. . .

"ဩော်. . . ကိုတူးရေ ဒီမှာ"

"ဘာလဲ အစ်မ"

"မမနန္ဒာဒီကိုလာတုန်းက ဂူတွေနားမှာ အသားမည်းမည်း ဗလကောင်းကောင်းလူကြီးတစ်ယောက် တွေ့ခဲ့တယ်၊ အဲဒါ ဘယ်သူလဲဟင်"

"အစ်မ ဘယ်သူ့ကိုပြောနေတာလဲ"

"သချိုင်းဂူတွေနားမှာလေ သစ်ကိုင်းခြောက်တွေကောက် လို့ သျှောင်တစောင်းထုံးထားတဲ့. . ."

"ဩော်. . . သိပြီအစ်မ **"အဘသိုက်"** ကိုတွေ့လာတာ ထင်တယ်. . ."

"အဘသိုက်ဟုတ်လား"

"ဟုတ်တယ်. . . သူက သချိုင်းကုန်းဘက်မှာ စောင့်ရတယ်၊ ဘကြီးဩတက အိမ်ကြီးဘက်မှာစောင့်ရတယ်"

"ဩော်. . . ဟုတ်ပြီ၊ မမနန္ဒာ နားလည်ပြီ၊ သူက ဘယ်မှာနေလဲ"

"အဲဒီဂူတွေရဲ့အနားမှာ တဲတစ်လုံးထိုးနေတယ်၊ အစ်ကို ဟေမာန်လိုပဲ"

"ဒါဖြင့် ခြံထဲမှာနေကြတာ ဦးဩတရယ်၊ ဦးသိုက်ရယ်၊ မောင်ဟေမာန်ရယ်ပေါ့နော်"

မိုးသည်းညတစ်ညက ညိုမာမွန်၏နောက်မှ ညိုမာမွန်၏ အသက်ဇီဝိန်ကို ဖြုတ်ချွေရန်ပြေးလိုက်နေခဲ့သူ၏ ဝိုးတဝါးဟန်ပန် ကို ပြန်လည်၍မြင်ယောင်လာမိသည်။





"အရင်တုန်းကတော့ ဘကြီးယက္ခလည်း ခြံထဲမှာနေတာ ပဲအစ်မရဲ၊ အစ်ကိုဟေမာန့်အဖေ ဘကြီးသက္က မရှိတော့မှ သူစံအိမ် ကြီးပေါ်ပြောင်းလာတာ"

"သရဲကြောက်လို့ထင်တယ်နော် ကိုတူး"

"မသိဘူး အစ်မရဲ၊ ဟုတ်မှာပေါ့"

"ဦးယက္ခကို ကိုတူး ချစ်သလား"

"မချစ်ပါဘူး အစ်မရာ၊ တစ်ခါတလေ ကျွန်တော့်ကို ရိုက် ရင်အရမ်းရိုက်တာ"

ဦးယက္ခနှင့်ပတ်သက်သော အကြောင်းအရာများကို သည် မျှသာတီးခေါက်ကြည့်ရပါသည်။ ကိုတူးက ကလေးမို့ မတော်ပြန် ပြောနေလျှင် အခက်။

"လာ အစ်မ၊ ဒီလမ်းကြားက သွားမယ်"

သစ်ပင်ပုကလေးများကြားမှ ငုံ့လျှိုး၍ဝင်သွားသော ကိုတူး နောက်ကလိုက်ခဲ့ရပါ၏။

"အို. . . အိမ်လေးက သပ်သပ်ရပ်ရပ်နှင့် ချစ်စရာလေး ပါလား"

လေသာဆောင်လေးနှင့် တစ်ထပ်ပျဉ်ထောင်အိမ်သေးသေး လေးမှာ မီးခိုးရောင်ဆေးလေးများသုတ်ခြယ်ထားသည်။

စမ်းချောင်းငယ်လေးနှင့်ကပ်လျက် ထင်းရှူးပင်များ အုပ်ဆိုင်းနေသည့်အောက်တွင် ဆောက်လုပ်ထားသော ဤအိမ် ငယ်လေးကို မြင်ရသူတို့ပင် နားခိုချင်စရာကောင်းလောက်အောင် အေးမြချမ်းငြိမ်းလှပါ၏။

"အစ်ကို ဟေမာန်"

"ဟေး. . . အစ်ကို ဟေမာန်"

ပထမဘာသံမှ မကြားရ။ ခဏကြာမှ. . .

"ဘာလဲ တေူး၊ မင်းဘာလာလုပ်ပြန်တာလဲ"

မကျေနပ်သံနှင့် အတွင်းကပြန်အော်လိုက်သည်။

"ဒီမှာဗျ. . . အစ်မနန္ဒာရယ်၊ အစ်ကို့ကိုတွေ့ချင်လို့တဲ့"

ကိုတူးက နှုတ်ခမ်းတစ်ဝိုက်တွင် လက်ကလေးကာယှက်လျက်အော်၍ ပြောလိုက်သည်။

ခဏအကြာတွင် လှပသောသစ်သားတံခါးလေး ပွင့်လာသည်။

"ဟာ. . . မမ. . . မမနန္ဒာ တကယ်ရောက်လာပါလား၊ ကျွန်တော်စမ်းချောင်းဘေးမှာ နေ့တိုင်းသွားစောင့်နေပါတယ်"

"အေးကွယ် မမလည်း သတိရပါတယ်၊ ဒါပေမယ့် သိတဲ့အတိုင်းလာရတာလည်း မလွယ်ဘူးလေ၊ ခုတောင် သူတို့မရှိကြလို့"

"သူတို့ဆိုတာ ကျွန်တော့်ဦးလေး ယက္ခနဲ့ဒေါ်ကုန္ဒာကို ပြောတာမဟုတ်လား"

"ဒါပေါ့"

"ဒါနဲ့ တေူးကို လိုက်ပို့ခိုင်းရတယ်လား"

"မဟုတ်ပါဘူး၊ သူနဲ့ လမ်းမှာဆုံကြတာပါ၊ လာတုန်းက မမနန္ဒာ တစ်ယောက်ထဲ"

"အဘသိုက်နဲ့ မတွေ့ခဲ့ဘူးလား"

"အဘသိုက်ဆိုတာ ခြံစောင့်ကြီးမဟုတ်လား၊ တွေ့ခဲ့တယ်"





"ခြံစောင့်ကြီးမဟုတ်ပါဘူး၊ မဟာမျိုးမဟာနွယ်တွေရဲ့သချိုင်းကိုစောင့်တဲ့ သုဘရာဇာကြီးလေ"

နန္ဒာနွယ်၏စကားမဆုံးမီ မောင်ဟေမာန်က ဖြတ်ပြောလိုက်သည်။ သူနှင့် ဦးဘသိုက်နှင့် ပြေလည်ကြပုံမရ။

"ကဲ. . . လာလေ မမနန္ဒာ အိမ်ပေါ်တက်ပါဦး"

နန္ဒာနွယ်မှာ ကိုတူး၏လက်ကိုဆွဲလျက် အိမ်ပေါ်သို့တက်ခဲ့ရသည်။ ဘာပဲဖြစ်ဖြစ် ဆယ်နှစ်ရွယ်လေးဖြစ်စေကာမူ "ကိုယ့်အဖော်" ဆိုသည့် စိတ်နှင့် အားရှိရပါသေးသည်။

အိမ်ကလေးက လှပသော်လည်းအတွင်းမှာ ဘာအဆောင်အယောင်မှ မရှိရှာ။ အိပ်ရာနွမ်းနွမ်းကလေးနှင့် စားအိုးစားခွက်သောက်ရေအိုးစင်လေး တစ်လုံးသာရှိပါ၏။ ဘုရားစင်နှင့် ပန်းအိုးလေးတစ်လုံးတင်ထားသည်ကိုလည်း မြင်ရသည်။

"ကျွန်တော့်အိမ်ကတော့ မြင်တဲ့အတိုင်း ဘာအဆောင်အယောင်မှ မရှိဘူး မမနန္ဒာရေ"

"လူ့လောကမှာ အဆောင်အယောင်ရှိတိုင်းလည်း မကောင်းပါဘူးကွာ၊ အဆောင်အယောင်အတွက် ကြောင့်ကြမှု ဖြစ်လာရတတ်ပါတယ်ကွယ်"

နန္ဒာနွယ်က ဖျာဟောင်းလေးပေါ်တွင် ထိုင်ရင်း ပြောလိုက်ရပါ၏။ အဆောင်အယောင် မဲ့နေသည်ဆိုသော်လည်း အိမ်ကလေးမှာ ရှင်းပြန့်သန့်စင်နေပါ၏။

"မနန္ဒာကို မြင်လိုက်ရတဲ့နေ့ကလေ ကျွန်တော် ဝမ်းသာလိုက်ရတာ၊ ပြီးတော့ ငိုလိုက်ရတာ မမနန္ဒာရယ်"

"ဟင်. . ."

"ဟုတ်တယ် စန္ဒာငယ်ရဲ့ကိုယ်ပွားတစ်ခုကို ပြန်တွေ့ရသလိုမို့ ဝမ်းသာအားတက်တာနဲ့ အမျှ. . . ချစ်သော၊ ချစ်လှစွာသော ကျွန်တော်ရဲ့ စန္ဒာငယ်ကိုလည်း ကျွန်ုပ်တော် လွမ်းလိုက်ရတာ"

မောင်ဟေမာန်၏ အသံက တိမ်ဝင်သွားသည်။ စန္ဒာငယ်နှင့်ပတ်သက်၍ သူ့ရင်မှ ခံစားမှုများ မဟောင်းနွမ်းသေးကြောင်း မြင်သာနေရသည်။ ကြေကွဲခြင်းများဖြင့် သူ့အသည်းနှလုံးကို ဖွဲ့စည်းထားနေဆဲပါ။

"ဟုတ်ပါတယ် မောင်ဟေမာန်၊ မမနန္ဒာရဲ့ ရင်ထဲမှာလည်း တစ်ဦးတည်းသော ညီမလေး သေဆုံးရတဲ့အတွက် လိုက်လိုက်လှဲလှဲ ခံစားနေဆဲပါပဲ၊ ဒီအတွက်လည်း မောင်ဟေမာန်နဲ့. . ."

မောင်ဟေမာန်၏ အမူအရာကြောင့် နန္ဒာနွယ်၏ စကားစများရပ်တန့် ပြတ်တောက်သွားရသည်။

မျက်ဝန်းအမူအရာဖြင့် ကိုတူး ရှိနေကြောင်း မောင်ဟေမာန်က ပြောပြနေ၍ပါ။

"ဟုတ်ပေသားပဲ. . . ကလေးဆိုတော့လည်း တစ်ယောက်ယောက်က မေးရင် ပြန်ပြောမိလိမ့်မယ် ထင်တယ်"

"တူး မင်းပြန်ချင်ပြန်တော့လေ"

ကိုတူးက နန္ဒာနွယ်ကို မော့ကြည့်လိုက်သည်။ ငွေတစ်ကျပ်မျက်နှာမို့ နန္ဒာ၏ ဆန္ဒကို သူလက်ခံလိုဟန်ရှိပါ၏။

"ဒီလိုလုပ်ပါလား မောင်ဟေမာန်၊ ကိုတူး ဒီအိမ်ပေါ်မှာ စောင့်နေပါစေလား၊ မမတို့ ဟို စမ်းချောင်းလေးဘေးက သစ်ပင်





ရိပ်အောက်မှာ သွားစကားပြောကြရအောင်လေ၊ သူ့ကိုပြန်လွှတ်လိုက်ရင် မမနန္ဒာ တစ်ယောက်တည်းပြန်ရမှာ ကြောက်လို့ပါ"

"အင်း. . . ကောင်းသားပဲ၊ တူး ဟိုမှာ ငှက်ပျောသီးရှိတယ်ကွ၊ မင်း ယူစားချင်စား၊ ပြီးတော့ အိပ်ချင်အိပ်နေ ဟုတ်လား"

"သိပ်ကြာရင် ကျွန်တော့် အမေကြီး ဆူမယ်ဗျ"

"မမနန္ဒာနဲ့ သွားတာဆိုရင် ဒေါ်စောနန်းက မဆူပါဘူးကွာ၊ ဟုတ်လား ခဏစောင့်နေနော်"

နန္ဒာနွယ်နှင့် မောင်ဟေမာန်တို့ အိမ်ကလေးပေါ်မှ အတူယှဉ်တွဲ၍ ဆင်းလာခဲ့ကြပါသည်။

* * *

## အခန်း(၇)

"မနန္ဒာတို့ မိသားစုအကြောင်းကတော့ ကြေကွဲစရာပါပဲ. . . မောင်ဟေမာန်လည်း သိသင့်သလောက်တော့ သိထားပြီးရောပေါ့"

"ဒီတုန်းက စန္ဒာငယ်က ငယ်ငယ်လေးတဲ့၊ သိပ်မမှတ်မိဘူးတဲ့"

"ဟုတ်မှာပေါ့၊ ညီမလေး သုံးနှစ်သမီးနဲ့ ကျန်ရစ်ခဲ့တာပဲ"

"ပြောပါဦး မမနန္ဒာ"

"ပြောရမယ်ဆိုရင်တော့. . . မမနန္ဒာတို့ရဲ့ဖေဖေ **"ဦးဟန်ဝင်း"** ဟာ ပဒေသရာဇ်မျိုးရိုးမဟုတ်ဘူး၊ ဒါပေမယ့် ဝန်ထောက်အဆင့်လောက်နဲ့ ဒီနယ်ကို ရောက်လာသူမို့ ဖေဖေနဲ့ မေမေကို ကြည်ဖြူကြတယ်၊ လက်ထပ်ပေးပြီး ဒီအိမ်ကြီးမှာပဲ အတူ





နေခဲ့ကြတယ်၊ မမနန္ဒာတို့ ညီအစ်မနှစ်ယောက်လုံးကို ဒီအိမ်ကြီးပေါ်မှာပဲ မွေးဖွားခဲ့ကြပါတယ် မောင်ဟေမာန်"

"ဟုတ်ကဲ့ ခင်ဗျ"

"တိုတို ပြောရမယ်ဆိုရင်တော့ မမတို့ရဲ့မေမေ ဒေါ်ဥမ္မာဟာ ကပ်ရောဂါတစ်ခုဖြစ်တဲ့ ပလိပ်ရောဂါနဲ့ အပြင်းဖျားပြီး သေဆုံးခဲ့ရတယ်"

"ဪ"

"ဒီတုန်းက မမနန္ဒာကခုနစ်နှစ်သမီး၊ ညီမလေးက သုံးနှစ်သမီးပဲ ရှိသေးတယ်"

"ဒေါ်ကွန္ဒာရဲ့သမီး စောစုမြတ်နဲ့ အသက်သိပ်ကွာမှာပဲ"

"ဟုတ်ပါတယ်၊ ဒေါ်ကွန္ဒာက အစောကြီးက အိမ်ထောင်ကျတယ်လို့ သိရတယ်"

"ဟုတ်ကဲ့ ဆက်ပါဦး"

"မေမေ မရှိတော့တဲ့နောက်မှာ ဖေဖေဟာ ဒီမှာ မနေချင်တော့လို့ အလုပ်ကိုတောင်းပြီး ပြောင်းခဲ့တယ်၊ အဲဒီမှာတင်. . . ပြဿနာ တက်ခဲ့ကြတာပဲ"

"ဘယ်လို ပြဿနာလဲ မမနန္ဒာ"

"စန္ဒာငယ်နဲ့ ပတ်သက်လို့ပေါ့"

"စန္ဒာငယ်"

"ဟုတ်တယ်. . .၊ သုံးနှစ်သမီးလေး ကျန်ခဲ့တဲ့ စန္ဒာငယ်ကို ဒေါ်လေး ကွန္ဒာက သိပ်ချစ်တယ်၊ သိပ်ဂရုစိုက်ရှာတယ်၊ ဖေဖေနဲ့ မထည့်နိုင်ဘူးလို့ အပြတ်ပြောတော့တာပဲ"

"ဒီတော့ ကျန်ခဲ့ရောလား"

"ပထမတော့ ဖေဖေက အတင်းတောင်းပါသေးတယ်၊ ဒါပေမယ့် ကလေးက သိပ်ငယ်တယ်၊ ကြီးမှ ပြန်ယူပါဆိုတဲ့ သဘောတူညီချက်နဲ့ ဖေဖေက မမနန္ဒာကိုလက်ဆွဲပြီး ဒီသဋ္ဌာမွန် အိမ်ကြီးက ထွက်ခွာသွားခဲ့တယ်"

"စန္ဒာငယ်ကပြောတော့၊ သူမလိုက်ရတော့ဘူးဆို"

"ဟုတ်တယ် မောင်ဟောမာန်. . . ဖေဖေဟာ နှစ်နှစ်လောက်အကြာမှာ နောက်အိမ်ထောင်ပြုလိုက်တယ်"

"ဟင်"

"ဒီတော့ မမနန္ဒာရဲ့ ကျောင်းစရိတ်ကိုတောင် ဒီအိမ်ကြီးက လှမ်းပြီး ထောက်ပံ့နေရတဲ့အဖြစ်မို့ ညီမလေး စန္ဒာငယ်ကို ဘယ်ပြန်ခေါ်နိုင်ပါ့မလဲကွယ်. . .၊ မိသားစုလေးဦး ဘယ်သောအခါမှ မစုစည်းမိတော့တဲ့ဘဝနဲ့ နေခဲ့ကြရတယ်"

"မမတို့ညီအစ်မချင်းလည်း မတွေ့ကြရဘူးလား"

"တွေ့ရပါတယ်၊ ဒါပေမယ့် နောက်ပိုင်းမှာ ဖေဖေနဲ့ ဒေါ်ကြူနန္ဒာနဲ့ စကားများကြတယ်၊ အကြီးအကျယ် အာဃာတတွေထားကြတယ်၊ အဲဒီတော့ မမနန္ဒာတို့ ညီအစ်မချင်းလည်း တွေ့ရတာဝေးသွားကြတာပေါ့ကွယ်"

"ဒါပေမယ့် စန္ဒာငယ်ဟာ သူ့အစ်မကို သိပ်ချစ်ရှာပါတယ်ဗျာ. . .၊ သူ့နှုတ်က အမြဲပဲ မမနန္ဒာအကြောင်းကို ပြောနေရှာတယ်"

"မမနန္ဒာကလည်း ကိုယ့်ညီမလေးနဲ့ အနေဝေးရလေ ချစ်သနားရလေ၊ လွမ်းရလေပါကွယ်. . . ဒါကြောင့်လည်း. . ."





နန္ဒာနွယ် စကားမဆက်နိုင်တော့ပါ၊ သေဆုံးသွားရှာပြီဖြစ်သော ချစ်ညီမလေးအတွက် ရင်မှာ ဆို့လှိုက်တက်လာသည်။ ရင်နာမှုမှိုင်းက မျက်ဝန်းမှာ မျက်ရည်မိုးများ ခိုဝေလာစေသည်။

"ဩော်. . . မောင်ဟောမာန်လည်း မျက်ရည်တွေ ကျလာရှာပါလား. . ."

ယင်းအမြင် ယင်းအသိများဖြင့် နန္ဒာနွယ်မှာ ကိုယ့်ရင်မှ ပရိဒေဝကို ထိန်းချုပ်ရပါသည်။

"ကဲပါလေ မမနန္ဒာနဲ့ မောင်ဟောမာန်နဲ့ တွေ့ဆုံခွင့်ရတဲ့အချိန်ကနည်းနည်းလေးရယ်၊ မင်းဆီမလာရဘူးလို့ အမိန့်ထုတ်မထားပေမဲ့ မင်းနဲ့ဆက်သွယ်တာကိုတော့ သူတို့ကြိုက်ကြမယ် မထင်ဘူး၊ ဒီတော့ အချိန်လေးရတုန်း ဆွေးနွေးကြရအောင်၊ မမနန္ဒာတို့မိသားစုရဲ့အကြောင်းအရာ အကျဉ်းချုပ်ကိုလည်း မောင်ဟောမာန်သိရပြီးပြီပဲ"

"ဟုတ်ကဲ့ မမနန္ဒာ၊ ကျွန်တော်ဟာ စန္ဒာငယ်နဲ့ ပတ်သက်ပြီး သိပ်ခံစားခဲ့ရတယ်၊ ရင်ထဲက ပေါက်ကွဲမှုတွေဟာ အပြင်ကိုပါ မွှင့်အန်ထွက်ကျလာတယ်၊ အဲဒါတွေကြောင့် သူတို့အားလုံးက ကျွန်တော်ကို ရူးနေတယ်တဲ့ မမနန္ဒာရဲ့"

ကြေကွဲမှုများ မပြေပျောက်နိုင်သေးသော မောင်ဟောမာန်၏အသံက တုန်ခိုက် အက်ကွဲလာသည်။

"အဲဒါတွေကြောင့် ကျွန်တော် သူတို့တွေနဲ့ မတွေ့ချင်ဘူး၊ မဆုံချင်ဘူး၊ ဒါပေမယ့် ကျွန်တော်တခြားကို ထွက်မသွားရက်ဘူး မမနန္ဒာ"

"ဒီမြေမှာ စန္ဒာငယ် ရှိနေတယ်ဆိုတဲ့ အသိကြောင့်မဟုတ်လား"

"သိပ်ဟုတ်တာပေါ့ မမနန္ဒာ"

"ဒါနဲ့ ဒီအိမ်ကို ဆောက်ပေးထားတယ်လား"

"ဟုတ်ပါတယ်၊ ဒေါ်ကြူနန္ဒာကို ကျွန်တော့်ဦးလေး ယက္ခ က သိပ်ပိုင်နေတော့ ကျွန်တော့်ဦးလေး ဆန္ဒအတိုင်း လိုက်လုပ်ပေးရတာဖြစ်မှာပေါ့"

"ဦးယက္ခက ဒေါ်လေးကြူနန္ဒာကို ပိုင်တယ်ဆိုတာ ဘယ်လိုပုံစံမျိုးနဲ့ ပိုင်တယ်လို့ ထင်တာလဲ ဟင်. . . မောင်ဟေမာန်"

"မပြောအပ်ဘူး မမနန္ဒာ. . . အိုမင်းနေတဲ့ အသည်းနှလုံးဟောင်းကြီးတွေ လှုပ်ရှားနေကြတာကိုလည်း ကျွန်တော် စိတ်မဝင်စားပါဘူး၊ ကျွန်တော်နဲ့ စန္ဒာငယ်ရဲ့အကြောင်းပဲ ပြောပါရစေ"

"ဟုတ်တယ် မောင်ဟေမာန် ဟုတ်တယ်၊ စန္ဒာငယ့်သေဆုံးမှုနဲ့ပတ်သက်ပြီး မောင်ဟေမာန်သိသမျှ တွေးထင်သံသယတွေဝင်ထားသမျှ မမနန္ဒာ သိပါရစေလားကွယ်"

မောင်ဟေမာန်က နန္ဒာနွယ်ကို အသေအချာကြည့်လိုက်သည်။ သက်ပြင်းတစ်ရှိုက်ကို မှုတ်ထုတ်လိုက်ပြီး၊ သူ့စိတ်ကိုသူတင်းလိုက်ပြီးမှ. . .

"ကျွန်တော်နဲ့ ငယ်ငယ် ကိုးနှစ်အရွယ်တည်းက အဖေဦးသက္ကနဲ့ ဦးလေး ဦးယက္ခတို့နဲ့အတူ ဒီခြံကြီးကို ရောက်လာခဲ့ရပါတယ် မမနန္ဒာ၊ ဦးလေးက ကားမောင်းရတယ်၊ အဖေကတော့ ခြံစောင့်ရတယ်၊ အိမ်လည်းကြည့်ပေးရတယ်၊ အစုံပေါ့၊ အခု ဦးသြတအလုပ်မျိုး ဘဏ္ဍာစိုးပေါ့"

"ဟုတ်ပြီ၊ အခုလည်း ဒေါ်လေးကြူနန္ဒာဟာ ဦးသြတကိုအရာရာစိတ်ချပုံရတယ်"

"အဖေ့တုန်းကလည်း ဒီလိုပါပဲ၊ ဦးလေးကတော့ ကားမောင်းရတယ်၊ ကားပြင်ရတယ်၊ ကျွန်တော့်ကိုလည်း ကျောင်းထားပေးကြပါတယ်၊ ဒီတော့. . . စန္ဒာငယ်ကို ကျောင်းပို့ပေးရတဲ့ဦးလေးရဲ့ကားထဲမှာ ကျွန်တော်ပါ လိုက်ပါခွင့်ရခဲ့တာပေါ့ဗျာ"

"ဟုတ်တယ်၊ မမနန္ဒာ မှတ်မိပြီ၊ စန္ဒာငယ် ခပ်ငယ်ငယ်ကပြောဖူးတယ်၊ သူ့မှာ ဟေမာန်ဆိုတဲ့ သူငယ်ချင်းတစ်ယောက်ရနေပြီတဲ့"

"ဟုတ်ပါတယ်၊ ကျွန်တော်နဲ့ စန္ဒာငယ်ဟာ ငယ်ငယ်လေးကတည်းက သံယောဇဉ်ကြီးခဲ့ကြတဲ့ အကြင်နာကြီးခဲ့ကြတဲ့ သူငယ်ချင်း ချစ်သူနှစ်ဦးပါ မမနန္ဒာ"

မောင်ဟေမာန်၏ မျက်ဝန်းမှာမျက်ရည်များ ဝိုင်းတက်လာပြန်သည်။

"အချစ်ဆိုတဲ့ အရာကို ဘာမှ နားမလည်ခင်ထဲက ချစ်ခဲ့ကြတဲ့ ကျွန်တော်တို့နှစ်ယောက်ဟာ အချစ်ဆိုတာ ဘာလည်းလို့သိလာတဲ့အချိန်ကျတော့ ကျွန်တော်တို့ရင်ထဲက အချစ်တွေဟာ အမြစ်တွယ်နေပြီ၊ အချစ်သစ်ပင်ကြီး ဝေဆာနေ့ ေနပါပြီ၊ ဒါပေမယ့် မမနန္ဒာရယ်"

မောင်ဟေမာန်က သူ့မျက်ဝန်းလေးမှ အန်ကျလာသောမျက်ရည်စလေးများကို သုတ်သိမ်းပစ်ပြီး၊ ဆက်လက်ပြောကြားရှာသည်။





ကြောင်နှစ်ကောင်စာပေ

"ကျွန်တော့်အတွက် ပထမဆုံး ကံဆိုးမိုးမှောင်ကျရတဲ့ နေ့ဟာ ကျွန်တော့်အဖေ ဦးသက္က ဒီအိမ်ကြီးကို ပြန်မလာနိုင်တော့တဲ့နေ့ပါပဲ"

"ဪ. . . မောင်ဟေမာန်ရယ်"

"အမိမဲ့သား ကျွန်တော်ဟာ အဖေ့ကိုပါ ထာဝရခွဲခွာ ဆုံးရှုံးရတော့မယ်ဆိုတဲ့ အသိနဲ့ ရင်ထဲမှာမချိအောင် ခံစားခဲ့ရပါတယ် မမနန္ဒာ"

"မမ စာနာနိုင်ပါတယ် မောင်ဟေမာန်၊ ကဲ ဆက်ပြောပါဦးကွယ်"

"ပြောရမယ်ဆိုရင်တော့ ကျွန်တော့်ရင်ထဲက ပရိဒေဝမီးကို မကြည့်ရက်သူက စန္ဒာငယ်ပေါ့"

"ဟုတ်မှာပေါ့လေ"

"သူဟာ ပူဆွေးနေရတဲ့ ချစ်သူကို နှစ်သက်ဖေးမ ယုယကြင်နာတဲ့စကားတွေ ပြောလာဆိုလာရှာပါတယ်၊ ကျွန်တော့်နားမှာလည်း အနေများခဲ့တယ်"

"ဒေါ်လေးက္ကန္ဒာ ရိပ်မိသွားရောလား"

"သိပ်ဟုတ်တာပေါ့ မမနန္ဒာရယ်"

"ဆက်ပြောပါဦး"

"ရိပ်မိပေမယ့် ကျွန်တော့်ကို ဘာမှမပြောသလို စန္ဒာငယ်ကိုလည်း ဘာမှမပြောဘဲနေပါတယ်"

"ဪ. . ."

"ဒါပေမယ့် အဖေ့အတွက်လပြည့်ဆွမ်းသွတ်ပြီးတာနဲ့





ကျွန်တော့်ကို ဒေါ်က္ကန္ဒာဟာ ဒီအိမ်မှာ မထားချင်တော့ဘူးဆိုတာပေါ်လွင်လာပါတယ်"

"ကျွန်တော့်ကို မိတ္ထီလာက အမျိုးတွေဆီကျောင်းသွားနေရမယ်လို့ အမိန့်ထုတ်ပြန်လာတယ်"

"မောင်ဟေမာန်ရဲ့ ဦးလေးယက္ခကရော ဒီကိစ္စနဲ့ပတ်သက်ပြီး ဘာမှ မဆုံးဖြတ်ပေးဘူးလား"

"ဆုံးဖြတ်ပေးပါတယ်"

"ဘယ်လိုဆုံးဖြတ်ပေးလဲဟင်"

"မင်းအမြန်ဆုံးသွားတဲ့"

"ဟင်"

"ဟုတ်တယ်လေ လူပျိုရွယ်လေးကျွန်တော်ရှိနေတော့ သူတို့လွတ်လွတ်လပ်လပ် နေလို့မရဘူးပေါ့၊ ကျွန်တော့်ဦးလေးကလည်း မြို့ထဲကတဲအိမ်လေးကနေပြီး စံအိမ်ကြီးပေါ်တက်ရတော့မယ်ဆိုတော့ သူကပါ ကျွန်တော်ကို လွင့်စေချင်တာပေါ့"

"ဦးယက္ခနဲ့ ဒေါ်က္ကန္ဒာက"

"ပြောလို့မကောင်းပါဘူး မမရယ်၊ သူတို့နှစ်ယောက်ပေါင်းပြီး ကြံနေကြတာပါ၊ အရာအားလုံးကို သူတို့ ကောက်ကျစ်စဉ်းလဲစွာ ကြံစည်နေကြတာပါ"

"အိုကွယ်"

"တကယ်ပါ မမနန္ဒာရဲ့"

"ကဲ. . . ပြောပါဦး၊ မောင်ဟေမာန်နဲ့ စန္ဒာငယ်ကိစ္စ"

"ပြောရမယ်ဆိုရင်တော့ လွမ်းခန်းပေါ့ မမနန္ဒာရယ်၊ စန္ဒာ

ငယ်နဲ့ ကျွန်တော်နဲ့ ခွဲခွာရခါနီးမှာ ပောဒိစမ်းချောင်းလေးဘေး မှာပဲ ချိန်းတွေ့ခဲ့ကြတယ်"

"ဩော်. . . ဩော်"

"ခွဲခွာရခါနီး ချစ်သူနှစ်ဦးရဲ့ အလွမ်းခန်းလေးကို စိတ်မှန်း နဲ့သာ ကြည့်ပါတော့မမနန္ဒာရေ. . ."

"အင်း"

"ကျွန်တော်တို့ရဲ့ ကမ္ဘာဘက်မှာတော့ မှောင်အတိကျသွား ခဲ့ပါတယ် မမနန္ဒာ၊ ကျွန်တော်လည်း မိုက်ပါတယ်လေ၊ စန္ဒာငယ် လေးကလည်း ကျွန်တော့်ကို လိုက်လျှောရှာလွန်းတယ်"

နန္ဒာနွယ်မှာ မောင်ဟေမာန်၏စကားများကို ဝင်ထောက် ပေးမနေမိတော့ပါ၊ စီးလာသော စမ်းရေကြည်လေးထဲသို့ လက်နှစ် ပြီး ခေါင်းငုံ့ထားလိုက်မိသည်။

"တိုတိုပြောရရင်တော့ အလင်းရောင်မရှိတဲ့ အချစ်ကမ္ဘာ လေးမှာ တစ်ညလုံးပျော်ပြီး နောက်နေ့နံနက်ဦးမှာ စန္ဒာငယ်ကို ကျောခိုင်းထွက်ခွာခဲ့ရပါတော့တယ်"

မောင်ဟေမာန်၏ အသံလှိုင်းများက စမ်းရေစီးသံနှင့် ရောထွေးရှေ့လျားသွားတော့သည်။။

"နောက်ထပ် စန္ဒာငယ်နဲ့ တွေ့ခွင့်ရသေးလား"

မောင်ဟေမာန်က ခေါင်းခါယမ်းပြသည်။

"သီတင်းကျွတ် ကျောင်းပိတ်ရက်မှာရော ပြန်မလာရဘူး လား"

"သူတို့ရည်မွယ်ချက်က ကျွန်တော်နဲ့စန္ဒာငယ်ကို ခွဲထုတ်ကြ





တာပဲ မမနန္ဒာရယ်၊ ဘယ်ပြန်ခေါ်ပါ့မလဲ. . . ကျွန်တော်ကလည်း မပြန်ရလေ စန္ဒာလေးဆီစာတွေဖိရေးလေးပေါ့"

"စန္ဒာ့ဆီ မရောက်ဘူးပေါ့နော်"

"ဘယ်ရောက်ပါ့မလဲ. . . စန္ဒာကလည်း ရေးရှာတာပဲ ကျွန်တော့်ဆီရောက်မလာဘူး"

"ညီမလေးဟာ သူ့ချစ်သူအတွက် သိပ်ခံစားသွားရရှာမှာ ပဲနော်"

"ဒါပေါ့ မမနန္ဒာရယ်၊ သူက ကျွန်တော်ကိုမှာတယ်၊ မျှော် တယ်၊ ဒါပေမယ့် ကျွန်တော် ရောက်မလာခဲ့တော့ ဘယ်လောက် များ ကြေကွဲအားငယ်ရှာလိုက်မလဲဗျာ"

မောင်ဟေမာန်ကပြောရင်း မျက်ရည်များထိန်းမရနိုင်တော့၊ ညီမငယ်ကိုလည်း နှမြောတသမိသည်။ မျက်စိရှေ့တွင် ငိုနေရှာသော မောင်ဟေမာန်ကိုလည်း သနားရလွန်းသော စိတ်ဖြင့် နန္ဒာနွယ်ပါ မျက်ရည်များကျလာမိသည်။

ခေတ္တမျှစကားသံများ ဆိတ်ငြိမ်သွားကြသည်၊ ရင်နာကြေ ကွဲခြင်းများက စကားပြောနိုင်မှုကို ပိတ်ပင်ထားလိုက်ကြပါ၏။

စမ်းရေစီးသံများသည်သာ နန္ဒာနွယ်တို့၏ ပတ်ဝန်းကျင် တွင် စိုးမိုးနေချေသည်။

"ဒါဖြင့် ညီမလေးစန္ဒာငယ်ဆုံးပြီးမှ ဒီအိမ်ကို မောင်ဟေမာန် ပြန်ရောက်လာတာပေါ့နော်"

"ဒါပေါ့ မမနန္ဒာရယ်"

မောင်ဟေမာန်က မျက်ဝန်းဆီမှ မျက်ရည်စများကို

မသုတ်သိမ်းပါပဲ အံကိုခဲပြီး မျက်ရည်များ ရပ်တန့်စေပြီးမှ. . .

"သူတို့က ကျွန်တော့်ကို ခွေးတစ်ကောင်လောက်မှ တန်ဖိုး မထားကြတာ၊ဘယ်မှာ အကြောင်းကြားပါ့မလဲဗျာ၊ ဒါပေမယ့် ဒီ သတင်းဆိုးကြီးကို ကားဆရာတွေကတစ်ဆင့် ကျွန်တော်ဆီ ရောက် လာခဲ့ပါတယ်"

"စန္ဒာငယ်ဆုံးတဲ့နေ့ပဲလား"

"နောက်တစ်နေ့မှပေါ့ မမနန္ဒာ"

"ပြောပါဦး"

"ကျွန်တော်နဲ့စန္ဒာငယ်တို့ရဲ့ အဖြစ်ကိုရိပ်မိနေတဲ့ ကား ဒရိုင်ဘာ ဦးလေးသောင်းက ကျွန်တော့်ကိုလာပြောပါတယ်၊ မင်း ကောင်မလေး စန္ဒာငယ်တော့ အဆိပ်သောက်ပြီးသေဆုံးသွားပြီတဲ့"

"ကျွန်တော်မယုံဘူး. . . ကျွန်တော်မယုံပါဘူးလို့. . . ရူးမလိုထအော်မိတဲ့ကျွန်တော့်ကို ဦးလေးသောင်းကဖျောင်းဖျပြီး ခေါ်လာခဲ့တယ်"

"ကျွန်တော်လည်း အိမ်ကြီးထဲဝင်ပြီး ရမ်းပစ်လိုက်တယ်၊ အလောင်းကဆေးရုံမှာဆိုလို့ တစ်ခါ ဆေးရုံကိုခြေလျင် ထွက်ပြေး ခဲ့မိပါတယ် မမနန္ဒာရယ်"

"ဖြစ်ရလေ မောင်ဟေမာန်ရယ်"

"ဆေးရုံရောက်တော့လေ. . . ဆေးရုံရောက်တော့. . . ကျွန်တော့်အချစ် ကျွန်တော့်အသက်ရဲ့ သက်မဲ့မျက်နှာလေးကို ကျွန်တော်ဟာ အကြာကြီးကြောင်ကြည့်နေမိပါတယ်"

"သိပ်ရင်နာစရာကောင်းတဲ့အဖြစ်ပါပဲလေ"





"ကျွန်တော်. . . လေ. . . ကျွန်တော် အားလုံးကို မေ့သွား သလိုပဲ၊ကျွန်တော့်ရင်ထဲမှာ ခဏလေး ကွက်လပ် ဖြစ်သွားသေး တယ်. . .၊ ပြီးတော့မှ. . ."

"ငါ့ချစ်သူမရှိတော့ဘူး. . . သေဆုံးပြီ"

"ဆိုတဲ့အသိက ကျွန်တော်ကို ချောက်လှန့်လိုက်တာဗျာ၊ ဒါနဲ့ပဲ ကျွန်တော်လေ. . . စန္ဒာငယ်ကို မခွဲနိုင်ဘူး၊ မစွန့်လွှတ်ရက် ဘူး၊ အဆုံးရှုံးမခံနိုင်ဘူးဆိုတဲ့ စိတ်တွေနဲ့ သူ့ရဲ့သက်မဲ့ခန္ဓာလေးကို မချီပြီး အင်အားရှိသမျှ သိမ်းကြုံးဖက်တွယ်ထားလိုက်မိပါတယ်"

မောင်ဟေမာန်နှင့်အတူ နန္ဒာနွယ်ပါ ရောငိုမိရပါပြီ. . .။

အချစ်ဆုံးချစ်သူနှစ်ဦး၏ နောက်ဆုံးအချိန် မြင်ကွင်း ကလေးကိုပါ မျက်စိထဲတွင် မြင်ယောင်လာမိတော့သည်။

"ဒါပေမယ့် စန္ဒာ့ကို ကြာရှည်ဖက်တွယ် ပွေ့ပိုက်ခွင့်မရပါ ဘူးဗျာ၊ သက်ဆိုင်ရာတွေက ကျွန်တော့်ကို အတင်းဆွဲထုတ်ကြတယ်၊ လွယ်လွယ်နဲ့တော့ ကွဲကွာသွားတာ မဟုတ်ပါဘူး၊ လူလေးငါး ယောက်က အတင်းကျွန်တော်ရဲ့လက်ကိုဖြေခွဲပြီး မတရားဆွဲခေါ် ကြရပါတယ်"

"မမနန္ဒာကိုလည်း အစ်မအရင်းရယ်ဆိုပြီး အရေးတယူ မမှာ ကြပါဘူးကွယ်၊ ဂူသွင်း သင်္ဂြိုလ်ပြီးမှ မကောင်းတတ်တဲ့သဘော လောက်နဲ့ အကြောင်းကြားကြတာပါ. . ."

"မမနန္ဒာတို့ အဖေကိုရော"

"ဖေဖေနဲ့ဒေါ်လေးကုန္ဒာက ကမ္ဘာ့ရန်တွေလေ၊ တစ် ယောက်မျက်နှာတစ်ယောက် ကြည့်လို့မရကြဘူး၊ သူတို့ကလည်း

မမှာဘူး ဖေဖေကလည်း မလာပါဘူး"

"စန္ဒာဟာ သူ့ချစ်သူပေါင်းစုံရဲ့ မျက်ကွယ်မှာ သေရရှာတယ်၊ သူ့ရဲ့ ဈာပနကိုလည်း ဘာမှ ခမ်းနားခြင်းမရှိဘဲနဲ့ ပြီးစီးလိုက်ရရှာပါတယ်ဗျာ"

"မောင်ဟေမာန်"

နန္ဒာနွယ်က လက်မှနာရီကိုကြည့်ပြီး နှိုးဆော်သလို ခေါ်လိုက်သည်။

"ညီမလေးစန္ဒာငယ် သေဆုံးရတာနဲ့ပတ်သက်ပြီး သွေးရိုးသားရိုး သေတယ်လို့ယူဆသလား၊ တစ်စုံတစ်ယောက်ရဲ့ ပယောဂလို့ထင်သလားဟင် မောင်ဟေမာန်"

"သေချာပါတယ် မမနန္ဒာ. . . တစ်စုံတစ်ယောက်ရဲ့ ပယောဂပါ၊ သူတို့ ကျွန်တော့်ရဲ့စန္ဒာငယ်ကို သတ်ပစ်ကြတာပါ"

"အဲဒီလိုသေချာတဲ့အတွေးတွေ ဝင်လာရအောင် မောင်ဟေမာန်မှာ ဘယ်လိုအထောက်အထားတွေရှိသလဲဟင်"

"ဒေါ်စောနန်းပဲပေါ့"

"ဟင်. . . ဒေါ်စောနန်းဟုတ်လား"

"ဟုတ်တယ် မမနန္ဒာ၊ သူနဲ့ စန္ဒာငယ်ဟာ အနီးကပ်ဆုံး အရင်းနှီးဆုံး နေရတဲ့သူပဲ၊ သူ့လက်ထဲမှာရှိနေတဲ့ စန္ဒာငယ်ရဲ့ ပစ္စည်းလေးတွေထဲက ရရှိခဲ့တဲ့ စာတစ်စောင်ကြောင့်ပဲပေါ့"

"စာက ဘာစာလဲ. . . မောင်ဟေမာန်"

"ကျွန်တော့်ကို တိုင်တည်ပြီးရေးထားတဲ့ သူ့ရဲ့ မှတ်တမ်းလေး၊ စာတိုလေးကသက်သေခံနေတာပေါ့ မမနန္ဒာ၊ ပြီးတော့လည်း





သူ့ရဲ့နောက်ဆုံးညက ဒေါ်စောနန်းကို မှာသွားသေးတယ်တဲ့"

"ဟုတ်လား. . . ဘယ်လိုမှာသလဲဟင်"

"နက်ဖြန်မနက် မြို့ကို ဒေါ်စောနန်းဈေးဝယ်သွားရင် သူလည်းလိုက်ခဲ့ပါရစေ၊ ခွင့်တောင်းပေးပါတဲ့၊ ကျွန်တော့်ဆီကို ကြေးနန်းတစ်စောင်လောက်ရိုက်ပါရစေတဲ့"

"ဒေါ်စောနန်းက ပြန်ပြောပြတယ်လား"

"ဟုတ်တယ် ကျွန်တော်ရူးမတတ်ခံစားနေရတာကို သူမြင်တယ်လေ၊ စန္ဒာရဲ့ အကြောင်းတွေကို ကျွန်တော်က တတွတ်တွတ်မေးနေမိတယ်၊ ဒါကြောင့် ဒေါ်စောနန်းက သနားပြီး ပြောပြရှာပါတယ်၊ ဒါပေမယ့် သူတို့ဘယ်လိုပိတ်ပင်လိုက်တယ်မသိဘူး၊ ဒေါ်စောနန်းကို နောက်ပိုင်းမှာ ဘာမှမေးလို့မရတော့ဘူး"

"ဒေါ်စောနန်းကိုတော့ အပြစ်ပြောလို့ မရဘူးပေါ့ မောင်ဟေမာန်၊သူဟာ အင်မတန်မှ ကျိုးနွံတဲ့၊ သစ္စာရှိတဲ့ အိမ်ဖော်အမျိုးသမီးကြီးပဲကိုး"

"ဟုတ်တယ်၊ စန္ဒာရေးခဲ့တယ်ဆိုတဲ့ စာကိုကျွန်တော်တစ်ခေါက်ပဲဖတ်လိုက်ရပါတယ်၊ နောက်ပိုင်းမှာ ဆုတ်ပစ်လိုက်ပြီလို့ ပြောတယ်၊ တောင်းလို့မရတော့ဘူး"

"မမနန္ဒာ ကြိုးစားပြီး မေးစမ်းကြည့်ဦးမယ်လေ၊ စာထဲမှာဘာတွေရေးထားလဲ"

"စာကတော့ သူ့ရင်ဖွင့်စာလေးပါ၊ သူ့ကို သိပ်ချစ်တဲ့ ကျွန်တော်ဟာ သူ့ကိုပစ်ထားရက်မှာ မဟုတ်ပါဘူးဆိုတာ သူယုံကြည်ပါတယ်တဲ့၊ သူကလည်း ကျွန်တော့်ကိုယ်စား သူ့ရင်ထဲမှာရှိနေတဲ့

ကျွန်တော်ရဲ့ရင်သွေးလေးကို ဘယ်နည်းနဲ့ဖြစ်ဖြစ် လူ့ပြည်ရောက်အောင် မိခင်စိတ်နဲ့မွေးပြီး ကလေးကိုပိုက်ရင်း ကျွန်တော်ပြန်အလာကို မျှော်နေပါမယ်ဆိုတဲ့. . ."

"ဩော်. . . ညီမလေးစန္ဒာရယ်၊ ချစ်သူကိုဘယ်လောက်တောင်ပဲ တမ်းတသွားရှာပါလားကွယ်"

"အဲဒီအချက်ကိုပဲ မမနန္ဒာစဉ်းစားကြည့်လေ၊ စန္ဒာငယ် ဟာ သူ့ကိုယ်သူ သတ်သေသွားတာ ဖြစ်နိုင်ပါ့မလားလို့"

"ဟုတ်တယ် မဖြစ်နိုင်ဘူး၊ အဲဒီစာကို မမနန္ဒာပြန်ရချင်တယ်၊ ဒီမှာ. . . မောင်ဟေမာန်"

"ခင်ဗျာ"

"စန္ဒာငယ်ဟာ တစ်စုံတစ်ယောက်ရဲ့ ပယောဂဆိုရင် စန္ဒာ့ကို ဘယ်သူသတ်ပစ်တယ်လို့ မင်းထင်သလဲဟင်"

"ဒေါ်ဣန္ဒာရဲ့ အကြံဉာဏ်ကို ကျွန်တော့်ဦးလေးနဲ့အတူ တစ်အိမ်လုံးက ဝိုင်းကူပြီးလုပ်ကြံကြတာ ဖြစ်မှာပေါ့ဗျာ"

"တစ်အိမ်လုံးတော့ မဖြစ်နိုင်ဘူး၊ တစ်ယောက်ထဲရဲ့ အကြံဉာဏ်ပဲဖြစ်ရမယ်"

"ဒါဆို ဒေါ်ဣန္ဒာပဲ"

"ဒေါ်လေးဣန္ဒာဟာ စန္ဒာငယ်ကို သိပ်ချစ်တာပါ"

"ဟုတ်တယ် ချစ်လွန်းလို့ သတ်ပစ်လိုက်တာပဲပေါ့ မမနန္ဒာရဲ့"

"အိုကွယ်"

"ဟုတ်တယ်၊ စန္ဒာငယ်ကို သူသိပ်ချစ်တယ်၊ ပြီးတော့ သူက





မျိုးရိုးဂုဏ်ကိုသိပ်ပြီး ထိန်းသိမ်းချင်တယ်လို့ ဟစ်ကြွေးနေတဲ့ မိန်းမကြီး"

"ဒီတော့. . ."

"ဒီတော့ သူသိပ်ချစ်တဲ့ စန္ဒာငယ်ကို ကျွန်တော့်လို အောက်တန်းစား ခြံစောင့်သားနဲ့ မရစေရဘူးပေါ့၊ ပြီးတော့ အရှက်တကွဲဖြစ်ရမယ့်ကိစ္စကလည်း စန္ဒာငယ်ရဲ့ရင်မှာ ခိုတွယ်နေပြီလေ၊ ဒီတော့"

"တစ်ယူသန်တော့လည်း မစွပ်စွဲနဲ့လေ မောင်ဟေမာန်. . . ဒီကိစ္စကိုစုံစမ်းဖို့ မမနန္ဒာရောက်ရှိလာတာပါ"

"လုပ်စမ်းပါ မမနန္ဒာရယ်. . . အဲဒီတရားခံကိုများတွေ့ရင် ကျွန်တော့်လက်နဲ့ သတ်ပစ်စမ်းပါရစေဗျာ"

"အဲဒီလောက်လည်း စိတ်ဓာတ်ပြင်းထန်မနေပါနဲ့လား မောင်ဟေမာန်ရယ်"

"ပြင်းထန်တယ် မမနန္ဒာ. . . စန္ဒာငယ်နဲ့ပတ်သက်လာရင် ကျွန်တော်သိပ်ပြင်းထန်မိပါတယ်၊ ဒါကြောင့်လည်း ကျွန်တော့်ကို ရူးသွပ်သွားပြီလို့ စွပ်စွဲနေကြတာပေါ့"

"မမနန္ဒာကတော့ မင်းကိုနားလည်ပါတယ်ကွယ်"

"ကျေးဇူးတင်ပါတယ် မမနန္ဒာ ၊ ကျွန်တော်လည်း စန္ဒာငယ်လျောင်းစက်နေတဲ့ နေရာနားမှာပဲ နေမယ်၊ ဘယ်မှမသွားဘူးလို့ဇွတ်ပြောတော့ သူတို့လည်း မငြင်းသာဘူး. . . ကျွန်တော့်ရဲ့ ပေါက်ကွဲမှုကိုလည်း ကြောက်တယ်ထင်ပါရဲ့၊ ဒါနဲ့ပဲ ဦးလေးက ကျွန်တော်ရွေးတဲ့နေရာမှာ အိမ်လေးတစ်လုံးဆောက်ပေးထားပါတယ်"

“စန္ဒာငယ့်အပေါ်မှာထားရှိတဲ့ မေတ္တာတရားနဲ့ပတ်သက်လို့တော့ မမနန္ဒာမင်းကိုလေးစားပါတယ် မောင်ဟေမာန်၊ဒါပေမယ့်မင်းရဲ့ လုပ်ရပ်တွေကနည်းမမှန်လှဘူးလို့ မမနန္ဒာမြင်မိတယ်၊ ဒါဟာလည်း ကိုယ့်ရဲ့ မောင်လေးတစ်ယောက်လိုသဘောထားစိတ်နဲ့ ပြောမိတာပါ”

“ကျွန်တော်နားလည်ပါတယ်ဗျာ”

“ကျွန်တော်ကတော့ မိဋ္ဌာန်ထားတယ် မမနန္ဒာ”

“ဘယ်လိုပါလိမ့်”

“စန္ဒာငယ်ကိုသတ်ပစ်တဲ့ တရားခံ မတွေ့မချင်း ကျွန်တော်ကိုယ်တိုင်ကလဲ့စားမချေရမချင်း ဟောဒီနေရာက တစ်ဖဝါးမှ မခွာဘူးလို့”

“အေးပေါ့လေ. . . ဒီကိစ္စနဲ့ပတ်သက်လို့တော့ မမနန္ဒာမဝေဖန်လိုပါဘူး”

“ကျွန်တော်ဒီနေရာမှာနေဖို့ရွေးတာ ဘာဖြစ်လို့လဲသိလားဟင်”

နန္ဒာနွယ်ကအဖြေစောင့်ရင်း သူ့ခံစားမှုမျက်နှာကို စောင့်ကြည့်နေမိသည်။

“ဒီနေရာလေးမှာ စန္ဒာငယ်နဲ့ ကျွန်တော်နဲ့ချိန်းတွေ့နေကျ ချစ်ဖူးခဲ့တဲ့နေရာ၊ ကြည်နူးခဲ့တဲ့နေရာလေးမို့ပါ မမနန္ဒာ၊ ဒီနေရာလေးတစ်ဝိုက်မှာလေ စန္ဒာငယ်ရဲ့ အရိပ်အငွေ့လေးတွေ လေသံ၊ ဟန်ပန်လေးတွေ ကျန်နေသလိုပဲဗျာ၊ အို. . . နောက်ဆုံးတော့လေ ည. . . ညတွေမှာ သူလျောင်းစက်နေရာ အုတ်ဂူလေးကနေ သူ





ဝိညာဉ်ဟာခွာပြီး ကျွန်တော့်ထံလာနေသလိုပဲ မမနန္ဒာ”

“အို”

“ဒါကြောင့်. . . ဒါကြောင့်”

“ကဲ. . . မောင်ဟေမာန် မမပြန်တော့မယ်နော်၊ဆွေးနွေးတာလည်းကြာသွားပြီ၊ အချိန်မီလည်း အိမ်ကြီးပေါ်ပြန်ရောက်မှကောင်းမယ်”

“ဘယ်တော့လာဦးမလဲဟင်၊ ကျွန်တော်မျှော်နေမယ်လေ”

“မျှော်တော့ မမျှော်နဲ့ကွယ်၊ ခုလို သူတို့လစ်တဲ့အချိန်တိုင်းလာနိုင်အောင် ကြိုးစားပါ့မယ်”

“တကယ် လာပါ၊ လာပါနော် မမနန္ဒာရယ်၊ မမနန္ဒာရောက်လာတာ ကျွန်တော်ရဲ့စန္ဒာငယ်ကို ပြန်တွေ့လိုက်ရသလောက်ဝမ်းသာလွန်းလို့ပါဗျာ”

“ကောင်းပါပြီ မောင်ဟေမာန်၊ ကဲ. . . မမပြန်တော့မယ်နော်”

“ဘိုင် . . . စီးယူလိတ်တာ”

မလိုအပ်ပါပဲနှင့် သူက အင်္ဂလိပ်လို နှုတ်ဆက်လိုက်သည်။ နန္ဒာနွယ်လည်း သူ့ကို ကျောခိုင်းပြီး၊ ထိုင်စောင့်နေရှာသော ကိုတူး၏ လက်ကိုဆွဲလျက် အိမ်ကြီးဘက်သို့အမြန် ပြန်ထွက်ခဲ့ရသည်။

“မောင်ဟေမာန်ဟာ ပြောတာဆိုတာတော့ အားလုံးတိကျမှန်ကန်လှတယ်၊ အတွေးအခေါ်လည်း မဆိုးဘူး၊ ယူဆပုံလည်းသင့်မြတ်တယ်”

“ဒါပေမယ့် သူ့ရဲ့ခံယူချက်က တစ်ဖက်စွန်းရောက်လွန်း

လှတယ်၊ တစ်ယောက်ထဲနေတဲ့ မျှော်လင့်ချက်ကလည်း ချောက်ချား
စရာကြီး"

"မောင်ဟေမာန်ဟာ သာမန်မှုဟုတ်ရဲ့လား"

"မောင်ဟေမာန်ဟာ သူရူးတစ်ယောက်များ ဖြစ်နေ
သလားကွယ်. . ."

* * *



## အခန်း(၁)

ပထမဆုံးအကြိမ် စတင်တွေ့ရစဉ်ကပင် ခင်မင်လေးစားမိသည်။

"မောင်နှမတစ်ဝမ်းကွဲ"

ဆိုသောစိတ်ဖြင့် အစ်ကိုမရှိသော နန္ဒာနွယ်မှာ "စောမင်းညို"ကို အစ်ကိုရင်းပမာ ချစ်ခင်အားကိုးစိတ် ဝင်လာမိသည်။

ယနေ့လည်း ထုံးစံအတိုင်းပင် သူ့ကိုခြံထဲမှာ မြင်ရသည်။

ပေါက်တူးတစ်လက်ဖြင့် သူ့ပျိုးခင်းများအတွင်းဝယ် သူ့ကာယအလှကို ပြနေသလိုပါ၊ ကိုစောမင်းညိုသည် ပင်နီရောင်ရှမ်းဘောင်းဘီပွကြီးကို ခါးပတ်နက်နှင့် စည်းပတ်ထားသည်။ အပေါ်ပိုင်းတွင် အကျီမပါ၊ ဖုထစ်သန်မာနေသော ကြွက်သားစိုင်များပေါ်

မှ ချွေးသီးဥများသည် နေရောင်ခြည်အောက်တွင် ဖြူလက်နေသည်၊ နေလောင်နေသော အသားရောင်ကညိုသော်လည်း စိုပြည် ပြည့်တင်းနေ၏။

မျက်နှာခပ်ပြားပြား၊ နဖူးကျယ်ကျယ်၊ မေးရိုးကားကားနှင့် စကားပြောလျှင် မပြုံးမရီခပ်တည်တည်နှင့်ပြောတတ်သော. . .

"အစ်ကို စောမင်းညို"

သူ့ရုပ်သွင်ကို ဝေဖန်ရင်းခေါ်လိုက်သော နန္ဒာနွယ်ဘက်သို့လှည့်၍. . .

"ဩော်. . . ညီမလေး. . ."

သူ "ညီမလေး"ဟု ခေါ်လေတိုင်း နန္ဒာနွယ်၏ရင်မှာ နွေးရသည်သာ၊ ကိုစောမင်းညိုသည် သူများပေါ်တွင် ခပ်တည်တည်မျက်နှာတင်းတင်းနှင့် ဆက်ဆံတတ်သော်လည်း . . .

ဤအိမ်သို့တစ်ယောက်တည်းရောက်ရှိလာရသူဟု ယူဆဟန်နှင့် နန္ဒာနွယ်ကို ဖေးမစိတ်နှင့် ဆက်ဆံရှာသည်။

"အစ်ကို့ကိုကြည့်လိုက်ရင် အမြဲခြံထဲမှာပဲ"

"ဒါပေါ့ကွာ. . . အစ်ကိုက ဥယျာဉ်မှူးပဲကိုး"

သူက သစ္စာပန်းပင်ပျိုးခင်းများကို မြေပြောင်းဖော်နေရာမှ ပြုံး၍ ပြောလိုက်သည်။ သူ့ပေါက်တူးကိုချပြီး လက်မှဖုံများကို ရိုက်ခါချလိုက်သည်။

"လာလေ ဒီမှာထိုင်ပါဦး၊ အစ်ကိုလည်း ခဏနားမလို့ပါ"

စိန်ပန်းပြာဟုခေါ်သော်လည်း ခရမ်းရောင်ပွင့်များဝေနေတတ်သော အပင်အုပ်အုပ်အကိုင်းရှည်ရှည်ကြီး၏ အောက်သို့





သူက လာရောက်ထိုင်သည်။

"ဘယ်နှယ့်လဲ ညီမလေး. . . နေရထိုင်ရတာ အဆင်ပြေရဲ့လား"

"တစ်မျိုးပဲ အစ်ကိုရယ်"

"ဘယ်လိုတစ်မျိုးတာလဲ"

"ဩော်. . . နန္ဒာတို့က လာရောက်ခိုလှုံရသူမို့လို့ပဲလားတော့ မသိဘူး၊ နေရထိုင်ရတာအားငယ်သလိုပဲ"

"အို. . . ဘာအားငယ်စရာရှိလဲ၊ ကိုယ်ပိုင်ဆိုင်တဲ့အိမ်ပဲ ဗိုလ်များမိဘတွေကိုယ်စား ဒို့နှစ်ယောက်ပဲ လာနေကြတာ"

"ဒါပေမယ့် အစ်ကိုက ခုလိုခြံလုပ်ငန်းက တစ်ဖက်နဲ့ဆိုတော့ နေရတာ အဓိပ္ပာယ်ရှိတာပေါ့၊ နန္ဒာ့မှာတော့ တာဝန်ရယ်လို့ ဘာမှမရှိဘူးမဟုတ်လား. . . တစ်နေ့ တစ်နေ့ ယောင်လယ်လယ်နဲ့ပဲ အချိန်ကုန်သွားတယ်"

"အစ်ကို့ခြံလုပ်ငန်းကလည်း သူတို့အတွက် လုပ်နေတာမှ မဟုတ်ဘဲ"

"ဟင်"

"ဒေါ်ဣန္ဒာက ကြေငြာတယ်လေ၊ ဒီအိမ်ကြီးကို ဘယ်သူမှ အမွေခွဲမပေးနိုင်ဘူး၊ သူက ဆက်လက်ထိန်းထားမယ်၊ ဗိုလ်များ အမွေဆိုင်ခြံမြေ၊ ယာမြေတွေကိုလည်း မရောင်းနိုင်ဘူးတဲ့"

"ဟုတ်ကဲ့ နန္ဒာ့ကိုလည်း ဒီလိုပဲပြောပါတယ်"

"အေး. . . သူက သူအုပ်ချုပ်မယ်၊ ဘယ်သူမှခွဲမပေးနိုင်ဘူး၊ နေနိုင်ကြရင် သက်ဆိုင်သူအားလုံး လာနေကြ၊ နေရမယ်၊ ကျွေးထား

မယ်၊ ဒါ သူ့မူဝါဒပဲတဲ့"

"ဟုတ်ကဲ့ပါ အစ်ကို"

"ဒီတော့ အစ်ကိုလာနေတယ်၊ အစ်ကိုက အလကားနေ တတ်တဲ့ကောင်မဟုတ်ဘူး၊ သူတို့ ဘာမှအသုံးမချတဲ့ မြေရိုင်းကို မြင်တဲ့အတိုင်း တူးဆွပြီး ပန်းပင်နဲ့ရာသီ သီးစားရွက်စားပင်တွေ စိုက်တယ်"

"အများကြီးပဲနော် အခင်းကြီးကအကျယ်ကြီး၊ ဒီကထွက်တာတွေရောင်းရသလားဟင်"

"ရောင်းတာပေါ့၊ ရတဲ့ငွေကို သူတို့မပေးနိုင်ပါဘူး၊ အစ်ကို့ အဖေအမေနဲ့ ညီမလေးတွေဆီပို့တယ်၊ အစ်ကို့ကိုတော့ ဒေါ်က္ကန္ဒာ ရဲ့မူအတိုင်း ကျွေးထားပေါ့"

"အစ်ကိုရဲ့လုပ်ဆောင်ချက်ဟာ ပြတ်သားသလောက် သိပ်ပြီတရားမျှတပါတယ်ရှင်"

မိသားစုအုပ်စု လေးစုရှိသည့်အနက်တွင် စောမင်းညိုတို့ မိသားစုသည်သာ မိစုံဖစုံသားသမီးစုံနှင့် နေခွင့်ရကြသည်။

သည်အထဲတွင် အကြီးဆုံးဖြစ်သော စောမင်းညိုက ပြတ်သားစိတ်ဖြင့် ကိုယ့်မိသားစုမှခွဲထွက်ကာ သဥ္ဇာမွန်စံအိမ်တွင် လာရောက်ခိုလှုံနေပုံမှာ ချီးကျူးစရာပါ။

"ဘာမှအားမငယ်နဲ့ပေါ့ ညီမလေးနန္ဒာ၊ အစ်ကိုဟာ ဦးဒိဗ္ဗရဲ့မြေးဆယ်ယောက်အနက် အကြီးဆုံးယောက်ျားဖြစ်တယ်"

"ဟုတ်ကဲ့ အစ်ကို"

"ဒီတော့ ကိုယ့်ညီငယ်ညီမငယ်များကိုယ်စား အစ်ကိုက





ကိုက်ပေးရမှာပဲ"

စောမင်းညိုကို လေးစားအားကိုးစိတ်များဖြင့် နန္ဒာနွယ် ကြည့်လိုက်မိသည်။

ဦးဒိဗ္ဗ၏အငယ်ဆုံးသား ဦးဝဏ္ဏမှာ အစောဆုံးအိမ်ထောင်ကျခဲ့၍ ယခုစောမင်းညိုမှာ မြေးဆယ်ယောက်အနက် အကြီးဆုံး ဖြစ်နေရခြင်းပါ။

မိတ္ထီလာမြို့တွင်နေထိုင်သော လေဖြတ်နေသည့် ဦးသီဟ၏သားကြီးနှင့်မူ မတိမ်းမယိမ်း လမျှသာ ကွာခြားသည်ဟုဆိုပါ၏။

ဦးသီဟ၏သားကြီး "ကိုရဲလှမွန်" မှာလည်း တစ်စုံတစ်ယောက်၏ ပယောဂလိုလိုနှင့် ကားမှောက်၍သေဆုံးသွားခဲ့ပါပြီ။

မကြာခင်က သေဆုံးသွားမဲ့ပြီးသူ ညိုမာမွန်၏အစ်ကိုအရင်း ဖြစ်ပါ၏။

"မောင်နှမဆယ်ယောက်ဆိုပေမယ့် အခုသုံးယောက်က သေဆုံးသွားပြီဆိုတော့ ခုနစ်ယောက်ပဲကျန်တော့တာပေါ့နော် အစ်ကို"

"ဟုတ်တယ် နန္ဒာနွယ်"

နန္ဒာနွယ်မှာ အဘိုးဦးဒိဗ္ဗနှင့် အဘွားဒေါ်သီရိမွန်တို့၏ သားသမီးလေးယောက်နှင့် ယင်းတို့၏မိသားစုများကို ပြန်လည်၍ စဉ်းစားလိုက်မိသည်။

သမီးအကြီးဆုံးက ဒေါ်ဥမ္မာ. . .။

နန္ဒာနွယ်နှင့် စန္ဒာဝယ်တို့၏မိခင်. . .။

ယခုမူ ဤမိသားစုပိုင်းမှ နန္ဒာနွယ်နှင့်ဖခင်ဦးဟန်ဝင်းတို့သာ

ကျန်ရစ်ပါတော့သည်။

ဒုတိယ ဦးသီဟ. . .။

မိတ္ထီလာတွင်လေဖြတ်နေရှာသော ဒုက္ခိတ. . .။

သူ့သားကြီး "ရဲလှမွန်" နှင့် သမီး"ညိုမာမွန်" တို့သေဆုံးကြပြီးပြီ။

ယခု သူ့ထံ၌ သမီးငယ်နှစ်ယောက်သာ ကျန်ရှိနေသည်။

တတိယ ဒေါ်ဣန္ဒာပါပင်. . .။

သူ့တွင် စောစုမြတ်ဆိုသော သမီးတစ်ယောက်နှင့် သဉ္ဇာမွန်ကို ကြီးစိုးနေသည်။

စတုတ္ထအငယ်ဆုံးက ပင်းတယမှဦးဝဏ္ဏ. . .။

စောမင်းညိုတို့၏ ဖခင်. . .။

စောမင်းညို၏အောက်တွင် မိန်းကလေးတစ်ယောက်နှင့် ယောကျာ်းလေးတစ်ယောက် ရှိပါသေးသည်။

မောင်နှမဆယ်ယောက်အနက် ဦးသီဟ၏သား ရဲလှမွန်နှင့် ညိုမာမွန်သေဆုံးသွားကြပြီ။

နန္ဒာနွယ်၏ညီမငယ် စန္ဒာငယ်လည်း သေဆုံးရှာပြီ။

ယခုရှိသော မောင်နှမခုနစ်ယောက်က. . .

ဤအိမ်မှာ နန္ဒာနွယ်နှင့် စောစုမြတ်. . .။

မိတ္ထီလာတွင် မိန်းကလေးနှစ်ယောက်. . .။

ပင်းတယတွင် မိန်းကလေးတစ်ယောက်၊ ယောကျာ်းလေးတစ်ယောက်နှင့်. . .။

ယခု စောမင်းညိုတို့ဖြစ်ပါ၏။





"ညီမလေး ဘာတွေစဉ်းစားနေတာလဲ"

"ဩော်. . . ဘိုးဘိုးဦးဒိဗ္ဗရဲ့ သားသမီးလေးယောက်ရယ်၊ နန္ဒာတို့မှာ ကျန်ရှိနေတဲ့ မောင်နှမခုနစ်ယောက်ရယ် အကြောင်းကိုစဉ်းစားနေတာပါ"

စောမင်းညိုက သူ့မေးကြောကြီးများထောင်သွားအောင် အံကိုတင်းတင်းကြိတ်၍ စဉ်းစားပြီးမှ. . .

"နန္ဒာဟာ စန္ဒာအသက်ခံရတယ်ထင်လို့ စုံစမ်းရအောင် လာခဲ့တာလား"

"မိထွေးနဲ့လည်း အဆင်မပြေလှလို့ ခိုလှုံရအောင်လည်း လာခဲ့တာပါ"

"စန္ဒာငယ်နဲ့ပတ်သက်လို့ ဘယ်လိုသဘောရသလဲ"

"နန္ဒာ မတွေးတတ်ပါဘူး အစ်ကို"

"သေချာတယ် ညီမလေး. . . စန္ဒာငယ်ဟာ တစ်စုံတစ်ယောက်ရဲ့ လက်ချက်နဲ့အသက်ဆုံးရတာပါ"

"ရှင်"

"ညီမလေးလည်း အမြဲသတိနဲ့နေပါလေ၊ ဒါပေမယ့်. . . အစ်ကိုလည်း မျက်ခြည်ပြတ်မခံပါဘူး"

"အစ်ကို. . အစ်ကို စောမင်းညို"

"ဟင်"

"ညီမလေးစန္ဒာငယ်ကိုသတ်တဲ့ တစ်စုံတစ်ယောက်ဆိုတာ ဘယ်သူများလဲရှင်"

"ခုနေပြောလို့တော့ မကောင်းသေးဘူး၊ အစ်ကို့မှာ ဘာ

သက်သေမှ ပြစရာမရှိသေးဘဲကိုး၊ ဒါပေမယ့် ရှင်းနေတာပဲကွယ်"

"ရှင်းနေတယ်ဆိုတာ ဘာကိုပြောတာလဲအစ်ကို. . . ဟင်"

"အရှင်းကြီးပဲညီမလေး၊ အစ်ကိုတို့မိသားစုသုံးစုက အပြင်မှာ ထိုက်သင့်တဲ့အမွေကို လိုချင်ကြတယ်၊ မပေးချင်တာက တစ်ဦးထဲ"

"ဒေါ်ကြ္ကန္ဒာပဲပေါ့. . . နော်"

"ဟုတ်တယ် သူပဲ. . . ဒါပေမယ့်"

စောမင်းညိုက စကားစကိုရပ်ထားလိုက်သည်၊ တည်ကြည်ငြိမ်သက်သောအကြည့်များဖြင့် သူ့လက်ယာဘက်သို့ သူစိုက်ကြည့်နေပါ၏။

သူစိုက်ကြည့်နေရာသို့ နန္ဒာနွယ်လိုက်ကြည့်မိရာ. . .

"ဦးသြတ"

သူ့လက်မှာ ခြင်းတောင်းတစ်ခုကိုကိုင်ပြီး ဒန့်ဒလွန်ကိုင်းများကို ချိုင်နေရင်း နန္ဒာနွယ်တို့ဘက်သို့ ငဲ့စောင်းကြည့်နေသည်၊ နားစွင့်နေပုံလည်း ရပါ၏။

နန္ဒာနွယ်ရော၊ စောမင်းညိုပါ ပြောလက်စ စကားများ ရပ်တန့်လျက် သူ့ဘက်သို့ အာရုံစိုက်လာကြောင်း ဦးသြတ သိပုံရသည်၊ ဒန့်ဒလွန်သီးနှင့် ဒန့်ဒလွန်ညွန့်များကို သယ်ဆောင်လျက် ဟန်မပျက်ပင် အိမ်ကြီးဘက်သို့ထွက်သွားတော့သည်၊

"အဲဒီဦးသြတဆိုတာ သူ့မျက်နှာကြီးက လန့်စရာကြီးနော်၊ နန္ဒာတို့ကို သူလာအကဲခတ်နေသလိုပဲ"

"ဟုတ်တယ်နန္ဒာ. . . အဲဒီလူကြီးဟာ ဒေါ်ကြ္ကန္ဒာရဲ့ ဝဲလက်





ရုံးပဲ၊ ဒီအိမ်နဲ့ခြံရဲ့လုံခြုံရေးကိစ္စတွေကို ကိုင်ရတဲ့သူပေါ့"

"ဒေါ်ကြ္ကန္ဒာရဲ့ ညာလက်ရုံးက ဦးယက္ခ"

"ဒါပေါ့. . . ယက္ခဆိုတဲ့အတိုင်း ဘီလူးတစ်ကောင်လောက် ကြောက်စရာကောင်းတဲ့လူပဲ"

"ဒုက္ခပါပဲ အစ်ကိုရယ်"

"ကဲ. . . စောစောကစကားကို ပြန်ဆက်ရအောင်၊ အစ်ကိုတို့အုပ်စု၊ ညိုမာမွန်တို့အုပ်စုနဲ့ နန္ဒာနွယ်ကို ဒေါ်ကြ္ကန္ဒာတို့ အဖွဲ့က ဘယ်သူမှမလိုလားကြဘူးလေ၊ ဒါပေမယ့် သူတို့ချည်း အပိုင်စီးထားလို့ ဘယ်နည်းနဲ့မှမဖြစ်ဘူးဆိုတာသိတော့ ဒို့တွေကိုခေါ်တင်ပြီး သူ့လူတွေကိုသူစည်းရုံးထားမှာပေါ့ ညီမလေး"

"အစ်ကိုပြောမှ နေရတာတောင် ကျောထဲကစိမ့်လာပြီ အစ်ကိုရယ်"

"မကြောက်ပါနဲ့ အစ်ကိုလည်းရှိသားပဲ၊ ညိုမာမွန်ကိစ္စပြီးတာမှမကြာသေးဘူး နောက်ထပ်တော့ရန်မရှာရဲပါဘူး"

"ညိုမာမွန်ကသနားပါတယ်နော်"

"အေးလေ၊ အဲဒီပြဿနာ ရှုပ်ထွေးနေဆဲပဲ၊ ရဲကလည်း စစ်နေတယ်၊ သူတို့ကလည်း ဘူးငြင်းနေတာပဲ"

"ဦးသြတက ညဖက်ဆိုခြံကိုစောင့်သလားဟင် အစ်ကို"

"အေးလေ ဒရဝမ်အလုပ်လည်း သူလုပ်တယ်. . . ဦးယက္ခကလည်း သူပိုင်မြေကြီးနဲ့ သူပိုင်ပစ္စည်းကျနေတာပဲ၊ ညဘက်ဆို ကင်းလှည့်ရတာအမော. . . ဘာဖြစ်လို့လဲ"

"ဘာ. . . ဘာမှ မဖြစ်ပါဘူးအစ်ကို"

ညိုမာမွန်၏နောက်သို့ ယောက်ျားကြီးတစ်ယောက်ပြေးလိုက်သတ်နေသော မြင်ကွင်းကိုပြန်လည်၍ မြင်ယောင်လာမိသည်။ စောမင်းညိုကိုလည်း ပြောမပြမိတော့ပါ။

"ဒီအိမ်မှာက ဒေါ်ကြူနွှာနောက်မှာ ဦးယက္ခ၊ ဦးဩတ၊ ဒေါ်စောနန်းနဲ့သူ့သမီး စောစုမြတ်တို့ရှိကြတယ်. . . ပြီးတော့"

စောမင်းညိုက စကားစရပ်ထားလိုက်ပြီးမှ. . .

"ပြီးတော့ မောင်ပေမာန်ဆိုတဲ့ကောင်ကလည်း ဘယ်လိုပေါက်နည်းလဲတော့ မသိဘူး၊ ခြံထောင့်သချိုင်းနားမှာ တစ်ယောက်ထဲသွားနေတယ်၊ သူဟာလည်း ဦးယက္ခရဲ့တူပဲဆိုတာတော့ အစ်ကိုတို့မမေ့သင့်ဘူး"

"ဒါပေမယ့် သူဟာစန္ဒာငယ်ရဲ့ ချစ်သူပါအစ်ကို၊ ပြီးတော့ စန္ဒာငယ်သေဆုံးစဉ်က သူဟာ ဒီအိမ်မှာမရှိဘူးမဟုတ်လား"

"ဟုတ်တော့ဟုတ်တယ် ညီမလေးနန္ဒာ. . . ဒါပေမယ့် ညိုမာမွန်အသတ်ခံရတဲ့ကိစ္စမှာတော့ သူ့ကို ချန်လှပ်ထားလို့မရပြန်ဘူး၊ ခြံထဲမှာရှိနေကြတဲ့လူတွေကို ရေတွက်ရမှာကိုး"

"အင်း. . . ဒါလည်းဟုတ်တာပါပဲလေ"

"အဲဒီလိုပဲ၊ စန္ဒာငယ်အဆိပ်သောက်သေတယ်ဆိုတဲ့ ကိစ္စမှာလည်း စန္ဒာငယ်သာ တကယ်လို့အဆိပ်သောက်တာမဟုတ်ဘဲ အဆိပ်ခတ်ခံရတာဆိုခဲ့ရင် ဒေါ်စောနန်းတို့ စောစုမြတ်တို့ကိုလည်း ချန်လှပ်ထားလို့မရပြန်ဘူး နန္ဒာ"

"အို. . . အစ်ကိုရယ်၊ အားလုံးကြောက်စရာတွေချည်းပါပဲလား"





"အေးလေ. . . ဘာပဲဖြစ်ဖြစ် ကိုယ့်အန္တရာယ်ကို ကိုယ်ကာကွယ်နိုင်ဖို့တော့ အမြဲသတိနဲ့နေပေါ့၊ အစ်ကိုလည်း ရှိပါတယ်. . . အစ်ကိုလည်း မျက်ခြည်မပြတ်အောင် ကြည့်နေပေးပါ့မယ်"

"ဝမ်းသာပါတယ်အစ်ကို၊ အစ်ကိုရှိနေတာ နန္ဒာ တကယ်ပဲအားရှိပါတယ်ရှင်"

"အစ်ကိုကလည်း ညီမလေးအတွက်ဘာမဆို ခုခံကာကွယ်ပေးဖို့ အသင့်ပါပဲလေ"

"ကျေးဇူးပါပဲ အစ်ကိုရယ်"

"ဩော်. . . ဒါနဲ့ အစ်ကိုတောင်နက်ဖြန် ပင်းတယအိမ်ပြန်မလို့. . . တစ်နေ့စာတော့ သတိနဲ့သာနေပေါ့"

"အစ်ကိုက ဘယ်လောက်ကြာမှာလဲဟင်"

"ခဏပါ. . . နေ့ချင်းပြန်ပါ. . . ပန်းရောင်းထားတဲ့ငွေလေးတွေ အမေ့ကိုပြန်ပေးမလို့. . . ဘာလုပ်မလို့လဲဟင်"

နန္ဒာနွယ်မှာမမြင်ရသော အန္တရာယ်မှလွတ်ကင်းနိုးကိုးရာအဖြစ်နှင့် စောမင်းညိုကို အားကိုးတကြီး ကြည့်လိုက်ရင်းက. . .

"နေ့ချင်းပြန်ဆို နန္ဒာပါလိုက်ခဲ့ပါရစေလား အစ်ကို၊ ဦးလေးဝဏ္ဏနဲ့လည်း မတွေ့ရတာကြာပြီ. . . ပင်းတယက မောင်ညီလေးတွေနဲ့လည်း တွေ့ရအောင်ပေါ့"

စောမင်းညိုက ပြုံးလိုက်သည်။ သူ့အပြုံးက လွင်လွန်းလှသည်။

"အစ်ကိုသိပါတယ်၊ ဒီအိမ်မှာ တစ်ယောက်တည်းမနေခဲ့ရဲတာလည်း ပါတယ်မဟုတ်လား"

ဟူသော စကားစုကို သူ့နှုတ်ကမပြောဘဲ သူ့မျက်ဝန်းများ က ပြောကြားလာသည်ဟု နန္ဒာနွယ်ထင်လိုက်မိသည်။

"ဟင်. . . အစ်ကို ၊ နန္ဒာလိုက်ခဲ့ရမှာလား"

"လိုက်ခဲ့ပါလေ. . . အဖေကလည်း သူ့တူမချောကိုတွေ့ရင် ဝမ်းသာရှာမှာပါ၊ ပြီးတော့လည်း. . ."

"ပြောပါအစ်ကိုရဲ့"

"ညိုမာမွန့် ကိစ္စကိုလည်း အစ်ကိုအသေအချာ စုံစမ်းချင် သေးတယ်"

"ဟုတ်တယ်နော်. . . ညိုမာမွန်သေရပုံဟာ တကယ်သနား စရာပါ"

"သူဟာ ဘယ်ပုံဘယ်နည်းနဲ့ ပင်းတယကအဖေတို့ဆီ ရောက်လာတယ်၊ ပြီးတော့ ဘယ်လိုထွက်လာခဲ့တယ်၊ သဥ္ဇာမွန် စံအိမ်ကို ဘယ်အချိန်က ရောက်နေခဲ့တယ်ဆိုတာတွေကို အစ်ကို အသေးစိတ်စုံစမ်းချင်ပါသေးတယ်"

စောမင်းညိုက မခံမရပ်နိုင်သောစိတ်ဓာတ်မှ နှိုးဆွသလို စကားကို အားနှင့်မာန်နှင့် ပြောနေပါ၏။

"ဒေါ်ကြ္ကနန္ဒာတို့ကတော့. . . ညိုမာမွန် သူတို့ဆီကို ရောက် မလာပါဘူးတဲ့"

"ဒါတော့ ဒီလိုပဲပြောရမှာပေါ့ နန္ဒာ၊ ဒီရောက်မလာဘဲ ဘယ်လိုလုပ်ပြီး ဒီခြံထဲမှာ သေလို့ရမှာလဲ"

"ဟုတ်တယ်အစ်ကို. . . နန္ဒာလေအဲဒီညက. . ."

"ဟင် ဘာပြောတယ်နန္ဒာ. . . အဲဒီညက ဟုတ်လား၊ အဲဒီည





ကိုတာ ညိုမာမွန်သေဆုံးတဲ့ညကို ပြောတာလား. . . ဟုတ်လား ဟင်"

သူက အားတက်သရောမေးရှာသည်။

"ဟုတ်ပါတယ် အစ်ကို"

"ကဲ. . . ကဲ ပြောပါဦး၊ အဲဒီညက ဘာဖြစ်သလဲ ဟင်"

"အဲဒီညက. . . အဲဒီညကလေ. . . မိုးတွေကသိပ်ရွာ လေတွေက သိပ်တိုက်နေတဲ့ကြားက အော်သံလိုကြားမိတယ်"

"ဟုတ်လား"

"ဟုတ်တယ် အစ်ကို. . . နန္ဒာ့ကိုတောင် သတိနဲ့နေဖို့ ဒေါ်ကြ္ကနန္ဒာက နှိုးဆော်လိုက်သေးတယ်"

"ပြောပါဦး. . . အဲဒီညက မြင်ရ ကြားရသမျှ အကြောင်း တွေကို"

"ကြားရတာကတော့ ဒါပါပဲ၊ မြင်ရတာကတော့"

"ဟင် မြင်ရတယ်လား. . . ပြောပါဦး နန္ဒာ"

စောမင်းညိုက ဆန္ဒစောစွာ မေးလာသည်။

"မြင်ရတယ်ဆိုပေမယ့် မသဲမကွဲပါ၊ ပြတင်းတံခါးက ပွင့် နေတော့ နန္ဒာဆွဲပိတ်တဲ့အချိန်မှာ ဖြူဖြူသဏ္ဍာန်တစ်ခုက ပြေးတယ်၊ မည်းမည်းသဏ္ဍာန်တစ်ခုက နောက်ကလိုက်တယ်၊ နန္ဒာလည်း ကြောက်ကြောက်နဲ့တံခါးဆွဲပိတ်ပြီး အိပ်လိုက်ရတယ်၊ မနက်ကျတော့ ညိုမာမွန်လည်ပင်းညှစ်ပြီး အသတ်ခံရတယ်လို့သိရမြင်ရ တော့တာ ပါပဲ"

"မြင်ရတဲ့သဏ္ဍာန်တွေကို. . . နည်းနည်းပါးပါးပုံဖမ်းလို့ မရ ဘူးလား နန္ဒာ"

"မရပါဘူးအစ်ကို. . . ပန်းရောင်ဝတ်ထားတဲ့ ညိုမာမွန် က ဖြူဖြူသဏ္ဌာန်အဖြစ်နဲ့ ရှေ့ကပြေး. . . နောက်က မည်းမည်းအရိပ် ကလိုက်တယ်၊ ဒါလောက်ပါပဲ"

"အဲဒီ မည်းမည်းကိုရော နည်းနည်းပါးပါးခွဲခြားလို့ မရဘူး လား. . . ဥပမာ ဦးသိုက်များဖြစ်ခဲ့ရင် ခပ်ပုပု. . . ဦးယက္ခများ ဖြစ်ခဲ့ရင် ခပ်ရှည်ရှည်. . . မောင်ပောမာန်ဆိုရင်တော့ လူငယ်မို့ ခပ်သွက်သွက် လက်လက်ဖြစ်လိမ့်မယ်"

"အဲဒီလောက်အထိကို သေသေချာချာမမြင်မိပါဘူး၊ နန္ဒာ လည်း. . . ကြောက်ကြောက်ရွံ့ရွံ့နဲ့ ဆက်မကြည့်ရဲဘဲ တံခါးကို တအားပိတ်ပြီး စောင်ခေါင်းခြုံပြီး အိပ်လိုက်တော့တာ"

"အေးကွာ. . . အဲဒီညက မိုးတွေကလည်း သည်းနေတယ်၊ ဒီလိုလည်းဖြစ်လိမ့်မထင်တော့ စိုက်ပျိုးရေးစာအုပ်တစ်အုပ်ကို စိတ်ဝင်စားစွာနဲ့ ဖတ်နေလိုက်မိတယ်"

စောမင်းညိုက သူ့ကိုယ်သူအပြစ်တင်နေသလို ပြော နေရင်းက. . .

"အေးလေ. . . ညိုမာမွန့်ကိစ္စကို ဒီအိမ်မှာရှိတဲ့ လူတွေထဲ က စိတ်မှန်းနဲ့ရွေးပြီး ထင်နေလို့ချည်းပဲမဖြစ်သေးဘူး. . . ဘေး အန္တရာယ်များလားလို့လည်း ထည့်တွေးရဦးမယ်၊ အစ်ကို မကျေနပ် တာ တစ်ခုရှိနေတယ်"

"ဘာများလဲ အစ်ကို"

"ညိုမာမွန်ဟာ ဒီအိမ်ကိုညနေသုံးနာရီလောက်ထဲက ရောက်လာပါတယ်လို့ ကားသမားကအသေအချာ ထွက်ဆိုပေမယ့်





ညိုမာမွန်ကို ဘယ်သူမှမမြင်ကြ မတွေ့ကြရဘူးတဲ့. . ."

"အစ်ကိုနဲ့ရော. . ."

"အစ်ကိုကိုယ်တိုင်နဲ့လည်း မတွေ့လိုက်ရလို့ စိတ်ထဲမှာတစ် မျိုးထင်နေတာပေါ့၊ ညိုမာမွန်ဟာ ဒီအိမ်ကိုရောက်လာခဲ့ရင် သူ့ အစ်ကိုဆီကိုပဲ ဦးတည်လာရမှာပဲ"

"ဟုတ်ကဲ့ အစ်ကို"

"ဘာဖြစ်လို့လဲဆိုတော့ ဦးရီးသီဟ ခိုင်းလိုက်တဲ့ အမွေခွဲ ပေးရေးကိစ္စကို ညိုမာမွန်ဟာ အစ်ကိုနဲ့အစ်ကို့မိသားစုကိုပဲ ကိုင်ပင်ထားနိုင့်သူ ဖြစ်တယ်လေ"

"ဦးလေးဝဏ္ဏတစ်ယောက်ပဲ ဒေါက်တာနန္ဒာကို တိုက်ရဲသူရှိမှာ ကို"

"အဖေကလည်း အလကားပါပဲ၊ သူ့အစ်မရှေ့ကျရင် မပြော သလိုလို ဖြစ်သွားပြန်ရော"

"ဩော်. . . သူတို့ကလည်း မောင်နှမအရင်းချင်းကို"

"ဟုတ်မှာပဲနန္ဒာ၊ ဘာဖြစ်လို့လဲဆိုတော့ အစ်ကိုဟာ နန္ဒာ ညိုမာမွန်တို့လို မောင်နှမတစ်ဝမ်းကွဲလေးတွေကိုတောင် သနားစိတ်နဲ့ဘာမဆိုအစ်ကိုကပဲ အနစ်နာခံပေးလိုက်ချင်ပါတယ်"

စေတနာပါသော စကားများပွင့်အန်လာရာ သူ့မျက်နှာကို နန္ဒာနွယ်မော့ကြည့်လိုက်မိသည်။ "အစ်ကိုကြီးတော့ အဖအရာ"ဟူ သောဥပမာနှင့်ယှဉ်၍ နန္ဒာနွယ်အားကိုးချင်စိတ်များ ယိုဖိတ်လာရ သည်။

"အဲဒီတော့ အစ်ကိုတို့လုပ်ရမှာက"

"ဟုတ်ကဲ့. . . ပြောပါအစ်ကို"

"စန္ဒာငယ်တို့ ညီမာမွန်တို့ သေဆုံးရတဲ့ကိစ္စကို တစ်ဖက် ကစုံစမ်းရင်း ကိုယ့်အန္တရာယ်ကိုလည်း ကိုယ်ကြည့်နေကြရုံပါပဲ"

"အစ်ကို. . . နန္ဒာ့ကိုပစ်မထားခဲ့ပါနဲ့နော်"

"စိတ်ချပါညီမရယ်၊သဥ္ဇာမွန်စံအိမ်ရဲ့ပြင်ပက မိသား တွေကိုယ်စား အစ်ကိုကြီးတစ်ယောက်အနေနဲ့ အစ်ကိုဟာ ထိုက် ထိုက်တန်တန်ကာကွယ်ပေးမှာပါ"

"အစ်ကိုရှိနှင့်နေတာ. . . နန္ဒာ့အတွက် တအားပါပဲအစ်ကို ရေ"

"စိတ်ချပါကွယ်. . . အစ်ကို့မှာလည်း အစ်ကိုကြီ တစ်ယောက် အနေနဲ့တာဝန်ရှိပါတယ်၊ ဒါဖြင့် အစ်ကို ပင်းတယ ပြန်ရင် လိုက်ခဲတော့လေ. . ."

"ဟုတ်ကဲ့ အစ်ကို"

"ကဲ. . . ကဲ အခုတော့ အိမ်ပေါ်သွားတော့၊ သူတို့မြင်ရင် လည်း ဒို့မောင်နှမအကြာကြီး စကားပြောနေရင် မကောင်းဘူး၊ အစ်ကိုလည်း နေမတက်ခင် မြေဆွလိုက်ဦးမယ်"

"ဟုတ်ကဲ့ အစ်ကို၊ နန္ဒာသွားတော့မယ်နော်"

သူကအရင်ပေါက်တူးကိုင်ပြီး ထလိုက်သည်။ နန္ဒာနွယ် လည်း သူ့ကိုကျောခိုင်းပြီး အိမ်ကြီးဘက်သို့ လှည့်လိုက်သည်။

"နန္ဒာနွယ် ညီမလေး"

စောမင်းညို၏ခေါ်သံကြောင့် အမြန်ပြန်လှည့်လိုက်ရသည်။ သူက နန္ဒာနွယ်နားသို့ နီးကပ်သည်အထိ ရောက်အောင် လျှောက်





ာပြီးမှ. . .

"ခြံရဲ့ အနောက်မြောက်ဘက်ထောင့်မှာ ဂူတွေကိုစောင့်တဲ့ ီးသိုက်" ဆိုတဲ့ သုဘရာဇာတစ်ပိုင်းဖြစ်နေတဲ့ ခြံစောင့်ကြီးနဲ့ ာနွယ်ဆုံပြီးကြပြီလား"

"ရှင်"

"ဦးသိုက်နဲ့တွေ့ပြီးပြီလား"

"ဦးသိုက်. . . ဟင့်အင်း မတွေ့ဖူးပါဘူး"

လိမ်ညာလိုက်ရခြင်းပါ၊ မောင်ဟေမာန့်ထံသွားစဉ်က ဦး ိုက်ကို နန္ဒာနွယ် မြင်တွေ့ရဖူးပြီးပါပြီ၊ မောင်ဟေမာန့်ထံသွားတွေ့ င်းကိုဖြင့် နန္ဒာနွယ်မပြောပြရဲသေးပါ၊ နန္ဒာနွယ်ကပင်. . .

"ဘာဖြစ်လို့လဲ အစ်ကို"

"အဲဒီအဘိုးကြီးရဲ့ မျက်လုံးကိုလည်း အစ်ကိုမကြိုက်ဘူး၊ ဟာ ခြံထဲရောက်လာတဲ့လူတွေကို အမြဲပဲလိုက်လိုက် ချောင်းကြည့် တတ်တယ်"

"ဟင်. . . ဟုတ်လား"

မောင်ဟေမာန်ထံ မိမိသွားသည့်အဖြစ်ကို ဦးသိုက် မသိရှိ နေမည်မဟုတ်ပါ။

"အေးလေ. . . သတိထားဖို့ တစ်ယောက်ရှိသေးတယ် တာကို ပြောပြထားတာပါ"

"ဟုတ်ကဲ့အစ်ကို. . . ကျေးဇူးတင်ပါတယ်"

"ပြီးတော့လည်း ရှိသေးတယ်"

"ရှင်"

"အိမ်ကြီးပေါ်က ဒေါ်စောနန်းဆိုတဲ့ ထမင်းချက်မိန်းမ ကြီးဟာ. . . လူလစ်ရင်အဲဒီဦးသိုက်ဆီ ဆင်းဆင်းသွားပြီး တိတ်တခိုး စကားပြောတတ်ကြတယ်"

"ဟင်"

"ဒေါ်ကြန္ဒာ သို့မဟုတ် ဦးယက္ခကခိုင်းလို့ပဲလား၊ ဒါမှမဟုတ် အဲဒီနှစ်ယောက် မသိတဲ့ကိစ္စကိုပဲ တိတ်တခိုးတိုင်ပင်ကြသလားတော့ မသိဘူး၊ ညီမလေးရေ. . . ရှုပ်ထွေးနေတာပဲ"

"စိတ်ညစ်စရာ၊ ကြောက်စရာကြီးပါလား အစ်ကိုရယ်"

"အစ်ကိုရှိပါတယ် ညီမလေး၊ အစ်ကို့ကိုတော့ သူတို့က မြေ တူးလောက်ရုံသာတတ်တဲ့ ငပေါကြီးအဖြစ်နဲ့ အလကားကောင်လို့ ထင်နေကြတာ"

"အို"

"ကောင်းတယ် ညီမလေး၊ သူတို့ အထင်သေးလေ အစ်ကို က စုံစမ်းလို့ကောင်းလေပါပဲ"

စောမင်းညိုက အိမ်ကြီးဘက်သို့တစ်ချက်လှမ်းကြည့်လိုက် ပြီးမှ. . .

"ညီမလေးစိတ်ထဲမှာ ဘာမှမထားနဲ့၊ စန္ဒာငယ်နဲ့ပတ်သက်လို့ လည်း မစုံစမ်းနဲ့၊ ခုလိုရှုပ်ထွေးနေတဲ့အချိန်မှာ ခပ်အေးအေးသာ နေလိုက်ဦး"

"ဟုတ်ကဲ့ အစ်ကို"

"အသတ်ခံလိုက်ရတဲ့ အစ်ကိုတို့ရဲ့ညီမလေး စန္ဒာငယ်နဲ့ ညိုမာမွန်အတွက် အစ်ကို့ရဲ့ ကိုယ်အားရှိသလောက် ဉာဏ်အားရှိ





သလောက် စုံစမ်းပြီးဖော်ထုတ်ပေးပါ့မယ် နန္ဒာနွယ်"

"ကျေးဇူးတင်လိုက်တာ အစ်ကိုရယ်. . . နန္ဒာသွားတော့မယ် နော်"

"ကောင်းပြီ ညီမလေး"

"ဒီသဥ္ဇာမွန်ဆိုတဲ့ ပဟေဠိခြံကြီးမှာ အစ်ကိုရှိနေတာ ညီမလေးအတွက် အင်အားကြီးတစ်ရပ်ပါလို့ ထပ်ပြီးပြောခဲ့ပါရစေ လား အစ်ကိုစောမင်းညိုရှင့်. . ."

* * *

## အခန်း(၉)

နောက်တစ်နေ့တွင် စောမင်းညိုပင်းတယမြို့သို့ ခေတ္တပြ
သည်။

နန္ဒာနွယ် မလိုက်ဖြစ်. . .

**"ကိုစောနောင်"** ရောက်လာသည့်အတွက် ဖြစ်ပါ၏။

"ကိုစောနောင်ဟာ ဒေါ်လေးကြူနွာရဲ့အထူးဖိတ်ကြားထာ
တဲ့ဧည့်သည်ဖြစ်တယ်၊ သူ့ဖခင်ဟာဆိုရင် ဒေါ်လေးတို့အတွ
ဂုဏ်ယူစရာကောင်းလောက်တဲ့ မိတ်ဆွေဟောင်းတစ်ဦးပဲ. . . ။
ကျေးဇူးလည်းရှိပါတယ်"

"ဟုတ်ကဲ့"

"အဲဒီတော့ ဦးကောင်းမြတ် ကိုယ်စား ရောက်ရှိလာတဲ့
မောင်စောနောင်ကို ထိုက်ထိုက်တန်တန်ကြိုဆိုပါ၊ လိုလေသေးမ





ဖြစ်ရအောင်ပါ၊ နန္ဒာနဲ့ မောင်စောနောင်ကလည်း ရင်းနှီးပြီးသား
မိတ်ဆွေတွေဆိုတော့ ဟန်ကျတာပေါ့လေ၊ မောင်စောနောင်ကို
ရှုတစိုက် ဖိတ်ခေါ်ပါနော် နန္ဒာနွယ်"

ဒေါ်ကြူနွာစကားကြောင့် ကိုစောနောင် ရောက်ရှိနေပါ
လျက် ပင်းတယသို့ထွက်သွားရန် မသင့်တော်ဟု ယူဆမိသည်က
တစ်ကြောင်းနှင့်၊

နန္ဒာနွယ်ကိုယ်တိုင်လည်း ကိုစောနောင်ရောက်ရှိလာသည့်
အတွက်ဝမ်းသာလှိုက်လှဲစွာ ကြိုဆိုလိုသည်ပါ။

ကိုစောနောင်သည် B.A (Law) L.L.B အောင်ပြီးသူ တစ်
ယောက်ပါ။ သူ့ဖခင် ဦးကောင်းမြတ်သည် ဤတောင်ပိုင်းရှမ်းပြည်
နယ်တစ်ဝိုက်တွင် မသိသူမရှိသလောက်အောင်ပင် ချမ်းသာကြွယ်
ဝခြင်းနှင့် ကျော်ကြားခြင်းများရှိလေသူပါ။

တိုင်းရင်းသားရိုးရာယဉ်ကျေးမှုများကို နှိုက်နှိုက်ချွတ်ချွတ်
လေ့လာဆည်းပူးပြီး လူမျိုးစုတစ်စုချင်း၏ လူမှုရေး၊ အိမ်ထောင်မှု
ကိစ္စနှင့် ဘာသာတရားကိုးကွယ်မှု၊ ခေတ်နောက်ကျန်နေသေးသော
"နတ်စား" အတွေးအခေါ်များ၊ ချစ်စရာကောက်သစ်ဦးစားပွဲ ဓလေ့
ထုံးစံများစသည့် တိုင်းရင်းသားတို့၏ ဓလေ့စရိုက်များစွာကို ကျမ်း
ပြုစုခြင်းဖြင့်လည်း အတတ်ပညာစာပေပိုင်းမှာ ဂုဏ်ယူစရာ
ကောင်းလောက်အောင် ထော်လွန်းသည့်အဘိုးကြီးပါ။

ကိုစောနောင်သည် ဦးကောင်းမြတ်၏ ဒုတိယသားဖြစ်ပါ
၏။

ပထမသားက ဆရာဝန်၊ စစ်တွေမှာ။ အငယ်ဆုံးသမီးက

မကွေးကောလိပ်မှ ဆရာမဖြစ်ပါ၏။ ဦးကောင်းမြတ် နားတွင် ကို စောနောင်သာရှိနေသည်။ သူက အစိုးရဝန်ထမ်းရှန် တာဝန်မယူ သေးပါဘဲ သူ့အဘိုးကြီးကို ကူညီနေဆဲ၊ အိမ်မြဲနေသူတစ်ယောက်ပါ။

ဥပဒေစိဖွာဘွဲ့ရရှိပြီးသော ဦးကောင်းမြတ်၏ မိတ်ဆွေများ အားကိုးသူများ၏ အမှုကိစ္စများကို ရှေ့နေလိုက်ပေးရခြင်း အလုပ်ကို လည်း သူလုပ်နေဆဲပါ. . .။

နန္ဒာနွယ်နှင့် ကိုစောနောင်မှာ ရန်ကုန်မှာပင်ဆုံခဲ့ကြသည်။ မိတ်ဆွေဖြစ်ပြီးခဲ့ကြပါပြီ. . .။

ရန်ကုန်ရောက် ဦးဒီပ၏ မြေးတစ်ယောက်အနေနှင့် ဦးကောင်းမြတ်က ခေါ်တွေ့သည်။ နန္ဒာနွယ်ကို သမီးငယ်လို မြေး ငယ်လို ဂရုတစိုက်ပင်အကြြင်နာများဖြင့် ဖေးမကူညီပေးခဲ့ရာသော ဦးကောင်းမြတ်၏ ကျေးဇူးများကို နန္ဒာနွယ်မမေ့နိုင်ပါ၊

"ကိုစောနောင်"

ဒေါ်ဣန္ဒာက တီးတိုးစကားများ မှာကြားပြီး၊ ကိုစောနောင် ထံသို့ လွှတ်လိုက်သည်။ အောက်ထပ် တကြည့်ခန်းထဲတွင် နောက် ခိုင်းအနေအထားနှင့်ရှိနေသော ကိုစောနောင်ကို နန္ဒာနွယ်က တိုး ညှင်းစွာပင် အသံပြုလိုက်သည်။

"ဟာ. . . နန္ဒာနွယ်ပါလား. . .အလုပ်တွေအားပြီလား"

"ရှင်. . ."

"သြော်. . . စောစောက အလုပ်တွေများနေတာ တွေ့လို့ပါ၊ ကျွန်တော်နဲ့ အေးအေးဆေးဆေး စကားပြောနိုင်ပြီလားလို့"

"ဟုတ်ကဲ့ ကိုစောနောင်. . . ဒေါ်လေးဣန္ဒာကလည်း





ကိုစောနောင်ကို ထိုက်ထိုက်တန်တန် ဧည့်ခံပါတဲ့ရှင့်၊ သူ့ရဲ့ ရွှေရတု မွေးနေ့ပွဲကို လာရောက်ချီးမြှင့်တဲ့အတွက် ဒေါ်လေးဣန္ဒာက ဝမ်းသာ ကျေးဇူးတင်နေပုံရပါတယ် ကိုစောနောင်"

"အဲဒီကိစ္စကိုပဲ ပြောချင်လို့ပါ"

"ရှင်"

"ဖေဖေက သူ့မိတ်ဆွေအမျိုးသမီးကြီးရဲ့ ရွှေရတုမွေးနေ့ အတွက် စစ်ကိုင်းလွန်းနှစ်ရာချိတ်ကို မန္တလေးက မိတ်ဆွေက တစ် ဆင့် အော်ဒါမှာပြီး ယက်လုပ်စေခဲ့ပါတယ်၊ လွန်ခဲ့တဲ့ သုံးလလောက် ထဲကပါ"

"သုံးလလောက်ထဲက. . ."

"ဟုတ်ပါတယ်၊ အဲဒီလိုပိုးစစ်ကြိုးကြီးချိတ်ဆိုတာ တစ်နေ ကုန်ယက်မှ တစ်လက်မ နှစ်လက်မထက် ပိုမပြီးနိုင်ဘူးလေ၊ ဈေး ကလည်း ကြိုမှာထားတာတောင် ထဘီတစ်ထည်စာကို တစ်ထောင့် ရှစ်ရာကျတယ်"

"ဟာ. . . ဈေးကြီးလိုက်တာ"

"ထားပါတော့ ကျွန်တော် ပြောချင်တာ ဒါမဟုတ်ပါဘူး"

"ဒါဖြင့် ဘာများလဲ. . . ကိုစောနောင်"

"ဖေဖေဟာ အဲဒီလောက်အဖိုးတန်တဲ့ ပစ္စည်းကို တတန် တကမှာယူပြီး ဒေါ်ဣန္ဒာအတွက် မွေးနေ့လက်ဆောင် ပို့လိုက်ရင် ဝတ္တုရားကျေလောက်ပါပြီ"

"ဟုတ်ပါတယ်လေ"

"ဒါပေမယ့် ကျွန်တော်ကိုယ်တိုင်လိုက်လာခဲ့ပါတယ်. . .

ကျွန်တော်လိုက်လာတာဟာ ဒေါ်ကြာနှာရဲ့ ခမွေးနေ့ပွဲကို တက်ဖို့ မဟုတ်ပါဘူး နန္ဒာ"

"ဟင်"

"နန္ဒာနဲ့ တွေ့ချင်လို့ပါ"

"အို"

"တကယ်ပါနန္ဒာ. . . နန္ဒာနဲ့ ရန်ကုန်မှာ ရင်းရင်းနှီးနှီး နေရပြီးတဲ့က နန္ဒာ့ပေါ် ကျွန်တော် သိပ်စိတ်ဝင်စားနေခဲ့မိတယ်၊ နောက် ရုတ်တရက်ကြီး. . . နန္ဒာ ဒီရပ်ဘောက်မြို့အနီးက သဥ္ဇာမှန် စံအိမ်ကြီးကိုထွက်သွားတော့ ကျွန်တော် သိပ်စိတ်ပူမိပါတယ်၊ ဒီအိမ်က လည်း အရှုပ်တွေးပေါင်းစုံ၊ အန္တရာယ်ပေါင်းစုံနဲ့ မဟုတ်လား"

"ဟုတ်ပါတယ်. . . ကိုစောနောင်"

"ဒါကြောင့် ကျွန်တော့်ခရီးမှာ နန္ဒာ့အတွက် သောကတွေ ဆင့်ပွားလာရပါတယ်၊ ပြီးတော့လည်း သိပ်လွမ်းတယ်ဗျာ၊ အဲဒီခံစား မှုတွေအားလုံးဟာ နန္ဒာ့ကိုချစ်နေမိလို့ပါလားဆိုတဲ့အသိတွေနဲ့. . ."

"တွေ့တွေ့ချင်း ရည်းစားစကားပြောတာတော့ မကောင်း ပါဘူးလေ"

"ပြောရမယ် နန္ဒာ. . . ကျွန်တော် ဒီအကြောင်း ပြောချင် လို့ တမင်လိုက်လာခဲ့တာပါ"

"ဩော်. . . ကိုစောနောင်ကလဲရှင်. . ."

နန္ဒာနွယ်မှာ စာကြည့်ခန်းတွင် မထိုင်ဖြစ်သေးခင် အချစ် စကားများ ကြားလိုက်ရပါသဖြင့် ဆက်လက်နေရမလား. . . နှုတ် ဆက်ထွက်သွားရမလား. . . မသိတတ်နိုင်အောင်ပါပင်။





"ဒီမှာထိုင်ပါဦးလား နန္ဒာ"

စာကြည့်ခန်းတွင်းမှ ပန်းပုရုပ်လုံးဖော်ထားသော ကျွန်း သားကုလားထိုင် ညိုညိုမြင့်မြင့်ကြီးကို လက်ညှိုးညွှန်ပြရင်း ကို စောနောင်က မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်လိုက်သည်။

နန္ဒာ ခြေဦးသင့်ပါ၍ ဝင်ထိုင်လိုက်ရပါသည်။

"ကျွန်တော်ပြောတာ စောတယ်ဆိုပြီး နန္ဒာနွယ်အပြစ်တင် လိုရင်လည်းတင်ပါ၊ အဖြစ်မှန်ကို အရင်တင်ပြရတာပါ၊ ကျွန်တော် ခံစားလာရတာတွေကို အတိုဆုံးချုံးပြီး တင်ပြရတာပါ၊ အဲဒီ အတွက်နဲ့တော့ နန္ဒာနွယ်ကျွန်တော်အပေါ်မှာ အနေစိမ်းမသွား လိုက်ပါနဲ့လို့တော့ ကျွန်တော်ကြိုတင်ပြီး တောင်းပန်ထားချင်ပါတယ်"

"နန္ဒာနွယ်နဲ့ ကိုစောနောင်ဟာ သိပ်ပြီးရင်းနှီးခင်မင်ခဲ့ကြ တဲ့ မိတ်ဆွေတွေဆိုတာ နန္ဒာမေ့လို့မရပါဘူးရှင်"

"ဒါဆိုရင် ကျွန်တော်ဝမ်းသာလှပါပြီ နန္ဒာ. . . ခု ကိစ္စက ကျွန်တော့်ခံစားချက်ကို တင်ပြရုံပါ၊ နန္ဒာ့ဆီက တောင်းခံတဲ့အဆင့် အထိ မတိုးရဲသေးပါဘူး"

"နန္ဒာ နားလည်ပါတယ်"

"ဒီတော့. . . အဲဒီအပိုင်းက တစ်ပိုင်းထားပြီး ကျွန်တော် တို့ဒီအိမ်ရဲ့ပြဿနာလေးတွေ ဆွေးနွေးကြရအောင်"

နန္ဒာနွယ်မှာ စာကြည့်ခန်းဝသို့ လှမ်းကြည့်လိုက်မိသည်။ လူအရိပ်အယောင်မမြင်ရသော်လည်း ယင်းစကားများကို မပြောရဲ သလိုပါ။ မပြောစေချင်သလိုပါ။ နန္ဒာနွယ်၏ အခက်အခဲကို ကိုစောနောင်က ရိပ်မိသည်ထင်ပါ၏။ သူ့ကုလားထိုင်ကို နန္ဒာနွယ်

ဒါအနားသို့ နီးကပ်အောင် တိုးရွှေ့လိုက်ပြီး. . . လေသံကိုပါနှိမ့်ချလိုက်သည်။

"စန္ဒာငယ်သေဆုံးရတာ သူ့ကိုယ်သူ သတ်သေခြင်း ဖြစ်အောင် တစ်စုံတစ်ယောက်က ဖန်တီးထားတာများလား. . . ဆိုတဲ့ သံသယစိတ်တွေနဲ့ ဒီကိစ္စကို စုံစမ်းရအောင် နန္ဒာနွယ် ဒီအိမ်ကို ရောက်လာခဲ့တာ မဟုတ်လား"

"ဟုတ်ပါတယ်. . . ကိုစောနောင်"

"ကျွန်တော် ထင်ပါတယ်. . . နန္ဒာနွယ် ဘာမှ မသိရသေးဘူးလို့"

"ဒါလည်း မှန်ပါတယ်"

"စန္ဒာငယ်ရဲ့ကိစ္စတစ်ခွန်းတစ်စလေးမှမပေါ်ခင်. . . ညိုမာမွန်ဆိုတဲ့ နန္ဒာနွယ်တို့ရဲ့ညီအစ်မတစ်ဝမ်းကွဲမိန်းကလေးဟာ အသတ်ခံခဲ့ရပြန်တယ်မဟုတ်လား"

"ကိုစောနောင် ကြားသိခဲ့ပြီးပြီလား။ သတင်းစာမှာ မပါလို့ သိမှသိပါ့မလားလို့"

"သတင်းစာတွေက စာမျက်နှာနည်းလွန်းတော့ လူမှုရေးသတင်း မဖတ်ရသလောက်ဘဲ၊ ကျွန်တော်တို့ကတော့ ဒီရပ်ကွက်ရွှေညောင်သွားတဲ့ ကားဆရာတွေနဲ့ အဆက်အသွယ်ရှိတော့ သိခဲ့ရပါတယ်"

"ဟုတ်ပါတယ်. . . ညိုမာမွန်ရဲ့အဖြစ်က သနားစရာ ချောက်ချားစရာကြီးပါ"

"ဒါကြောင့် ကျွန်တော်လိုက်လာဖြစ်တာပေါ့. . . သဉ္ဇာမွန်





အိမ်ကြီးထဲကို ဝင်ပြီးသားဖြစ်နေတဲ့ နန္ဒာနွယ်အတွက် ကျွန်တော် စိုးပြီး စိတ်ပူသွားမိလို့ တာမင်လိုက်လာခဲ့ပါတာပါ နန္ဒာနွယ် "

"ဘာပဲဖြစ်ဖြစ်ပေါ့လေ. . . နန္ဒာ့ဆီကိုရောက်လာခြင်းအတွက်တော့. . . ကိုစောနောင်အပေါ် နန္ဒာ ကျေးဇူးတင်ပါတယ်. . . အားလည်းရှိသွားမိပါတယ်. . . "

"ဒါဆို ကျွန်တော် ဝမ်းသာရပါပြီဗျာ"

"ကိုစောနောင် ဘယ်တော့ ပြန်မှာလဲဟင်"

"ကျွန်တော် နေဦးမယ်နန္ဒာ. . . အမှုလေးဘာလေးရရင် ဒီမှာ ရှေ့နေလိုက်ဖို့ ဆောင်ရွက်ပေးပါလို့လည်း ဖေဖေ့ကို စာရေးပြီး ဒေါ်ကြူနွှာလက်ကို ပေးထားပြီးပါပြီ. . . ကျွန်တော် ဒီမှာ ကြာကြာနေမယ်လို့ စိတ်ကူးထားပါတယ်၊ တကယ်လို့ နန္ဒာ့မှာ အနှောင့်အယှက် ဖြစ်မနေဘူးဆိုရင်ပေါ့. . . "

"ရန်ကုန်ကစိတ်အတိုင်း မိတ်ဆွေလိုနေကြမယ်ဆိုရင်တော့ နန္ဒာ့အတွက် အနှောင့်အယှက်ဖြစ်စရာ လုံးဝမရှိပါဘူး ကိုစောနောင်"

"နေတာတော့ မိတ်ဆွေလိုနေမှာပါ. . . စိတ်ကသာ. . "

"ဟင်"

"ဒါပေမယ့် ကျွန်တော့်ရင်ထဲမှာတော့. . . နန္ဒာ့ကို ကိုယ့်ချစ်သူလို့ပဲ မြင်နေမိမှာပါ၊ ဘာဖြစ်လို့လဲဆိုတော့. . . ကျွန်တော့်အချစ်ကို မိတ်ဆွေအဖြစ် ပြန်ပြောင်းလို့ မရတော့လို့ပါ နန္ဒာ"

"ဒီပြင်ခေါင်းစဉ်နဲ့ ဆွေးနွေးကြရအောင်လား ရှင်"

"ရပါတယ် နန္ဒာ၊ ကျွန်တော်ပြောစရာတော့ ပြီးပါပြီ. . . နန္ဒာ့အနေနဲ့သာ. . . ဒီအိမ်မှာ ဘာတွေထူးခြားတယ်၊ နန္ဒာဘယ်

လိုခ်ယူမိတယ်တာ အစ၊ ကျွန်တော့်ကို ပြောနိုင်သမျှ ပြောဆိုဆွေးနွေး ပါလား နန္ဒာ"

"ဟုတ်တဲ့... နန္ဒာ့အနေနဲ့ ကိုစောနောင်ဟာ မိတ်ဆွေရင်း တစ်ယောက်မို့ နန္ဒာပြောနိုင်သမျှ ပြောပြပါ့မယ်"

ကိုစောနောင်က ကျေနပ်သော အပြုံးဖြင့် ခေါင်းညိတ်ပြ လိုက်သည်။

"ဒီအိမ်မှာ လူပေါင်းနှစ်ဆယ်ကျော်နေကြတယ်... အဓိက လူအဖြစ်နဲ့က ခုနစ်ယောက်ရှိပါတယ်"

"နန္ဒာပါလား..."

"မပါပါဘူး... သူတို့ချည်း ခုနစ်ယောက်ပါ၊ ကျန်တာတွေ ကတော့ အစေအပါးတွေ၊ မှီခိုသူတွေပါ"

"အဲဒီ ခုနစ်ယောက်က..."

"နာယကကြီးကတော့ ဒေါ်ကြူနန္ဒာပေါ့"

"ဒေါ်ကြူနန္ဒာဟာ ဒီအိမ်ကြီးကို အမွေခွဲမပေးနိုင်ပါဘူးလို့ ကြွေးကြော်နေတဲ့သူလို့ နာမည်ကြီးနေတယ်"

"ဟုတ်ပါတယ်... ကိုစောနောင်၊ ဒုတိယက သူ့သမီး အပျိုကြီး စောစုမြတ်"

"ဟုတ်ပြီ"

"ပြီးတော့ ဒေါ်ကြူနန္ဒာကို လွှမ်းမိုးနေတဲ့ ဦးယကျွ"

"ကျွန်တော်နဲ့ ဆုံပြီးပါပြီ၊ သူဟာ နာမည်နဲ့လိုက်အောင် ဘီလူးလို ခက်ထန်ကြမ်းတမ်းမယ့် ရုပ်ကြီးပဲ... ပြီးတော့ ဒေါ်ကြူနန္ဒာ နဲ့ နေထိုင်ပုံကလည်း အရွယ်နဲ့မလိုက်အောင် သိက္ခာဖျက်လှတယ်"





"ဦးယကျွက ဒေါ်လေးကြူနန္ဒာထက်တော့ သုံးလေးငါးနှစ် ငယ်ပါတယ်... သန်မာဖျတ်လတ်ဆဲပဲ"

"ဒါပေမယ့် သူ့ရဲ့မျက်လုံးတွေက ကောက်ကျစ်စဉ်းလဲပုံပေါ် နေတယ် နန္ဒာ... ကဲ... ဆက်ပြောပါဦး၊ ဒေါ်ကြူနန္ဒာရယ်၊ သူ့ သမီး စောစုမြတ်ရယ်၊ ဦးယကျွရယ်၊ ပြီးတော့ရော..."

"ဒေါ်စောနန်းပေါ့"

"သူက..."

"ဒီအိမ်ရဲ့ စားဖိုမှူးပဲ... အားလုံးစားဖို့ သောက်ဖို့အတွက် သူ့သဘောနဲ့သူ စီစဉ်နိုင်တဲ့ အခွင့်အရေးရှိတဲ့ အမျိုးသမီးကြီးပဲ၊ ဒါပေမယ့် ဒေါ်ကြူနန္ဒာကိုတော့ ကြောက်ရပုံရတယ်၊ ဘာကိုမှ မလွန် ဆန်ရဲသလိုပဲ... သူနဲ့အတူ ကိုဘူးဆိုတဲ့ မြေးလေးတစ်ယောက်လည်း ရှိသေးတယ်..."

"ကဲ... ဆက်ပါဦး..."

"ဒီအိမ်ကြီးပေါ်မှာ အဓိကလူတွေက ဒါပါပဲ"

"ဒေါ်ကြူနန္ဒာတို့ သားအမိ၊ ဒေါ်စောနန်းတို့ မြေးအဖွားနဲ့ ဦးယကျွပေါ့နော်"

"ဟုတ်ကဲ့၊ ပြီးတော့ ဒီအိမ်မှာ သိပ်ပြီးအရေးပါတဲ့လူ တစ်ယောက်ရှိသေးတယ် သူက ဦးညြတာတဲ့"

"ဦးညြတာ"

ကိုစောနောင်က နာမည်ကို ရေရွတ်ကြည့်ပြီးမှ...

"သူက ဘာလုပ်တာလဲ"

"သူက... အိမ်တွင်းအိမ်ပြင်အကုန် သူ့တာဝန်ပဲ၊ ခြံထဲ

မှာလည်း အမြဲသူရှိနေတတ်တယ်၊ သူက ဥယျာဉ်မှူးလည်း ဖြစ်တယ်၊ တံခါးစောင့်လည်း ဖြစ်တယ်၊ အိမ်စေလည်းဖြစ်တယ်၊ ပြီးတော့. . ဒီသဋ္ဌာမွန် စံအိမ်ကြီးတစ်ခုလုံးရဲ့ ငွေကြေးသုံးစွဲမှု၊ ပစ္စည်းဝယ်ယူရောင်းချမှုမှ အစ၊ တာဝန်ယူရတဲ့. . . မန်နေဂျာ ခေါ်ရမလား၊ ဘဏ္ဍာစိုးခေါ်ရမလားပဲ၊ သိပ်ပြီးအရေးပါ အရာရောက်တဲ့လူပဲ"

"အင်း. . . ဦးညြတဆိုတဲ့ လူကြီးနဲ့တော့ ကျွန်တော်ဆုံကြည့် အကဲခတ် ကြည့်ပါဦးမယ်"

"ပြီးတော့ သချိုင်းဂူတွေဘက်မှာသာ အနေများပြီး သုဘရာဇာတစ်ပိုင်း ဖြစ်နေတဲ့ "ဦးသိုက်" ဆိုတာလည်း ရှိသေးတယ်"

"အင်း. . . ပြီးတော့ရော"

"ပြီးတော့လည်း ခြံကျယ်ကြီးရဲ့ အနောက်မြောက်ထောင့်မှာ အိမ်ကလေးတစ်လုံးနဲ့ သီးသန့်တစ်ယောက်တည်းနေတဲ့ "မောင်ဟေမာန်"ဆိုတာလည်း ရှိသေးတယ်၊ သူက ညီမစန္ဒာငယ်ရဲ့ ချစ်သူလေ"

"ဪ"

"စန္ဒာငယ် သေဆုံးမှုနဲ့ပတ်သက်ပြီး၊ သိပ်ခံစားနေရရှာလွန်းလို့၊ သူကို အားလုံးက "အရူး"လို့သတ်မှတ်ပြီး သီးခြားနေကြတယ်"

"တကယ်ရော ရူးနေသလား"

"စကားပြောတာတော့ ဖြောင့်လို့ပဲ၊ ဒါပေမယ့် အတွေးအခေါ်ကျတော့ တစ်မျိုးပဲ၊ သူဘာလဲဆိုတာ နန္ဒာမတွေးတတ်ဘူး"

"အင်း. . . အခုကြားရသမျှထဲမှာတော့ မောင်ဟေမာန်





ဆိုတဲ့ လူငယ်လေးဟာ စိတ်ဝင်စားစရာ အကောင်းဆုံးပဲ နန္ဒာနွယ်"

"ဟုတ်တယ်၊ သူနဲ့တွေ့ရရင် ကိုစောနောင်ပိုပြီး စိတ်ဝင်စားလာပါလိမ့်မယ်"

"ကျွန်တော် သူနဲ့ ပြေလည်နိုင်ဖို့ ကြိုးစားပါ့မယ်"

ကိုစောနောင်က ပြောပြီး သူ့လက်ချောင်းလေးများကို ချိုးလျက် ပြန်လည်ရေတွက် ပြနေပါသည်။

"ဒေါ်ဣန္ဒာတို့ သားအမိ၊ ဦးယက္ခ၊ ဦးညြတ၊ ဦးဘသိုက်နဲ့ ဒေါ်စောနန်းနဲ့ မောင်ဟေမာန်"

"ဪ. . . ရှိသေးတယ်၊ နန္ဒာပြောဖို့ မေ့နေတယ်"

"ဘာများလဲ နန္ဒာ"

"စောမင်းညိုတဲ့၊ သူက နန္ဒာတို့အစ်ကို"

"စောမင်းညိုတဲ့လား"

"ဟုတ်ပါတယ်. . . နန္ဒာတို့နဲ့ မောင်နှမတစ်ဝမ်းကွဲ တော်ပါတယ်၊ ဦးဒိဗ္ဗရဲ့မြေးအကြီးဆုံးပါပဲ၊ သူလည်း နန္ဒာတို့လိုပဲ ဒေါ်ဣန္ဒာရဲ့ အမြစ်ပယ်ခံဘဝကို မတရားဘူးဆိုပြီး ဒီမှာ သူလာနေတယ်၊ ခြံရဲ့ တောင်ဘက်မှာ သူ့စိုက်ခင်းရှိပါတယ်၊ သူကဒီမှာ မှီခို စားသောက်ပြီး ခြံက ငွေတို့ မိဘတွေဆီ ပို့ပေးနေတဲ့လူပါ"

"သူ့မိဘဆိုတာ နန္ဒာရဲ့ဦးလေး ဦးဝဏ္ဏဆိုတာလား"

"ဟုတ်ပါတယ်. . . ကိုစောနောင်က သိနှင့်နေတယ်လား"

"ဖေဖေပြောပြလို့ နန္ဒာတို့မိသားစုလေးစုရဲ့ အကြောင်းကို သိနေခဲ့တာပါ၊ ကဲ. . . ဆက်ပြောပါဦး၊ စောမင်းညိုဆိုတဲ့ လူရဲ့ အကြောင်းကို"

"သူ့အကြောင်းကတော့ ပြောစရာ ဒါအကုန်ပါပဲ၊ သူ
အေးပါတယ်၊ နန္ဒာ့ကိုလည်း သတိဝီရိယနဲ့နေဖို့ မှာသွားပါတ
ကိုစောမင်းညိုဆိုတဲ့လူဟာ နန္ဒာတို့လို သဥ္ဇာမွန်ရဲ့ အပြစ်ပယ်
မိသားစုရဲ့ကိုယ်စား ဒေါ်ကြန္ဒာတို့ကို တိုက်ပေးမယ့်သူပါပဲ၊ နန္ဒာ ဒါ
အစ်ကို ကိုလေးစားအားကိုးပါတယ်. . ."

"ကောင်းပါတယ်. . . ကိုယ့်မောင်နှမချင်းပဲလေ၊ ဒါ
သူရော"

"အစ်ကိုစောမင်းညို ပင်းတယခဏပြန်သွားပါတယ်၊ ပထ
တုန်းက နန္ဒာပါ လိုက်မလို့"

"နောက်တော့ရော"

"နောက်တော့ ကိုစောနောင် ရောက်လာတာနဲ့ ဧည့်ခံ
အတွက် နန္ဒာနေရစ်ခဲ့တာပါ"

ကိုစောနောင်၏ မျက်နှာပြင်သည် အပြုံးများဖြင့် လွင်လ
ခဲ့သည်။

"ဒေါ်လေး ကြန္ဒာကတော့ သူ့မွေးနေ့ပွဲကို ကိုစောနော
လာရောက် ချီးမြှင့်တဲ့အတွက် အတော်ပဲ ဝမ်းသာကျေနပ်နေပုံ
ပါတယ်"

"ဟုတ်တယ်၊ သူ့ရဲ့နှစ်ငါးဆယ်ပြည့်ရွှေရတုမွေးနေ့ပွဲကို
စည်ကားသိုက်မြိုက်စွာ ကျင်းပဖို့ သူအစွမ်းကုန် ကြိုးစားနေပုံရတယ်
ဦးယဏ္ဍကလည်း သူ့လိုသမျှပေးစွမ်း ဆောင်ကျဉ်းပေးနေပုံရပါ
တယ်"

"ဟုတ်ကဲ့ပါ. . . လာမယ့်တနင်္ဂနွေနေ့မှာဆိုတော့ ကြ





ရက်ပဲ လိုတော့တယ်လေ. . ."

"အစီအစဉ်တာ ဘယ်လိုလုပ်မှာတဲ့လဲ"

"တိုက်တိုက်ဆိုင်ဆိုင် နှစ်ငါးဆယ်ပြည့်မှာ သူ့ရဲ့မွေးနေ့
နင်္ဂနွေနေ့နဲ့လည်း တိုက်ဆိုင်လို့ မနက်ဘက်မှာ. . . သံဃာအပါး
ဆယ် ဆွမ်းကပ်မယ်၊ ညဘက်ကျတော့ ဂါဒင်းပါတီသဘောမျိုး
ဝင်းထဲမှာ ဧည့်သည်တွေကို အကျွေးအမွေးနဲ့ ဧည့်ခံမယ်"

"ဖျော်ဖြေမှုရော"

"ဩော်. . . ပါတယ်၊ "မော လူငယ်တေးဂီတအဖွဲ့" နဲ့
ပွဲပိုင်းမှာဧည့်ခံပြီး နောက်ပိုင်းမှာ အငြိမ့်ပြမယ်၊ ခြံရဲ့တခြားဘက်
ရုပ်ရှင်လည်းပြမယ်၊ အငြိမ့်မကြိုက်သူတွေ ရုပ်ရှင်ကြည့်လို့ရ
အောင်ပေါ့"

"အတော်ခမ်းခမ်းနားနား စီစဉ်ထားပါလား၊ အင်း. . .
ဒီလို လူသူရှုပ်ထွေးတဲ့ညမျိုးတွေမှာလည်း သတိထားဖို့ လိုလိမ့်မယ်"

"ဘာကိုလဲ ကိုစောနောင်"

"ဩော်. . . လူခြေတိတ်တဲ့ မိုးသည်းညတွေမှာ အန္တရာယ်
ညအဖြစ်နဲ့ အန္တရာယ်ဟာ ကျရောက်လာတတ်သလို. . . အဲ
ဒီလိုလူသူရှုပ်ထွေးနေတဲ့ ပွဲညမျိုးတွေမှာလည်း အန္တရာယ်ဟာ ဝင်
ရောက်လာတတ်ပါတယ် နန္ဒာ"

"ဟာင်"

"ဘာပဲဖြစ်ဖြစ်. . . အဲဒီညကို မင်္ဂလာညအဖြစ်နဲ့ ပေါ့ပေါ့
တန်တန်တွက်လို့ မရဘူးဆိုတာတော့ ကျွန်တော်ကြိုပြီး သတိပေး
ထားပါရစေ"

"ဟုတ်ကဲ့ . . . ကိုစောနောင်၊ ဒေါ်ကြာနွှာရဲ့ နှစ်ငါးဆယ် မြောက်မွေးရတုမွေးနေ့ပွဲညဟာ "အန္တရာယ်ဆိုးည" မဖြစ်ပါစေ လို့တော့ နန္ဒာဆုတောင်းလိုက်ပါရဲ့ရှင်"

* * *



## အခန်း(၁၀)

ပင်းတယမြို့ . . . ။

ကျယ်ဝန်း ပြန့်ပြူးခြင်းများဖြင့် ငြိမ်သက်နေသော ...တာလုတ်ကန်၏ သည်မှာဘက်ရှိ လူသုံးလေးဖက်စာ ညောင်ပင် ...ည် ပြူပြူကြီး၏ အောက်တွင် နန္ဒာနွယ်တို့အဖွဲ့ ထိုင်နေကြသည်။

ကန်ပြင်မှ ဖြတ်တိုက်လာသောလေသည် တစ်ချီချီတွင် ဖျာ ...များလန်ကုန်သည်၊ အလေးချိန်ပေါ့သော ချိုင့်ခွက်များလည်း ...မှောက်လဲကုန်ရသည်။

"မျက်စိထဲ ဖုန်ဝင်မယ်ညီမလေး . . . ကန်ဘက်ကျောခိုင်း ...ထား . . ."

စောမင်းညို၏ အကြပ်နှာစကားများကြောင့် နန္ဒာနွယ်မှာ ...င်းတယမြို့ကွက်ဘက်သို့ မျက်နှာလှည့်လိုက်ရသည်။

ရှင်းပြန့် သန့်စင်သော ဘောလုံးကွင်းအလယ်မှ ကျောက်တိုင်ဖြူဖြူနှင့် သူ့ရှေ့တွင် ပင်းတယ၊ အောင်ပန်းသွား ကားလမ်း၊ ကားလမ်း၏ နောက်တွင် အထက်တန်းကျောင်းနှင့် လက်ယာဘက် ယွန်းယွန်းတွင် ဆေးရုံကိုမြင်ရသည်။

နန္ဒာနွယ်တို့ငယ်စဉ်က ဉာဏ်ဗုဒ်တာလုတ်ကန်၏ ကျက်သရေဆောင် သောင်ပင်ကြီးများအောက်တွင် ပျော်ပွဲစားထွက်ခဲ့ဖူးသည့်အဖြစ်၊ ပျော်ရွှင်မြူးတူးခဲ့ရသည့်အဖြစ်များကို ခပ်ရေးရေးခလေးမြင်ယောင်လာမိသည်၊ ထိုစဉ်က မည်သို့သော အစီအစဉ်နှင့်လာ၍ မည်သူတို့ပါရှိကြသည်ကို နန္ဒာနွယ်ပြန်၍ မမှတ်မိတော့ပါ။

"သမီးတို့ဆာကြပြီလား"

ဦးလေးပဏ္ဍာ၏ဇနီး စောမင်းညို၏မိခင်က နန္ဒာနွယ်ကို အမိကထား၍ သူ့သမီးများကိုပါ မေးလိုက်သည်၊ စောမင်းညိုက သူ့မိခင် "ဒေါ်ကြာင့်"ဘက်သို့လှည့်၍. . .။

"ကိုစောနောင်လာမှ စားကြတာပေါ့အမေ၊ သူကခေါ်သည်ပဲ. . . သူ့ကိုစောင့်ဦးမှပေါ့"

စောမင်းညို၏စကားကို နန္ဒာနွယ်ကျေနပ်စွာ ထောက်ခံလိုပါသော်လည်း မသိသလိုသာ ငြိမ်နေလိုက်ရပါ၏၊

ယခုခရီးကို ဒေါ်ကြာနွဲ၏သဘောတူကြည်ဖြူချက်ဖြင့် အိမ်ကကားနှင့် လာခဲ့ကြခြင်းဖြစ်ပါ၏။

နန္ဒာနွယ်က ကိုစောနောင်ကို ခေါ်ပြီး ပင်းတယမြို့ရှိ ကိုယ့်ဦးလေးနှင့် အစ်ကိုမောင်များရှိရာသို့ လာလည်ကြခြင်းဖြစ်ပါ၏၊

"နန္ဒာနွယ် ခဏလေးနော်"





ဟူသော ပန်ကြားချက်ဖြင့် ကိုစောနောင်က ကားမောင်း၍ ထွက်သွားခဲ့သည်။ ဒရိုင်ဘာပါလာပါလျက် တစ်ယောက်တည်း ကားမောင်းထွက်သွားသည့်အတွက် စောမင်းညိုက သံသယအကြည့်များဖြင့် ကားကိုငေးကြည့်ကျန်ရစ်ကြောင်း နန္ဒာနွယ် သတိထားလိုက်မိသည်။

"ဟုတ်ပါရဲ့ ကိုစောနောင်ကလဲ. . . သူ့အသိလည်းမရှိဘဲ တစ်ယောက်တည်းဘယ်သွားပြီး ဘာလုပ်ပါလိမ့်"

စောမင်းညိုနှင့် နန္ဒာနွယ်တို့၏ အတွေးမျက်နှာများကို ဒေါ်ကြာင့်က အကဲခတ်မိသည်ထင်ပါ၏။

"ယောကျ်ားလေးဆိုတော့ ဒါလေး ဘာလေးများ သွားလုပ်လားမှ မသိတာ"

နှုတ်ခမ်းပေါ်မှ လက်မကို ပြန်စိုက်၍ပြလိုက်သည်။ အရက်သွားမော့သလားဆိုသော အဓိပ္ပာယ်ပါ။ ဒေါ်ကြာင့်က ရယ်မောမျက် ဆက်၍ပင်. . .။

"ဒါဆိုရင်တော့ မကြာဘူး၊ အင်း. . . ယောကျ်ားလေးများတာကြာရင်တော့ တစ်ခုခုပဲ. . ."

ဒေါ်ကြာင့်၏ဟာသကို နန္ဒာနွယ်တို့မောင်နှမ မကြားချင်ယောင် ဆောင်နေလိုက်ပါ၏။

နံနက်စာထမင်းကို အိမ်မှချက်ပြုတ်ယူလာပြီး ဉာဏ်ဗုဒ်တာလုတ်ကန်ဘေးမှာ လာရောက်စားသောက်ကြခြင်းဖြစ်၏။ စောမင်းညို၏ညီမငယ် "စောသူဇာမွန်" ကအဆင်းလှတဲ့ပင်းတယမြို့သာယာလှသော အဆိုတော် ခင်သစ်လွင်၏ သီချင်းကို ခပ်ရွှင်ရွှင်လေး ဆိုနေ

ပါ၏။

"ညီမလေး"

"ရှင်"

"ကိုစောနောင်ကို ညီမလေးမှာလိုက်တာလား"

"ဟာ. . . အစ်ကိုကလဲ မဟုတ်တာ၊ သူ့ဟာသူ လာတာပါ၊ ဘာဖြစ်လို့လဲ. . ."

"မဖြစ်ပါဘူး၊ သူက အစ်ကို့ညီမကို သိပ်ပြီးစိတ်ဝင်စား သလိုပဲ"

"ဒါ သူ့ဘက်ကပါ၊ ညီမလေးဘက်ကဘာမှမဟုတ်ပါဘူး"

အစ်ကို့ရှေ့မှောက်ရောက် ညီမငယ်တစ်ယောက်၏ မေတ္တာ ရေးရာကိစ္စမို့၊ နန္ဒာနွယ်က မျက်ဝန်းအကြည့်ကို တောင်တန်းများ ဘက်သို့လွှဲရင်း ပြောရပါ၏။

"ဘာပဲဖြစ်ဖြစ်ပေါ့လေ ကိုယ်ကမိန်းကလေး၊ အနေအထိုင် ဆင်ခြင်ပေါ့. . ."

"ဟုတ်ကဲ့ပါအစ်ကို"

"အမှန်တော့ သူကတစိမ်းပဲ၊ ဒို့တွေက သွေးသားရင်းတွေ သူပြောတာတွေကို တစ်ဖက်သတ်မယုံဖို့ အရေးကြီးတယ်"

"ဟုတ်ကဲ့ပါ အစ်ကို"

"အေးလေ. . . ညီမလေးလည်း အရွယ်ရောက်တဲ့ခေတ် ပညာတတ်တစ်ယောက်ပဲ၊ ချင့်ချိန်စဉ်းစားပေါ့၊ အစ်ကိုပြောချင် တာကတော့ ကိုစောနောင်ကို မယုံလွယ်ပါနဲ့လို့. . ."

"စိတ်ချပါအစ်ကို၊ ဒီကိုလည်း ဒေါ်လေးဣန္ဒာက လွှတ်





လိုက်လို့ပါ၊ ပြီးတော့လည်း အစ်ကိုနဲ့လိုက်ခဲ့မယ်ဆိုပြီးမှ မလိုက်ခဲ့ ရလို့ အစ်ကိုတို့ ဦးလေးတို့ဆီကိုလည်း နန္ဒာကိုယ်တိုင်က လာချင်လို့ လာခဲ့တာပါ. . ."

"အေး. . အေး. . . ဟော ပြောရင်းဆိုရင်း ပြန်လာပြီ၊ ဘယ်သွားတာလဲ မသိဘူး"

"ညီမလေး မေးကြည့်လိုက်ဦးမယ်"

သဥ္ဇာမွန်စံအိမ်ပိုင် လဲန်ရိုဗာကားကို မြေကြီးလမ်းပေါ်တွင် ခပ်ကြမ်းကြမ်း မောင်းဝင်လာသည်။

"ထမင်းစားစောင့်နေကြတယ် ကိုစောနောင်၊ ဘယ်သွား နေတာလဲ. . ."

"မြို့ထဲက သူငယ်ချင်းတစ်ယောက်ဆီပါ. . ."

"ပင်းတယမြို့မှာ အသိရှိတယ်လား"

"ရှိတာပေါ့"

"ဘယ်သူလဲ"

"ကိုကျော်စွာတဲ့"

"ဘာလုပ်တာလဲ"

"ရှေ့နေပဲ"

စောမင်းညိုက အသာလေးလှည့်လိုက်ပြီး. . .။

"ကိုယ် ပင်းတယသားပါ၊ ဒီမြို့မှာ ရှေ့နေကိုကျော်စွာဆို တာ တစ်ခါမှ မကြားဘူးပါလား"

သာယာညင်းပြောင်းစွာ ပြောပါသော်လည်း ကိုစောနောင် လန့်သွားပုံရပါ၏။

"အဲ. . . သူ. . . သူက ခဏလေးပြောင်းလာတာ၊ ခုပြန်ပြောင်းသွားပြီလို့ သိခဲ့ရပါတယ်".

မူမမှန်သော အသံထွက်များဖြင့် ယုတ္တိမတန်သောစကားကို ဆိုသော်လည်း၊ အစ်ကိုစောမင်းညိုက ဘာမှမချေပတော့ပါ. . .။ ထမင်းဝိုင်းဖြစ်မြောက်ရေးအတွက် သူကိုယ်တိုင် ဝိုင်းဝန်းစီမံနေပါ၏. . .။

နန္ဒာနွယ်တို့ ထမင်းစားပြီးခါနီးတွင် ဦးလေးဝဏ္ဏ ကိုယ်တိုင်လိုက်လာရှာသည်။ ဦးလေးသည် ဖြူဖြူနွဲ့နွဲ့ အရပ်ရှည်ရှည်နှင့်ကြည်လင်သောမျက်နှာပြင်တွင် အပြုံးကို မြင်ရခဲ့သည်။ အမြဲတည်ကြည်လွန်းသဖြင့် တင်းမာနေပုံရပါ၏။

ဦးလေးဝဏ္ဏ တင်းမာသလောက် ဒေါ်ကြာငုံကဖြင့် ဘာစကားပဲ ပြောလိုက်ပြောလိုက် ဟာသဘက်နွယ်သွားသော အပြောမျိုးကိုသာ ပြောလေ့ရှိသောသူပါ၊ သူတို့တွင် သားတစ်ယောက်သာ လက်ဝယ်ရှိပါ၏။ သားကြီးစောမင်းညိုက သဥ္ဇာမွန်မှာ. . .။

"ဦးရဲ့အကြောင်းတော့ ဖေဖေကအမြဲပြောပြပါတယ်ခင်ဗျ၊ လုပ်ငန်းကိုင်ငန်းရော ကောင်းပါရဲ့လား"

ရွှေနေလောင်းပီပီ အာဝဇ္ဇာန်းရွှင်စွာဖြင့် ကိုစောနောင် က ဦးဝဏ္ဏကို မေးမြန်းသည်။

"အလုပ်ကတော့ ကား ထောင်ထားတဲ့ အလုပ်ဆိုတော့ ရတော့ရပါရဲ့၊ လူစားလိုက် ကားစားလိုက်နဲ့ပါပဲ"

"လမ်းတွေကလည်း သိပ်မကောင်းတော့ ကားက အပျက်





များတာပေါ့ခင်ဗျာ" .

ဦးဝဏ္ဏက ခေါင်းညိတ်၍သာပြပါ၏။ ဦးဝဏ္ဏတို့၏ ပင်တိုင်စီးပွားရေးမှာ ကားနှစ်စင်း ထောင်စားခြင်းသာ ဖြစ်ပါ၏။ စားနိုင်သောက်နိုင်ရုံသာ၊ ပိုလျှံချောင်လည်ခြင်း မရှိကြောင်း အကဲခတ်၍နေစရာမလို၊ မြင်သာနေပါ၏။

"သဥ္ဇာမွန်အိမ်ကြီးရဲ့ ရှေးဟောင်းပစ္စည်းတွေ ခြံမြေတွေကို ထုခွဲရောင်းချပြီး အညီအမျှ ခွဲဝေယူချင်တဲ့ဆန္ဒ ဦးလေးဝဏ္ဏမှာ ရှိမှာပဲ၊ သူ့မှာလည်း မချောင်လည်လှဘဲကို"

နန္ဒာနွယ်က မတောက်ပလှသော ဦးဝဏ္ဏကိုကြည့်ပြီး ယင်းအတွေးများ ဝင်မိသည်။

"ဒါနဲ့ဦးလေးရယ်၊ ညိုမာမွန်ဆိုတဲ့မိန်းကလေးဟာ ဘယ်လိုများဖြစ်ပြီး ဦးတို့ဆီကနေ သဥ္ဇာမွန်မှာသွားပြီး အသတ်ခံရတာလဲဗျာ၊ သနားစရာ. . ."

စောမင်းညိုက ကိုစောနောင်ကို လှည့်ကြည့်သည်။ ဘာမှဝင်မပြော. . .။

ဦးဝဏ္ဏကသာ. . .။

"ဦးတို့အစ်ကို ကိုသီဟက လူကသာဒုက္ခိတ စိတ်ကမလျှော့ဘူး၊ ဒီကိစ္စကိုများ သမီးပျိုလေးကို ခိုင်းရတယ်လို့၊ ကိုယ့်ဆီလာပြီးဒီလိုဖြစ်သွားရတော့ ဦးတို့လည်း ဘယ်ကောင်းပါတော့မလဲ"

"ဒါကတော့ ဒီမှာ ဖြစ်တာမှမဟုတ်ဘဲ၊ သဥ္ဇာမွန်မှာ ဖြစ်တာပဲ ဦးတို့ရဲ့အပြစ်ကင်းစင်ပါတယ်လေ"

"ဒါပေမယ့် တို့ကလည်း ဖန်တီးပြီး လွှတ်လိုက်သလိုလို

လူတိုင်း ပါးစပ်က တို့ကို အပြစ်တင်ဝေဖန်နေကြတာ. . . မောင်စောနောင်ရဲ့"

ဤစကားပိုင်းသို့ ဒေါ်ကြာငုံက ဝင်လာပြီး ပြောလိုက်ခြင်းပါ။

"ကျွန်တော် ကြားတာကတော့ ညိုမာမွန်ဟာ သဥ္စာမွန်စံအိမ်ကို ရောက်မလာပါဘူးလို့ သဥ္စာမွန် မိသားစုက ငြင်းဆိုနေတယ်ဆို"

"ဟုတ်တယ်"

"ဒါနဲ့ ဘယ်လိုလုပ် သေမလဲ"

"ဟုတ်တယ်လေ. . . အဲဒါပဲ စဉ်းစားကြည့်ပေါ့. . . သဥ္စာမွန်မှာ မဏ္ဍနာရဲ့ သြဇာအာဏာ ဘယ်လောက် လွှမ်းမိုးနိုင်သလဲဆိုတာ"

"ခင်ဗျာ"

"သူက ညိုမာမွန် ရောက်မလာပါဘူးလို့ ငြင်းလိုက်တာနဲ့ သူ့ကျေးကျွန် နှစ်ဆယ်ကျော်လုံးကမမြင်ပါဘူး ဖြစ်ကြတာပဲ"

ဒေါ်ကြာငုံက စကားကြောရှည်ရင်း ဒေါသပါ ရောပါလာသည်။ ဦးဝဏ္ဏက. . .။

"မကြာငုံ မင်းက စကားပြောရင် လောလွန်းတာကို. . . သူ့အိမ်မှာနေတဲ့ လူနှစ်ဆယ်ကျော်လုံးပဲ သူ့ကျေးကျွန်ဖြစ်ရရောတဲ့လား၊ ဒါဆိုရင် ငါ့တူမနန္ဒာနွယ်ရော မင်းသားကြီးစောမင်းညိုပါ ပါမကုန်ဘူးလား"

ဒေါ်ကြာငုံက မခံချင်သော်လည်း မပြောသာဟန်ဖြင့်





ထမင်းများကို ခပ်ဆောင့်ဆောင့်ခူး၍ သံပန်းကန်ပြားထဲသို့ ထည့်ပေးနေသည်။

ထမင်းပိုင်းအတွင်းသို့ အမှတ်မထင် ဝင်၍ထိုင်လိုက်မိခြင်းပါ။ အစီအစဉ်မရှိ ကြုံသလို ထိုင်မိကြသည်။ နန္ဒာနွယ်က အလယ်မှ. . . လက်ယာဘက်တွင် စောမင်းညို ဝဲဘက်မှာ ကိုစောနောင်. . .။

"ညီမလေး. . . ရော့"

စောမင်းညိုက ငါးကျော်တစ်တုံးထည့်ပေးသည်။ ကိုစောနောင်ကဖြင့် နှုတ်က မဖွင့်ဟရဲ။ ပန်းကန်ထဲသို့ အသည်းတစ်တုံးပစ်ထည့်ရင်း မှုံးပြုလိုက်သည်။

ကိုစောနောင်၏ အပြုံးများကို ထိတွေ့ခံယူပြီး မလုံမလဲစိတ်ဖြင့် စောမင်းညိုကို နန္ဒာနွယ် ခိုးကြည့်မိသည်။

သိသော်လည်း. . . မြင်သော်လည်း. . . မသိဟန် မမြင်ဟန်ဖြင့် ထမင်းကို ငုံ့စားနေရှာပါ၏။

ထမင်းစားပြီးတွင် ဦးဝဏ္ဏ ဒေါ်ကြာငုံနှင့် သူ့အဖော်ကမစ္စည်းများသိမ်းရင်း ကျန်ရစ်ခဲ့ကြပါ၏။

နန္ဒာနွယ်တို့ လူငယ်အဖွဲ့မှာ သဥ္စာမွန်ပိုင် ကားနှင့်ပင်ပင်းတယမြို့၏ ကျက်သရေဆောင် ရွှေဥမင်ဂူဘုရားများကို ဖူးမြော်ရန် ထွက်လာခဲ့ကြပါ၏။

လဲန်ရိုဗာကား၏ နောက်ခန်းတွင် မျက်နှာချင်းဆိုင် အနေအထားဖြင့် အမျိုးသားနှစ်ယောက်၏ ရှေ့မျောက်မှ နန္ဒာနွယ်မှာ အနေရကျဉ်းကြပ်လှပါဘိ။

"ဆောင်းတန်းကြီး ကောင်းလာတယ်နော်"

"ဟုတ်တယ်. . . ဘုရားဖူးများရဲ့ ကောင်းမှုနဲ့ ဒေသခံတွေရဲ့ကြိုးစားမှုပေါ့"

စောမင်းညိုမှာ နန္ဒာနွယ် စကားစလိုက်သည်နှင့် ကူညီဖြေရှင်းပေးသည်။ ကိုစောနောင် စကားပြောလျှင်ဖြင့် ဘာမှဝင်၍မဆွေးနွေး။

ကိုစောနောင်က စောမင်းညိုနှင့် ရင်းနှီးလို၍ ရောနှောချင်သည်။ စောမင်းညိုကဖြင့် ခပ်တည်တည်ပါပင်. . .။

"မောသလားဟင် နန္ဒာ"

"ရပါတယ်"

ဘုရားစောင်းတန်း အလယ်မှ ကိုစောနောင်၏ ကရုဏာနှိုဒါန်းလေးများ. . .။

ဗုတ်တလုတ်ကန် မြင်ကွင်းကို အပေါ်စီးမှ လှပစွာမြင်ရပါ၏။ မောမြေမြင့်၏ လေနုအေးသည် လူကိုယ်ကိုသာမက အသည်းနှလုံးတွင်းသို့ပါ တိုက်ခက်နိုင်သည့်နှယ် ရင်ဝယ်အေးမြချမ်းငြိမ်းရပါဘိ. . .။

"လျှပ်စစ်မီး ဖွင့်ပေးပါ့မယ်"

ရွှေဥမင်လိုဏ်ဂူအတွင်းသို့ဝင်ရန် ဘုရားလူကြီးများက စေတနာပြုသည်။

စောမင်းညိုက အတွင်းသို့လိုက်မဝင်၊ တန်ဆောင်းသစ်၏ ပြတင်းတံခါးဝတွင် ရပ်လျက် ကျန်ရစ်သည်။ သူသည် ကိုစောနောင်နှင့် နန္ဒာနွယ်ကို မကြည့်တော့။ မောမြေမြင့်၏ ရှုခင်းကိုသာ





အပေါ်စီးမှ ငေးကြည့်ရင်း ကျန်ရစ်သည်။

"အစ်ကိုက သိပ်မကြည့်ချင်ဘူး၊ အရာရာပါလို့ မကောင်းဘူးဆိုတဲ့ အသိနဲ့ သူနေခဲ့တာပဲဖြစ်ရမယ်"

နန္ဒာနွယ်က ယင်းအတွေးများဖြင့် ရွှေဥမင်ဂူဘုရားများအတွင်းသို့ ဝင်ခဲ့ရသည်။ သဘာဝ ကျောက်ဂူကြီးအတွင်းမှာ ကျောက်သားများကို ဘုရားဆင်းတုတော်ပုံများ ထွင်းထုထားသည်မှာ အံ့မခန်းစရာပါ။ ဤဂူအတိုင်း ဆက်သွားပါလျှင် ပုဂံမြို့သို့ ပေါက်ရောက်နိုင်သည်ဟု အဆိုရှိပါ၏။

ချွေးထွက်ဘုရား. . . ကျောက်မောင်းများ ကျောက်စက်ကျရေများရှိနေရာကို တအံ့တသြပင်ဖူးမြော်ရပါ၏။ အေးစိမ့်ခြင်းဖြင့်လည်း စွတ်စိုသိပ်သည်းနေပါ၏။

သဘာဝ၏ လှပဆန်းကျယ်မှုသည် လူသားတို့ ဖန်တီးထားသည်ထက်ပင် လက်ရာမြောက်လှကြောင်းကို နန္ဒာနွယ်တအံ့တသြတွေးရင်း ငေးရင်း လျှောက်လာမိစဉ်. . .။

"ဟိုက်"

"အို. . . နန္ဒာ"

ရေညှိပေါ် ရောက်ခြေထောက်မှာ ဟန်ချက်လွတ်သွားသည်။ ချော်သွားသော အရှိန်နှင့် နောက်ပြန်လန်ကျသော်လည်း အနီးတွင် ကပ်ပါလာသော ကိုစောနောင်၏ လျင်မြန်ဖျက်လတ်မှုကြောင့်. . .။

နန္ဒာနွယ်မှာ ကိုစောနောင်၏ ရင်ခွင်တွင်းမှာ. . .

"နန္ဒာ လန့်သွားလားဟင်. . . ဘယ်နာသွားသေးလဲ"

သူက လွှတ်မပေးသေးဘဲနှင့် ငုံ့ရင်းမေးသည်။

နန္ဒာနွယ်မှာ မျက်နှာချင်းအပ်မိတော့ အနေအထား… လွှဲဖယ် ရုန်းထွက်လိုက်ရသည်။

"နောက်တစ်ခါ ချော့လဲပါစေဦး"

"အို. . . ဘုရားထဲမှာကို. . ."

နန္ဒာက ရှက်လန့်စိတ်များနှင့် ညူစူသလိုပြောရင်း ဂူ… အတွင်းမှ ပြန်ထွက်ခဲ့ရသည်။ ကိုစောနောင်ကဖြင့် နှစ်သိမ့်စွာပြုံး… ရယ်လျက်ပါ. . .။

စောမင်းညိုသည် ဂူအတွင်းမှ ထွက်လာကြသော နှမငယ်… အနီးမှ ကိုစောနောင်ကို စိမ်းသောအကြည့်များနှင့် စောင့်ကြည့်ကြည့်… နေပါသတည်း။

* * *



အခန်း(၁၁)

ထင်းရှူးရွက်ချွန်ချွန်လေးများအတွင်းမှ မီးရောင်စုံပွင့်… လေးများသည် လုပစွာလင်းလက်နေကြသည်။

ခြံထောင့်နှင့် သစ်ပင်အောက်များဆီမှ မီးဆလိုက်များ… အရောင်သည် ဥယျာဉ်ပြင် တစ်ခုလုံးကို လင်းထိန်တောက်ပနိုင်… စေပါ၏။

တေးသံသာ ဖျော်ဖြေခန်း ပဏာမ အစီအစဉ်ကို စတင်… တင်ဆက်ချိန်မှာပင် စားသောက်ဖွယ်ရာများ ရောက်ရှိလာပါ၏။ … သမကာကြိုက်သူများအတွက် ဘားကောင်တာ သီးသန့်ဘက်တွင်… ထိုင်နိုင်ရန်လည်း စီစဉ်ထားပြီးဖြစ်ပါ၏။

"ရော့. . . ဒါဆွဲထား"

"အို. . . နေပါစေ. . . ဒေါ်လေးကနန္ဒာ"

"ဦးဒိဗ္ဗရဲ့ မြေးတစ်ယောက်အဖြစ်နဲ့ ရောက်လာပြီး ဘာ ဝတ်စရာမရှိတော့ သိက္ခာကျစရာပဲ၊ ပြီးတော့ လည်ပင်းမှာလည် ရှင်းရှင်းကြီး၊ ဒါဝတ်ထားပါ၊ မပျောက်စေနဲ့၊ သိပ်အဖိုးတန်တယ်"

ဆည်းဆာဦးဆီက ဒေါ်ကြူနွှာ ပြောခဲ့၊ ပေးခဲ့သော စိန်လည် ဆွဲကို လက်နှင့်စမ်းကြည့်ရင်း ပရိသတ်အလယ်တွင် ပြန့်လည်ကြ ယောင်နေမိသော နန္ဒာနွယ်မှာ. . .။

အနက်ရောင် ဘရိုကိတ် အပျော့စားကို လည်ဟိုက်အက နှင့်လုံချည်ဆင်တူ ဝတ်ဆင်ထားမိသည်။ နီဝါစိမ်းရောင်ပြေးလေ များက ဘရိုကိတ်အနက်ပေါ်တွင် ပုန်းကွယ်လိုက် ပေါ်တင်လိုက် ဖြင့် အလင်းရောင်ဟပ်တိုင်း လှပသော ရောင်ပြေများကို ပေါ်ထ စေသည့်ဝတ်စုံပါ၊ ဝင်းဝါသော နန္ဒာနွယ်၏လည်တိုင်နှင့် ရင်ညွ တစ်ဝိုက်မှာ လစ်ဟာနေသဖြင့် ဒေါ်ကြူနွှာက အဖိုးအနဂ္ဃ ထိုက်တန်လ မည်ဖြစ်သော သူ၏စိန်လည်ဆွဲကိုပေးအပ် ဆွဲစေခဲ့ခြင်းဖြစ်ပါ၏။

နန္ဒာနွယ်မှာဖြင့် စိတ်မချမ်းသာ. . .။

မလှချင်လည်း နေပါစေ၊ သတိကြီးထား၍ နေရသည် အဖြစ်က စိတ်ညစ်စရာပါ။ စိတ်လွတ်ကိုယ်လွတ် မနေရပါ။ လွတ်လ မှုကို နှောင်ဖွဲ့ထားခံရခြင်းလောက် လူတစ်ယောက်၏ကျဉ်းကြပ် ကြီးမားခြင်းမရှိနိုင်တော့ပါ၊

"မလှချင်လည်းနေပါစေတော့"

ဟူသော ဆန္ဒစိတ်များဖြင့် စိန်လည်ဆွဲကို ချွတ်ပစ်ချင်စိတ် ပေါက်မိသော်လည်း ကြောက်ရသော ဒေါ်ကြူနွှာကို မလွန်ဆန် ၍ပါ. . .၊





"နန္ဒာရေ. . . ဟောဒီမှာ မဟာဒေဝီဒေါ်စဝ်မြဝတီ"

"သူက မမဥမ္မာ သမီး နန်းနန္ဒာနွယ်လေ"

"နန္ဒာရေ. . . ဗိုလ်မှူးတို့ ဝိုင်းမှာ လိုတာကြည့်ပေးပါဦး"

သော စကားလုံးများဖြင့် နန္ဒာနွယ်ကို ပွဲထုတ်ပေးရှာပါ၏။

ပရိသတ်များ ပိုမိုများပြားလာသည်။ လူချင်း ရောထွေး ကုန်ကြသည်၊ နောက်ပိုင်းလာသူများမှာ သီးသန့်ဝိုင်းမရတော့။ လွတ်သည့်နေရာတွင် ဝင်ထိုင်ရသဖြင့် တွဲလာသူများ ကွဲကုန်ကြတော့ သည်။

လာသူများကလည်း လှပသော အဆင်တန်ဆာများဖြင့် ည့်ခံပွဲကို လေးစားဂုဏ်ပြုဟန်ဖြင့် ထိုက်ထိုက်တန်တန် ဝတ်စား လာကြသည်။ တချို့က မွေးနေ့လက်ဆောင် အထုပ်များဖြင့်၊ တချို့ကလည်း မပါကြပါ။

အကျွေးအမွေးကလည်း အနောက်တိုင်း ညစာ စားပွဲမို့ တစ်ခိုန်တည်းတွင် သူ့အလှည့်နှင့် တစ်မျိုးပြီးတစ်မျိုး ကျွေးမွေးသွား ခြင်းပါ။

ဒေါ်ကြူနွှာ၏ အသက်ငါးဆယ်ပြည့် ရွှေရတု မွေးနေ့ပွဲကား ခမ်းနားလှပပါဘိ. . .။

"ဟော. . . ကိုစောနောင်ပါလား"

"ဦးလေးထွန်း နေကောင်းတယ်နော်"

စသော နှုတ်ဆက်စကားများဖြင့် ကိုစောနောင်သည်လည်း ပွဲအလယ်တွင် ဝင့်ထည်နေသူပါ။

ပွဲမဝင်နိုင်ရှာသူက စောမင်းညို. . .။

အစ်ကို၏ သိမ်ငယ်ရာသော အဖြစ်ကို နန္ဒာနွယ် သ…
လာမိသည်။

ဤ မင်းပရိသတ် အလယ်သို့ ပွဲမဝင်နိုင်ရှာသော်လည်း
ဒေါ်ကြူနွာက ပွဲမထုတ်ပါသော်လည်း သူ့ခမြာ မအား။ မနားရ…
ပါ။ ဦးဩတ ဦးသိုက်တို့နှင့်အတူ အလေးအပင် မ,ရခြင်း၊ စားပွဲ…
မီးပြင်၊ စားစရာသယ်သော အလုပ်များကို စိတ်ပါလက်ပါ စေတ…
နှင့် လုပ်ပေးနေရှာပါ၏။

"အစ်ကို လာလေ"

"နေပါ၊ ညီမလေးသာ သွားပါ"

"အားပြိုပဲအစ်ကိုရယ်… အစားဝိုင်း မဝင်ချင်ရင်လည်…
သီချင်းဆိုတာ လာနားထောင်ပါဦး၊ စတိတ်(ချ)ရှေ့မှာ ထိုင်ခုံတွေလွ…
နေတာပဲ"

"နေပါစေကွာ… နေပါစေ"

"သြော်… အစ်ကိုက ချောင်ထဲမှာ လုပ်နေရတော့ န…
နေရတာမဖြောင့်သလိုပဲ"

"သြော်… အစ်ကို့ညီမက အစ်ကို့ကို အားနာနေတ…
ကို… အစ်ကို့ဘဝကတော့ ကျင့်သားရပြီးသားပါကွာ"

သဉ္ဇာမွန်တွင် မှိုခိုကပ်ရပ်နေသူ တစ်ယောက်အဖြစ်ကျ…
သားရပြီးသားပါ ဆိုသော စကားကြောင့် နန္ဒာနွယ်ပို၍ သနား…
ပါသည်။

"လာပါအစ်ကိုရာ… နန္ဒာ့အတွက်လည်း အားလုံးမျက်…
စိမ်းညှိသည်တွေပါ"

ကြောင်နှစ်ကောင်စာပေ



"မောလူငယ်… တေးဂီတအဖွဲ့" ဖျော်ဖြေနေကြသည့်
…တ်ခုံရှေ့သို့ နန္ဒာတို့ ရောက်ရှိလာကြသည်။ စောမင်းညိုမှာ နန္ဒာ
…ယ်ကို စိတ်မချချင်သလို စိုက်ကြည့်နေပါကြောင်း နန္ဒာနွယ် သတိ
…ားနေမိပါသည်။

"သြော်… နန္ဒာက ဒီရောက်နေတာကို"

မကြာမီ ကိုစောနောင် လိုက်လာပြီး…။

"ကိုယ့်မိတ်ဆွေတွေနဲ့ မိတ်ဆက်ပေးချင်လို့ ခဏလာပါ နန္ဒာ၊
…သြော်… ကျွန်တော် နန္ဒာ့ကို ခဏခေါ်သွားပါရစေ ကိုစောမင်းညို"

စောမင်းညိုက တည်ကြည်သော မျက်နှာထားနှင့် ခေါင်း
…တ်၍ ပြလိုက်ရှာသည်။ ခွင့်လွှတ်ဟန်နှင့် ပြုံးထားရသော်လည်း
…စိတ်မှာ ရှင်ပျပုံမရ။ နှမငယ်ကို တစ်ချက်မျှ စူးစိုက်စွာကြည့်ပြီး
…တ်စင်ဘက်သို့ ပြန်လှည့်သွားတော့သည်။

နန္ဒာနွယ်မှာလည်း စောမင်းညိုထံသို့ ပြန်၍ သွားခွင့်မရ
…တော့ပါ။

ဧည့်သည်များကြားတွင် ဧည့်ခံမှုများဖြင့် နစ်မြုပ်နေရ
…တော့သည်။

"အစ်မနန္ဒာ… အစ်မနန္ဒာ"

"ဟော…"

လူကြားထဲတွင် ကိုတူးက လက်လာဆွဲသည်။

"အမေစောနန်းက ခေါ်နေတယ်တဲ့၊ အိမ်ပေါ်ခဏ လာခဲ့
…ပြီးတဲ့"

"သြော်… အေး… အေး…"

ကြောင်နှစ်ကောင်စာပေ

အမေစောနန်းက ခေါ်နေတယ်၊ အိမ်ပေါ်ခဏလာပါဦ
ဆိုသော စကားများကြားတွင် "တဲ့" နှစ်လုံးပါနေသည့်အဖြစ်က
နန္ဒာနွယ် သတိမထားလိုက်မိ. . .၊ "တဲ့"ဆိုသော စကားသည် တ
ဆင့်ခံဆိုသည့်အဖြစ်ကိုပါ လျစ်လျူရှုမိသော နန္ဒာနွယ်မှာ. . .

ပရိသတ်များစွာ စည်ကားသိုက်မြိုက်ခြင်းနှင့် လင်းထိ
နေသော ဧည့်ခံပွဲကို ကျောခိုင်းလျက် အလင်းရှိန်အားနည်းနေသေ
သဥ္ဇာမွန်စံအိမ်အိုကြီးဆီသို့ တစ်ယောက်တည်း ထွက်လာခဲ့မိပါတေ
သည်။

"အမေ"

"အမေစောနန်း"

နောက်ဖေးခန်းတွင်မရှိ။ သွား၍ဖြင့်မကြည့်တော့၊ လှေကာ
ထိပ်မှ လှမ်းအော်ပြီး အပေါ်ထပ်သို့ တက်လာခဲ့တော့သည်။

တစ်အိမ်လုံး မည်းမှောင်တိတ်ဆိတ်နေသည်။ ဘုရားခ
ဆီမှ မီးနီနီလေးမှလွဲ၍ သဥ္ဇာမွန်တွင် အလင်းရောင်ဆိတ်သု
နေသည်။

"ဟင်"

ဘုရားခန်း၏ထိပ်တွင် လူတစ်ယောက် ကုလားထိုင်ပေါ်
တွင် ငြိမ်သက်စွာ ထိုင်နေပါ၏။ အလင်းရောင်ကိုကျောခိုင်းထားပ
၍ သူ့သဏ္ဌာန်က မကွဲပြား။ သူက မလှုပ်မယှက် အိပ်၍များပျေ
နေလေသလား။ နောက်ခိုင်းအနေအထားနှင့်မို့ နန္ဒာနွယ်မသိနိုင
ဘယ်သူမှန်းလည်း ဂရုတစိုက်မကြည့်မိပါ. . .။

"အမေစောနန်း. . . အမေစောနန်း"





"နန္ဒာ့ကို ခေါ်တယ်ဆို"

အသံပြုရင်း နောက်ဘက်ဆောင်သို့ အပြေးလေး ဝင်ခဲ့မိ
ည်။

"ဟင်. . . ဘယ်သူမှလည်းမရှိပါလား"

တိတ်ဆိတ်ခြင်းနှင့် မှောက်မိုက်ခြင်းများက နန္ဒာနွယ်၏
တ်ကို ခြောက်ချားစပြုလာပြီ. . .။

မီးဖိုခန်း၏အလယ်တွင် ခြေစုံရပ်လိုက်သည်။ ဧည့်ခံပွဲခင်း
လယ်သို့ အမြန်ပြန်သွားသင့်ကြောင်း အသိတရားကနှိုးဆော်
ာသည်။

အိမ်ရှေ့ဘက်သို့ ခြေတစ်လှမ်း လှမ်းလိုက်ပြီးမှ. . .။

"အို. . . အိမ်ကြီးတစ်ခုလုံး မှောင်လို့"

"ပြီးတော့ ငုတ်တုတ်ကြီးထိုင်နေတဲ့ လူတစ်ယောက်ဟာ
ယ်သူများပါလိမ့်"

ယင်းအတွေးကြောင့် နန္ဒာနွယ် အိမ်ရှေ့ခန်းမကြီးဖြတ်ပြီး
မြန်ရဲတော့. . .။

နောက်ဖေးဘက်တွင် ကြောင်လိန်လှေကားရှိသည်။ ယင်း
လကားမှ ပြေးဆင်းပြီး အလင်းရောင်ရှိရာ လူများစု အုံဖွဲ့နေရာ
ရပ်သို့ အမြန်ပြေးသွားရန် ရည်ရွယ်ချက်များဖြင့်. . .။

"ဟာ"

တံခါးက ချက်ဖြုတ်စရာမလို၊ အလိုလို ပွင့်နေပြီးသားမို့
နွာနွယ်ကိုင်လိုက်သည်နှင့် ပွင့်လာသည်။ အပြင်ဘက်မှ မောလေ
ားသည် နန္ဒာနွယ်၏အသည်းနှလုံးကို ဖမ်းယူလိုက်သည်သို့ပင် ရင်၌

အေးစိမ့်ခြင်းများဖြင့် ချောက်ချားသွားရပါပြီ. . .။

တံခါးနှစ်ချပ်ပွင့်ဟပြီးလျှင် အပြင်မှ အလင်းရောင်ခပ် လဲ့လဲ့လေးဝင်လာသည်၊ ကြောင်လိမ်လှေကားထစ်များကို နင်း၍ ဆင်းရန် ပထမဆုံး ခြေလှမ်း လှမ်းလိုက်မိသည်နှင့်. . .၊

"ဟိုက်. . .အို. . .အာ. . .အာ. . .အာ"

နန္ဒာနွယ်၏ ဦးခေါင်းဆီသို့ မည်းမှောင်သော အဝတ်ကြီး တစ်ခုရစ်ပတ်လာသည်။

သန်မာသော လက်ကြီးနှစ်ဖက်က နန္ဒာနွယ်၏ လည်ပင်း ကို ရစ်သိုင်းဖမ်းချုပ်ပြီး ပါးစပ်နေရာကို အဝတ်ပေါ်မှ ကြမ်းတမ်း စွာ အုပ်ပိတ်ထားပါ၏၊

"အင်. . .အင်"

ဟူသော လည်ဝဆီမှ အသံလေး သေးသေးသည်သာ ကယ်ပါဟူသော အကူအညီ တောင်းသံအဖြစ်နှင့် ထွက်လာနိုင်ခဲ့ တော့သည်။

"အမလေး. . .ဘုရား. . . .ဘုရား. . .အို"

ဟူသော တမ်းတ အော်ဟစ်စိတ်များဖြင့် နန္ဒာနွယ်မှာ ကြောင်လိမ်လှေကားထက်မှ ကစဉ့်ကလျား ဆင်းသက်လာခဲ့ရပါပြီ၊ အန္တရာယ်ရန်သူ၏ ကြမ်းတမ်းစွာ ဆွဲခေါ်မှုနောက်သို့ ရုန်းရင်း ကန်ရင်းဖြင့် အားမာန်လျှော့စွာ လိုက်ပါခဲ့ရသော နန္ဒာနွယ်. . .။

"အို. . .အင်. . .အင်"

မြေပြင်ပေါ်တွင် အရောက်တွင် အသံထွက်နိုင်ဖို့ လွတ် မြောက်နိုင်ဖို့အတွက် နန္ဒာနွယ် အင်ကုန်အားကုန် ကြိုးစားပါသော





သည်။ ရေတော့. . .။

"ငါ့ကို ဘာလို့ဖမ်းသွားတာလဲ. . . ဘယ်သူများလဲ"

ဟူသော သိလိုဇောစိတ်များဖြင့် တရွတ်တိုက်လျက် ပါလာ ရသည်။

"အို. . .ဒါ. . .ဒါ. . .သချိုင်းဂူတွေရှိတဲ့ နေရာဘက်ပါ လား"

ဤမြေနေရာကို နန္ဒာနွယ် မစိမ်းပါ။ မောင်ဟေမာန်ရှိရာ သို့သွားနေကျမို့ သတိထားလာနိုင်မိသည်။

"အမယ်လေး. . .ဘုရား. . .ဘုရား"

"ဒီနေရာကိုခေါ်လာရင်တော့ ငါ. . .ငါ့ကို. . .ငါ့ကို သတ်တော့မှာပါလား"

ယင်းအသိကြောင့် နန္ဒာနွယ်၏အင်အားနှစ်ဆ တိုးလာ သည်။ ငိုမိုရုန်းကန်လာသည်။ လူသတ်သမားသည်ပင် နန္ဒာနွယ်ကို ဂရုတစိုက်နှင့် အင်အားထုတ်၍ ဖမ်းချုပ်ဆွဲခေါ်လာရပါ၏။

သုူပစ်မှတ်နေရာသို့ ရောက်ပြီထင်ပါ၏။ လူသတ်သမားက ရပ်တန့်သွားသည်။

လက်ဖြင့် အုပ်ထားသော ပါးစပ်နေရာကို ဖြေလွှတ် လိုက်သည်။ အဝတ်အုပ်ထားခြင်းကြောင့် မွန်းကြပ်နေသော်လည်း ပိတ်ဆို့မှုလွတ်ကင်းသွားသောနှုတ်က. . .။

"ကယ်. . .ကြ. . .ပါ. . .အာ"

နောက်ပိုင်းအသံများ ရောထွေးသွားရပါပြီ။ သိုင်းဖက် ထားဆဲ လည်ပင်းဆီမှလက်ဖျံသန်သန်ကြီးက ဖိညှစ်လာသည်။

"အင်. . . အ. . . အ"

မွန်းကြပ်သော၊ အစ်သော၊ နာကျင်သောဒဏ်က မချိမဆန့် ခံရပါပြီ။ အသက်ရှူ၍မရတော့။ ပြင်းထန်သော ဝေဒနာက လည်ပင်းဆီမှာ စုပြုံခံစားရမှုကြောင့် နန္ဒာနွယ်၏ကိုယ်ခန္ဓာလေး မှာပျော့ခွေရပါပြီ။

ရှုန်းနိုင်စွမ်းအား မရှိတော့ပါ။

ကျားရဲတစ်ကောင်၏လက်တွင်းမှ သမင်ငယ်လေးတစ်ကောင်ပမာ လည်စင်းခံရသော. . .။

ဤစက္ကန့်ပိုင်းလေးအတွင်းမှာပင်. . .။

"အင့်"

ဟူသော အသံတစ်ခုကို အနီးကပ်ကြားလိုက်ရသည်။ လူသတ်သမား၏ တင်းမာနေသော လက်များမှ ရှုပ်ချည်းပင်အား ပျော့လာသည်။

"အုန်း. . . အုန်း"

ဆိုသော အသံနှစ်ချက်ဆင့်၍ ကြားလိုက်ရခြင်းနှင့် အတူ နန္ဒာနွယ်၏ နောက်ကျောဆီမှ လူသတ်သမား၏ ညည်းညူသံကြားရပြီးသည်နှင့် နန္ဒာနွယ်မှာ သူ၏အနှောင်အဖွဲ့မှ လုံးဝလွတ်မြောက်သွားခဲ့ပါပြီ။

"ဟင်. . . ဟင်"

အုပ်ထားသောအဝတ်ကို လှင့်ဖယ်သည်နှင့် လုံးထွေးနေကြသည့် လူနှစ်ယောက်ကိုမြင်ရသည်။

စက္ကန့်ပိုင်းလေးအတွင်းမှာ ဖြစ်သော်လည်း တိုက်ခိုက်မှုက





ပြန်ဆန်လှသည်။ တစ်ဦး၏တိုက်ကွက်နှင့် တစ်ဦး၏ရိုက်ချက်များက တစ်ဦးပေါ်သို့ တိတိကျကျထိရောက်သည်။

နောက်ဆုံးတွင်. . . .။

"ဟိုက်. . . အာ"

ဟူသော အော်သံနှင့်အတူ ဖြူသောဝတ်စုံနှင့်လူ ယိုင်လဲသွားချိန်တွင်. . .။

မည်းမှောင်သော အဝတ်နှင့်လူသတ်သမားသည် အင်အားကုန်ထွက်ပြေးလွတ်မြောက်၍ အမှောင်ထဲတွင် ကွယ်ပျောက်သွားချေပြီတည်း. . .။

"မမ. . . မမနန္ဒာလားဟင်"

"အမယ်လေး. . . ဟုတ်တယ်. . . ဟုတ်တယ်. . . မောင်ဟောမာန်နော်"

"ဘာဖြစ်သွားသေးလဲဟင်. . . ဘာဖြစ်သွားသေးလဲ"

"လည်. . . လည်ပင်းက နာတယ်"

တစ်ကိုယ်လုံး တုန်နေသော နန္ဒာနွယ်မှာ မနည်းအားယူ၍ ပြောရင်း မျက်ရည်များပါ ကျဆင်းလာမိသည်။

"လာ. . . လာ မမနန္ဒာ၊ ဟိုကောင့်နောက် လိုက်ရအောင် ပွဲခင်းထဲကလူတွေနဲ့ ဝိုင်းဖမ်းရင် မိနိုင်ဦးမှာ"

မောင်ဟောမာန်က နန္ဒာနွယ်၏လက်ကိုဆွဲပြီး ပြေးသည်။ နန္ဒာနွယ်လည်း ကစဉ့်ကလျားပင် ပြန်လည်ပြေးလွှားရပြန်သည်။

"ပွဲခင်းထဲကလူတွေ"

မောင်ဟောမာန်ဦးတည်ပြေးနေသော နေရာကိုစဉ်းစား

လာမိသည်။ ယင်းအသံကြောင့် ခြေစုံရပ်လိုက်ပြီး နာကျင်နေသော လည်ပင်းကို အုပ်ကိုင်ယင်း . . .။

"မောင်ဟေမာန်"

"ဗျာ . . . မမ-နန္ဒာ"

"ပွဲခင်းကလူတွေ လန့်ကုန်လိမ့်မယ်"

"လန့်ပစေပေါ့ . . . ဒါမှ လူသတ်ကောင်ကိုမိမှာပေါ့"

"မဟုတ်သေးဘူးကွယ် . . . သူတို့ မင်္ဂလာယူနေတာ မမနန္ဒာကြောင့် . . ."

"ဟာ . . . မမနန္ဒာတာလဲဗျာ၊ လာစမ်းပါ"

မောင်ဟေမာန်ကဆွဲ . . . နန္ဒာနွယ် ချင့်ချိန်မှုဖြင့် ရုန်းကန်နေချိန်တွင် . . .။

"ဟဲ့ . . . အမယ်လေး . . . ဘယ် . . . ဘယ်လိုဖြစ်လာကြတာလဲ"

"ညီမလေး . . . ညီမလေး"

နန္ဒာနွယ်တို့ရှိရာသို့ ပြေးလာကြသူနှစ်ယောက်က ဒေါ်စောနန်းနှင့် စောမင်းညို . . .။

"ပွဲခင်းထဲမှာမတွေ့လို့ ချက်ချင်းလိုက်ရှာတာ ကြည့်စမ်း ဒီကောင် . . . ဒီကောင် အရှေ့က ငါ့ညီမကို . . ."

"အို . . . မဟုတ်ဘူး . . . မဟုတ်ဘူး . . . အစ်ကိုရဲ့"

စောမင်းညို၏ လက်မောင်းပေါ်သို့ မျက်နှာအပ်လိုက်ပြီး နန္ဒာနွယ် ငိုချမိပါပြီ။

"အို . . . ဘယ်လိုဖြစ်ကြတာလဲကွာ၊ မောင်ကောင် ဟေမာန်





နန္ဒာဘာဖြစ်သလဲဟင်"

"သချိုင်းကုန်းကို ခေါ်လာတာပဲ၊ သတ်ပစ်ဖို့လေ"

"အရူး . . . တွေ့ကရာတွေ ရှောက်မပြောနဲ့"

"ဟုတ်တယ် . . . ဟုတ်တယ်အစ်ကို"

"ဟင် . . . ဘာ"

"နန္ဒာ . . . နန္ဒာ့ကို အဝတ်နဲ့အုပ်ပြီး အတင်းဆွဲခေါ်လာတယ် . . ."

"ဗျို"

"ပြီးတော့ . . . လည်ပင်းညှစ်သတ်တယ်"

"ဟာ"

"သူ . . . သူ မောင်ဟေမာန်ဝင်ကယ်လို့ အစ်ကိုရဲ့ . . . မဟုတ်ရင် ညီမလေးသေပြီ သိလား"

"အင်အားကုန်နေသော နန္ဒာနွယ်မှာ စောမင်းညိုပေါ်သို့ မှီလဲရင်း လှိုက်လှဲစွာငိုမိပါသည်။

"ဖြစ်မှုဖြစ်ရလေကွာ၊ ဒါကြောင့် အစ်ကိုစိတ်မချလို့ မျက်စိအောက်က အပျောက်မခံဘဲကြည့်နေမိတာ၊ ဟိုခွေးမသားလာခေါ်သွားတာ၊ နေပါဦး . . . ညီမလေးကို ပွဲခင်းထဲက ခေါ်ထုတ်လာတဲ့ စောနော်လား ဟင်"

"မဟုတ်ဘူးအစ်ကို၊ သူ . . . သူ"

ဒေါ်စောနန်းကို လက်ညှိုးညွှန်ပြပြီးမှ . . .။

"အမေစောနန်းက ခေါ်ခိုင်းတာဆို"

"အမယ်လေး . . . မြတ်စွာဘုရား၊ ကျားသားမိုးကြိုး ဘုရား

ပေးပေး၊ ကျမ်းပေးပေးပါတော်. . . မခေါ်ခိုင်းရပါဘူး"

"ကဲ. . . လာလာ. . . ဒီခြံကြီးထဲမှာ ငြင်းမနေကြနဲ့၊ ပွဲထဲက လူတွေသိရင်လည်း မကောင်းဘူး၊ လာ. . . သဥ္ဇာမွန်ပေါ် သွားကြမယ်"

စောမင်းညိုက ဦးဆောင်ပြီး နန္ဒာနွယ်ကိုတွဲလျက် အိမ်ကြီးဘက်သို့ ထွက်လာခဲ့ကြသည်။

"ဟာ. . . ဘယ်လိုဖြစ်လာကြတာလဲ"

အိမ်ဝမှဆီး၍ အလန့်တကြားမေးလာသူက ကိုစောနေဒင်၊

ဖိနပ်မပါ. . . အဝတ်အစားများ ဖရိုဖရဲနှင့် တွဲခေါ်လာရသောနန္ဒာနွယ်ကို သူက ဝိုးရိုမ်ခြင်းကြီးစွာ စိုက်ကြည့်နေရှာပါ၏၊

သူ့ကိုပြန်၍စိုက်ကြည့်နေသော စောမင်းညို၏ မျက်ဝန်းကိုဖြင့် သူမမြင်၊ စောမင်းညိုအကြည့်တွင် သံသယငွေ့များစွာဖြင့် စက်ဆုပ်စွာကြည့်နေကြောင်းကိုဖြင့် နန္ဒာနွယ်သတိထားလိုက်မိပါသည်။

"ညီမလေး နေသာရဲ့လား၊ သိပ်လန့်သွားသလား. . . ဒေါ်စောနန်း ရေတစ်ခွက်ယူခဲ့ပါ"

စောမင်းညို. . . ကိုစောနေဒင်နှင့် မောင်ဟေမာန်တို့က ဖြည်းဖြည်းလေးရေသောက်နေသော နန္ဒာနွယ်ကိုသာ စိုက်ကြည့်နေကြပါ၏။

"လည်ပင်းက နာသေးလား"

စောမင်းညိုက လိုက်မောသံနှင့်မေးလိုက်ပါ၏၊

"နည်းနည်းပဲ နာပါတယ်"





"ပြောနိုင်ရင် ဘာဖြစ်တယ်ဆိုတာ အစ်ကို့ကို ပြောပြစမ်းပါ"

သိလိုဇောကြီးစွာဖြင့် စောမင်းညိုက မေးလာသည်။

နန္ဒာနွယ်မှာ စကားပြောရန် အားယူရပါသေးသည်။ ယခုမိနစ်ပိုင်းအတွင်းမှ အဖြစ်အပျက်များသည် နန္ဒာနွယ်၏ ကိုယ်ခန္ဓာဆီမှ တစ်သက်တာ အင်အားများ ထုတ်နှုတ်ယူငင်လိုက်သလိုရှိရပါ၏။

"နန္ဒာ့ကို အမေ စောနန်းက ခေါ်ခိုင်းတယ်ဆိုလို့ အိမ်ဘက်ကို ပြန်တက်လာခဲ့တာ"

"အမယ်လေး. . . ဒုက္ခပါပဲ"

ဒေါ်စောနန်းက ရင်ဘတ်ကို ဖိနှိပ်ရင်း အလန့်တကြားအော်လိုက်ပါ၏။

"ဆက်သာ ပြောစမ်း. . . ညီမလေး"

စောမင်းညိုက ဒေါ်စောနန်း၏အဖြစ်ကို ဂရုမစိုက်ပါဘဲနှင့်နန္ဒာနွယ်ကိုသာ နှိုးဆော်လိုက်ပါ၏။

"အိမ်အောက်မှာလည်း မရှိ၊ အိမ်ပေါ်မှာလည်း မရှိလို့ နန္ဒာလည်း အပေါ်ထပ်ရဲ့အနောက်ဘက်အဆောင်ကို ကူးလာခဲ့မိတယ် အစ်ကို"

"အင်း. . . ဒီတော့"

"ဒီတော့. . . နန္ဒာလည်း အမေစောနန်း၊ အမေစောနန်းလို့ ခေါ်ကြည့်တယ်၊ ဘာသံမှ မကြားရတော့ ကြောက်စိတ်ဝင်လာတာနဲ့ အိမ်ရှေ့က မပြန်ရဲတော့ဘဲ နောက်ဖေးကြောင်လိန်လှေကားက ဆင်းထွက်လာဖို့ ကြိုးစားခဲ့မိတယ်"

"အဲဒါ နန္ဒာ မှားတာပဲကွယ်. . . ကြောင်လိန်လှေကားဆို တာ. . ."

"နန္ဒာနွယ်ပဲ ဆက်ပြောပါစေ ကိုစောနောင်"

စောမင်းညို၏ စကားကြောင့် ကိုစောနောင်က ဘာမှထပ်၍ မပြောကြားတော့၊ အမျိုးသားနှစ်ယောက်သည်သာ စောင်မှာန်သော အကြည့်များဖြင့်ကြည့်ပြီး ပြိုင်တူပင် နန္ဒာနွယ်ထံသို့ အာရုံပြန်လည် ကျရောက်လာကြပါ၏။

"လှေကားထိပ်က တံခါးကို ဖွင့်ပြီးဆင်းမယ်လို့လည်း လုပ် ရော၊ အဝတ်ထူထူကြီးနဲ့ နန္ဒာရဲ့ခေါင်းကို လှမ်းအုပ်လိုက်တယ်"

"ဟင်"

"ပြီးတော့ ဒရွတ်တိုက်ဆွဲခေါ်ပြီး သချိုင်းဘေးမှာ လည်ပင်း ညှစ်သတ်တော့တာပါပဲ အစ်ကိုရယ်"

"တောက်. . . တို့မောင်နှမတွေကို တစ်ယောက်ပြီး တစ် ယောက် မျိုးပြုတ်အောင် လုပ်နေတာပဲ၊ ငါကျတော့ မလုပ်ခဲ့ကြဘူး၊ ဟင်း. . . မခုခံနိုင်တဲ့ မိန်းကလေးတွေကိုမှကွာ၊ ခံပြင်းစရာကောင်း လိုက်တာ၊ မငိုပါနဲ့ ညီမလေးရယ်၊ ပြီးသွားပြီပဲ"

"မောင်ဟောမာန်. . . မောင်ဟောမာန် ကယ်ပေလို့သာပေါ့၊ သူသာ မကယ်ရင် ညီမလေးသေပြီ"

"ဟုတ်တာပေါ့. . . အေးကွာ မောင်ဟောမာန်၊ မင်းကို အစ်ကို တကယ်ကျေးဇူးတင်ပါတယ်၊ မင်းကိုအရင်လို ပေါ့ပေါ့လေး မတွေးတော့ပါဘူး"

မောင်ဟောမာန်၏ မျက်နှာသည် တည်ကြည်ငြိမ်သက်နေသ





ပါ။ စောမင်းညိုကသာ သူ့စကားအတိုင်း ပေါ့တန်သော အကြည့်များ ဖြင့် မောင်ဟောမာန်ကို ကြည့်မလာတော့ပါ။

"နန္ဒာ"

ကိုစောနောင်က ကုလားထိုင်နောက်တွင် မှီနေသော နန္ဒာ နွယ်၏ နားသို့ ကပ်၍ခေါ်လိုက်ပြီး. . .။

"ဒေါ်စောနန်းက ခေါ်ခိုင်းတယ်လို့ နန္ဒာ့ကို ဘယ်သူလာ ပြောသလဲ"

"ကိုတူးပေါ့"

"ဟင်. . . ကိုတူးဟုတ်လား"

ဒေါ်စောနန်းက အလန့်တကြား အော်လိုက်ပြီးမှ. . .

"ကိုတူးကို အမေစောနန်း မခိုင်းပါဘူးကွယ်"

"ကိုတူးဟာ သုံးနှစ်သားလေးမဟုတ်ပါဘူး ဒေါ်စောနန်း"

"ဟုတ်ပါတယ် မောင်စောမင်းညို၊ ကိုတူးကို ဘယ်သူခိုင်း သလဲဆိုတာ ကိုတူးကို မေးကြည့်ရုံပါပဲ"

"အတ်စင်ရှေ့မှာ ရှိမှာပေါ့"

"အမေ စောနန်း သွားခေါ်လိုက်မယ်နော်"

"ဒီလိုဘယ်ဖြစ်မလဲ၊ ခင်ဗျားမြေးကို ခင်ဗျားတစ်ခုခု သင် ထား နှုတ်ပိတ်မယ်ဆိုရင်ရနိုင်တယ်၊ ဒီကပဲ စောင့်ကြည့်နေကြပါ၊ ကျွန်တော် ကိုတူးကို ရှာခေါ်လာမယ်၊ ပြီးရင် အားလုံးရှေ့မှာမေး မယ်"

ညှော်ခံပွဲဆီမှ တေးသံများက လွင့်ပြန့်လာသည်။ သဥ္စာမွန် မျက်နှာစာပိုင်းတွင် လှုပနေသလောက် သဥ္စာမွန်ထဲတွင်ဖြင့်

ချောက်ချားဖွယ်ရာများဖြင့် ရှုပ်ထွေးနေရသည်။

ထိုစဉ်. . .

အောက်ထပ်၏ ခေါင်းရင်းဘက် ဧည့်ခန်းတွင် ထိုင်နေသာ နန္ဒာနွယ်၏ လက်ခုံပေါ်သို့ အေးစက် စေးထန်းသော ရေစက်များကျ လာသည်။

တစ်ပေါက်ပြီးတစ်ပေါက်၊

ပထမတော့ အပေါ်ထပ်မှ ရေစီးကျသည့် အကင်နှင့် မီမိ၏ လက်ခုံပေါ်သို့ နန္ဒာနွယ် အမှတ်တမဲ့ပင် လှမ်းကြည့်လိုက်မိသည်၊

ပြီးမှ. . .။

"အား. . . သွေးတွေ. . . သွေးတွေ"

"အပေါ်ထပ်ကျလာတာပဲ၊ လာ. . . လာ. . . သွားကြည့် ရအောင်"

ကိုစောနောင်က ဦးဆောင်သည်။ မောင်ဟောဒန်နှင့် စော မင်းညိုတို့ပါ ပြေးလိုက်သွားပါ၏၊ ဒေါ်စောနန်းကလည်း အူကြောင် ကြောင် အမူအရာများဖြင့် သူတို့နောက်မှ လိုက်ပါသွား၍. . .။

"အို. . . ငါလည်း တစ်ယောက်တည်း မနေရဲဘူး၊ သူတို့ အတူတူပဲ ဘာလဲဆိုတာ သွားကြည့်ကြမယ်"

လေကားအတိုင်း သူတို့နောက်မှ နန္ဒာနွယ် ဒယီးဒယိုင်တက် လာခဲ့ရသည်။

အပေါ်ထပ်တွင် စောစောပိုင်းဆီကလိုပင် ဘုရားမီးရောင် နီနီလေးသာ လင်းလက်နေပါ၏။ ဘုရားစင် ရှေ့တွင်လည်း လူတစ် ယောက်သဏ္ဌာန် ရှိနေပြုပါ။





ကိုစောနောင်က မီးချောင်းခလုတ်ကို နှိပ်ဖွင့်လိုက်သည်။ ခြုံလုံးအတွက် ဟွန်ဒါမီးစက်၏ အားဖြည့်ပေးနေမှုကြောင့် မျက် တောင်သုံးလေးချက် ခပ်ပြီးသည့်နှင့် မီးက ပွင့်လာသည်။ ဖြူလွှသော းပေ မီးချောင်းရောင်က အပေါ်ထပ်၏ ရှေ့ပိုင်းကို ထိန်လင်းလာ သည်၊

နန္ဒာနွယ်၏ရှေ့မှာ ဒေါ်စောနန်းက ကြမ်းပြင်ကို ငုံ့ကြည့် . . .၊

"အမယ်လေး. . . သွေးတွေ. . သွေးတွေအိုင်ထွန်းလို့. . ."

သူ့အလန့်တကြား အော်သံကြားလေမှ အားလုံးလှုပ်လှုပ်ရှား ဖြစ်သွားကြသည်။

ဘုရားစင်ရှေ့ရှိ ဆုံလည်ကုလားထိုင်ဆီသို့ ကိုစောနောင်က ပြေးသွားသည်။ သွေးစီးကြောင်းများ ဖြစ်ဖျားခံရာ ဤဆုံလည် ကုလားထိုင်ပေါ်မှလူကို မြင်သာစေရန် အလင်းရောင်ဘက်သို့ ဆွဲ လှည့်လိုက်သည်။

လည်ပင်းနေရာတည့်တည့်တွင် ဓားတန်းလန်းနှင့် မျက်လုံး ပြူးထွက်နေသော သက်မဲ့အလောင်း. . .။

သျှောင်တစောင်းမှဆံပင်များပြေကျလျက် ကြောက်မက်ဖွယ် ဂ်နှာကြီးနှင့် အားလုံးကို ကြည့်နေဟန်ရှိသော. . .

ခြံစောင့် သုဘရာဇာဘဝမှ ယနေ့ည ခေတ္တအိမ်စောင့် ဖြစ် သော. . .

"ဦးသိုက်၏ ငုတ်တုတ်အလောင်းကြီး"

⁂ ⁂ ⁂

## အခန်း(၁၂)

ကြိုတင်၍ နိမိတ်ဖတ်ခဲ့ကြသည့်အတိုင်းပင် ဒေါက္ကန္ဒာ၏ ရွှေရတုမွေးနေ့ညမှာ အန္တရာယ်ဆိုးညအဖြစ်နှင့် မှတ်တမ်းတင်ရ[ပါ] ပြီ. . .။

ကိုစောနောင်၏ အစီအစဉ်ဖြင့် ပုံးပုံးဖိဖိလုပ်နိုင်ခဲ့၍ မျက်နှာ စိမ်း ဧည့်သည်နှင့် လူကြီးလူကောင်းများ ပြန်သွားကြပြီးချိန်တွင် ဒေါက္ကန္ဒာကို အသိပေးခဲ့ကြပါသည်။

ညနှစ်နာရီကျော်မှ ဒေါက္ကန္ဒာသိရပါ၏။

အငြိမ့်စင်ရှေ့တွင် ခေါင်းဆောင်မင်းသမီးကို ဆုချအ[ပြီး] မင်းသမီး "မေနန်းသူ"က ဆုတောင်း ပတ္တာသီချင်းများဖြင့် ပြန်လ[ည်] ဂုဏ်ပြုနေချိန်ကို မပြောရက်ကြ၍ စောင့်နေရပါသေးသည်။

ဦးသိုက်၏အလောင်းကြီးက သည်အတိုင်း သွေးစီးချော[င်း]





များ၊ သွေးအိုင်ကြီးများကိုလည်း ရဲမလာခင် ဘယ်သူမှမသုတ်ရဲကြ. . .

ည. . . နှစ်နာရီကျော်တွင်မှ ဦးယက္ခ၏လက်ကိုတွဲလျက် သဥ္စာမှန်စံအိမ်ကြီးဆီသို့ ပြန်လာခဲ့သော ဒေါက္ကန္ဒာကို အမင်္ဂလာသတင်းဆိုးကြီး ဆီး၍ပြောရ၊ ပြရတော့သည်။

"ဒီနေ့ဒီရက်မှ မက္ကန္ဒာ ပျော်ရွှင်ချမ်းမြေ့ပါစေဆိုပြီး ငါ့မှာလုပ်လိုက်ရတာ၊ တော်က်. . . ခွေးမသားရဲ့လက်ချက်နဲ့ သေပြန်ပြီတစ်ယောက်။ ဒီတစ်ခါတော့ ယက္ခအကြောင်း သိရမှာပေါ့ကွာ၊ ဒီအောင်ကို ဖမ်းပြမယ်"

ဦးယက္ခက အသားယူနေသည်။ ညစ်ညမ်းစွာလည်း ဆဲရေးတိုင်းထွာနေပါ၏။ အလောင်းကြီးကိစ္စကိုဖြင့် ဘာမှမစီစဉ်. . .။

နန္ဒာနွယ်နှင့်ပတ်သက်ပြီး တစ်ယောက်နှင့်တစ်ယောက် ဆောင်မာန်နေကြသော စောမင်းညိုနှင့် ကိုစောနောင်တို့သည်သာ ရဲကိစ္စ၊ အလောင်း သယ်ယူရေးကိစ္စများနှင့် စစ်မေးခြင်းများကို ဒိုင်ခံဖြေခြင်းများစွာကို ပူးပေါင်းလုပ်ဆောင်ကြရရှာပါ၏။

"နန္ဒာ သွားအိပ်ချည်လေ"

"နန္ဒာ့အခန်းထဲမှာ နန္ဒာတစ်ယောက်တည်း မနေရဲဘူး ကိုစောနောင်ရယ်"

နန္ဒာနွယ့် အဖြေကြောင့် ကိုစောနောင်သည်ပင်လျှင် ဘာစီစဉ်ပေးရမှန်းမသိအောင် ဖြစ်သွားရပါ၏။ အလောင်းနားတွင် ရဲများ၊ အိမ်သားများနှင့် ရင်းနှီးလွန်းသော ညအိပ်ဧည့်သည်များနှင့် ရှုပ်ယှက်ခတ်နေကြပါ၏။

"ညီမလေး ဒီမှာထိုင်ပြီး နားနေစမ်း၊ အစ်ကိုရှိတယ်၊ ဘာမှ မကြောက်နဲ့ ဟုတ်လား"

ဒရမ်း(မ)ဘက်ဟူသော ပက်လက်ကုလားထိုင် တစ်လုံးကို စောမင်းညိုက ယူဆောင်လာပြီး အိမ်လယ် စင်္ကြံလမ်းမတွင် ချပေး သည်။

နန္ဒာနွယ်မှာ မငြင်းနိုင်ပါတော့။ အားလျော့စိတ်ပြင့် ပက်လက်ကုလားထိုင်တွင် မှီလဲချလိုက်ရပါပြီ။

ရဲများ၏ ညည်းညူသံ၊ အပြစ်တင်သံများ၊ လူတွေ၏ တီးတိုး စကားသံများ၊ အလောင်းကြီး သယ်ယူသွားခြင်း၊ သွေးများ ဆေးကြော ခြင်း စသော လုပ်ဆောင်ချက်များကို နန္ဒာနွယ်မကြည့်ချင်၊ မကြားချင် ပါ၍ မျက်စိလေးမှိတ်ပြီး မှိန်းနေမိသည်။

ရင်ကမငြိမ်သေး၊ မျက်ဝန်းဆီမှာ မျက်ရည်ဥလေးများခို စွတ်စိုနေဆဲပါ. . .။

"ကိုတူးရဲ့ ပြောစမ်းပါဦးကွာ၊ ပြီးမှ ပြန်အိပ်ဟုတ်လား၊ ဦးညို မေးတာ ဖြေစမ်းပါဦး"

အားလုံးရှင်းလင်းချိန်တွင် ကိုစောနောင်၏အသံကို ကြား လိုက်ရသဖြင့် နန္ဒာနွယ် မျက်စိဖွင့်ကြည့်မိသည်။ ကိုစောနောင်က ကြမ်းပြင်တွင်ထိုင်လျက် ကိုတူး၏လက်မောင်းကို ကိုင်လှုပ်ရင်း မေး နေသဖြင့်. . .

"ဟုတ်ပါရဲ့. . . ငါ့ကို ဘယ်သူကခေါ်ခိုင်းတယ်ဆိုတာ ကိုတူးပဲ သိမှာပဲ"

ယင်းအသံဖြင့် နန္ဒာနွယ် ဆတ်ခနဲထထိုင်မိသည်။ ကိုတူးကို





နိုးလာသည်အထိပါ၏။ အိပ်ချင်စိတ် ပြယ်ပုံမရသေးသော ကိုတူးကို ကိုစောနောင်က. . .

"ပြောပါဦး. . . အမေစောနန်းက ခေါ်ခိုင်းတယ်လို့ မင်းကို ဘယ်သူက ပြောခိုင်းတာလဲဟင်"

ကိုတူးက မတ်တတ်ရပ်နေဆဲ အိမ်သားများကို မှုန်ဝါးဝါး အကြည့်များဖြင့် ကြည့်လိုက်ပြီး. . .

"ဟောဒီ ဦးလေးပဲ"

ကိုတူးလက်ညှိုးက စောမင်းညိုဆီသို့ပါလား. . .။

စောမင်းညိုက အလန့်တကြားလှည့်ကြည့်လိုက်ပြီးမှ နှစ်မြိုက် စွာပြုံးလိုက်သည်၊

"ဟောကောင်တူးရယ်. . . ငါ့ကို မင်းအစ်မနန္ဒာကိုယ်တိုင် ခေါ်ထားလို့ ဇာတ်စင်ရှေ့မှာ ငါထိုင်ကြည့်နေတာပါကွာ"

"အင်း. . . ဒါဖြင့် ဟောဒီဦးလေးပဲ"

ကို. . . က်ညှိုးက ကိုစောနောင်ထံ ရောက်လာပြန်သည်။

" . . . ခက်ပါလားကိုတူး၊ မင်းလုပ်တာနဲ့ ဒို့နှစ်ယောက် လူသတ်မှု . . . နေတော့မှာပါပဲ"

"မသိဘူးဗျာ အိပ်ချင်တယ်"

"ငါတို့နှစ်ယောက်သာ လူသတ်သမားဖြစ်ခဲ့ရင် တခြား လူသာ သတ်ချင်သတ်ကြမှာပါ နန္ဒာနွယ်ကိုတော့ ဒို့နှစ်ယောက်လုံး မသတ်ရက်ကြပါဘူးကွာ"

ကိုစောနောင်က လျှို့ဝှက်သောအပြုံးများဖြင့် စောမင်းညိုကို ကြည့်ယင်း ပြောလိုက်ပါ၏။ စောမင်းညိုအနေနှင့် သူ့နှမလေးကို

မသတ်ရက်သလို သူ့အနေနှင့်လည်း မြတ်နိုးသူတစ်ယောက်အဖြ
နှင့် မသတ်ရက်ပါဟု ကြေငြာလိုက်ခြင်းပါ. . .။

"ကိုတူး"

နန္ဒာနွယ်က ခေါ်ယူလိုက်ပြီး. . .။

"မင်း. . . မမနန္ဒာကို လာခေါ်တာတော့ မှတ်မိတယ်
မဟုတ်လား"

"အင်း"

"အမေစောနန်းက ခိုင်းတာလား"

"ဟင့်အင်း"

"ဒါဖြင့် ဘယ်သူကခိုင်းတာလဲ၊ စဉ်းစားပါဦး ကိုတူးရယ်"

"ကျွန်တော်လည်း ဘိုင်စကုပ် ကြည့်နေတာဗျ. . . မှောင်
မှာ နောက်ကနေပြီး "ကိုတူး မင်းအဘွားလိုက်ရှာနေတယ်၊ သွား. . .
နန္ဒာနွယ်ကို သွားခေါ်ပေး၊ အမေစောနန်းက လာခဲ့ဦးလို့ သွား. . .
သွား. . . ဆိုလို့ ကျွန်တော်လည်း ပြေးလာပြောရတာပဲ"

"အဲဒီ. . . ကိုတူးကို လွှတ်လိုက်တဲ့လူဟာ လူသတ်သမ
သို့မဟုတ် လူသတ်သမားကို အထောက်အကူပြုတဲ့လူ ဖြစ်နိုင်တယ်
နော်. . . အစ်ကို"

"သိပ်ဖြစ်နိုင်တာပေါ့ ညီမလေးရယ်"

"ဒီညမှာ လူကသိပ်စုံတော့ အပြင်အန္တရာယ်လား. . .
အတွင်းက ရန်သူလားဆိုတာ ခွဲခြားဖို့ခက်လိမ့်မယ်နော်"

စောမင်းညိုတို့ မောင်နှမ၏စကားကြားသို့ ကိုစောနောင်က
လုဝင်ပြောကြားလာသည်။





မကြာမီ ကိုတူးလည်း ပြန်လည်အိပ်ပျော်သွားရှာတော့
သည်။

"မောင်ဟေမာန် ပြန်အိပ်ချင်အိပ်၊ ဒီမှာအိပ်ချင် အိပ်ပါ
လားကွယ်. . . မမနန္ဒာအတွက် မင်း. . . သိပ်ပင်ပန်းသွားတယ်
လေ. . ."

"ရပါတယ် မမ"

"နုငယ်သောမျက်နှာလေး နွမ်းနယ်နေသည့်အဖြစ်ကို ကြည့်
ပြီး ကြင်နာစိတ်နှင့် နန္ဒာနွယ်က မောင်ဟေမာန်ကို ပြောမိသည်။

မောင်ဟေမာန်သာ မကယ်တင်ပါလျှင် မမနန္ဒာ၏သက်မဲ့
ကိုယ်ခန္ဓာသည် ဦးသိုက်နှင့်အတူ ဆေးရုံကြမ်းပြင်သို့ ရောက်ရှိနေ
လောက်ပါပြီ။ နန္ဒာနွယ်၏ ကွယ်ရာမဲ့ဝိညာဉ်သည်သာ နားခိုရာရှာ
နေဆဲအဖြစ်နှင့် သင်္ချိုင်းမှန်ဝန်းကျင်တွင် ဝဲလှည့်နေမည်လားမပြော
တတ်တော့၊ မတွေးရဲတော့ပါချေ။

"မောင်ဟေမာန်"

"ခင်ဗျာ"

"မမနန္ဒာရဲ့အသက်ကို ကယ်ပေးတဲ့အတွက် ထိုက်ထိုက်တန်
တန်ပြန်ပြီး ကျေးဇူးဆပ်နိုင်အောင် ကြိုးစားပါ့မယ်နော်"

"မလိုပါဘူးဗျာ. . . ကျေးဇူးဆပ်ခံချင်လို့ ကယ်ပေးတာမှ
မဟုတ်ဘဲ"

အရှုံးကတစ်မူးသာနေပါလားဟူသော အကြည့်မျိုးများဖြင့်
စောမင်းညိုက မောင်ဟေမာန်ကို ကြည့်နေသည်။ နန္ဒာနွယ် က
ဖြင့်. . .။

"သိတာပေါ့. . . ဒါပေမယ့် မမဘက်က သိတတ်ရှဉ်းမှာပေါ့တဲ့ပါလေ. . . ခုတော့ မောင်ဟေမာန်နားပါဦးလားကွယ်"

အပြင်တွင် ရောင်နီပျို့လာပြီ။

ဘယ်သူမှ မအိပ်ကြရတဲ့နှင့် တစ်ညတာချုပ်ငြိမ်းပျောက်ဆုံးသွားရပါပြီးကော. . .။

ဦးသြတ. . . ဦးယက္ခနှင့် ဒေါ်ကြွနန္ဒာတို့မှာ သုံးယောက်သားအနီးကပ် ဆွေးနွေးပွဲက မပြီးနိုင်မစီးနိုင်ပါ။

သည်မှာဘက်က စောမင်းညို၊ ကိုစောနောင်၊ မောင်ဟေမာန်နှင့်နန္ဒာတို့ဝိုင်းမှစကားများကတိုးလိုက်၊ ကျယ်လိုက်ဖြင့် နားစွင့်လျှင်သာ ကြားနိုင်မည်ဖြစ်သော်လည်း သူတို့ဘက်က စကားလုံးများမှာတိုးတိတ်လွန်းပါသဖြင့် နန္ဒာနွယ်တို့ဘက်သို့ တစ်ခွန်းတလေမျှပြန့်လွင့်မလာပါချေ။

သည်သို့နှင့် ဒေါ်ကြွနန္ဒာရွှေရတုမွေးနေ့ပွဲသည်၏ ဒုတိယပိုင်းကိုအန္တရာယ်ဆိုးညအဖြစ်နှင့်သာ. . .။

* * *



အခန်း(၁၃)

"အမယ်လေး. . . ဒုက္ခပါပဲ"

နန္ဒာနွယ်မှာ ရင်ဘတ်ကိုလက်နှင့် ဖိကပ်ရင်း ရေရွတ်လိုက်မိသည်။

ကြည့်ပါဦး. . . ဘယ်ခါမှ မတွေးမိ၊ မရှာမိ၊ သတိမထားမိခဲ့သောအဖြစ်က တကယ့်မဟာ့မဟာ ပြဿနာကြီး ဖြစ်နေရပါပေါ့လား. . .။

"စိန့်လည်ဆွဲမရှိတော့"

ဘယ်အချိန်ဘယ်နေရာမှာကတည်းက ပျောက်ဆုံးနေခဲ့သည်မသိ ပွဲခင်းထဲမှာလား၊ လူသတ်သမားနှင့် ရှုန်းကန်ချိန်ကလားမသိ၊

ဒေါ်ကြွနန္ဒာမေးလေမှ လုပ်ကြံခံရသည့် နေရာနှင့် အိမ်ပေါ်

အိမ်အောက် ခြံမြင်ခြံထဲ လူစုခွဲ၍ရှာကြသည်မှာ နံ[illegible] ဘယ်မှာမှ မတွေ့. . . ။

"ဘယ်လိုလဲ. . . နန္ဒာနွယ်"

အောင်မြင်ခန့်ညားသော ဒေါ်ကြန္ဒာ[illegible] ဒေါ်သ[illegible]များနေ့ာနေသည်။ မျက်ဝန်းအကြည့်ကလည်း [illegible]ယ်များထွက်လာသည့်နှယ်ပါ၊ ယင်းမီးနှစ်စွယ်သည် နန္ဒာနွယ်၏ရင်တွင်းသို့ စူးနစ်ဝင်ရောက်လောင်ကျွမ်းနေပါချေပြီ၊

"ဒီစိန်လည်ဆွဲဟာ. . . သိန်းချီပြီး တန်ဖိုးရှိတယ်ဆိုတာ သိရဲ့လား"

"သိ. . . သိပါတယ်ရှင်"

"တမင်. . . ဖျောက်ဖျက်ပစ်တာမျိုးတော့ မဟုတ်နိုင်ပါဘူးနော်"

"ရှင်. . . ဟင်"

လူသတ်သမားနှင့် ရင်ဆိုင်ရစဉ်ကထက်ပင် ကြောက်ရွံ့ခြင်း၊ စိတ်ဆင်းရဲခြင်းတို့ ပိုလိမ့်မည်ထင်ပါသည်။

ဟိုအချိန်က သွေးပူပူနှင့် လှုပ်ရှားရုန်းကန်နေရသည်။ ယခုဖြင့် သွေးအေးအေးနှင့် ရင်ဆိုင်နေရခြင်းပါ။

ယခုအချိန်တွင် နန္ဒာနွယ်မှာ ဒေါ်ကြန္ဒာကိုလူသတ်သမားထက်ပင် ကြောက်ရွံ့နေမိရပါပြီ။

"တမင်ဖျောက်ဖျက်ပစ်တာမျိုး"

ဆိုသော သံသယစကားစွန်းလေးများကြောင့် နန္ဒာနွယ်၏ မျက်ဝန်းဆီမှ မျက်ရည်ပေါက်ကြီးများ လိမ့်ဆင်းလာရသည်။





"ငိုနေလို့မပြီးဘူး မနန္ဒာရဲ့. . . ဒီကိစ္စကို ဘာလုပ်ကြမလဲ၊ ဘယ်လိုနည်းနဲ့ လျော်နိုင်မလဲဆိုတာကိုပဲ စဉ်းစားပါ"

"ဟင်"

ဘီးလူးတစ်ကောင်၏ အသံမျိုးလို၊ ဦးယက္ခကဝင်၍ ဟိန်းဟောက်သည်၊

"လျော်ဖို့"

မိမိတွင် လျော်စရာငွေမှာ ရာဂဏန်းမျှလောက်သာရှိသည်။ သိန်းချီသော ငွေဆိုသည်ကိုဖြင့် မစဉ်းစားရဲ။

ဖြစ်မ[illegible]ဖြစ်နိုင်ပါလျှင်၊ ဤကိစ္စကြီးကို ပြီးပြေမည်ဆိုပါလျှင် မိမိ၏အသွေးအသားနှင့် ကိုယ်ခန္ဓာအစိတ်အပိုင်းများကို ဖဲ့ခွဲပေးလို့ရလျှင်ပင် ပေးလိုက်ချင်ပါသည်။

ဦးယက္ခလိုအမြင့်စံရောက် အိမ်တော်ကျွန်တစ်ယောက်၏ ဟိန်းဟောက်ခြင်းခံရမှုကို နန္ဒာနွယ် နာကျည်းလှပါသည်။

"ဟင်. . . မင်းငိုနေလို့ တို့ကကျေနပ်သွားလိမ့်မယ် မထင်နဲ့၊ ပစ္စည်းက နည်းတဲ့ပစ္စည်းမှမဟုတ်တာ"

ဦးယက္ခက လက်ညှိုးထိုး၍ ရှေ့တိုးလာပြီးပြောလိုက်သည်၊ နန္ဒာနွယ်မှာ ဆောက်တည်ရာမရနိုင်လောက်အောင် နာကျည်းစိတ်၊ ကြောက်ရွံ့စိတ်၊ မခံချင်စိတ်၊ အားငယ်စိတ်များစွာတို့ တစ်ချိန်တည်း တစ်ပြိုင်တည်း စုပြုံခံစားရင်း ဦးယက္ခ၏ရှေ့တွင် ခေါင်းငုံ့နေရချိန်တွင်. . .

"ဒီမှာဦးယက္ခ"

ကိုစောနောင်၏ အသံပါပင်. . . ။

"ဒီစံအိမ်ကြီးနဲ့ ပစ္စည်းများပိုင်ရှင် ဦးဒိဋ္ဌရဲ့သမီးနဲ့ မြေးတို့ချင်း ဖြစ်နေတဲ့ ပြဿနာထဲမှာ ဦးယက္ခ ဝင်ပါစရာလို့ဘူးထင်ပါတယ်"

"အောင်မယ် မောင်ရင်က"

"ဟုတ်ပါတယ်၊ ကျွန်တော်လည်း ဒီအနွယ်တော်ဝင် မိသား စုနဲ့ ဘာမှမဆိုင်တဲ့ ဧည့်သည်ပါပဲ၊ လာပါဗျာ ဦးယက္ခနဲ့ ကျွန်တော် အပြင်ထွက်နေရအောင်ပါ၊ သူတို့တွေချင်း ရှင်းကြပါစေ"

"မောင်စောနောင်"

ဒေါ်ကက္ကန္ဒာက တည်ကြည်နက်ရှိုင်းသော မျက်နှာထားနှင့် ခေါ်လိုက်ပြီးမှ. . .

"ကိုယက္ခဟာ. . . ဒေါ်လေးရဲ့ ပါဒင်နယ်(လ်)အစစ်စတဲ့ ဆိုတာ မမေ့ပါနဲ့"

"မှန်ပါတယ်. . . ဦးယက္ခဟာ ဒေါ်လေးရဲ့ ကိုယ်ရေးကိုယ် တာဆောင်ရွက်နိုင်ခွင့်ရှိသူဆိုတာ ကျွန်တော်မမေ့ပါဘူး၊ ဒါပေမယ့် နန္ဒာနွယ်ကိုလည်း ငဲ့ကြပါဦးဗျာ"

"ငဲ့ပါတယ်မောင်စောနောင်ရဲ့၊ ဒါ့ကြောင့်သာ အေးအေး ဆေးဆေး ဖြေရှင်းကြည့်နေတာပေါ့၊ ဒေါ်လေးသာမငဲ့ရင် နန္ဒာနွယ် အချုပ်ခန်းထဲရောက်နေပြီပေါ့"

"ကျွန်တော် ရှေ့နေတစ်ယောက်ပါ၊ ဥပဒေတွေ့ရပြီးသား ပါ. . ."

"မင်းဘာပြောချင်တာလဲ မောင်စောနောင်"

"နန္ဒာနွယ်ဟာ ညတ လူသတ်သမားတစ်ယောက်နဲ့ ယှဉ်ခဲ့ရ ရှာတဲ့အဖြစ်ကို ရဲကလျှစ်လျူမရှုမထားကြပါဘူးဒေါ်လေးကက္ကန္ဒာ၊ ပြီး





တော့ နန္ဒာနွယ်ဟာ သဥ္ဇာမှုနဲ့ပိုင်မြေထဲမှာပဲ တစ်ချိန်လုံးရှိနေပါတယ်။ သူ့ကိုယ်နဲ့ သူပိုင်ပစ္စည်းတွေထဲမှာ ရှာကြည့်လို့ စိန်ပြည်ဆွဲမရှိရင် သူ့ကိုဖမ်းနိုင်ခွင့်မရှိတဲ့အပြင်. . ."

ကိုစောနောင်က စကားတစ်ချက်နားလိုက်ပြီးမှ တရားရုံး ယှဉ်ငန်းခွင်မှာလို အသံကိုမြှင့်လိုက်ပြီး. . .

"ဒီအိမ်ကလူတွေကိုတောင်သူ့ကို သေကြောင်းကြံစည်မှုနဲ့ ဖမ်းလို့ရပါသေးတယ်"

"မောင်စောနောင် မင်းလို မလောက်လေးမလောက်စား ကောင်လေးက ခြိမ်းခြောက်လို့ တို့က ကြောက်မယ်များထင်သလား"

"ကိုယက္ခ"

ဒေါ်သသင့်နေသော ဦးယက္ခ၏ စကားများကို ဒေါ်ကက္ကန္ဒာက ဝင်တားလိုက်ပြီး. . .

"မင်းဟာ တို့ရဲ့မြင့်မြတ်တဲ့ မိတ်ဆွေကြီးရဲ့သားပါ မောင် စောနောင်၊ ပြီးတော့ ရွှေရတုမွေးနေ့ပွဲကို တက်ရောက်ချီးမြှင့် သူလည်းဖြစ်လို့ ဒေါ်လေးရဲ့ ဂုဏ်ပြုအပ်တဲ့ဧည့်သည်ပါ. . ."

"ကျေးဇူးတင်ပါတယ် ခင်ဗျာ"

"ဒီတော့. . . ပြေပြေလည်လည် ဆက်ဆံကြရအောင်ပါ ကွယ်၊ ကိုယက္ခ စကားလွန်ရင်လည်း ဒေါ်လေးလိုပဲခွင့်လွှတ်လိုက် ပါ. . ."

"ကောင်းပါပြီ ဒေါ်လေးကက္ကန္ဒာခင်ဗျာ"

"အခုကိစ္စကတော့ ဒီလိုရှိတယ် မောင်စောနောင်"

"အမိန့်ရှိပါဒေါ်လေး"

"နန္ဒာနွယ်ကို ဒေါ်လေးအနေနဲ့ လုံးဝခွင့်လွှတ်လိုက်ဖို့က လည်း ဘယ်နည်းနဲ့မှ မဖြစ်ဘူးလေ၊ ပစ္စည်းတန်ဖိုးကိုလည်း တွက်ချင့်ကြည့်ပါဦး"

"ဟုတ်တော့ဟုတ်ပါတယ်၊ ဒါပေမယ့်"

"နေ. . . မောင်စောနောင်. . ."

ဒေါ်ကူနန္ဒာက ကိုစောနောင်ကို လက်ဝါးကာပြလိုက်ပြီး မှ. . .

"ငိုနေရုံနဲ့ ပြဿနာက ပြေလည်မသွားနိုင်ဘူးနော် နန္ဒာနွယ်၊ မင်းအဖေနဲ့ဆွေးနွေးမှဖြစ်မယ်၊ သူ ဘယ်အတိုင်းအတာထိ လျှော်နိုင်မလဲဆိုတာ"

နန္ဒာနွယ်မှာ အောက်နှုတ်ခမ်းကလေးကိုဖိကိုက်ရင်း မျက်စိစုံမှိတ်၍ ခေါင်းလေးသွက်သွက် ခါယမ်းပစ်လိုက်မိသည်။

မဖြစ်ပါ၊ ဘယ်နည်းနှင့်မှမဖြစ်ပါ၊ အိမ်ထောင်သစ်နှင့်ဖြစ်နေသော ဖခင်မှာ သမီးကြီးအတွက် စဉ်းစားပေးနိုင်အားမည်မထင်၊ ပြီးတော့လည်း ဖေဖေ့မှာ သည်မျှမချမ်းသာရှာပါ. . .၊

မျက်နှာတစ်ပြင်လုံး မျက်ရည်များ စိုလူးလျက် မျက်စိစုံမှိတ်ပြီး ခေါင်းယမ်းနေသည့် နန္ဒာနွယ်၏ မျက်နှာနုနုလှလှလေးကို ကိုစောနောင် စိုက်ကြည့်နေမိသည်၊ သနားကြင်နာချင်းများကြောင့် ရင်မှာ နာကျင်လာသည်ပါလား။

"ဒီမှာ ဒေါ်လေးကူနန္ဒာ"

"ပြော. . . မောင်စောနောင်"

"ပစ္စည်းက ဘယ်လောက်တန်သလဲ"





"တစ်သိန်းခွဲလောက်တန်မယ်"

"နန္ဒာ့ကို ဘယ်လောက်လျော်ခိုင်းမလဲ"

"သူက ဘယ်လောက်ထိ တတ်နိုင်မှာမို့လဲ"

"ဒေါ်လေးကလည်း ဆင်မိတာကိုး၊ ဒေါ်လေးမှာလည်း ဖြစ်ရှိတယ်လို့ ပြောရင်လည်း ရပါတယ်၊ ဒီတော့ တစ်သိန်းလောက် ရင် ဒေါ်လေးကျေနပ်မယ်"

"ထက်ဝက်လောက်ဆိုရင်ရော"

"နည်းတော့နည်းတာပေါ့၊ မဖြစ်တာနဲ့စာရင် တော်သေးတာ ပါ၊ မောင်စောနောင်က ဘယ်လိုကူညီပေးမှာလဲ"

"ကျွန်တော်လျော်ပေးမယ်"

"ဘာ"

"ခုနစ်သောင်းခွဲ ကျွန်တော်ပေးမယ်"

"ကောင်းပါတယ်"

ဒေါ်ကူနန္ဒာ၏လက်ခံမှုက မြန်ဆန်လွန်းလှချေသည်သာ၊ နန္ဒာနွယ်မှာ ကိုစောနောင်ကို အလန့်တကြား ကြည့်လိုက်မိသည်။

"အို. . . ကိုစောနောင်ရယ်၊ မလုပ်ပါနဲ့. . . မဟုတ်တာရှင်"

"ကိုယ်တို့ ညီအစ်ကို နှစ်ယောက်အတွက် ဖေဖေက အမွေ ဘယ်လောက် ပေးထားနိုင်တယ်ဆိုတာ ဒေါ်ကူနန္ဒာ သိပါတယ် နန္ဒာနွယ်"

"အို. . . မဟုတ်ပါဘူး၊ မဟုတ်သေးပါဘူးရှင်၊ ဒီလောက်ငွေ လည်းနန္ဒာ တစ်သက်လုံးရှာလို့တောင်ရနိုင်မယ်မထင်ပါဘူး၊ နန္ဒာ ပြန်လည်း မဆပ်နိုင်ဘူး၊ မလုပ်ပါနဲ့ ကိုစောနောင်ရယ်၊ ဒီမှာ

ဒေါ်လေး"

"အင်း"

"ကိုယ့်တူမကို ချောင်းမြောင်းချင်ပါနဲ့ ဒေါ်လေးရယ်၊ ဒေါ်လေး
ခုနပြောသလို နန္ဒာ့ကို မညှာပါနဲ့၊ ရဲကိုပဲ တိုင်လိုက်ပါ၊ ထိုက်သ
တဲ့ အပြစ်ဒဏ်ကို နန္ဒာ ခံယူမယ်"

မချိတင်ကဲသံလေးနှင့် ပြောလိုက်သော နန္ဒာနွယ်၏ အ
လေးမှာ သဥ္စာမွန်တွင် ပဲ့တင်ခတ်သွားလေသည်။

ကိုစောနောင်က ဒေါ်ကြာနွာနှင့် မျက်ဝန်းချင်း နားလည်
ယူလိုက်ပါ၏။ ဒေါ်ကြာနွာမှာ ဦးယကျွ၏ လက်ကို တွဲလျက် နန္ဒာနွ
တို့ အနီးမှ ထွက်ခွာသွားပါတော့သည်၊

"နန္ဒာရယ်. . ."

နန္ဒာနွယ်မှာ အားပါးတရ ငိုက်ရှိုက်နေဆဲ. . .။

"နန္ဒာ ခုနပြောလိုက်သလိုမျိုး မဟုတ်ရပါဘူး၊ ဒီငွေလော
နဲ့လည်း နန္ဒာ့ မေတ္တာကိုဝယ်ယူလို့မရနိုင်ပါဘူးဆိုတာ ကိုယ်နားလည်
ပါတယ် နန္ဒာရယ်"

ကိုစောနောင်၏ လှိုက်လှဲသော စကားသံများကြောင့် နန္ဒာ
နွယ်မှာ တအံ့တဩ မော့ကြည့်နေမိသည်။

"ဒီငွေအတွက် နန္ဒာ့ဆီက ဘာမှပြန်လည် မတောင်းခံပါဘူး
ဆိုတာလည်း ကိုယ်ကတိပြုပါတယ် နန္ဒာ၊ နန္ဒာရဲ့ အခက်အခဲအကျ
အကျပ်ကို သနားကြင်နာရလွန်းလို့ အရင်ဘည်းက ခင်မင်ခဲ့ပြီး
မိတ်ဆွေဟောင်းတစ်ယောက်အနေနဲ့ သက်သက်ကူညီတာပါ နန္ဒာ
ကိုယ့်ရဲ့ စေတနာမှာ ဘာအရောင်၊ ဘာအငွေ့မှမပါတဲ့ စမ်းရေ





တနာမျိုးပါ"

"စမ်းရေလို စေတနာမျိုး"

"ဟုတ်ပါတယ် နန္ဒာ၊ စမ်းရေဆိုတာ အစုန်သာရှိတတ်တာမျိုး
ပြန်ဆန်လာစရာ မလိုပါဘူး၊ အမြဲတမ်းလည်း စီးဆင်းအေးမြ
နေတတ်တဲ့ စမ်းရေယဥ်လို စေတနာမျိုးပါ နန္ဒာ၊ ကိုယ့်ရင်
က စေတနာဟာ စမ်းရေလို စေတနာမျိုးဆိုတာ ထပ်ပြောပါရစေ
ယ်. . ."

"အို. . . ကိုစောနောင်ရယ်"

* * *

## အခန်း(၁၄)

"ဘယ်လဲ နန္ဒာနွယ်"

သဉ္ဇာမွန်၏ ပြင်ပခြောက်ယွှန်းယွှန်းဒေသဆီသို့ အသွ[illegible] သစ်ပင်များကြားမှ ဖြတ်ထွက်ရင်း မေးလာသော. . .၊

ဦးဩတ. . .။

"ဟိုဘက်နားပါ"

သူ့အမူအရာက သံသယဝင်စရာ လူတစ်ယောက်ကို စေ့[illegible] ကြည့်ရှုနေသည့် ရဲအရာရှိ အသွင်မျိုး။

ဦးသိုက် အသက်ခံသွားရသည့်အတွက် ခြံထဲတွင် သူတာ[illegible] နှစ်ဆရှိလာပုံရသည်။ သချႋုင်းဂူများဘက်မှ သူပြန်လာခြင်းပါ။

"ဘာကိစ္စလဲ"

"မောင်ဟေမာန့်ဆီ"





"သူဖျားနေတယ်"

"ဟုတ်ပါတယ်၊ အဲဒါသိလို့ သတင်းမေး သွားမလို့"

"အရူးတစ်ယောက်ဆီ သွားရဲတာ အာဂသတ္တိပဲ၊ ဒေါ်ဣန္ဒာ [illegible]က အခွင့်ရခဲ့ရဲ့လား"

"အို. . . မောင်ဟေမာန်ဟာ နန္ဒာ့ရဲ့အသက်ကို ကယ်ထား[illegible]လူပဲ၊ ပြီးတော့ သဉ္ဇာမွန်အဝန်းအဝိုင်းထဲက လူငယ်တစ်ယောက်ပဲ၊ [illegible]တောင်းနေဖို့ မလိုဘူး ထင်ပါတယ် ဦးဩတ"

"ဟာ. . . ဒီအိမ်မှာ ဘာမဆို မမကြီး ဒေါ်ဣန္ဒာရဲ့ အခွင့်ရ [illegible]လုပ်ကြရတာပဲ"

"ကိစ္စမရှိပါဘူး နန္ဒာ သွားမယ်"

"အေး သွားလေ. . . ကို့ကတော့ သမီးချင်း စာနာလို့ [illegible]ပြာတာ၊ ပြီးတော့မှ ကိုယ်ကျိုးကြီးနည်းနေမယ်"

"အို. . . မလိုပါဘူး"

ကိုယ့်အဘိုးအရွယ်လောက်ကိုပင် ခပ်ချဉ်ချဉ်နှင့် ကောပြီး [illegible]က်လျှောက်လာမိသော နန္ဒာနွယ်. . .။

စမ်းချောင်းငယ်ကလေးကို ကျော်ဖြတ်ပြီးသည်နှင့် မောင် [illegible]မာန်၏ ရိပ်ငြိမ်စံသာ မိုးပြာရောင် အိမ်ကလေးကို တွေ့လိုက် [illegible]ပြီ၊

ပြတင်းပေါက်ပေါင်ပေါ်တွင် မျက်နှာတင်လျက်ရှိနေ သော [illegible]င်ဟေမာန့် ရုပ်သွင်ကို ဘေးတိုက်မြင်လိုက်ရသည်။

"မောင်ဟေမာန်"

သူက ထေ့။ ခေါင်းကိုပင် ပိုမိုငုံ့ကွယ်လိုက်သလို. . . အား

နှင့်ကပ်ထားသည်၊

"မောင်ဟောမာန်. . . မမ နန္ဒာလာလည်တယ်လေ"

ခေါင်းမော်မလာ. . .

"မင်း ဘာဖြစ်နေတာလဲ မောင်ဟောမာန်ရယ်"

မီမီလောကတွင် ဆက်လက် အသက်ရှင်နိုင်ခွင့်ရခဲ့သော စွမ်းဆောင်ထားသူမှာ မောင်ဟောမာန်သာမို့၊ သူ့ကို နန္ဒာနွယ် အကြွင်းမဲ့ ယုံကြည်အားကိုးစိတ်ဖြင့် ခင်မင်သံယောဇဉ်ဖြစ်နေမိပါသည်။

"မောင်ဟောမာန် မမနန္ဒာလာလည်ရင် သိပ်ပျော်တာပဲ... မမကို မကြိုဆိုတော့ဘူးလား၊ ဘာလဲ မမ ပြန်ရတော့မလား"

မှောက်ငုံ့ထားဆဲ ခေါင်းကို ခါယမ်းပြသည်၊ နန္ဒာနွယ်မှာ သူ့နားကို တိုးကပ်သွားမိသည်နှင့်. . .

"အို. . . မောင်ဟောမာန် ငိုနေတာယ်လား"

သနားကြင်နာ စိတ်များဖြင့် သူ့ကို မော့လာစေရန် ဆွဲမ... လိုက်မိသည်။

"အို. . ."

နန္ဒာနွယ် အလန့်တကြား ဖြစ်သွားရပါသည်။

မောင်ဟောမာန့် မျက်နှာမှာ မျက်ရည်များနှင့်သာ ဖြစ်ရုံမ... ပါ။ လက်ယာဘက် မျက်ဝန်းတစ်ဖိုက်တွင် ညိုမည်းသော အရောင်မျ... နှင့် အုံမာန်ထားသလိုဖောက်မို့စွာ ယောင်ကိုင်းလို့ပါလား။

"အိုကွယ် . . . ဘာဖြစ်တာလဲဟင်၊ ဒီဒဏ်ရာက ဘယ်က... ရတာလဲ"

သူ့ပခုံးစွန်းကို ကိုင်ထားသော နန္ဒာနွယ်၏ လက်မော...





...ဖြူပြည့်ပြည့်လေးပေါ်သို့ မောင်ဟောမာန်၏ ခေါင်းကိုင်းညွတ်ဖိအပ်... ...သည်၊ သူ့မျက်ရည် နွေးနွေးလေးများ နန္ဒာနွယ်၏ အသားဆိုင်တွင် ...လူးကုန်တော့သည်၊

"မမနန္ဒာကို ပြောပါဦး၊ ဒီဒဏ်ရာ ဘယ်ကရတာလဲဟင်"

"ဦးလေးသက္ကျွန်တော့်ကိုထိုးတာ မမနန္ဒာ"

"ဟင်"

"ဦးဩတ ကလည်း ခုပဲလာမေးသွားသေးတယ်"

"ဟုတ်တယ်၊ မမနန္ဒာနဲ့လည်း လမ်းမှာတွေ့လိုက်သေးတယ်၊ ...လာမေးသွားတယ်ဆိုတာ ဘာအကြောင်းလဲ မောင်ဟောမာန် ဟင်"

"စိန်လည်ဆွဲကြိုး ဘယ်မှာထားသလဲတဲ့"

"ဟင်"

"ဦးဩတက ပြောတယ်"

"အင်း"

"ရွှေရတုမွေးနေ့ပွဲညက မမနန္ဒာပွဲခင်းထဲက ထွက်သွားတဲ့ ...ထိ စိန်လည်ဆွဲ ...ည်ပင်းမှာရှိနေတာ သူမြင်လိုက်တယ်တဲ့"

"သူက မမနန္ဒာကိုလိုက်ကြည့်နေတယ်လား"

"ဟုတ်တယ်. . . သူ မမနန္ဒာကို အမြဲလိုက်ချောင်းကြည့်နေ ...တာပဲ"

"ဟင်"

"သူတို့က မမနန္ဒာရယ်၊ အစ်ကိုစောမင်းညိုရယ် ရောက်လာ ...တာကို မကြိုက်ကြဘူးလေ. . . အမွေပေးရမှာစိုးလို့"

"သိပါတယ်၊ မမနန္ဒာတို့သိပါတယ်ကွယ်"

"အဲ. . . မမနန္ဒာဆီမှာပါသွားတဲ့လည်ဆွဲဟာ မမနန္ဒာကိုယ်တိုင်ချွတ်ပြီး ဝှက်ထားချင် ထားနိုင်တယ်၊ ဒါမှ မဟုတ်ရင် ကျွန်တော့်ဆီမှာ ရှိရမယ်လို့ သူတို့ယုံကြည်ပြီး ကျွန်တော့်ကို ကျွန်တော့်ရဲ့ဦးလေးက ရိုက်နှက်စစ်ဆေးသွားတာပါ"

ငိုနေသော မောင်ဟေမာန်၏ မျက်နှာ ဒဏ်ရာလေးများပေါ်မှ မျက်ရည်စများကို နန္ဒာနွယ်ကသုတ်ဖယ်ပေးမိသည်။

"ကိုယ်တွေပူလို့ပါလား"

ယင်းအသိများဖြင့် မောင်ဟေမာန်ကို သူ့အိပ်ရာလေးထဲအထိ ပို့ဆောင်ပေးမိသည်။ ငွမ်းစောင်ဟောင်းလေးကို လွှမ်းခြုံပေးပြီးမှ. . .

"နေပါဦး မောင်ဟေမာန်ရယ်၊ သူတို့က မမတို့ကို ဘာလို့စွပ်စွဲနေရတာလဲ၊ လူသတ်သမားလက်ထဲကို ပါမသွားဘူးလို့ရော ပြောနိုင်လို့လား"

"လူသတ်သမားက သူတို့ပဲဟာ"

"ဟင်. . . ဘာ. . . ဘာဖြစ်တယ်"

"ဟုတ်တယ်လေ၊ အားလုံးကိုသတ်ပစ်မှာပဲ၊ ဦးသိုက်လည်း သေပြီပဲ"

"ဦးသိုက်က သူတို့လူပဲ မဟုတ်လား"

လည်ပင်းတွင် ဓားကြီးကန့်လန့်ထိုးစိုက်လျက် မျက်လုံးပြူးကြီးနှင့် ဆံပင်ဖားလျားကျနေသော ဦးသိုက်၏ အလောင်းကြီးဆီမှ သွေးနီများအိုင်ထွန်းအောင် စီးဆင်းနေသည့် မြင်ကွင်းကို နန္ဒာနွယ် ပြန်လည်၍ ချောက်ချားစွာ မြင်တွေ့မိသည်။





"အရင်က ဦးသိုက်ဟာ သူတို့လူပါပဲ၊ ဒါပေမယ့် ပွဲမဖြစ်ခင် နှစ်ညလောက်က ဦးသြတနဲ့ဦးသိုက်တို့ ဂူတွေကြားမှာစကားများကြတယ်၊ အစ်ကိုစောမင်းညိုနဲ့ ပတ်သက်လို့"

"ဟင်. . . စောမင်းညိုနဲ့ ဘယ်လိုပတ်သက်တာလဲ၊ မောင်ဟေမာန် ဘာတွေကြားရလဲဟင်"

"စောမင်းညိုကို နှင်ပစ်မှဖြစ်မယ်ဆိုတဲ့အသံကို ကြားလိုက်တယ်"

"ဦးသြတက ပြောတာလား"

"ပထမ ဦးသိုက်ပြောတာလားလို့ ထင်မိတာ၊ ခု သူသေတော့မှ ဦးသိုက်ပြောတာ မဖြစ်နိုင်ဘူး၊ ဦးသြတပြောတာပဲ ဖြစ်ရမယ်၊ တစ်ယောက်က စောမင်းညိုကို ဒီမှာဆက်ထားသင့်ကြောင်း အငြင်းပွားနေသံကို ကြားရတယ်"

"ဘာတွေပြောကြလဲဟင်"

"သဲသဲကွဲကွဲ မကြားရဘူး မမနွယ်. . . ဦးသိုက်က သဘောကောင်းတယ်လေ၊ ခြံထဲမှာလည်း စောမင်းညိုနဲ့ဆုံနေကျဆိုတော့ သူတို့ချင်း ခင်နေကြတယ်၊ စကားလည်း အမြဲပြောနေတာတွေ့တယ်"

"ဒါဖြင့်. . . လူသတ်သမားဟာ ဦးသြတလား. . . ဟင် မောင်ဟေမာန်"

ကျစ်လစ်သန်မာသော ဘဏ္ဍာစိုးကြီး ဦးသြတ၏ရုပ်သွင်ကို မှန်းဆကြည့်ရင်း နန္ဒာနွယ်မေးလိုက်မိသည်။

"ဦးသြတ. . . ဦးယက္ခနဲ့ ဒေါ်က္ကန္ဒာတို့ ကိုယ်တိုင်ပဲဖြစ်ဖြစ် သို့မဟုတ် သူတို့ခိုင်းစေတဲ့လူတစ်ယောက်ပဲဖြစ်ဖြစ် ဖြစ်ရမှာပေါ့

မမနန္ဒာရယ်"

"ဟုတ်တယ်နော်. . . ဒါ သိပ်ဖြစ်နိုင်တာပဲ"

"ဦးဩတ္တဟာ သစ္စာမွန်ကို သိပ်သံယောဇဉ်ကြီးတဲ့ အဘိုးကြီးပဲ"

စုံထောက်များပင်လျှင် တစ်ခါတစ်ရံတွင် လူသတ်သမားကို သိနေပါလျက် အဖမ်းခက်နေ၍ သက်သေသာဓကများ ရှာကြံရတတ်ပါသေးသည်။

ယခုကိစ္စကို အစ်ကိုစောမင်းညို၊ ကိုစောနောင်တို့နှင့် တိုင်ပင်ပြီး အမြန်ဆုံးဖြေရှင်းမှသာ ဖြစ်ပါတော့မည်။

"မောင်ဟေမာန်"

"ခင်ဗျာ. . . မမနန္ဒာ"

"မမနန္ဒာတို့ မောင်ဟေမာန်တို့ဟာ စန္ဒာငယ်သေဆုံးရခြင်းကိစ္စကို ဖော်ထုတ်ကြမယ်ဆိုပြီး ကြုံးဝါးလာခဲ့ကြတယ်နော်"

"ဟုတ်တယ်လေ"

"ဒါပေမယ့် တို့များရဲ့ ရည်ရွယ်ချက် လမ်းကြောင်းကြီး ပျောက်ပြီး မမနန္ဒာတို့ကိုယ်တိုင် သားကောင်ဖြစ်နေရတဲ့အဖြစ်ပါလား မောင်ဟေမာန်ရယ်"

"စန္ဒာငယ်ဆိုလို့ ကျွန်တော့်အချစ်စန္ဒာငယ်လေ၊ မသေဘူး မမနန္ဒာ"

"ဟင်. . . ဘာ"

"ဟုတ်တယ်၊ အရင်တုန်းကတော့ အားလုံးအတွက် စန္ဒာငယ်ဟာသေပြီ၊ လောကကြီးထဲကထွက်သွားခဲ့ပြီ၊ ကျွန်တော့်ရင်ထဲက





မထွက်သေးတာနော်"

"ဒါပေါ့. . . မောင်ဟေမာန်. . . ချစ်ခြင်းမေတ္တာစစ်ဆိုတာဟာ နှလုံးသွေးနှုန်း ခုန်နေသမျှ ရှင်သန်နေတတ်တာမျိုး ပါလေ၊ နေပါဦး စန္ဒာငယ်မသေဘူး ဟုတ်လို့လားကွယ်"

"ဟုတ်တာပေါ့. . . အရင်တုန်းကတော့ ရင်ထဲမှာသာ ရှင်သန်နေတာ၊ ခုတော့ စန္ဒာငယ်ဟာ အပြင်မှာပါ ရှင်သန်သက်ဝင်နေခဲ့ပါလား မမနန္ဒာရဲ့"

"ဟင်"

"ဟုတ်တယ်. . . ကျွန်တော်ကိုယ်တိုင်မြင်ရတယ်"

"မဟုတ်တာဘဲ မောင်ဟေမာန်ရယ်"

"တကယ်. . . မမနန္ဒာရဲ့ ညကတောင် သူ. . . ကျွန်တော့် ဆီလာသေးတယ်"

"ညက မောင်ဟေမာန် ဖျားတယ်မဟုတ်လား"

"ဖျားတာနဲ့မဆိုင်ပါဘူးဗျာ. . . တကယ့်ကို ကျွန်တော့်ဆီလာတာ သိလား"

မောင်ဟေမာန်၏ အကြည့်သည် ယခုပစ္စက္ခတွင် မရှိတော့။ ဝေးလံလှသော အနှောင်အဖွဲ့မဲ့ ရပ်ဝန်းဆီသို့ မှန်းမျှော်ကြည့်နေသလို သူ့မျက်ဝန်းများက သာမန်မဟုတ်တော့၊ လူကောင်း ပကတိအကြည့်မျိုးမှ ဟုတ်ပါတော့ရဲ့လား။

"စန္ဒာက ကျွန်တော့်ကိုလာပြောတယ်လေ၊ သူနဲ့ကျွန်တော်နဲ့ ချစ်ကမ္ဘာသစ်လေးမှာပျော်ရအောင် သူပုန်းနေတာပါတဲ့၊ ပြင်ဆင်ထား မကြာခင်သွားရတော့မယ်တဲ့ စန္ဒာငယ်ကလေ"

"မောင်ဟေမာန်ရယ်. . ."

စောစောဆီက လူသတ်မှုကြီး၏ သဲလွန်စများကို ဖွန်ကန်သော အတွေးအခေါ်များဖြင့် ပြောကြားနေခဲ့ရာမှ. . .

စန္ဒာ့ဝယ်နှင့်ပတ်သက်လာသည့်အခါ မူမှန်သောအတွေးအခေါ်များ ပျောက်ဆုံးနေပါပြီလား မောင်ဟေမာန်ရယ်. . .

"မင်းဟာ အသိတရားအားလုံးအတွက်၊ ရှုးနှမ်းမနေပေမယ့် စန္ဒာဝယ်နဲ့ပတ်သက်လို့တော့ ဘာကယ်ပဲ၊ စိတ်ဖောက်ပြန်နေရှာတဲ့ မျှော်လင့်လွန်းရှာတဲ့ အချစ်စိတ္တဇ သဘောလေးပါလားကွယ်. . .॥

* * *



## အခန်း(၁၅)

"ဦးသြတနဲ့ဦးသိုက်တို့ စကားများကြတယ်ဆိုတာ တကယ်ပဲလား"

"မောင်ဟေမာန် ပြောတာပဲအစ်ကို"

"အဘသိုက်ဟာ ဘုရားနဲ့တရားနဲ့ လူကြီးပါ၊ အစ်ကို့ကိုလည်း သိပ်ခင်ရှာတယ်"

"ဟုတ်ကဲ့အစ်ကို"

"သူတို့ချင်း ပြဿနာကြောင့် ဦးသိုက်သေရတယ်လို့ ထင်နေခဲ့တာ၊ ခုလို မောင်ဟေမာန် ပြောပုံမျိုးဆိုရင်တော့ အစ်ကို့ကိုခင်တာနဲ့ အစ်ကို့ဘက်က ကာကွယ်ပြောမိတာနဲ့ သူ့ခမြာအသက်ခံသွားရရှာတာလားကွယ်"

"မောင်ဟေမာန့်ဆီက တစ်စွန်းတစ်စကြားရတဲ့ စကား

အတွက်နဲ့တော့ အစ်ကို စိတ်မကောင်း ဖြစ်မနေပါနဲ့လေ"

ပေါက်တူးပေါ်သို့ လက်နှစ်ဖက် စုံအုပ်ကိုင်ရင်း ငေးငိုင်သွားရှာသော အစ်ကို စောမင်းညိုကို နန္ဒာနွယ်က နှစ်သိမ့်လိုက်ရသည်။ ခဏမျှ စကားစပြတ်သွားကြပြီးမှ. . .

"ဩော်. . . ညီမလေး"

"ဟုတ်ကဲ့အစ်ကို"

"ကိုစောနောင်က ညီမလေးအတွက် ငွေခုနစ်သောင်းခွဲ လျော်ပေးမယ်ဆို"

"ဟိုနေ့က ပြဿနာဖြစ်ရင်း ပြောကြတာပဲ"

"ဒေါ်က္ကန္ဒာကိုတော့ သူ တက်ပြီး လိမ်ရဲမယ်မထင်ပါဘူး"

"ဟုတ်ပါလိမ့်မယ်"

"ဒါဖြင့် သူတကယ်ပေးရမှာပေ့ါ"

"ထင်တာပဲအစ်ကိုရယ်. . ."

"ညီမလေးအတွက် သူလမ်းခင်းတဲ့ငွေက များလှချည်းလားကွယ်. . ."

နန္ဒာနွယ် ခေါင်းငုံ့နေမိသည်။

"ဒီလူမှာ ရည်ရွယ်ချက်တစ်စုံတစ်ရာနဲ့ သဥ္စာမွန်ကိုရောက်လာတာပါဆိုတဲ့ အစ်ကို့ရဲ့စကားကို ညီမလေး မယုံဘဲကိုး. . ."

"မယုံတာတော့ မဟုတ်ပါဘူး အစ်ကို၊ တစ်ခုရှိတာက သူဟာ ဒီသဥ္စာမွန်ကို မလာခင်တည်းက ညီမလေးရဲ့မိတ်ဆွေပါ၊ ပြီးတော့ လူကောင်းတစ်ယောက်လည်း ဖြစ်ပါတယ်"

"ဒါပေမယ့်ကွယ် ဘာမှမတော်စပ်ရသေးတဲ့ မိန်းကလေးတစ်





ယောက်ကို ငွေဒီလောက်အများကြီး ပေးပစ်တယ်ဆိုတာ စဉ်းစားစရာ မကောင်းဘူးလား"

"နန္ဒာ မတွေးတတ်ပါဘူးအစ်ကို"

"အစ်ကိုတော့ တွေးမိထားတယ်"

"ဘယ်လိုလဲဟင်"

"ညီမလေးကို ရယူချင်လို့ ငွေခင်းတာမျိုးဖြစ်နိုင်တာထက်ပိုပြီးသေချာတဲ့အချက် ရှိရဦးမယ်"

"ရှင်. . . ဘာလဲဟင်"

"ဒီစိန်လည်ဆွဲ သူ့လက်ထဲမှာ ရှိနေလိမ့်မယ်"

"အို. . . ဟုတ်ပါ့မလား အစ်ကိုရယ်"

"တွက်ချင့်ကြည့်လေ"

"အင်း. . . ကိုစောနောင်ပေးတဲ့ ငွေဟာ ရက်ရောလွန်းအားကြီးတာတော့ နန္ဒာ သတိထားမိပါတယ်၊ ဒါပေမယ့် သူဟာ ဒီလို အမြတ်ထုတ်ပါ့မလား"

စမ်းရေလိုတုန့်ပြန်စရာမလိုတဲ့ ပေးဝေခြင်းစေတနာမျိုးသာပါဟု ပြောကြားရှာသော ကိုစောနောင်၏စကားများကို ယုံစားနေဆဲမို့. . . နန္ဒာနွယ် မဝေခွဲတတ်နိုင်ပါ. . .။

နန္ဒာနွယ်စကားကြောင့် စောမင်းညိုက လေ့လာသလို အသေအချာစိုက်ကြည့်လာသည်။ ကိုစောနောင်ဘက်သို့ အလေးသာစိတ်ရှိနေသော ညီမကို မနှစ်မြို့သလို ကြည့်လာပါ၏။

"နန္ဒာနွယ်"

လေးစား ရှံ့ကြောက် စိတ်များဖြင့် ကြည့်နေသော နန္ဒာနွယ်

သို့. . .

"အစ်ကို့စကားကိုနားထောင်ပါ၊ ဒီအိမ်ကြီးမှာ လူသတ်မှု ပြဿနာတွေမရှင်းသွားမချင်း ညီမဘာကိုမှ မဆုံးဖြတ်ပါနဲ့ဦး"

"ဟုတ်ကဲ့"

"ဪ. . . အားလုံးကိုစွရှင်းသွားပြီး တို့များ ရသင့်ပိုင်ဆိုင်သင့်တာတွေ ရပြီးတော့မှ ဆုံးဖြတ်စရာရှိတာ ဆုံးဖြတ်ပါ. . ."

"ရှင်. . . ဘာကိုလဲအစ်ကို"

"အေး. . . အစ်ကိုရှင်းရှင်းပဲပြောမယ်၊ ကိုစောနောင်ရဲ့ ကမ်းလှမ်းချက် မေတ္တာစကားကို မတုန့်ပြန်ပါနဲ့ဦး၊ ဒါပဲ. . ."

စောမင်းညို ထွက်သွားသည်။

သူသည် တစ်စုံတစ်ရာကို သိနှင့်ပြီးနေသလို တိကျခိုင်မာသော လေသံနှင့်ပြောဆိုပြီး ထွက်သွားလေပြီ. . .။

စောင်မင်းညိုနှင့် ဆုံရပြောရသည့်အခါများတွင် ကိုစောနောင်ပေါ်၌ အစစအရာရာ သံသယဝင်မိရပါသော်လည်း. . .။

ကိုစောနောင်နှင့် ဆုံရပြန်တော့လည်း သူ့စေတနာအဖြူရောင်သန့်သန့်ပေါ်တွင် ဘာအစွန်းအကွက်မှ မမြင်မိရပြန်. . .။

နန္ဒာနွယ်သည် ကိုစောနောင်နှင့်ဆုံသည့်အခါ ကိုစောနောင်ကို ယုံကြည်မိသွားသလို. . .

စောမင်းညိုနှင့်ဆုံပြန်လျှင်လည်း အစ်ကို့စကားကိုမှ အမှန်ထင်မိပြန်သည်။ စောမင်းညိုနှင့်တွေ့လျှင် စောမင်းညိုစိတ်၊ ကိုစောနောင်နှင့်ကြုံလျှင် ကိုစောနောင်စိတ် ဖြစ်နေမိသော နန္ဒာနွယ် မလွယ်ပါလားကွယ်. . .။





ခြံကျယ်ကြီး၏ အလယ်တွင် တစ်ယောက်တည်း ငေးနေမိသော နန္ဒာနွယ်၏နောက်ဘက်ဆီမှ ရွက်ခြောက်များကို နင်းခြေသံကြောင့် နန္ဒာနွယ် အလန့်တကြားလှည့်ကြည့်လိုက်မိသည်။

ပြာလွင်သော အရာတစ်ခု ရိပ်ခနဲ ဖြတ်ပြေးသွားသော ဖျာန်ကို မြင်လိုက်ရသည်။

"ဘယ်သူပါလိမ့်"

ခြံထဲဆင်းတိုင်းလိုလိုပင် တစ်စုံတစ်ယောက်သည် နောက်ကက်ဆီမှ လိုက်လံချောင်းမြောင်းနေသည့်အဖြစ်ကို အမြဲကြုံရသည်။

"အထူးသဖြင့် ငါနဲ့အစ်ကိုစောမင်းညိုနဲ့ စကားပြောနေရင် အမြဲပဲ ချောင်းကြည့်နေတတ်ပါလား"

"တို့မောင်နှမနှစ်ယောက် ပူးပေါင်းမှာကို ကြောက်ရွံ့နေပုံရတယ်၊ ပြီးတော့ တို့ဘာပြောလဲဆိုတာလည်း ခိုးနားထောင်နေတာပဲဖြစ်ရမယ်၊ ဘာတွေများ ကြားသွားပြီလဲ"

ယင်းအတွေးများဖြင့် နန္ဒာနွယ်မှာ သဥ္ဇာမွှန်သို့ ဖြည်းလေးသော ခြေလှမ်းများဖြင့် ပြန်လာခဲ့မိသည်။

"အညောင်းပြေ လမ်းလျှောက်ပါဦးလား၊ အိမ်ပေါ်မှာချည်း ကပ်နေတော့ မကောင်းဘူးလေ"

ဦးဩတက စကားစလာသည်။

"အို. . . သူ့ ကိုယ်ပေါ်မှာ အလုပ်သမားများ၏ လုပ်ငန်းခွင်င် အကျိုအပြာနှင့်ပါလား"

အံ့ဩစိတ်ဖြင့်သာ ဦးဩတကို ငေးကြည့်နေမိသည်။ သူ့စကားကို မပြန်ကြားမိ။

ကြောင်စီစီ ကြည့်ပြီး သဉ္ဇာမွန်၏ လှေကားထစ်များကိုနင်း၍ ခြေလှမ်းသွက်သွက်ဖြင့် တက်လာခဲ့မိသည်။

"ဟင်"

လှေကားထိပ်မှ ပိတ်ဆီးရပ်နေသောကိုစောနောင်. . .

သူ့ကိုယ်မှာလည်း ပြာလွင်သော ဂျင်း(န)အကျီနှင့်ပါလား။

သူက ပြုံး၍ကြိုနေသော်လည်း နန္ဒာနွယ်မှာ အပြုံးကိုပင် ဖန်တီးယူ၍မရပါနိုင်၊ ငေးငိုင်တွေဝေသော အကြည့်များဖြင့်သာ မိမိ ပိုင်အခန်းဆီ တန်းလျှောက်လာခဲ့ရပါပြီတည်း။

* * *



## အခန်း(၁၆)

ထုံးစံအတိုင်း အစ်ကိုစောမင်းညိုက ထိုနေ့ နံနက်ဦးကပင် းတာယမြို့ သူ့အိမ်ရှိရာသို့ ပြန်ထွက်သွားခဲ့ပြီ။

"မင်္ဂလာဆောင်က နက်ဖြန်မနက်စောစောမှာမို့ ခုညတည်း သွားအိပ်ကြမလို့. . . နန်းနန္ဒာနွယ် ဒေါ်လေးကက္ကန္ဒာနဲ့လိုက်ခဲ့ လား"

ဒေါ်ကက္ကန္ဒာမေးချိန် ခေါ်ချိန်ကပင် အနောက်ဘက်ထောင့် င် မိုးများညိုမည်းနေလေပြီ။

အမှန်တော့. . . နန္ဒာနွယ် သည်အိမ်ကြီးထဲမှာ တစ်ယောက် ည်းမနေခဲ့ရဲပါ၊ ဒေါ်လေးကက္ကန္ဒာနှင့်ဖြစ်ဖြစ်၊ အစ်ကိုစောမင်းညိုနှင့် ဖြစ် ဤသဉ္ဇာမွန်ပြင်ပသို့ ထွက်ခွာသွားလိုလှပါပြီ။

သို့ပါသော်လည်း. . .။

"ဒေါ်လေး ဣန္ဒာတစ်ယောက်တည်းသွားမှာလား"

"ကိုယက္ခလည်းပါမှာပေါ့၊ သူ့တူမတစ်ယောက်ရဲ့ မင်္ဂလာဆောင်လေ၊ ဒေါ်လေးတို့က ဆောင်ပေးမှာ"

"ဪ... ဪ..."

စိတ်လျှော့ရပါပြီ။ ဦးယက္ခနှင့်အတူသွားကြမည့် အသည်းကို စုံတွဲကြားတွင် မိမိဝင်မပါသင့်တော့ပါလား၊ ပြီးတော့လည်း မင်္ဂလာဆောင်မည့်သူက ကိုယ့်အမျိုး သို့မဟုတ် ဒေါ်လေးဣန္ဒာ၏ မိတ်ဆွေဆိုလည်းဟုတ်သေးရဲ့၊ ယခုတော့...။

"နေပါစေတော့ ဒေါ်လေးရယ်၊ နန္ဒာနေခဲ့ပါတော့မယ်"

"နေရဲ့ရဲ့လား..."

ဦးယက္ခက စူးစူးစိုက်စိုက်ကြည့်ယင်း မေးလိုက်သည်။

သူ့အသံသြကြီးကြောင့် ကျောထဲက စိမ့်တက်လာသလိုဖြစ်မိပါသော်လည်း...။

"နေရဲပါတယ်ရှင့်"

သည်တော့မှ ဒေါ်လေးက...

"အပေါ်ထပ်မှာ မစောနန်းတက်အိပ်ဖို့ မှာခဲ့မယ်၊ သတိဝီရိယနဲ့တော့ နေပေါ့ဟုတ်လား နန္ဒာ... စောစုမြတ်ကလည်း မနေ့ထဲက သွားနှင့်နေပြီလေ"

နန္ဒာနွယ်ခေါင်းသာညိတ်ပြမိသည်။ စကားမပြန်နိုင်တော့ စိတ်ထဲမှာ တစ်စုံတစ်ရာဝင်ခိုလာသလို လေးလံလာမိသည်။

ထိုနေ့ညနေဦးက ဒေါ်ဣန္ဒာတို့ ကား,ထွက်သွားသောခြံဝင်းဝကို နန္ဒာနွယ်လှမ်းမျှော်ကြည့်မိသည်။





ပွင့်သွားသောတံခါးဝမှတစ်ဆင့် မကောင်းဆိုးဝါးအန္တရာယ်သည် ကျော်နင်းဝင်ရောက်လာလေပြီလားဟု ချောက်ချားစွာတွေးမိလာသည်။

ထိုအချိန်မှစ၍ မိုးမှုန်များသိပ်သိပ်သည်းသည်းကျဆင်းနေလေပြီ။ တစ်မိုးပြင်လုံး မည်းညို့နေပါ၏။စောစီးစွာမိုးချုပ်တော့မည့်အသွင်၊မိုးမှောင်ကျတော့မည့်အရိပ်နိမိတ်များ ပြညွှန်းနေပါပေါ့လား။

ဒေါ်စောနန်းက ပြတင်းတံခါးများကို လိုက်လံပိတ်ဆည်းနေပါ၏။ အိမ်ထဲတွင် ပိုမိုမှောင်သည်ထက်မှောင်လာသည်။

ဒေါ်စောနန်းက မီးမထွန်းညှိသေး၊ ဖျော့တော့သောအလင်းရောင်သည် နန္ဒာနွယ်၏ ရင်ထဲမှအားအင်များလို ယဲ့ယဲ့လေးရှိနေသည်။

အိမ်တွင် ဂျင်နရေတာမီးစက်ရှိသော်လည်း အကြောင်းကြီးငယ်ရှိမှ စက်ဖွင့်ရသည်။ လောင်စာဆီရှားပါးခြင်းသည် တစ်နည်းနည်းဖြင့် ဒုက္ခပေးတတ်ပါလား။

"နန္ဒာနွယ်"

"ဟာ..."

ဖယောင်းတိုင်ရှည်ကြီးကို မျက်နှာနှင့်အညီ ထောင်ကိုင်လာသော ဒေါ်စောနန်းကိုပင် နန္ဒာနွယ် အလန့်တကြားကြည့်လိုက်မိသည်။

သူ့မျက်နှာပြင်မှာ တစ်ဝက်လင်း၍ တစ်ဝက်မှောင်နေသည်။ အဖြူအမည်းများ ဆတူမျှရောတွေးနေသော ဒေါ်စောနန်း၏ ဆံပင်များသည် နားသယ်စပ်သို့ ကစဉ့်ကလျား သွယ်ကျနေပါ၏။

ယင်းအရိပ် များက သူ့မျက်နှာပြင်တွင် အမည်းစင်းများထင်နေ
စေသည်။ အရိုးငေါနေသော သူ့မျက်နှာပြင်မှာ အဆီများပြန်နေပါ၏။

"လန့်သွားသလား"

ဒေါ်စောနန်းက သူ့သွားဝါကျင်ကျင်များ ပေါ်လွင်လာ
အောင် သိပ်သိပ်သည်းသည်းပြုံးလိုက်သည်။ ၁၇ ရာစုနှစ်ပုံပြင်များ
ဆီမှ စုန်းမကြီး၏ အောင်မြင်သောအပြုံးမျိုးများလို ကြောက်ရွံ့စရာ
ကောင်းလှပါဘိ။

"လာလေ. . . ."

"ဟင်. . . ဘယ်. . . ဘယ်ကိုလဲ"

"ဩော်. . . ဟော်. . . ဒီမိန်းကလေးနှယ် အချောက်တိုက်
လန့်နေတာကိုး. . . ထမင်းစားကြမယ်လေ"

ညနေစာ မစားရသေးကြောင်း ယခုမှ သတိရလာသည်။
ဝမ်းထဲမှာ ဆာလောင်မွတ်သိပ်နေသလားမသိပါ။ သတိမရနိုင်အာ
ပါ။

"ဒီနေ့ နည်းနည်းနောက်ကျသွားတယ်၊ မက္ကန္ဒာတို့ သွား
ပြင်ဆင်ပေးနေရလို့"

ပြောရင်းသူက ရှေ့မှသွားနှင့်သည်။ သူ့ကိုယ်ပေါ်မှထွက်ကျ
လာသော အရိပ်မည်းမည်းရှည်ရှည်ကြီး၏ ရွေ့လျားနေပုံကို နန္ဒာနွယ်
မကြည့်ရဲတော့။

သူ့ရှေ့မှ ဖြတ်ကျော်ပြီး ထမင်းစားခန်းရှိရာ နောက်ဘက်
အဆောင်၏ ဆောင်ကူးလမ်းကြားလေးဆီသို့ ခပ်သွက်သွက်လေး
လျှောက်လာခဲ့ရပါ၏။





"လာ နန္ဒာနွယ် တို့စားရင်းစောင့်နေကြတာ"

ဦးသြတက ထမင်းလုတ်မှာ တို့စရာမြှုပ်ရင်း ဆီးပြောလိုက်
သည်။ ခါတိုင်းဆိုလျှင် သူဝင်စားလေ့မရှိပါ။ ဒေါ်က္ကန္ဒာတို့နှင့်အတူ
စားရသော နန္ဒာနွယ်တို့နောက်မှ စားလေ့ရှိသော ဦးသြတပါ။

"ထိုင်လေ. . . နန္ဒာ. . . အိမ်သားတွေမစုံတော့ ရှိတဲ့လူပဲ
ဝိုင်းစားလိုက်ကြရအောင်ပါ၊ ဒေါ်စောနန်းပါ တစ်ခါတည်း ဝင်လိုက်
ဗျာ. . ."

"နေပါစေ. . . စားနှင့်. . . စားနှင့်. . . မောင်စောနောင်"

နန္ဒာနွယ်အတွက် ထမင်းကို ကိုစောနောင် ကိုယ်တိုင်ခူးခပ်
ပေးပါ၏။ သူနှင့် မျက်နှာချင်းဆိုင်မှာ နေရာချသည်။ ဦးသြတက
စားပွဲထိပ်မှ နန္ဒာနွယ်ကို စိုက်ကြည့်နေပါ၏။

"ထိုင်လေ. . . နန္ဒာ"

ကြောင်စီစီဖြစ်နေသော နန္ဒာနွယ်ကို ကိုစောနောင်က
နှိုးဆော်လိုက်ပါ၏။

ထမင်းတစ်ပန်းကန် ကုန်အောင်မစားရပါဘဲ မနည်းမြိုချ
နေရသော နန္ဒာ၏ မူပျက်နေသောအဖြစ်ကို ကိုစောနောင်က တည့်
တည့်ကြီးပင် စိုက်ကြည့်နေပါ၏။

"ဒီညတော့ မိုးတွေလေတွေကျမယ်ထင်တယ်"

ဦးသြတက နန္ဒာနွယ်ကို အကဲခပ်သလိုကြည့်ရင်းပြောလိုက်
သည်။

"ဟုတ်တယ်ဗျာ. . . အိမ်ရှင်တွေလည်း မရှိကြဘူး"

ကိုစောနောင်၏ စကားအဆုံးတွင် အကြောများ ပြိုင်းပြိုင်း

ထနေသော လက်အေးကြီးဖြင့် ဒေါ်စောနန်းက နန္ဒာနွယ်၏လက်မောင်းကို ဆုပ်ကိုင်လိုက်ပြီး. . .

"အင်း. . . ဒီညဟာ သဥ္စာမွန်ရဲ့ အန္တရာယ်ဆိုးည မဖြစ်ပါစေနဲ့လို့. . ."

"အို. . ."

နန္ဒာနွယ်မှာ သူ့လက်မောင်းကို ဆောင့်ရုန်းလိုက်သည်။ နောက်ထပ်လည်း မကိုင်ဖြစ်စေရန် ကိုယ်ကိုယို့ပြီး ရှောင်တိမ်းထားသည်။

"အို. . ."

စိတ်ထဲမှ ရေရွတ်လိုက်မိသည်။ စားပွဲထိပ်မှ ဦးသြတနှင့် ကိုစောနောင်တို့သည် နန္ဒာနွယ့်မျက်နှာပြင်တွင် ရုပ်ရှင်ပြနေသည့်အလား စောင့်စားငေးစိုက်ကြည့်နေကြပါသည်။

သည်နေ့မှ ထူးထူးခြားခြား သူတို့သုံးယောက်လုံး နန္ဒာနွယ်ကို ကြည့်ကြလှချည်လား. . .။

စားလက်စထမင်းကို ကုန်စင်အောင် မနည်းပင်နှစ်မြှုပ်နေရသည်။ သူတို့ကိုလည်း မကြည့်ရဲတော့။

ထမင်းစားခန်း၏ နောက်ဖက်ထောင့်ကြမ်းပြင်တွင် ဇလုံတစ်လုံးနှင့် ထမင်းများကို အားပါးတရနယ်ရင်း ကိုတူး စားနေပါ၏။

ထမင်းဝိုင်းမှ ဦးသြတ အရင်ထသွားသည်။ မကြာမီမှာပင် ကိုစောနောင်လည်း သူ့ဖွန်းခက်ရင်းများကို ချပြီး အိမ်ရှေ့ဘက်သို့ ထွက်သွားပါ၏။

နန္ဒာနွယ်မှာ သက်ပြင်းရှိုက်လိုက်မိသည်။ ထမင်းဝိုင်းမှ





တော်တော်နှင့် မထဖြစ်သေး။ ငေးငိုင်နေပြီးမှ ဘေးတွင်ရပ်စောင့်နေသော ဒေါ်စောနန်းကို ကြောက်သလိုလိုဖြစ်လာပြီး ထမင်းဝိုင်းမှ ထလိုက်ရသည်။

"နန္ဒာရေ. . . ဒီညတော့ သတိသာထားနေတော့ပေါ့ကွယ်"

"ကျွန်မ. . . ကျွန်မကို မခြောက်ပါနဲ့ ဒေါ်စောနန်း"

အဘွားအိုက ကျစ်လျစ်သိပ်သည်းစွာ ပြုံးလိုက်ပြီး. . .

"ဩော်. . . ဟော်. . . မဟုတ်ပါဘူးကွယ်၊ သိပ်ကြောက်သွားမှာ စိုးလို့ပါ"

ပါးစပ်သုတ်နေသည့် လက်သုတ်ပဝါကို ဆောင့်ချပြီးထွက်လာခဲ့မိသည်။

"အမေ ဒါတွေသိမ်းပြီး ထမင်းစားပြီးမှပဲ လာခဲ့တော့မယ်"

နန္ဒာနွယ် ဘာအဖြေမှမပေးတော့ပါဘဲနှင့် အိမ်ရှေ့ဘက်ထွက်လာခဲ့တော့သည်။

အပြင်တွင် မိုးစုန်းစုန်းချုပ်ပြီ။ သဲကြီးမဲကြီး မဟုတ်သေးသော်လည်း မိုးဖွဲများက စုစည်းမိကြပြီ။

နန္ဒာနွယ်မှာ မိမိ၏ အမှောင်ခန်းထဲသို့ မဝင်လိုသေးပါ၍ အိမ်ရှေ့ဘက်သို့ ထွက်ခဲ့သည်။ ကြီးမားကျယ်ဝန်းလွန်းသော အိမ်ကြီး၏ အမှောင်ခန်းများကို ဖြတ်သန်းပြီး အိမ်ရှေ့ဘက်သို့ထွက်ခဲ့ရသည်။ အိမ်ရှေ့ဧည့်ခန်းတွင် ဖန်မီးအိမ်ထွန်းညှိထားပါ၏။

စကြံလမ်းဘက်သို့ ရှည်မြောသောအရိပ်ကြီး နှစ်ခုကျရောက်နေသည်။ တစ်ခုနှင့်တစ်ခုလည်း နီးကပ်လွန်းလှသည်။ ခေါင်းချင်းထိကပ်မတတ် ရှိနေကြသည်။

"ဘယ်သူတွေပါလိမ့်"

ဟု ခြေစုံရပ်လျက် ရုတ်တရက်တွေးကြည့်မိသည်။ ဤအရိပ်များ၏ အရင်းအမြစ်နေရာ လူရှိရာသို့ နန္ဒာနွယ် မကြည့်ရဲသေး။ အမှောင်ထဲတွင်လည်း ကြာရှည်ငြာရပ်မနေချင်ပါ၍ ခြေဖော့ဖော့လေးနင်းလျက် ထွက်ခဲ့ရသည်။

"ဟင်. . . ဦးဩတနဲ့ ကိုစောနောင်ပါပဲလား"

နန္ဒာနွယ်က သူတို့နှစ်ယောက်ကို ကျက်မှတ်ပြီးသည်နှင့် သူတို့ကလည်း ထွက်လာသော နန္ဒာနွယ်ကို မြင်တွေ့သွားကြတော့သည်။

ဦးဩတက ကိုစောနောင်၏ လက်မောင်းကိုဆုပ်ညှစ်၍ တစ်ချက်မျှဆတ်ခါပြီး နန္ဒာတို့အနီးမှ ဖျတ်လတ်စွာ ထွက်ခွာလျက် လှေကားထက်မှ ဆင်းသက်သွားတော့သည်။

"စိတ်ချပါရစေ မောင်စောနောင်. . ."

ဟူသောစကားကို ရင်ထဲမှ ပြောကြားသွားကြောင်း နန္ဒာနွယ်လည်း ရိပ်မိရပါပြီ။

"လာလေ နန္ဒာ. . ."

"နေပါ"

"မဟုတ်ဘူး ပြောစရာရှိလို့ပါ"

"အဲဒီကနေပဲ ပြောပါ"

"ဆိုဖာပေါ်မှာ ထိုင်ပါဦး"

မလွန်ဆန်နိုင်သလို နန္ဒာနွယ်မှာ သူ့ကိုသာစိုက်ကြည့်နေမိရင်းက ဆိုဖာကို မျက်ကန်းတစ်ယောက်လို ကိုင်တွယ်စမ်းသပ်ပြီး ဖြည်းလေးစွာ ထိုင်ချလိုက်ရသည်။





"နန္ဒာ ကိုယ့်ကိုကြောက်နေတာ ကိုယ်သိပါတယ်"

"ဟင်. . ."

"ကိုယ့်ကို မကြောက်ပါနဲ့ နန္ဒာ၊ ကိုယ်လည်း ခုပဲခရီးထွက်ရောက်စပေါ် လာပါတယ်"

"ဟင်. . . ဘာ. . ."

"ဦးယက္ခနဲ့ ဒေါ်ဣန္ဒာဆီက သတင်းစကားရောက်လာတယ်၊ မင်္ဂလာဆောင်အတွက် အရေးတကြီးလိုအပ်တဲ့ ငွေထည်ပစ္စည်းလာပို့ပါတဲ့"

"အောင်ပန်းကို သွားရမှာပေါ့"

"ဟုတ်တယ်. . . ဒရိုင်ဘာကလည်း သူတို့နဲ့ပါသွားတယ်လေ၊ အမှန်တော့ ဦးဩတ သွားရမယ့်ကိစ္စပါ"

"သူ. . . သူက ဘာဖြစ်လို့. . ."

"သူက ညဘက်ကြီး ကားမမောင်းရဲဘူးတဲ့၊ မိုးရွာတော့ လမ်းတွေလည်း ချော်နေတယ်လေ"

"ဘယ်အချိန်လောက် ပြန်ရောက်မှာလဲဟင်"

"ပြန်လာမယ် ဆိုရင်တော့ သန်းခေါင်ကျော်လောက်မှ ရောက်မှာပေါ့၊ ဒါပေမယ့် ဒီည ကိုယ်ပြန်မလာတော့ဘူး"

"ဟင်. . ."

"ဒီလမ်းကို နှစ်ခါပြန်မောင်းလာဖို့ မကောင်းဘူးလေ. . . နန္ဒာ နေ့ရဲရဲ့လား"

"ဒီ. . . ဒီညမှ ဘာဖြစ်လို့ အားလုံး ဒီအိမ်ကြီးက ခွာသွားနေကြတာလဲရှင်. . . ဟင်. . ."

နန္ဒာနွယ်၏ အသံများ တုန်ခိုက်လာသည်။ သံသယများဖြင့် ဖွဲ့စည်းထားသော ကြောက်ရွံ့ခြင်းသည် နန္ဒာနွယ်၏ တစ်ကိုယ်လုံးသို့ တိုးဝင်လာနေပြီ။

"တမင်တော့ မဟုတ်ပါဘူး၊ တိုက်ဆိုင်ကြတာပါ. . . ကိုစောမင်းညိုကတော့ စနေညတိုင်း သူပြန်နေကျပဲ"

"အစ်ကို့ကိုတော့ ထားပါတော့"

"ဒေါ်ကြူနဲ့ ဦးယကွာသွားကြတဲ့ မင်္ဂလာဆောင်ရဲ့ဖိတ်စာလည်း နန္ဒာနွယ် မြင်မှာပေါ့၊ ဒီနေ့ဒီရက်ပဲလေ. . ."

"ဘာပဲဖြစ်ဖြစ် ကိုစောနောင်သာ. . ."

"ပြောလေ နန္ဒာ. . . ပြောပါ. . ."

"မပြောဘူး. . . မပြောဘူး. . . သွားကြ. . . သွားကြပါ"

နန္ဒာနွယ် ငိုမိရပါပြီ။ ပြောလိုသောစကားများက ရင်ထဲတွင်သာ ကျန်နေရစ်ရသည်။

"ဘာပဲဖြစ်ဖြစ် ကိုစောနောင်သာ နန္ဒာ့အပေါ် တကယ်စေတနာရှိရင်၊ သနားတယ်ဆိုရင် ဒီလိုညမျိုးမှာ တစ်ယောက်တည်း မထားခဲ့သင့်ပါဘူးရှင်"

ဟူသော တောင်းပန်မှုစကားများကို မာန်လေးများနှင့် ခြေဖျက်ပစ်လိုက်သည်။

ပြီးတော့ ကိုစောနောင်ကိုလည်း အားကိုးအားထားစိတ်များနှင့် ခင်မင်နေမိရာမှ နာကျည်းသလိုရှိလာသည်။

"သူတို့တွေ ဦးသြတကို အိမ်မှာထားပြီး တစ်ကျိတ်တည်း တစ်ညက်တည်းများ ထွက်သွားနေကြတာလား"





ယင်းအတွေးများ မဆုံးမီပင် ကိုစောနောင်သည် ရိန်းကုတ်အင်္ကျီရှည်ကြီးကိုဝတ်လျက် သားရေပျော့ဦးထုပ်ကိုဆောင်းပြီး နန္ဒာနွယ်၏ရှေ့မျက်မှ ထွက်ခွာသွားချေပါပြီ။

ဂျစ်ကား၏စက်နှိုးသံကို ကြားရသည်။ ကားမီးရောင်တန်းသည် ငွေရောင်လက်နေသော မိုးရေစက်လေးများကို ဖြတ်တိုးပြီး သဥ္ဇာမွန်၏ ပရဝုဏ်မှ ထွက်ခွာပျောက်ကွယ်သွားပါတော့သည်။

"တစ်ယောက်ထဲ. . ."

သဥ္ဇာမွန်အိမ်အိုကြီး၏ အပေါ်ထပ် အရှေ့ဘက်ဆောင်ကြီးတစ်ခုလုံးတွင် မိမိတစ်ယောက်တည်းပါလားဟူသော အသိကြောင့် နှလုံးသွေးခုန်နှုန်း မြန်လာရသည်။

မိမိ၏နောက်ဘက်ဆီမှ အန္တရာယ်များ ပြေးလာနေပြီလားဟူသောအသိဖြင့် နောက်လှည့်ကြည့်မိသည်။ ဘေးသို့လည်း ကြည့်မိသည်။ ထိုင်ရာမှ ထမိသည်။

မိုးစက်များ သွပ်ပေါ်သို့ တဖြောင်းဖြောင်းကျသံနှင့် သစ်ကိုင်းသစ်ရွက်များ တရှဲရှဲမြည်အောင် ထိပွတ်သံတို့သည် မိမိ၏အဖြစ်ကို တဟားဟားရယ်မောနေသော မကောင်းဆိုးဝါးတို့၏ ရယ်သံကြီးများလား ထင်မှတ်လာမိသည့်အဆုံးတွင်. . .

"ငါတစ်ယောက်တည်း ဒီမိုးသည်းညကြီးကို ရင်မဆိုင်ရဲဘူး"

"ဒီညဟာ သဥ္ဇာမွန်ရဲ့ အန္တရာယ်ဆိုးညဖြစ်မှာ သေချာတယ်၊ ကို. . . ငါဟာ အန္တရာယ်ဆိုးညရဲ့ သားကောင်များ ဖြစ်ရတော့မှာလား. . ."

* * *

## အခန်း(၁၇)

ချောက်ချားစိတ်ဖြင့် ထိုင်နေရာမှ ထလိုက်မိသည်။ ရှည်ထွက်လာသော မိမိ၏အရိပ်မည်းကြီးကိုပင် မကြည့်ဝံ့၍ မျက်နှာလွှဲပစ်လိုက်ရသည်။ ပြတင်းဝဆီသို့ ကြည့်မိလျက်သား ဖြစ်သွားရပါ၏။

"အမယ်လေး. . ."

သစ်ကိုင်းခြောက်များသည် မှန်ပြတင်းကို လေ၏အရှိန်နှင့်လာရောက် ရိုက်ခတ်နေခြင်းကို လူသေ၏ အရိုးခြောက်လက်အစုံဖြင့်မှန်ချပ်ကို ကုပ်ခြစ်ဖွင့်ယူနေသလို ထင်မှတ်သွားမိ၍ပါ။ မျက်စိထဲတွင်လည်း လည်ပင်း၌ ဓားကြီးစိုက်လျက် သွေးစက်လက်ဖြင့် သေနေသော ဦးသိုက်၏ ကြောက်စရာအလောင်းကြီးကိုပါ ပြန်လည်မြင်ယောင်လာမိသည်။

"အို. . ငါ့စိတ်တွေ သိပ်ချောက်ချားနေပါလား၊ ဘုရား. . .





ဘုရား. . . ကယ်ပါ"

နန္ဒာနွယ်မှာ မိမိ၏ရင်ဘတ်ပေါ်သို့ လက်အစုံကိုဖိကပ်ရင်း ဘုရားတ,မိသည်။ မိမိ၏ လွတ်မြောက်အားကိုးရန်လမ်းစကို ခက်ခဲစွာတွေးယူလိုက်မိသည့်အခါ. . .

"မောင်ဟေမန်. . ."

"ဟုတ်တယ်. . . မောင်ဟေမန်၊ ငါ့အသက်ကို ကယ်ပေးခဲ့ဘူးတဲ့ ငါ့ရဲ့ကျေးဇူးရှင်လေး မောင်ဟေမန်၊ သူ. . . သူဟာ ဒီညအဖို့ ငါ့အတွက် တစ်ခုတည်းသော အားထားရာပဲ"

ယင်းအသိများဖြင့် နန္ဒာနွယ်မှာ အလယ်ခန်း၏ စင်္ကြံလမ်းအတိုင်း မှောင်ထဲတွင် ဖြတ်ပြေးလာမိသည်။

"ကိုတူး. . . ကိုတူး. . ."

ဝေးလံသောအရပ်မှ လူကိုခေါ်သလို အော်လိုက်မိပါ၍. . .

"အလန့်တကြားတော်. . . ဘာများဖြစ်လာပြန်ပြီလဲ"

ဒေါ်စောနန်းက စူးစမ်းသလို စိုက်ကြည့်ရင်း မေးလိုက်သည်။

"ဟို. . . ကိုတူးကို အနားမှာခေါ်ထားချင်လို့"

နန္ဒာနွယ်ကို လှေလာသလိုကြည့်ပြန်ပြီးမှ. . .

"ဟဲ့. . . ကောင်လေး လိုက်သွားလိုက်စမ်း"

ကိုတူး၏လက်ကို အားကိုးစရာတစ်ခုလို ဆုပ်ကိုင်ပြီး အိမ်ရှေ့ဘက် ပြန်ထွက်လာခဲ့မိသည်။

"ဒီမှာကြည့်စမ်း ကိုတူး. . ."

"ဘာလဲဗျ. . ."

"မင်း. . . မင်း. . . မောင်ဟေမန့်ဆီသွားစမ်းပါ"

"အို. . . အစ်မနန္ဒာကလဲဗျာ၊ မဟုတ်တာ"

"ဩော်. . . တကယ်ပြောတာပါ ကိုတူးရယ်၊ အစ်မနန္ဒာ မုန့်ဖိုးအများကြီး ပေးပါ့မဖ့်"

"ဟာ. . . ကိုဟေမာန်အိပ်ရောပေါ့ မိုးတွေလည်း ရွာနေတယ် ပြီးတော့. . . သချိုင်းဂူတွေကြားက ဖြတ်သွားရမှာဗျ၊ ကျွန်တော် ကြောက်တယ်"

နန္ဒာနွယ်မှာ ငါးကျပ်တန်တစ်ရွက်ကို ထုတ်ယူပြီး ကိုတူးရှေ့မှာ ဖြန့်ပြလိုက်ပြီး. . .

"သွားတော့ ခေါ်ပေးချင်ပါတယ် အစ်မနန္ဒာရာ၊ ဒါပေမယ့် သင်္ချိုင်းစောင့် ဦးသိုက်ကြီးက မကျွတ်ဘူးတဲ့. . . သရဲဖြစ်နေတယ်တဲ့"

"ဟင်. . . ဘယ်. . . ဘယ်သူက ပြောလဲ"

"အမေစောနန်းက ပြောတာဗျ"

ဦးသိုက်၏ မျက်လုံးပြူးကြီးနှင့် ဆံပင်ဖားလျားကြီးကျရင်းသေနေသော မျက်နှာကြီးကို ပြန်မြင်လာပြန်သည်။

"ကျွန်တော် ခြံရှေ့ဘက်က ပတ်သွားမယ်လေ"

"ဩော်. . . အဲလိုသွားလို့လည်း ရတယ်လား"

"ရတယ်ဗျ. . ."

"ရရင်လုပ်စမ်းပါ ကိုတူးရယ်၊ အစ်မနန္ဒာ ငါးကျပ်မဟုတ်ပါဘူး၊ တစ်ဆယ်ပေးပါ့မယ်"

"တကယ်နော်. . ."

"အေးပါ၊ ရော့. . . တစ်ခါတည်းယူသွား၊ ပြီးရင်. . .





ာင်ဟေမာန်ကို တစ်ခါတည်း အပါခေါ်လာခဲ့နော်၊ သိပ်အရေးကြီးလို့ အစ်မနန္ဒာက လိုက်ခဲ့ပါလို့"

"စိတ်ချ. . . ကျွန်တော်လည်း အဖော်ရတာပေါ့၊ အမေစောနန်း မသိပါစေနဲ့နော်"

"ဩော်. . . ဦးသြတလည်း မမြင်ပါစေနဲ့"

မိုးထဲရေထဲတွင် ကိုတူးလေးထွက်ပြေးသွားပါပြီ။

"မျှော်လင့်ခြင်း" ဆိုသောအရာလေးရှိလာရသဖြင့် ကြောက်တ်များ နည်းပါးစွာ လွင့်ပါးသွားရသည်။

တစ်မိနစ်မျှသော အချိန်လေးကိုပင် ခက်ခဲရှည်လျားစွာတ်ကျော်နေရပါ၏။ စောင့်ဆိုင်းမျှော်လင့်ရသော အချိန်ကာလဆိုည်တို့က ကြာမြင့်ရှည်လျားတတ်ပါလား. . .။

"မောင်ဟေမာန်. . . ပါလာပါစေ"

မောင်ဟေမာန်သည် နန္ဒာနွယ်အတွက် ရင်းနှီးလွန်းသောစိမ်းတစ်ယောက်ပါ။

ညီမလေး စန္ဒာငယ်၏ချစ်သူဖြစ်ရုံမျှမက မိမိ၏အသက်ကိုယ်တင်ခဲ့သည့် ကျေးဇူးရှင်လေး မောင်ဟေမာန်။

"ဟော. . . လာကြပြီ"

မီးရောင်တန်းလေး ခြံဝင်းထဲသို့ဝင်လာသည်နှင့် မှန်ပြတင်းတစ်ဆင့် အပြေးအလွှားထကြည့်မိသည်။

"ဟာ. . . မောင်ဟေမာန်ပါ ပါလာပြီ"

ဝမ်းသာခြင်း၊ အားတက်ခြင်းများသည် နန္ဒာနွယ်၏ နှလုံးမ်တွင်းမှ ကြောက်စိတ်များကို သြဇာနှင့်အာဏာနှင့် နှင်ထုတ်လိုက်

သလိုပါ။

"မမနန္ဒာ. . . မမနန္ဒာ. . . ဘာဖြစ်လို့လဲဟင်"

မောဟိုက်သော လေသံလေးနှင့်ပြေးတက်လာရင်း စိုးရိမ်တကြီးမေးရှာသည်။

"မောင်ဟောမန်. . . မောင်ဟောမာန်ရယ်၊ အို. . . မမနန္ဒာ ဝမ်းသာလိုက်ရတာ မောင်လေးရယ်"

မိုးရေများ စွတ်စိုနေသော သူ့လက်ကလေးကို ဆီးကြိုဆွဲယူရင်းပြောမိသည်။

"ဘာ. . . ဘာဖြစ်လို့ ကျွန်တော့်ကို ခေါ်ခိုင်းတာလဲဟင်"

"မမနန္ဒာကြောက်လို့. . ."

"ဟင်. . . ကြောက်လို့ ဟုတ်လား"

"ဟုတ်တယ်. . . မောင်ဟောမာန်၊ အိမ်မှာ ဘယ်သူမှမရှိလို့"

"ဘယ်ရောက်ကုန်ကြလို့လဲ. . ."

"အကြောင်းအမျိုးမျိုးနဲ့ သွားကုန်ကြပြီ"

ဦးယက္ခ၊ ဒေါ်ဣန္ဒာ၊ စောမင်းညိုနှင့် ကိုစောနောင်တို့၏ ခရီးစဉ်များကို အတိုချုံးပြီးပြောလိုက်ရသည်။ ခြံတွင်းနှင့် အိမ်၏ အစေအပါးများကိုလည်း ယခင်ကလို အိမ်မှာတစ်ယောက်မှမအိပ်ေ ရတော့။ ရွှေရတုပွဲပြီးမှ ဦးသိုက်အသတ်ခံရပြီးမှ ထုတ်လွှင့်ထားခဲ့သော ဒေါ်ဣန္ဒာ၏အမိန့်အရပါ။

"ဟော့ကောင်. . . ဟောမာန်"

ဒေါသနှောသော ဦးဩတ၏အသံ။

သူ၏ကြောက်စရာမျက်နှာကြီးကို မြင်သာစေရန် မီးအိမ်ကြ





မြှောက်လိုက်ပြီး. . .

"မင်းက ရာရာစစ အိမ်ပေါ်ဘာတက်လုပ်နေတာလဲ. . . င်. . ."

"ဟို. . . မ. . . မမနန္ဒာက. . ."

မောင်ဟောမာန်၏ ပေါ်တွင် ဦးဩတ၏ဩဇာသည် ငယ် ကပင် လွှမ်းခဲ့ဟန်ရှိပါ၏။ မောင်ဟောမာန် ခေါင်းလေးငုံ့သွားရှာ ည်။ နန္ဒာ မနေသာတော့ပါ။

"ဒီမှာ. . . ဦးဩတ"

"ဘာလဲ. . ."

"မောင်ဟောမာန့်ကို ကျွန်မခေါ်ခိုင်းလိုက်တာ"

"ဘာကိစ္စ. . ."

"ကျွန်မကို ဒီည စောင့်ရှောက်ဖို့. . ."

"အလို"

ဦးဩတက တအံ့တဩရွှတ်ဆိုလိုက်ပြီး၊ လှေကားဘက်သို့ က်ညှိုးညွှန်၍. . .

"ဟောမာန်. . . သွား ပြန်စမ်း"

မောင်ဟောမာန်က သူဘာလုပ်ရမလဲဟူသော ပုစ္ဆာအကြည့် ဖြင့် နန္ဒာ့နွယ်ကို ကြည့်လိုက်သည်။

"မပြန်ရဘူး. . . မောင်ဟောမာန့်ကို ဒီည ဒီအိမ်ပေါ်မှာပဲ စောင့်ခိုင်းမယ်"

"လုံးဝမဖြစ်နိုင်ဘူး၊ သွား. . . ပြန်စမ်း၊ ဟော့ကောင်"

"မောင်ဟောမာန်. . . မပြန်နဲ့"

"ဒီအိမ်မှာ ဒီလိုလုပ်လို့မရဘူးလေ မိန်းကလေးရဲ့"

"ကျွန်မဟာ သဥ္စာမွန်ရဲ့ အမွေခံတစ်ယောက်ပါ၊ ဦးဒီပ္ပရဲ့ မြေးပါ ဦးသြတ၊ ဒီအိမ်မှာ ကျွန်မဆန္ဒရှိတာ လုပ်နိုင်ခွင့်ရှိရမှာပေါ့ ရှင့်. . ."

"မရှိရဘူး. . . ဒီအိမ်မှာ ငါဟာ ဘဏ္ဍာစိုးပဲ၊ မက္ကနွာရဲ့ အာဏာကုန်လွှဲအပ်ခြင်းခံရတဲ့ အမှုထမ်းတစ်ယောက်ပဲ၊ ဒီအိမ်မှာ ငါ့အာဏာသာ တည်စေရမယ်၊ သွားစမ်း. . . ဟေမာန်၊ အခု ဒီအိမ်ပေါ်က ဆင်းသွားစမ်း"

ဦးသြတ၏ ဒေါသတရားများသည် မောင်ဟေမာန်လို စိတ်ထားနုငယ်သူတစ်ယောက်၏ ကြံ့ခိုင်နိုင်စွမ်းကို ချေဖျက်နိုင်ပါပြီ။ သူ့စကားသံများသည် မောင်ဟေမာန်ကို အရာရာ၌ အရှုံးပေးစေရလေပြီ။

မောင်ဟေမာန် ဆင်းသွားရရှာပါပြီ။

"ဒေါ်စောနန်း. . . ဒေါ်စောနန်း. . ."

ဦးသြတ အသံမဆုံးမီ ဒေါ်စောနန်းကရောက်နှင့်လာနေပြီ။

"နင့်မြေးကို ဆုံးမစမ်း၊ ဒီကောင် သွားခေါ်လာတာ"

"တယ်. . . ဒီကောင်လေး ဝင်ရှုပ်ဦးဟဲ့. . . ဝင်ရှုပ်ဦး. . . ကဲ. . ."

"အမယ်လေး. . . ကြောက်ပါပြီဗျ. . ."

"နင့် ပါးစပ်ပိတ်ထားစမ်း၊ လာခဲ့ နောက်ဖေးကို"

ဒေါ်စောနန်းက ရိုက်နှက်ရင်း ဆွဲခေါ်သွားသော ကိုတူး၏ လက်မှ ငါးကျပ်တန်လေးနှစ်ရွက်မှာ လွင့်စင်ကျကျန်ရစ်ခဲ့သည်။





မောင်ဟေမာန်လည်း ပြန်ပြီ။

ဒေါ်စောနန်းတို့ မြေးအဘွားလည်း နောက်ဖေးဝင်သွားခဲ့ကြပြီ။

နန္ဒာနွယ်နှင့် ဦးသြတတို့သည် အိမ်ကျယ်ကြီး၏ အလယ်. . . အကာလ. . . မိုးသည်းညတွင် နှစ်ယောက်တည်း မျက်နှာချင်းဆိုင်. . .။

* * *

## အခန်း(၁၈)

မသိစိတ်တစ်ဝက် သိစိတ်တစ်ဝက်ဖြင့် အကျဉ်းအကြပ်မှ ရုန်းထွက်မရနိုင်အောင် ချုပ်နှောင်ထားသလို ခံစားနေရသည်။

နိုးကြားလာလိုက်၊ ပြန်လည် အိပ်ပျော်သွားလိုက်နှင့်ပါ။

စိတ်ကို မနည်းအားခဲ၍ တင်းထားပါသော်လည်း မရ။ တ ကိုယ်လုံး၏ အကြောဆိုင်များ လေးလံနေသည်။ လှုပ်ရှားရန် ခက် နေသည်။ ခေါင်းထဲတွင်လည်း ကြီးမားသော အစိုင်အခဲတစ်ခုထ သွင်းထားသလို လေးလံနေပါ၏။

သိလိုက်၊ မသိလိုက်၊ အိပ်ပျော်လိုက်၊ ပြန်နိုးလိုက်ဖြစ်နေ တွင် လျှပ်ရောင်တစ်ချက် ဝင်းလက်ပြီး မိုးကြိုးပစ်ချလိုက်သည်။

တုန်ဟည်းသော မိုးချုန်းသံသည် လေးလံနေသော အာ ကြောများကို နိုးကြားလာစေတော့သည်။





"အို. . . ငါ. . . ငါ. . . အိပ်ပျော်သွားပါလား"

အလန့်တကြား ထထိုင်မိသည်။ လက်ရှိအခြေအနေကို ပြန်လည် သိမှတ်လာနိုင်ခဲ့ပါပြီ။

မောင်ဟေမာန် ပြန်သွားရပြီး ဦးဩဘာနှင့် မျက်နှာချင်းဆိုင်ခိုက်ရန်ဖြစ်ကြရသည်။ အပေါ်ထပ်၌ နန္ဒာနွယ်အတွက် အဖော်အဖြစ် ဒေါ်စောနန်းနှင့် ကိုတူးမှတစ်ပါး မည်သူမျှမရှိစေရဟု ခက်ထန်မာကြောသော စကားလုံးများကိုသုံးပြီး သူဆင်းသွားခဲ့သည်။ ပြီးတော့ လှေကား၏ အလယ်ဆင့်မှ သံဆွဲတံခါးကိုအရှိန်ပြင်းစွာ ဆောင့်ဆွဲပိတ်ပြီး ကြီးမားသော သော့ခလောက်ကြီးကို ခတ်ပိတ်လိုက်တော့သည်။

ဒေါ်စောနန်းက မိမိ၏အခန်းထဲသို့ တွဲခေါ်ပို့ဆောင်ပေးသည်။ အိပ်ရာထက်တွင် လဲလျောင်းစေသည်။

သည်မျှ ချောက်ချားတုန်လှုပ်ဖွယ်၊ စိုးထိတ်ရွံ့ကြောက်ဖွယ်ရာ အကာလညကြီးကို မျက်ကွယ်ပြုလျက် နှစ်ခြိုက်စွာ အိပ်ပျော်သွားနိုင်သည့် အဖြစ်ကို ပြန်လည်တွေးဆကြည့်ရသည်။

"ငါဟာ အိပ်ပျော်ခဲပြီး နိုးကြားလွယ်တဲ့သူပါ၊ ဒီညမျက်ခွံတွေ သိပ်လေးပြီး ချက်ချင်းအိပ်ပျော်သွားတာဟာ အကြောင်းရှိရမယ်"

"ဟုတ်တယ်. . . ငါ့ကို ဒေါ်စောနန်းတိုက်တဲ့ ကော်ဖီဟာ အရသာတစ်မျိုးဖြစ်နေတယ်၊ ဟင်. . . ဒါ. . . ဒါဆို ငါ့ကို အိပ်ဆေးခတ်ထားပါလား"

ယင်းအတွေး၊ ယင်းအသိများကြောင့် ရင်မှာသွက်သွက်ခါအောင် လှုပ်ရှားသွားရသည်။

"အို. . . အပြင်မှာ မိုးတွေသိပ်သည်းလာပါလား"

"ဒေါ်စောနန်း. . . ဒေါ်စောနန်း"

ပြန်လည်ထူးသံမကြားရ။ နန္ဒာနွယ်မှာ အိပ်ရာပေါ်မှ ပြေး ဆင်းပြီး အခန်းတံခါး၏ ချက်ကိုဖြုတ်ပြီး ဖွင့်ထွက်ရန်ကြိုးစားပါ သော်လည်း. . .။

"အမယ်လေး. . . အပြင်က သော့ခတ်ထားပါလား၊ ငါ့ကို လှောင်ပိတ်ထားကြပြီ"

ယင်းအသိကြောင့် နန္ဒာနွယ်မှာ တံခါးကို ကျောဖြင့် မှီကာ ရင်းဆောက်တည်ရာမရလောက်အောင် ချောက်ချားသွားရပါပြီ။ မိုးလယ်ညတွင် ချွေးစေးများ ပြန်တက်လာသည်။

"ငါ့ကို လှောင်ပိတ်ထားကြပြီ"

"ငါဘာလုပ်ရမလဲ. . . ငါဘာလုပ်ရမလဲ. . ."

"အို. . . အပြင်မှာ မိုးတွေသိပ်သည်းလာပြီ၊ ဘုရား. . . ဘုရား. . . ဒုက္ခပါပဲလား. . ."

အမှောင်ထဲမှ စိတ်ဒုက္ခသည်မလေး နန္ဒာနွယ်၏ မျက်ဝန်း အစုံမှ မျက်ရည်များသွယ်ကျလာသည်။ ဤနေရာမှ နေရာမရွေ့ပဲ တော့။

ပထမတော့ တစ်ခန်းလုံး ပိန်းပိတ်အောင် မှောင်နေသည်။ ဘာကိုမျှ မမြင်ရ။ လျှပ်ရောင်တစ်ချက် ဝင်းလက်သွားပြီးချိန်တွင် အခန်းအတွင်းမှ ပရိဘောဂများ ဝိုးတဝါးမြင်သာလာရပါသည်။

"ဟင်. . . ဟင်. . . ဟိုဟာ ဘာလဲ"

"ဟို. . . မည်းမည်းကြီးဟာ ဘာကြီးလဲ"

ကြောင်နှစ်ကောင်စာပေ



နန္ဒာနွယ်၏ နှလုံးသားများ ရင်မှလွင့်စင်ထွက်ကျသွားပြီ ထင်ရပါသည်။

အခန်းထောင့်ဆီမှ မည်းမည်းအရာကြီးတစ်ခု ထောင်မတ် လာသည်။

နန္ဒာနွယ်မှာ ထောင်မတ်လာသော အရာကြီးကို အသက် ရှူရပ်ထားယင်း စောင့်ကြည့်နေမိသည်။

"ဟာ. . . အခန်းရဲ့ ကြမ်းပြင်ကြီး ကွဲတက်လာတာပါလား"

ဘယ်တုန်းကမျှ မမြင်မိသော အံ့ဖွက်တံခါးချပ်ကြီးကွဲတက် လာပြီးသည်နှင့်. . .

"အမယ်လေး. . . အမယ်လေး. . . ဘာကောင်ကြီးလဲ"

မည်းမည်းအဝတ်ဖားကြီးကို ခေါင်းမှ လွှမ်းခြုံထားသော လူ တစ်ယောက်၏သဏ္ဍာန် ပေါ်တက်လာပြီးသည်နှင့်. . .

"အား. . . သွား. . . သွား. . ."

နန္ဒာနွယ် အသံများပြာသွားအောင် အားနှင့်ကြုံးအော်လိုက် မိသည်။ကူမည့်ကယ်မည့်သူများထံမှ ဘာပြန်ကြားသံမှမကြားရ. . .။

"ဟင်း. . . ဟင်း. . ."

မကောင်းဆိုးဝါးမည်းကြီးထံမှ အံ့ကြိတ်သံကြီးနှင့်အတူ ရှေ့ သို့တစ်လှမ်းချင်း တိုးလာနေလေပြီ။

နန္ဒာနွယ်၏အသံများ လည်ချောင်းဝတွင် တစ်ဆို့နေပါပြီ။ တံခါးပေါင်နှစ်ဖက်ကို နောက်ပြန်ကုပ်ဆွဲထားမိသည်။

"ဘယ်သူလဲ. . . ဘယ်သူလဲ. . . သွား. . . သွား. . . အား. . . အ. . ."

ကြောင်နှစ်ကောင်စာပေ

ချောင်ပိတ်မိနေသော သားကောင်မလေး နန္ဒာနွယ်မှာ မည် မည်းသတ္တဝါကြီး၏ ဖမ်းချုပ်မှုကို လည်စင်းခံလိုက်ရပါပြီ။

"အား. . . လွှတ်. . . လွှတ်. . . အွတ်. . . အား. . ."

ကြီးမားသန်မာသော လက်ချောင်းကြီးများက နန္ဒာနွယ်၏ သွယ်လျသော လည်တိုင်ဖြူဖြူလေးကို တအားစတင်ညှစ်သတ်နေပါ ပြီ. . .။

ကြောက်လန့်ခြင်းနှင့် နာကျင်ခြင်းဝေဒနာတို့၏ အတွင် အထိပ်ဆိမှ နန္ဒာနွယ်သည် သန်မာသောလက်ကြီးနှစ်ဖက်ကို တွန်းလှန်နိုင်အား မရှိရှာတော့ပါ. . .။

ညှတ်ခွေပျော့ကျတော့အံ့ဆဲဆဲတွင်မှ ပြင်းထန်စွာ လှုပ်ရှာ လိုက်သောအသံကြီးတစ်ခုကို ကြားလိုက်ရပြီးသည်နှင့်. . .

"အစ်"

ဟူသော အသံတစ်ခု လူသတ်သမားထံမှ ထွက်လာသည်၊ လည်ချောင်းဆီမှ သူ့လက်များလည်း ချက်ချင်းလိုပြေလျော့သွားတော့ သည်။

"အိ. . . အ. . . ခွပ်. . . ဝုန်း. . ."

ဆိုသော ရှုန်းသံကန်သံ၊ ထိုးနှက်လဲပြိုသံများ မပြီးဆုံးခ အခန်းတွင်းသို့ အလင်းရောင်တန်းတစ်ခုကျရောက်လာသည်။

ပိတ်ဆို့ထားသော တံခါးလည်း ပွင့်လာတော့သည်။ လင် လွန်းသော မီးအိမ်ကြီးတစ်ခုကို ကိုင်ဆွဲဝင်လာသော ဒေါ်စောနန် ၏ရှေ့မှာ. . .။

လက်နှိပ်ဓာတ်မီးတစ်ဖက်၊ သေနတ်တစ်လက်ကို တစ်ဖက်





ကကိုင်ရင်း ဝင်လာသော ဦးသြတ. . .

"ကဲ. . . တော်လောက်ပါပြီ မောင်စောနောင်၊ သူ မထနိုင် တော့ပါဘူး"

အဝတ်မည်းကြီးနှင့် လုံးထွေးနေဆဲ လူသတ်သမားသည် နာကျင်သောဒဏ်ရာများဖြင့် ကြမ်းပြင်မှာ လဲဝပ်ကျက်. . .

"ဟင်. . . ဒေါ်. . . ဒေါ်လေးကြန္ဒာ၊ အို. . . ဦးယက္ခရော ပါလား"

နောက်ထပ် ဝင်လာသူများကိုကြည့်ပြီး နန္ဒာနွယ် အလန့် တကြားအော်လိုက်မိသည်။

"မောင်စောနောင် သူ့မျက်နှာကအဝတ်ကြီးကို ဖယ်လိုက် စမ်း၊ ကဲ. . . ကြည့်လိုက်စမ်း နန္ဒာနွယ်၊ သူဘယ်သူလဲဆိုတာ. . ."

"ဟင်. . . ဟင်. . . သူ. . . သူ. . ."

"ဟုတ်တယ်လေ. . . သူဟာ စောမင်းညိုပဲပေါ့"

"အမလေး မြတ်စွာဘုရား. . . အစ်ကိုစောမင်းညိုဟာ လူ သတ်သမား. . ."

"ဟင်း. . . ဟင်း. . . သိပ်ဟုတ်တာပေါ့ကွယ်၊ ဟော. . . စီစဉ်ထားတဲ့အတိုင်း ရဲတွေလည်းတက်လာကြပြီ၊ ကဲ. . . သူ့ကို ဖမ်းချုပ် လက်ထိပ်ခတ်လိုက်ကြပါဦးလေ၊ ပြီးမှ ပြောကြဆိုကြတာ ပေါ့. . ."

## အခန်း(၁၉)

နန္ဒာနွယ်၏လက်ကလေးကို ယုယစွာဆွဲလျက် ဒေါ်ကြူနန္ဒာက အိမ်ရှေ့ဘက်ဆီသို့ ခေါ်ဆောင်လာသည်။

အစစစီစဉ်ထားပြီး ဖြစ်ဟန်တူပါ၏။ မီးစက်လည်သံကြား ရပြီးသည်နှင့် တစ်အိမ်လုံးမှ လျှပ်စစ်မီးများ လင်းလက်လာပါတော့ သည်။

"ငါ့တူမလေး သနားပါတယ်၊ သိပ်ကြောက်သွားမှာပဲ"

ဒေါ်ကြူနန္ဒာက လိမ္မော်ရည်ခွက်လေးကို ကမ်းပေးပြီး နန္ဒာ နွယ်၏ ဆံယဉ်စလေးများကို သပ်တင်ပေးလိုက်သည်။

"ဒီလိုမှ နန္ဒာနွယ်ကို သားကောင်အဖြစ်နဲ့ ထောင်ပြီးမဖမ်း ရင် ဒီကောင့်ကို ဘယ်လိုမှ လက်ပူးလက်ကြပ်မိမှာမဟုတ်ဘူး၊ ဒါ တောင် နန္ဒာသိပ်မကြောက်ရအောင် အိပ်ဆေးတွေတိုက်ထားရသေး





တယ်"

"ဟင်. . . ဒေါ်. . . ဒေါ်လေးတို့က သိနှင့်နေတယ်လား"

"ဒေါ်လေးတို့က မသိရပါဘူးကွယ်၊ မောင်စောနောင်ရဲ့ စွမ်း ဆောင်စီစဉ်ချက်တွေပါ၊ ဒေါ်လေးတို့၊ ကိုယ်ကွတို့၊ ကိုသြတတို့က သူစီစဉ်တဲ့အတိုင်း လိုက်လုပ်ကြရတာပါ"

မကြာမီမှာပင် လက်ထိပ်ခတ်လျက်သားနှင့် စောမင်းညိုကို အခန်းထဲမှ ဆွဲခေါ်ထုတ်လာကြသည်။

"ကြည့်စမ်းပါဦး. . . ရက်စက်လိုက်တာ၊ နန္ဒာကဖြင့် သူ့ကို အစ်ကိုတစ်ယောက်အနေနဲ့ အားကိုးနေမိတာ၊ ဒါဖြင့် ဒေါ်လေးကြူနန္ဒာ မွေးနေ့က နန္ဒာ့ကိုသတ်ဖို့ကြံတာလည်း သူပဲပေါ့၊ ဟုတ်လားဟင်"

"သိပ်ဟုတ်တာပေါ့ နန္ဒာရယ်၊ ဒါတင်ဘယ်ကမလဲ"

ကိုစောနောင်က စောမင်းညိုဘေးမှ ဖြတ်လျှောက်လာရင်း ပြောကြားသည်။

"ဦးသိုက်ကိုသတ်တာလည်းသူ. . ."

"ဟင်. . ."

"ညိုမာမွန်ကိုသတ်တာလည်း ဒင်းပဲ"

"အို. . ."

"ပြီးတော့ နန္ဒာနွယ်ရဲ့ညီမလေး စန္ဒာငယ်ကိုသတ်ပစ်တာ လည်း ဒီလူပဲ နန္ဒာရဲ့"

"ဟင်. . . ဟင်. . . ရှင်. . . ရှင်. . . ယုတ်မာလှချည်လား၊ ဟင်. . . အပြစ်မဲ့တဲ့ ကျွန်မရဲ့ညီမလေးကို ရှင်သတ်ပစ်တယ် ဟုတ်လား. . . ဘာကြောင့်လဲ. . . ဘာကြောင့်လဲဟင်"

ညီမလေးကိုသတ်သောသူဟု သိလာရသော နန္ဒာနွယ်၏ နာကျည်းစိတ်များသည် စောမင်းညိုပေါ်သို့ ပုံကျလာရသည်။ နန္ဒာနွယ်မှာ ကျားနာမလေးလို စောမင်းညိုနားသို့ တိုးကပ်သွားရင်း အော်မေးမိသည်။ ဒေါ်ကြူန္ဒာက နန္ဒာနွယ်ကို ညင်ညင်သာသာလေး ပြန်ဆွဲခေါ်ရင်း. . .။

"ဘာကြောင့်ရမှာလဲ. . . နန္ဒာရယ် အမွေလိုချင်သတဲ့လား၊ အမွေဆိုင် မောင်နှမအားလုံးနဲ့ ဒေါ်လေးကိုသတ်ပြီး ဒီသဥ္ဇာမွန်ကို သူအပိုင်စီးမှာတဲ့ကွဲ့"

"ဒီမှာ. . ."

စောမင်းညို၏ အော်သံပါလား၊

"ငါဟာ ဦးဒိဋ္ဌရဲ့မြေးအကြီးဆုံး၊ ငါသာ ပိုင်ဆိုင်ရမယ်၊ နင်တို့က ငါ့ရဲ့လက်ဝေခံပဲဖြစ်ရမယ်၊ အစွန်းထွက် အစယောင်လာတဲ့ လူတွေကို သတ်ပစ်မယ်၊ အကုန်သတ်ပစ်မယ်"

စောမင်းညို၏ သွေးရူးသွေးတန်းနှင့် ကြုံးအော်သံအဆုံးတွင် ဒေါ်ကြူန္ဒာက ဘာဝန်ရှိသော ရဲအရာရှိသို့. . .

"ကျေးဇူးပြုပြီး သူ့ကို အမြန်ဆုံးခေါ်သွားကြစမ်းပါရှင်၊ ဒီလောဘရူး၊ မောဟရူးရဲ့အသံကိုလည်း ကျွန်မ မကြားပါရစေနဲ့တော့"

ဒေါ်ကြူန္ဒာ၏ ပန်ကြားချက်အတိုင်း ရုန်းကန်အော်ဟစ်နေသော စောမင်းညိုကို ကြမ်းတမ်းစွာဆွဲခေါ်သွားကြတော့သည်။

စစ်မေးမှုများကို ဖြေကြားရန် ဦးသြတက ရဲဌာနသို့ လိုက်ပါသွားတော့သည်။

လင်းထိန်၍ အင်အားပြည့်သော ဧည့်ခန်းကျယ်ကြီး၏





အလယ်တွင် ဒေါ်ကြူန္ဒာ၊ နန္ဒာနွယ်နှင့် ကိုစောနောင်. . .။

"ကဲ. . . မောင်စောနောင်ရေ၊ တို့များကို အယောင်မှားနေရှာတဲ့ ဘူမလေး နန္ဒာနွယ်ကို ရှင်းပြလိုက်ပါဦးကွယ်"

"နန္ဒာ. . ."

လက်ယာလက်ကိုထောက်ပြီး လက်ဝါးပေါ်တွင် နဖူးတင်၍ ငိုနေသော နန္ဒာနွယ်မှာ မော့မလာနိုင်ရှာ။ ကိုစောနောင်က အနီးကပ်ခေါ်ရင်း အသေအချာကြည့်လေမှ. . .

"အို. . . နန္ဒာငိုနေတယ်လား"

"အကြောက်မပြေရှာသေးဘူးပေါ့ကွယ်"

ဦးယက္ခက ဝင်ပြောပြီး နန္ဒာနွယ့်ကို ဆေးတိုက်လိုက်သည်။ ရှိန်းချိုမြသော အရည်က လှုပ်ရှားနေသော နှလုံးသားကိုငြိမ်သွားသယောင်ယောင်. . .။

ကိုစောနောင်က နန္ဒာနွယ်ထိုင်နေသော ကုလားထိုင်၏ အောက်ခြေကြမ်းပြင်တွင် ခြေဖျားလေးထောက်၍ ထိုင်ရင်းနန္ဒာနွယ်၏ မျက်ရည်မျက်နှာလေးကို အောက်မှမော့ကြည့်လျက်. . .။

"ခွင့်လွှတ်ပါ နန္ဒာနွယ်. . . သူ့ကို ဒီလိုမှ လက်ပူးလက်ကြပ်မမိရင် မရလို့ နန္ဒာ့ကို ရက်စက်သလိုဖြစ်သွားရတာပါ၊ ခွင့်လွှတ်ပါနော်. . ."

နန္ဒာနွယ်မှာ ဘာမှမဖြေကြားနိုင်သေး။ ခေါင်းကိုသာ ဖြည်းညင်းစွာညိတ်မိသည်။

"ခုဆိုရင်တော့ သဥ္ဇာမွန်မှာ အရာအားလုံးဟာ သာယာသွားပါပြီကွယ်. . ."

"ကို. . . ကိုစောနောင်"

"ဗျာ. . . နန္ဒာ. . . ပြောပါ"

"သူ. . . သူဟာ ညီမလေး စန္ဒာငယ်နဲ့အတူ ညိုမာမွန်၊ ဦးသိုက်တို့ကို ဘာလို့များ သတ်ပစ်နေရတာလဲရှင်"

"ရဲလှမွန်လည်း ကျန်သေးတယ်"

"ရဲလှမွန်ဆိုတာ မိတ္ထီလာမှာနေတဲ့ ဦးသီဟရဲ့သား ညိုမာမွန်ရဲ့အစ်ကိုလား ဟင်"

"ဟုတ်တယ်. . . ရဲလှမွန်ဟာ မိတ္ထီလာကနေပြီး ဒီကို ဂျစ်ကားနဲ့တက်လာခဲ့တယ်၊ ပြန်အဆင်းမှာ စောမင်းညို ပြင်ပေးလိုက်တဲ့ကားနဲ့ ဆင်းသွားမိရာက ချောက်ထဲကျပြီး သေသွားရရှာတာပါ"

"ညိုမာမွန်. . . ညိုမာမွန်ကိုလေ နန္ဒာတွေ့ရတယ်၊ သူသေတဲ့ညက နန္ဒာတွေ့ရတယ်"

"ဟုတ်လား. . ."

"သူ. . . ညိုမာမွန် ဒီခြံကိုရောက်မလာပါဘူးလို့ ဒေါ်ကြူနွာတို့က ဘာလို့ငြင်းနေကြရတာလဲရှင်၊ ဟင်. . . ကိုစောနောင်"

"ဒေါ်လေး ကြူနွာတို့အတွက် တကယ်မှရောက်မလာဘဲ. . . စောမင်းညိုအတွက်သာ ရောက်လာတာ"

"ရှင်. . . ဘယ်လို. . ."

"ဒီလို. . . နန္ဒာ. . . အဲဒီနေ့၊ အဲဒီရက်က ညိုမာမွန်ဟာ သဉ္ဇာမွန်ကို တကယ်ပဲ ရောက်လာခဲ့တယ်၊ အဲ. . . တစ်ယောက်ထဲ လွှတ်လိုက်ပါလို့ သူ့အိမ်ကို သူမှာခဲ့တယ်လေ"

"ဟုတ်ကဲ့"





"အဲဒီနေ့က ညိုမာမွန်တစ်ယောက်တည်း လိုက်လာဖြစ်တဲ့ ကားဒရိုင်ဘာဆီကို ကျွန်တော်သွားမေးနေတာ နန္ဒာနွယ် မှတ်မိလား"

"မှတ်မိပြီ. . . ပင်းတယမြို့ရဲ့ ဗုတ်တလုတ်ကန်ဘေးမှာ ထမင်းစားကြတုန်းက ကိုစောနောင် တစ်ယောက်ထဲကားမောင်းပြီး ထွက်သွားခဲ့တယ်လေ၊ ကိုကျော်စွာ့ဆီ သွားတာဆို"

"ဟုတ်တယ်. . . ကျွန်တော့် သူငယ်ချင်းရှေ့နေဆီ သွားတာ ဆိုတာကို အဲဒီတုန်းထဲက သူမယုံခဲ့ဘူးလေ"

"ကဲ. . . ပြောပါဦး. . . ညိုမာမွန် ရောက်လာတဲ့အကြောင်း"

"နဂိုထဲက သူချိန်းဆိုထားလို့ လာတာပဲ၊ သူ့ဆီ အရင်လာတာ ပဲ၊ အိမ်သားတွေ မရှိတဲ့အချိန်မှာ သူက တိတ်တိတ်ကလေး ညိုမာ မွန်ကို ခြံထဲမှာဝှက်ထားခဲ့တယ်"

"ညိုမာမွန်က ဘာကြောင့်ငြိမ်နေရတာလဲ"

"သြော်. . . နန္ဒာရယ်၊ ဒေါ်လေးကြူနွာတို့ကို အရေးဆိုဖို့အစ ထဲက အယုံသွင်းပြီး ပူးပေါင်းထားတာမဟုတ်လား"

"ဟုတ်တယ်. . . နန္ဒာ့ကိုလည်း သူစည်းရုံးတာပဲ၊ နန္ဒာလည်း ဟုတ်ပဲ မှတ်မိတယ်၊ ကိုစောနောင်ရယ်"

"သြော်. . . ဒါကတော့ သူ့စကားက ယုံလောက်စရာလည်း ဖြစ်တဲ့အပြင် နန္ဒာတို့ကလည်း မောင်နှမတစ်ဝမ်းကွဲချင်းကို"

"ဦးသိုက်သေရတာရော. . ."

"သူ့အကြောင်း ရိပ်မိသွားသူဟာ ဦးသိုက်ပဲလေ၊ ဦးသိုက်က သိတာကိုပြောတယ်၊ သူ့ကို မသင်္ကာလို့ ဒီခြံထဲမှာ မထားဖို့ မကြူနွာ ကို ပြောပေးဖို့အကြောင်း ပြောမိတယ်တဲ့"

နန္ဒာနွယ်၏စိတ်တွင် မောင်ဟေမာန်၏ပြောစကားများကို ပြန်လည်ကြားယောင်လာမိသည်။

"ဦးဩတနဲ့ ဦးသိုက်တို့ ဂူတွေကြားမှာ စကားများကြတယ်၊ အစ်ကိုစောမင်းညိုနဲ့ ပတ်သက်လို့"

"စောမင်းညိုကို နှင်ပစ်မှုဖြစ်မယ်ဆိုတဲ့အသံကိုကြားလိုက်ရတယ်"

ထိုစဉ်က အသံများကို မောင်ဟေမာန်သည် လူနှင့်အသံနှင့် လွဲချော်၍ ကြားမိခဲ့ခြင်းဖြစ်ကြောင်း နန္ဒာနွယ်တွေး၍ရပါပြီ။

"ဦးသိုက်ကိုသတ်ရခြင်းအကြောင်းကတော့ ခြံထဲမှာအမြဲနေတဲ့အဘိုးကြီးမို့ အရင်ရိပ်မိသွားတာလည်းပါတယ်၊ ပြီးတော့ အဲဒီညက"

"အဲဒီညကဆိုတာ ရွှေရတုညမဟုတ်လားဟင်"

"ဟုတ်တယ်. . . အန္တရာယ်ဆိုးညလို့ပဲ ပြောပါတော့ နန္ဒာရယ်. . ."

"ထားပါတော့. . . နန္ဒာကိုယ်တိုင်. . ."

နန္ဒာနွယ် စကားမဆက်နိုင်တော့။ လုပ်ကြံခြင်း နှစ်ကြိမ် တိတိ ခံခဲ့ရသည့်အဖြစ်ကို ရင်တုန်ချောက်ချားဖွယ်ရာ ပြန်လည် တွေးမိလာရပါသည်။

"အဲ. . . အဲဒီညက အိမ်ကြီးပေါ်မှာ တစ်ယောက်တည်း စောင့်နေရှာတဲ့ ဦးသိုက်ကို ပထမဆုံးအရင်ရှင်းပြီးမှ ကိုတူးကိုအမှောင် ထဲကနေ သူမှန်းမသိအောင် ကွယ်ပြီး၊ နန္ဒာ့ကို ခေါ်ခိုင်းလိုက်တာ"

"အင်းလေ. . . ကိုတူးက ကလေးဆိုတော့ ပွဲထဲစိတ်ဝင်စား နေတုန်းမို့ ခိုင်းသူဟာ ဘယ်သူပါရယ်လို့ တွေးမနေတော့ဘူး ဖြစ်မှာ





ပါနော်"

"ဟုတ်တယ်. . . နန္ဒာကလည်း အလွယ်တကူ လိုက်သွားခဲ့ တယ်၊ ကျွန်တော်လည်း မျက်ခြေမပြတ်အောင် ကြည့်နေတာပါ"

"နန္ဒာကို မိုက်ပါတယ်ရှင်"

"ဒီလိုလည်း မဟုတ်ပါဘူးလေ၊ လူသတ်သမားကတော့ သူ့ လက်ကွက်ကို အမြဲချောင်းနေတာပဲပေါ့"

"ဒါဖြင့် နန္ဒာအပေါ် ထပ်တက်သွားတဲ့က ဦးသိုက်သေနေပြီ ပါနော်"

"ဒါပေါ့. . ."

"တော်ပါသေးရဲ့၊ ဟို. . . အရှုးလေးက ဝင်ကယ်ပေးသွားလို့"

ဒေါ်ကြူနန္ဒာက ပြုံးလျက် ဝင်ပြောပါ၏။

"ဒါပေမယ့် ဒေါ်လေးရယ်. . ."

နန္ဒာနွယ်၏စကားကို စောင့်နေကြသည်။ စကားသံထွက် လာလေမှ. . .။

"ပြောလေ တူမလေး. . . ဘာပြောချင်တာလဲ"

"နန္ဒာ အဲဒီညထဲက သေသွားရင်ကောင်းမှာ"

"အို. . . ဘယ်လိုပြောလိုက်တာလဲ"

"ဟုတ်သားပဲ. . . နန္ဒာရယ်"

"ဩော်. . . နန္ဒာ့အတွက်နဲ့ တစ်သိန်းကျော်တန်စိန်လည် ဆွဲကြိုး. . ."

"တော်. . . တော်တော့. . . နုန်းနန္ဒာနွယ်၊ ငါ့တူမအသက် နဲ့ စိန်လည်ဆွဲက ပိုပြီးတန်ဖိုးမရှိတော့ပါဘူးလေ"

“ဩော်. . . ဒါပေမယ့် ဒေါ်လေးကန္တာတစ်ဝက်ဆုံးရှုံးပြီ ကိုစောနောင်က တစ်ဝက်လျော့ရမယ်ဆိုတဲ့ ကိစ္စကြီးကို နန္ဒာဘယ်လို လုပ် ရင်ဆိုင်ရမှာလဲရှင်”

“နေပါဦးလေ. . . ပြန်ရချင်လည်းရမှာပေါ့၊ စောမင်းညိုများ ရထားသလားမှမသိတာ၊ သူ့ကို ရဲက စစ်ရင်းမေးရင်းနဲ့ ပေါ်ချင် လည်း ပေါ်လာမှာပေါ့ခင်ဗျာ၊ နန္ဒာလည်း ဒီအကြောင်းတွေ မတွေး ပါနဲ့ဦးလေ”

“ဒါပေမယ့် ကိုစောနောင်ရယ်”

နန္ဒာနွယ် စကားမဆက်နိုင်တော့ပါ။ ဒေါ်ကန္တာကသာ ဆက် လက်၍. . .။

“ကဲ. . . ဒီအကြောင်းခဏထားစမ်းပါဦး၊ ဒေါ်လေးသိချင် တာရှိနေတယ် မောင်စောနောင်”

“ဘာများပါလိမ့် ခင်ဗျာ”

“မင်း. . . စောမင်းညိုကို ဘယ်လိုလုပ်ပြီးများ ခြေရာခံ သွားတာလဲဆိုတာ”

“ဟုတ်တယ်. . . ဟုတ်တယ်. . . နန္ဒာလည်း သိချင့်လှပါ တယ်”

ကိုစောနောင် နည်းနည်းလေးပြုံးလိုက်သော်လည်း အောင် မြင်နေသူမို့ သူ့အပြုံးက လွင်နေပါ၏။

“ဒီလိုပါခင်ဗျာ. . . သဥ္ဇာမွန်ထဲက အန္တရာယ်ဆိုးတွေဟာ ပြင်ပက မလာဘူး၊ သဥ္ဇာမွန်ထဲကပဲ ဖန်တီးလာတာဖြစ်တယ်လို့ ပထမဆုံး ကျွန်တော့် ယုံကြည်ချက်နဲ့ လိုက်ခဲ့တာပါ”





“ဟုတ်ပြီကွာ. . . စုံထောက်လုပ်လို့တောင်ရပြီ”

“ပထမတော့ ကျွန်တော်လည်း နန္ဒာတို့လိုပဲ၊ ကန်တော့နော် ဒေါ်လေး. . . ဒေါ်လေးတို့အုပ်စုကိုပဲ မကောင်းထင်မိပါတယ်”

“ကုသိုလ်ပေါ့ကွယ်. . .”

ဒေါ်ကန္တာက ခွင့်လွှတ်ဟန်နှင့် ရယ်မော၍ပြောရှာပါ၏။

“ဒါပေမယ့် စောမင်းညိုဟာ ကျွန်တော့်ကို သိပ်ပြီးမလိုလား တာ ပေါ်လွင်လွန်းတော့ သူ့အပေါ်ကို နည်းနည်းအာရုံရောက်သွားမိ ပါတယ်”

“အင်း. . . ဟုတ်တာပေါ့”

“ပင်းတယကို ကျွန်တော်သွားတဲ့နေ့က ညိုမာမွန်ကို ပို့ရတဲ့ ရိုင်ဘာကို လိုက်စုံစမ်းပြီး သွားမေးတော့ အဲဒီကလေးမက. . . သူ့အစ်ကို စောမင်းညိုဆီသွားမယ်လို့ ပြောသွားတယ်တဲ့”

“ဩော်. . . သဥ္ဇာမွန်ကို လာမယ်မပြောဘဲကို”

“ဟုတ်တယ်. . . အဲဒီအချက်ကြောင့် ကျွန်တော်သူ့ကို စပြီး အကဲခတ်ခဲ့တာပါ”

“အဲဒီနေ့က စောမင်းညို ကိုစောနောင်ပေါ်မှာ သိပ်ပြီး ကျေမနပ်ဖြစ်သွားတာ နန္ဒာလည်း အကဲခတ်မိပါတယ်”

“ဟုတ်တယ်. . . ကျွန်တော်သိတယ်၊ ညိုမာမွန်ဟာ သဥ္ဇာမွန်ကို လာပါရက်နဲ့ စောမင်းညိုဆီလာတာပါလို့ ပြောတဲ့အချက် ကို ကျွန်တော်အခြေခံပြီး လိုက်ခဲ့တာပါ၊ ပြီးတော့ အဘသိုက်ကိစ္စ”

“ဦးသိုက်က ဘာဖြစ်လို့လဲ”

“ဦးသိုက်သေပြီးမှ ဦးဩတဆီက သိရတဲ့ကိစ္စပါ၊ ဦးသိုက်က

ဂူတွေကြားမှာ ဦးသြတကို ပြောတယ်လေ"

"စောမင်းညိုကို နှင်ပစ်ဖို့အကြောင်း. . ."

"ဟုတ်တယ်. . . အမြဲချောင်းနားထောင်နေတဲ့သူက ဦးသို
ကိုညိုးပြီး နန္ဒာနွယ်ကို သတ်မယ့်ညက. . . တစ်ခါထဲ ရှင်း
လိုက်တာပေါ့"

"အဲဒီညက တစ်ခါထဲ ဘာလို့မဖမ်းတာလဲ"

"သူက လက်ဦးသွားပြီ၊ ပြီးတော့ပြန်ဟန်ဆောင် ရောနှော
ပြီလေ၊ လက်ပူးလက်ကြပ်မိဖို့က အရေးကြီးတယ်မဟုတ်လား"

"ဒါလည်းဟုတ်တာပဲ"

"သူကြံမှာငင်ချင်တာက နန္ဒာနွယ်နေတဲ့အခန်းရဲ့ အော
တည့်တည့်ကအခန်းကို ပြောင်းလိုက်တဲ့ကိစ္စပါပဲ"

"အင်း. . . ဟုတ်ပါရဲ့၊ ဒီအိမ်ရဲ့အခန်း တော်တော်များမျာ
မှာ အံဝှက်တံခါးတွေရှိတယ်ဆိုတာ သူသိသွားလို့ နေမှာပေါ့"

"ဟုတ်ပါတယ်. . . ဒေါ်လေး"

"ကဲ. . . ဆက်ပါဦး"

"ဆက်ရမယ်ဆိုရင်တော့ ဒီည ကိစ္စရောက်ပါပြီ၊ သူဟ
နန္ဒာနွယ်ကို သတ်ဖို့ စနေနေ့ည ရွေးလိုက်မယ်ဆိုတာ ကျွန်တေ
သိပြီးသားပါ"

"ဟင်. . . ဘာဖြစ်လို့"

"ဩော်. . . စနေနေ့ဆို သူပင်းတယပြန်နေကျမဟုတ်လ
ပြန်ဟန်ဆောင်ပြီး သူ့အခန်းထဲ သူပြန်လာပုန်းနေမယ်ဆိုတာ
တာနဲ့"





"နန္ဒာ့ကို သားကောင်လုပ်ပြီး၊ ထောင်ဖမ်းကြတယ်ပေါ့လေ"

"ခွင့်လွှတ်ဖို့ ကိုယ်ထပ်တောင်းပန်တယ် နန္ဒာရယ်၊ နန္ဒာ
အကြောက်ပြေပါစေ၊ ခဏအိပ်စက်ပါရစေဆိုပြီး စိတ်ငြိမ်တဲ့အိပ်ဆေး
တွေတောင် တိုက်ထားပါတယ်၊ နန္ဒာ့အခန်းတံခါးအပြင်က ပိတ်ထား
ပေမယ့် တစ်ဖက်ခန်းရဲ့ တံခါးဝှက်ကနေ ကိုယ်အဆင်သင့် ရပ်စောင့်
ပေးနေခဲ့တာပါ"

"အေးလေ. . . သိပ်ရက်စက်တဲ့လူပဲ၊ ညီမလေး စန္ဒာငယ်ကို
သတ်သူကိုတွေ့ရရင် ပြန်လက်စားချေမယ်လို့ နန္ဒာဆုံးဖြတ်ထားတာ"

"ခုတော့ သူ့ကို ဥပဒေက လက်စားချေပါလိမ့်မယ် နန္ဒာ"

"ဟုတ်ပါတယ်. . . နန္ဒာလည်း ဘာမှလုပ်ရဲတဲ့သတ္တိ
တကယ်တမ်းတော့ မရှိပါဘူး ကိုစောနောင်ရယ်"

"အေးပေါ့. . . စောမင်းညိုလို လူယုတ်မာမျိုးကလွဲရင် တို့လို
သာမန်လူသားတွေမှာ ဒီလောက်ရက်စက်တဲ့ စိတ်မရှိတတ်ကြပါဘူး
လေ"

ခက်ထန် ၊ နဲ ထာဝရမြင်တွေ့ရသော ဦးယဉ္ဇကပင်လျှင်
ဝင်ပြောရှာသည်။ ဒေါ်ဣန္ဒာက. . .

"လောဘပေါ့. . . လောဘပေါ့. . ."

ကိုစောနောင်က. . .

"သူဟာ အမွေလာတောင်းတဲ့သူတွေကို အရင်သတ်မယ်၊
ပြီးရင် ဒေါ်လေးဣန္ဒာနဲ့ စောစုမြတ်ကိုသတ်ပြီး ဒီခြံမြေနဲ့ သဥ္ဇာမွန်
အိမ်ကြီးကို အပိုင်စီးဖို့ရည်ရွယ်တယ်၊ ဩော်. . . အန္တရာယ်ကိုတော့
မမြင်တတ်တဲ့ လောဘ လူသတ်သမားပါပဲလား"

ဒေါ်က္ကန္ဒာက နွမ်းလျစွာ မတ်တပ်ရပ်လိုက်ပြီး. . .။

"ဒေါ်လေးက္ကန္ဒာတို့ သားအမိနဲ့ နန္ဒာနွယ်တို့ရဲ့ ကုသိုလ်ကံလေးက ရှိသေးတော့ သူ့လက်ချက်က လွတ်ရတာပေါ့လေ၊ ကဲ. . . ကဲ. . . နားကြတော့၊ ပင်ပန်းလှပြီ"

"ဟုတ်ကဲ့ ခင်ဗျာ"

"မောင်စောနောင်ကိုတော့ ဒေါ်လေးက ကျေးဇူးတင်လှပါကြောင်း ပြောကြားရင်း တာဝန်တစ်ခုဆက်ပေးချင်တယ်ကွယ်"

"ဘာများပါလိမ့် ခင်ဗျာ"

"သဉ္ဇာမွန်ကို ဆက်လက်ထိန်းသိမ်းပေးပါလို့"

"ခင်ဗျာ. . ."

ဒေါ်က္ကန္ဒာမှာ စောစောပိုင်းဆီက ကိစ္စများကို မေ့ပျောက်သွားသည်သို့ပင် ရယ်မောလျက် ဦးယက္ခနှင့်အတူ သဉ္ဇာမွန်၏ ဧည့်ခန်းမကြီးအတွင်းမှ ထွက်ခွာသွားပါတော့သည်။

"နန္ဒာ"

"ဟင်. . ."

"ဒေါ်လေးက္ကန္ဒာ ပြောသွားတာ ဘာအဓိပ္ပာယ်လဲဟင်"

"နန္ဒာ ဘယ်သိပါ့မလဲရှင်"

"ကိုယ်တွေးနိုင်တာတော့ ရှိပါတယ်"

"ဘယ်လိုလဲ. . ."

"သဉ္ဇာမွန်ကို ဆက်လက်ထိန်းသိမ်းပေးပါဆိုတော့ သဉ္ဇာမွန်မှာ ဆက်လက်နေပါလို့ ပြောသွားတာပေါ့နော် နန္ဒာ. . ."

"ဒါပဲဖြစ်မှာပေါ့"





"ဒါဆိုရင်တော့ နန္ဒာရယ်. . . ကိုယ့်ရင်ထဲက ဆန္ဒတွေကို ဒေါ်လေးသိမြင်သွားပြီ ထင်ပါတယ်"

"ဘာကိုလဲ. . ."

"ကိုယ် နန္ဒာ့နားမှာ နေချင်တယ်ဆိုတာလေ"

"အို. . ."

"တကယ်ပါ နန္ဒာ၊ ကိုယ်လေ နန္ဒာနဲ့ပတ်သက်ရင် အရာအားလုံးကို စွမ်းဆောင်နိုင်တဲ့ အင်အားတွေရှိလာသလိုပါပဲ"

နန္ဒာနွယ်မှာ ပြတင်းပေါက်ဘက်သို့ မျက်နှာလွှဲထားလိုက်ရသည်။ မိုးစက်မိုးပေါက် ကုဋေကုဋာတို့ မြေသို့ကြွေနေကြသည်ကို အမှောင်ထဲတွင် နန္ဒာနွယ် မှန်းဆကြည့်နေမိသည်။ လေအဝှေ့တွင် မိုးစက်လေးများသည် သူတို့၏ ပစ်မှတ်နေရာမှ လွဲချော်လွင့်စင်သွားရသည့်အဖြစ်များကိုလည်း လျှပ်ရောင်တစ်ချက် ဝင်းလက်လေတိုင်း မြင်နေရပါ၏။

"နန္ဒာရယ်. . . ဘာတွေများ စဉ်းစားနေတာလဲ"

သည်တော့မှ ကိုစောနောင်ဘက်သို့ နန္ဒာနွယ် လှည့်ကြည့်လိုက်မိသည်။

"ခုဆို ကိစ္စတွေလည်း ပြီးပြေပြီ၊ နန္ဒာလည်း စိတ်ချမ်းသာရပြီ မဟုတ်လား၊ ဒေါ်လေးက္ကန္ဒာကလည်း ကိုယ်နဲ့"

"နေပါဦး. . . ကိုစောနောင်ရယ်၊ နန္ဒာ သိပ်ပင်ပန်းနေပါတယ်၊ ဝိညာဉ်လွင့်မတတ် ကြောက်ခဲ့ရတဲ့ ဒဏ်ရှိန်က နန္ဒာ့နှလုံးသားမှာ မငြိမ်သေးပါဘူးရှင်. . ."

"ဆောရီး နန္ဒာရယ်၊ ကိုယ် ဆန္ဒစောသလိုဖြစ်သွားတယ်၊

ခွင့်လွှတ်ပါ၊ ကိုယ့်အနေနဲ့ နန္ဒာ့ကို ကူညီကယ်တင်ထားတဲ့ ညမှာ ဒီစကားမျိုး မပြောသင့်သေးပါဘူး၊ ကိုယ် နားလည်ပါတယ်၊ ဒါပေမယ့် စောစောက ဒေါ်လေးကြန္ဒာ စကားစသွားတာနဲ့ ဆက်ပြောလိုက်မိတာပါ၊ ကိုယ့်ကိုခွင့်လွှတ်ပါ နန္ဒာ . . ."

"ရပါတယ် . . . ကိုစောနောင်"

"ကဲပါလေ . . . နန္ဒာ သိပ်ပင်ပန်းနေပါတယ်၊ အိပ်တော့နားပါတော့ကွယ်"

"နေပါစေတော့၊ နန္ဒာ့အခန်းလည်း နန္ဒာပြန်မအိပ်ချင်တော့ဘူး၊ ဒီမှာထိုင်ရင်းပဲ အရုဏ်ဦးကို စောင့်တော့မယ်"

ကိုစောနောင်က နွမ်းနေသော နန္ဒာနွယ်၏မျက်နှာလေးကို အကြင်နာများစွာဖြင့်ကြည့်ပြီး အတွင်းသို့ ဝင်သွားသည်။ နန္ဒာနွယ်၏ အခန်းသို့ပါ။

မကြာမီပင် ခေါင်းအုံးနှစ်လုံးနှင့် စောင်တစ်ထည်ကို သယ်ယူလာသည်။ နန္ဒာနွယ် ထိုင်နေသော နှစ်ယောက်ထိုင်ဆိုဖာ၏ ထောင့်စွန်းတွင်း ခေါင်းအုံးကိုချလိုက်ပြီး . . .

"ကဲ . . . နန္ဒာ လှဲလိုက်ဦး၊ မနားလို့တော့ မဖြစ်သေးဘူး၊ အရုဏ်လာဖို့လည်း လိုပါသေးတယ်၊ ကိုယ်စောင့်ပေးမယ်၊ ကဲ . . . လှဲအိပ်လိုက်ပါနော်"

နန္ဒာနွယ်မှာ ခြေကို ဆိုဖာပေါ်သို့တင်လိုက်ပြီး ခေါင်းအုံးပေါ်သို့ ကွေးကွေးလေး လှဲချလိုက်သည်။ ကိုစောနောင်ကိုယ်တိုင် ဂွမ်းစောင်ပေါ့ပေါ့လေးတစ်ထည်ကို နန္ဒာနွယ်၏ ပခုံးစွန်းအထိ လွှမ်းခြုံပေးလိုက်သည်။





ပြီးမှ ပြတင်းတံခါးကို သေချာစွာ သူပြန်ပိတ်ပါ၏။ အပြင်တွင် မိုးအားပျော့နေလေပြီ။

နန္ဒာနွယ်၏ ကိုယ်လုံးကျစ်ကျစ်နွဲ့နွဲ့လေးမှာ နွေးထွေးခြင်းများ၏အလယ်တွင် နစ်မြုပ်နေရပြီ။

ရရှိလာသော အနွေးဓာတ်လေးများသည် ကိုစောနောင်၏ မေတ္တာရင်ပြင်မှ လွှင့်လွှတ်ခဲ့သော ကရုဏာငွေ့လေးများသာ . . .

"ခြော် . . . ကိုစောနောင်ရယ်၊ ကိုစောနောင်အပေါ်မှာ နန္ဒာ အထင်အမြင်မှားခဲ့မိတာကို ခွင့်လွှတ်ပါရှင်ရယ်၊ ပြီးတော့လေ . . .

ကိုစောနောင်ရဲ့ မေတ္တာနယ်မြေမှာ နန္ဒာ့အတွက် အေးမြငြိမ်းချမ်းခြင်းအပေါင်းနဲ့ ပြည့်စုံခွင့် ရရှိနိုင်ပါလိမ့်မယ်ဆိုတာကိုလည်း နန္ဒာ ယုံကြည်ပါပြီတဲ့ရှင် . . .။

❀ ❀ ❀

## အခန်း(၂၀)

မိုးရေများ စိမ့်ဝပ်နေသောမြေမှာ နူးအိနေသည်။ မြက်ခင်းပြင်ပေါ်တွင် ငွေရောင်တောက်နေသော မိုးရေစက်လေးများက ဖက်တွယ်ခိုကပ်ထားကြသည်။

မြေပြင်ပေါ်သို့ လျှောသက်ကြွေသွားသည်နှင့် ဘဝပျောက်ရမည့်အဖြစ်ကို လန့်ကြောက်ကြလေသလားပင်. . .။

ခိုနားနေသော မိုးရေစက်လေးများ လွင့်လိမ့်ကျမသွားရအောင် ကွေ့ရှောင်ကျော်နင်းလျက် သဥ္ဇာမွန်၏ပိုင်မြေအတွင်းမှာ နန္ဒာနွယ် လျှောက်လာမိသည်။

"မမ. . . မမနန္ဒာ. . ."

ခေါ်သံကြောင့် လှည့်ဝဲကြည့်မိသည်။ မောင်ဟေမာန်၏ အသံမှန်း သိမှတ်မိပါသော်လည်း သူ့ကိုရှာ၍မတွေ့သေး။





"မမနန္ဒာ. . . ကျွန်တော် ဒီမှာ. . ."

ချယ်ရီပင်စည်ကြီးကို ကွယ်ကာထားပြီး မျက်နှာလေးတစ်ပိုင်းထွက်ပြူရင်းခေါ်လေမှ. . .

"ဩော်. . . မောင်ဟေမာန်ရယ်၊ ဘာလို့ပုန်းနေရတာလဲ၊ လာလေ. . ."

"ကျွန်တော့်ကို ဒီဘက်မလာရဘူးလို့ အမိန့်ထုတ်ထားတယ်၊ မမနန္ဒာရဲ့"

"ဟင်. . . ဘယ်သူကလဲ"

"ကျွန်တော့် ဦးလေးပေါ့၊ ဦးယက္ခလေ"

သူ့လေသံက ကြားသာရုံမို့ နန္ဒာနွယ်မှာ ရှေ့သို့တိုးကပ်သွားမိသည်။ မောင်ဟေမာန်၏ အားငယ်နေသော မျက်ဝန်းလေးကို သနားစဖွယ် မြင်တွေ့လိုက်ရသည်။

"ဦးယက္ခက ဘာကြောင့်မလာခိုင်းတာလဲဟင်"

"မသိဘူး. . . မမနန္ဒာရယ်၊ ဟေမာန်တဲ့ မင်းရဲ့မျက်နှာကို သဥ္ဇာမွန်နားတစ်ဝိုက်မှာ မမြင်ချင်ဘူးတဲ့ ပြီးတော့လေ. . ."

မောင်ဟေမာန်က ပင်စည်ကွယ်သို့ဝင်လိုက်ပြီး ခေါင်းကိုပါငုံ့ချလိုက်ပြီးခါမှ. . .

"ပြီးတော့. . . မမနန္ဒာနဲ့လည်း မဆက်သွယ်ရဘူးတဲ့"

"ဟင်. . ."

"ဒါကြောင့်. . . ဒါကြောင့်ပေါ့"

"နေပါဦး၊ ဘာကြောင့် မဆက်သွယ်ရမှာတဲ့လဲဟင်. . . မောင်ဟေမာန်"

"ဒေါ်ကြူနန္ဒာက မကြိုက်မှာစိုးလို့တဲ့"

"အို... ဒေါ်လေးကြူနန္ဒာကကျတော့ မမကို ဘာမှလည်း မပြောပါလား..."

"ဦးယက္ခက ပြောသေးတယ်"

"အင်း..."

"သူတူမနဲ့ ပြဿနာမတက်အောင် နေစမ်းပါတဲ့ ငါ့တူနဲ့ သူ့တူမနဲ့ ပြဿနာတက်ရင် ငါနဲ့ ဒေါ်ကြူနန္ဒာပါ ပြဿနာတက်ကြရလိမ့်မယ်တဲ့"

"ဟင်... မဆိုင်တာပဲကွယ်"

"ဘာပဲပြောပြော... ကျွန်တော် မမနန္ဒာကို သိပ်တွေ့ချင်တာပဲ"

"ဟုတ်တယ်ပေါ့၊ မမနန္ဒာလည်း သိပ်တွေ့ချင်တာပဲ"

မိုးရေစက်လေးများနှင့် မောင်ဟေမာန်၏ မျက်နှာမှာ ကြည်နူးမှုလေးများဖြင့် ဝင်းလက်ကြည်ပြည့်သွားတော့သည်။ မောင်ဟေမာန်က ကြာမြင့်စွာစိုက်ကြည့်နေလေမှ၊ နန္ဒာနွယ် တစ်စုံတစ်ခုကို သတိရလာသည်။

လွတ်လပ်သော လူပျိုငယ်လေး၏ အတွေးကမ္ဘာကို လှုပ်စေအောင် မိမိ၏ စေတနာလွန်စကားများက ဆင်ယင်နေမိလေသလားဟူ၍...။

"အို... ဘာပဲဖြစ်ဖြစ်၊ မောင်ဟေမာန်ဟာ ငါ့ညီမလေးရဲ့ ချစ်သူ၊ ပြီးတော့ ငါ့ရဲ့အသက်ကို ဘောမင်းညိုလက်က ကယ်ပေးထားခဲ့တဲ့ ပထမလူ..."





ဟူသော အတွေးများဖြင့်...

"မောင်ဟေမာန်... မမကို ဘာပြောစရာရှိလို့လဲဟင်"

"မမနန္ဒာရယ်... မမနန္ဒာက ကျွန်တော့်ကို သိပ်တွေ့ချင်တယ်ဆိုတာရော၊ တကယ်ပဲလားဗျာ"

"တကယ်ပါ မောင်ဟေမာန်၊ မင်းကို စန္ဒာငယ်နဲ့ ပတ်သက်ခဲ့ဖူးလို့ မောင်ငယ်လေး တစ်ယောက်အနေနဲ့လည်း ချစ်တယ်၊ ပြီးတော့ မမရဲ့အသက်ကိုလည်း မောင်ဟေမာန်က ကယ်ခဲ့ဖူးတယ် မဟုတ်လား"

"ဒါ ထားလိုက်စမ်းပါ"

"အိုး... ဘယ်ထားလို့ရမလဲ၊ မောင်ဟေမာန် ကယ်ပေးခဲ့တဲ့ အသက်ဝိညာဉ်လေး ရှင်သန်နေတာနဲ့အမျှ မောင်ဟေမာန်ရဲ့ ကျေးဇူးတရားကို မမက သတိရနေမှာပေါ့"

"ဟာ... မမနန္ဒာ"

"ဟင်... ဘာလဲ"

"ဟိုမှာ ကိုဇောနောင်လာနေပြီ"

"လာပါစေပေါ့... ဘာဖြစ်လဲ"

"ဒီမှာ... ကျွန်တော့်ဆီမှာလည်း မမနန္ဒာ သိပ်အံ့ဩသွားစေရမယ့် အကြောင်းအရာတစ်ခု ရှိနေတယ် သိလား"

"ဘာများလည်း မောင်ဟေမာန်"

"မမနန္ဒာ လာကြည့်ပါ... သိပ်အရေးကြီးလွန်းတဲ့ ကိစ္စမို့ မမနန္ဒာ ဆက်ဆက်လာခဲ့နော်... နော်... မမနန္ဒာ၊ ကျွန်တော်သွားမယ်၊ ဟိုမှာလာနေပြီ"

မိုးရေဖြင့် နူးနေသော မြေပျော့များတွင်းသို့ နစ်ဝင်သွား အောင်နင်းလျက် မောင်ဟေမာန်တစ်ယောက် ထွက်ပြေးသွားချေပါ ပြီ။

"နန္ဒာ ဒီမှာဘာလုပ်နေတာလဲ ဟင်. . ."

"ကိုစောနောင် မမြင်ဘူးလား"

"ခုန ထွက်ပြေးသွားတာ မောင်ဟေမာန်မဟုတ်လား"

"ဟုတ်တယ်. . . ကိုစောနောင်"

"ဩြော်. . . ကျွန်တော်က ဘာလုပ်မှာမို့လဲ၊ နေရောပေါ့"

"သူ့ကို ဒီအိမ်ကြီးပေါ်က လူတွေနဲ့ လာမပတ်သက်ရဘူးလို့ သူ့ဦးလေး ဦးယက္ခက ဆူကြိမ်းထားတယ်တဲ့"

"ဘာဖြစ်လို့တဲ့လဲ. . ."

"မသိပါဘူး"

မုသားတစ်ဝက် ရောစွက်ဖြေကြားလိုက်ရသည်။

အကိုင်းများဝေနေသော ချယ်ရီပင်အောက်မှ ဖယ်ကြဉ် လျက် သဥ္စာမွန်၏မျက်နှာစာဘက်သို့ နှစ်ယောက်သား ယှဉ်လျက် လျှောက်လာကြသည်။

"တစ်ခုတော့ရှိတယ်ပေါ့. . . နန္ဒာရယ်"

နန္ဒာနွယ်မှာ ကိုစောနောင်၏ တည်ငြိမ်သောမျက်နှာထား ကို ဘေးတိုက်အနေအထားနှင့် လှည့်ကြည့်လိုက်သည်။

"မောင်ဟေမာန်ဟာ သာမန်လူငယ်လေးတစ်ယောက် မဟုတ်ဘူးဆိုတာကိုတော့ နန္ဒာသတိထားစေချင်တယ်"

"နန္ဒာနဲ့စကားပြောတော့လည်း ဖြောင့်လို့ပါပဲ"





"ဒါပေမယ့် သူ့အရွယ်နဲ့ သူနေထိုင်ပုံတွေဟာ မအပ်စပ်ဘူး လေ"

"သချိုင်းဂူတွေဘေးမှာ အိမ်လေးတစ်လုံးဆောက်ပြီး တစ် ယောက်တည်းသွားနေတာကို ပြောတာလား"

"ဟုတ်ပါတယ်. . . နန္ဒာ"

"ဒါတော့ သူက စန္ဒာငယ်ကို သိပ်ချစ်ရှာတာကိုး"

"ထားပါတော့လေ၊ မောင်ဟေမာန်နဲ့ပတ်သက်ပြီး ကိုယ်ဘာ မ မဝေဖန်လိုပါဘူး နန္ဒာ၊ နန္ဒာနဲ့က မတော်လိုက်ရတဲ့ မတ်ကလေး မဟုတ်လား"

"နန္ဒာတော့ သူ့ကိုခင်တယ်၊ သနားတယ်. . . ကိုစောနောင်"

"မောင်ဟေမာန်ကို ကိုယ်လည်း ခင်မင်သနားမိတာပါပဲ"

"သူ့ရဲ့ အချစ်ကိုးကွယ်မှုကိုတော့ နန္ဒာလေးစားအံ့သြမိတယ်"

"စန္ဒာငယ်ရဲ့ချစ်သူက သူ့ချစ်သူကို ချစ်တာထက်. . . စန္ဒာ ယ်အစ်မရဲ့ချစ်သူက သူ့ချစ်သူကို ချစ်တဲ့အချစ်ဟာ ပိုမိုကြီးမြင့် ါတယ်. . . နန္ဒာရယ်"

အပြုံးမျက်ဝန်းချင်းသာ ဆုံတွေ့သွားဖြစ်သည်။ နန္ဒာနွယ် ာမှမတုံ့ပြန်ရဲပါ။ စိတ်ထဲမှာဖြင့် ကြည်နူးမှု လှိုင်းလေးများ လူးလွန့် က်ခတ်သွားကြသည်။

"နန္ဒာ"

"ရှင်. . ."

"ဒေါ်လေးဣန္ဒာကလည်း ဒီအိမ်ကြီးကို ထိန်းသိမ်းပါလို့ချည်း ပ်နေတယ်၊ သူ့မှာ ပြောချင်စရာတစ်ခုရှိနေတာ ကိုယ်သိပါတယ်၊

အစခက်နေတယ် ထင်ပါရဲ့ကွယ်"

"ဘာကိုလဲ ကိုစောနောင်. . ."

"နန္ဒာလည်း သိပါတယ်လေ. . . နန္ဒာနဲ့ကိုယ့်ကို သူသဘော
တူနေတယ်ဆိုတာ"

ကျောက်နှင်းဆီရုံခြံစည်းရိုးတန်းရှေ့မှာ ရပ်တန့်မိကြသည်
ကိုစောနောင်ကပင် ဆက်လက်၍. . .

"ဒေါ်လေးက္ကနန္ဒာ သဘောတူမှုကြောင့် ကိုယ်တို့ကြည်ဖြ
ပါတယ်ဆိုတဲ့အဖြစ်မျိုး မဖြစ်စေချင်ဘူးနန္ဒာရယ်၊ လူငယ်တွေရဲ့ မာ
လေးတွေပေါ့"

ပွင့်လန်းတော့မည့် ကျောက်နှင်းဆီငုံပန်းနုရောင်ဖူးလေး
နန္ဒာနွယ် ငေးစိုက်ကြည့်နေမိပါ၏။

"ဒီတော့ ကိုယ့်ကိုအဖြေပေးပါလား နန္ဒာရယ်၊ ဒေါ်က္က
တောင်းဆိုမလာခင် ကိုယ်တို့နှစ်ယောက်ရဲ့အဖြစ်ကို ကြေညာနှ
အောင်ပါ အချစ်ရယ်"

နန္ဒာနွယ်၏ လက်လေးတစ်ဖက်ကို ကိုစောနောင်က ဆွဲ
လိုက်သည်။ လက်ဝါးနုနုနွေးနွေးလေးကို ယုယုမြတ်နိုးစွာ ပွတ်
ရင်း နန္ဒာနွယ်၏ လှပေါင်းစုရာမျက်နှာလေးကို ငေးကြည့်နေရ
၏။

"ကိုစောနောင်. . ."

"နန္ဒာ"

"နန္ဒာ့ဘဝဟာ ခုချိန်မှာ ဘာမှမရေရာတဲ့အခြေအနေ
ဖေဖေကလည်း အိမ်ထောင်သစ်နဲ့၊ ဒီအိမ်မှာကလည်း နန္ဒာ့အတ





ည့်သည်တစ်ယောက်လိုပါဆိုတာကို ကိုစောနောင်လည်း သိပါတယ်
လေ"

"နန္ဒာ ဘာကိုဆိုလိုတာလဲဟင်"

"ဩော်. . . နန္ဒာ့ရဲ့ဝန်းကျင်ဟာ အားလုံးသူညတွေချည်းပါ
ကိုစောနောင်ရယ်"

"နန္ဒာကလည်းကွယ်. . ."

"နန္ဒာပြောချင်ပါတယ်. . . ကိုစောနောင်"

"ပြောပါ နန္ဒာ. . ."

"နန္ဒာ့အဖြေကို မတောင်းခံခင် ကိုစောနောင်ကိုယ်တိုင်ရော
ဖြဆိုပြီးပြီလား"

"ဘာကိုလဲ နန္ဒာ"

"နန္ဒာ့ကို ကိုစောနောင် တကယ်လက်ထပ်နိုင်ရဲ့လားဆိုတာ"

"နန္ဒာ ဘာတွေပြောနေတာလဲ၊ ကိုယ်ကယောကျ်ားပဲ၊ ကိုယ်
ဆောင်ရမယ့်အိမ်ထောင်ရေးတစ်ခုကို တည်ထောင်ရမယ့် ကိစ္စ
နန္ဒာ့ဘက်က ဘာတွေမှ အလိုက်ပေးနေစရာမလိုပါဘူး နန္ဒာ၊
း ကလေးဘက်က မျှော်လင့်ထိုက်တာကို မျှော်လင့်နေတာ
ယာကျ်ားမဟုတ်ဘူး"

"ဩော်. . . ကိုစောနောင်ဘက်က ဟုတ်တယ်ပဲထားပါ၊ ကို
နောင် ဖေဖေက ရှိသေးတယ်လေ. . . အန်ကယ်(လ်)ဦးကောင်း
တ်က သိပ်ချမ်းသာတယ်မဟုတ်လား၊ နန္ဒာ့လို မိန်းကလေးကို ချွေးမ
ချင်ပါ့မလားလို့"

"အိုကွာ. . . နန္ဒာက သိပ်အတွေးလွန်တာပဲကိုး၊ ဒီမှာ နန္ဒာ"

"ရှင်. . ."

"အတော်ပဲ၊ဖေဖေလည်းသန်ဘက်ခါ ရောက်လာတော့မယ်"

"ဟင်. . . ရောက်လာမယ်"

"ဟုတ်တယ်၊ ဒေါ်လေးဏ္ဍနွှာက မှာလို့"

"ဘာကိစ္စများပါလိမ့်"

"ကိုယ်တို့ ကိစ္စပဲဖြစ်မှာပေါ့"

"အို. . ."

"ကဲ. . . ဒီမှာ နန္ဒာ၊ ယောက္ခမကြီးနဲ့ ကိုင်ပေါက်မနေစ

နဲ့၊ ဖေဖေက သဘောတူပါတယ်ဆိုရင် နန္ဒာ့ဆီက အဖြေရပြီးသား

ကိုယ်မှတ်ယူလိုက်မယ်နော်"

"အို. . . ဘာဆိုင်လဲ"

"နန္ဒာကပဲ နန္ဒာ့ကို ချွေးမအဖြစ်နဲ့ရွေးပါ့မလားဆို၊ ရွေး

မယ်၊ ဘယ့်နှယ့်လဲ"

"အိုကွယ်. . . သူ စကားကို သိပ်ကပ်ပြီးပြောတတ်တာ

"ဟင်. . . ကပ်ဖြင့် မကပ်ရသေးဘဲနဲ့၊ ကဲ. . . အ

ကပ်ပြီးပြောတော့မယ်၊ နန္ဒာ့ကို သိပ်ချစ်တာပဲ၊ နန္ဒာ့ကို သိပ်ချစ်

ပဲ. . . နန္ဒာ့ကို. . ."

"အို. . . ဘာမှန်းလဲမသိဘူး"

နဖူးချင်း ထိလုမတတ် မျက်နှာနားကပ်ပြီး ပြောလာ

စကားများကြောင့် နန္ဒာခေါင်းငုံ့ချလိုက်ရသည်။ သည်တော့လ

သူ့ရင်ခွင်ကျယ်မှာ မျက်နှာအပ်မိမတတ်ပါလား။

ချစ်စကားများက နှလုံးသားသို့ တိုက်ရိုက်ရိုက်ခတ်သ





တ်မှုများကလည်း အကြောစိမ်းများ ရှိန်းနွေးလာရသည်။ မကြုံ

းသော လှုပ်ရှားနိုးကြားခြင်းများသည် နန္ဒာနွယ်၏ နှလုံးသားကို

ရှိန်ပြင်းစွာ တုန်ခါရပါပြီ။

မြေပြင်မှာပင် ရပ်တည်မနေချင်တော့။ သူ့ရင်ခွင်မှာ မှိုမှေး

ခွေပစ်လိုက်ချင်ပါပြီ။

အပြစ်မဲ့သော၊ အားထားထိုက်သော၊ မြတ်နိုးသင့်သော ကို

တနောင်အတွက် နန္ဒာနွယ်၏ရင်ထဲမှ တစ်ကြိမ်တစ်ခါမျှ မပွင့်ဘူး

သးသော မေတ္တာဦးပန်းလေး ပွင့်လန်းသွားလေပါပြီ။

ကိုယ့်နှလုံးသားဥယျာဉ်မှာ သည်းဦးပန်းလေး ပွင့်လန်းနေပြီ

စ်သော်လည်း ခူးခြွေပေးဆက်ရမည်ကို ရှက်နေမိ၍ ခက်ရပါလေပြီ

ည်း. . .။

✲ ✲ ✲

အခန်း(၂၁)

စွယ်တော်ပွင့်ဖြူဖြူလေးများသည် ဝဲလည်ရင်း ကောက်ကွေ့သော ရေစုန်လမ်းအတိုင်း ကသုတ်ကရက်ကလေး ခရီးဆက်သွားကြသည်။

တစ်ပွင့်ပြီး တစ်ပွင့်. . .။

တစ်ပွင့်နောက်မှတစ်ပွင့် ထပ်ဆင့်လျက်. . .။

"ကဲ. . . တော်ပါတော့ မောင်ဟေမာန်ရယ်၊ မမနန္ဒာအတွက် အချိန်သိပ်မရဘူး၊ အရေးကြီးတာ ပြောစရာရှိတယ်ဆို"

ပန်းပွင့်ကြွေများကို တစ်ဆုပ်တစ်ခဲကြီး လက်ထဲမှာထားရင်း စမ်းချောင်းရေဆင်းလမ်းလေးအတိုင်း တစ်ပွင့်ပြီးတစ်ပွင့် မျှောလွှတ်နေသော မောင်ဟေမာန်ကို စိတ်မရှည်သလိုကြည့်ရင်း နန္ဒာနွယ်က လောဆော်လိုက်ရသည်။





"ကဲကွာ. . . တို့အစ်မက အချိန်မရဘူးတဲ့ မင်းတို့အားလုံး သွားနှင့်ကြတော့နော်"

စွယ်တော်ပွင့်များ အားလုံးကို သူရေထဲသို့ ပစ်ချလိုက်တော့သည်။

"ပြောစရာတင် ရှိတာမဟုတ်ဘူး၊ ပြစရာလည်းရှိတယ် မမနန္ဒာရဲ့"

"ဘာပြမှာလဲဟင်"

"လိုက်ခဲ့ပါ၊ ဟိုရောက်တော့ကြည့်. . ."

စမ်းရေလေး စီးနေသည့်ဘေးမှ ဖြတ်လျှောက်လာကြသည်။ ထင်းရှူးရွက်ကြွေ သေးသေးချွန်ချွန်လေးများပေါ်မှ နင်းရသည်မှာ ပ်လျှောလျှောလေး ဖြစ်နေပါ၏။ ကြာမီ မောင်ဟေမာန်၏ စံရိပ်ငြိမ်အိမ်ပြာလေးသို့ ရောက်ခဲ့ကြရပါပြီ။

"လာလေ. . . မမနန္ဒာရဲ့"

အိမ်ဝတွင် ရပ်နေမိသော နန္ဒာနွယ်ကို သူက အားပါးတရ တ်ခေါ်လိုက်သည်။

နန္ဒာနွယ်မှာ မောင်ဟေမာန့်အပေါ်တွင် ဖြူစင်သန့်ရှင်းသော ကရုဏာတရားများဖြင့် ခင်မင်သံယောဇဉ်ဖြစ်နေမိခဲ့သည်။

ဤစိတ်အစဉ်ကို ဖန်တီးတည်ဆောက်ယူရခြင်း မဟုတ်ပါဘဲ၊ အသည်းနှလုံးထဲက သူ့ဟာသူ ဖြစ်တည်ကိန်းဝပ်လာသော စိတ်စေတနာများပါ။

သို့ပါသော်လည်း မောင်ဟေမာန်၏ တစ်ဖက်စွန်းရောက် လွန်းသော နေထိုင်ပုံများကို မကြာခဏ သံသယဝင်မိခဲ့ရသည်။

"မမနန္ဒာကို ပြစရာရှိတာ ပြမယ်၊ ပြီးတော့မှ ပြောစရာရှိတာ ပြောမယ်နော်၊ ဟုတ်လား. . . မမနန္ဒာ"

နန္ဒာနွယ်မှာ ခေါင်းညိတ်ပြလိုက်ရပြီး သင်ဖြူးဟောင်းလေးပေါ်တွင် ဖွဖွလေးထိုင်လိုက်ရသည်။

မောင်ဟေမာန့် အိပ်ရာ၏ ခေါင်းရင်းဘက်တွင် မဟာမြတ်မုနိပုံတူ ဘုရားကားချပ်ကို ပေါင်သွင်းကိုးကွယ်ထားသည်။ သူ့ရှေ့မှ စင်ငယ်ကလေးတွင် မြေပန်းအိုးလေးတစ်လုံး တင်ထားပါ၏။ ကျောက်ခက်နှင့် အာဖရိကန်ဒေစီပွင့်ရောင်စုံများကိုလည်း လှပစွာ စိုက်ထိုးထားပါ၏။

မောင်ဟေမာန်က ယင်း ဘုရားညောင်ရေအိုးကို မ,ယူလာပြီး နန္ဒာနွယ့်ရှေ့သို့ချလိုက်သည်။

"အို. . . ဘာလုပ်တာလဲ မောင်ဟေမာန်၊ ငရဲကြီးလိမ့်မယ်လေ. . ."

"ရပါတယ်၊ ဒီမှာကြည့်. . ."

သူက ပန်းပွင့်နှင့် သစ်ခက်များကို စုကိုင် မ,ယူလိုက်ပြီး၊ ညောင်ရေအိုးမှ ရေများကို ကြမ်းပြင်ပေါ်သို့ မှောက်လောင်းချလိုက်သည်။

"အို. . . ဘာ. . . ဘာလုပ်တာလဲ"

သူက ဘာမှမဖြေ။ ပန်းတွေကို ပြန်ထည့်ပြီး ညောင်ရေအိုးကို ဘုရားရှေ့သူ့နေရာတွင် ပြန်တင်ထားလိုက်ပါ၏။

ကြမ်းပြင်ပေါ်တွင် ပြန့်နှံ့သွားသော ညောင်ရေအိုးရေများ၏ အလယ်တွင် ပလပ်စတစ်အိတ်ကလေးတစ်လုံးနှင့် ခေါက်လိပ်





ထားသော အထုပ်ကလေးတစ်ထုပ်. . .။

"ကဲ. . . ဒီမှာ ဘာလဲကြည့်စမ်းပါဦး၊ မမနန္ဒာရဲ့"

သူကပြန်ပြေးလာပြီး ရေထဲမှပလပ်စတစ်အိတ်ကို ဖျတ်လတ်စွာ ကောက်ယူ၍ ဖွင့်သွန်ချလိုက်သည်။ သူ့လက်ဝါးပေါ်သို့ ကျရောက်လာသော အိတ်တွင်းမှ ပစ္စည်းလေးကို မြင်လိုက်ရသည်နှင့် နန္ဒာနွယ်မှာ လန့်အော်မိမတတ် ဖြစ်ရပါပြီ. . .

"ဟာ. . . ဒါ. . . ဒါ. . ."

"ဟုတ်တယ်လေ၊ ရွှေရတုပွဲညက မမနန္ဒာ လည်ပင်းကနေ ပျောက်ဆုံးသွားခဲ့တဲ့ စိန်လည်ဆွဲလေးပေါ့"

"အို. . . ဒါ. . . ဒါကို. . . မင်းဘယ်ကရသလဲဟင် မောင်ဟေမာန်"

"အဲဒီညထဲက. . ."

"ဟင်. . . ဒါနဲ့များ ဘာလို့သိမ်းထားရတာလဲကွယ်၊ မမမှာဖြင့် ဒီစိန်လည်ဆွဲအတွက် ရူးမတတ် စိတ်ဆင်းရဲလိုက်ရတာ. . ."

မောင်ဟေမာန့်အပေါ်တွင် ပထမဆုံးအကြိမ်အဖြစ်နှင့် စက်ဆုပ်ရွံရှာစွာ နန္ဒာနွယ် ကြည့်လိုက်မိသည်။

"မဟုတ်ဘူး. . . မမနန္ဒာ၊ ကျွန်တော်ပြန်ရတာ မမနန္ဒာကို ချယ်ရီပင်ကြီးဘေးမှာ လာတွေ့တဲ့နေ့ကမှ. . ."

"ဟင်. . . ဘယ်လိုလဲကွယ်"

"အဲဒီညက မမနန္ဒာကို ကျွန်တော်ကယ်တင်ပြီး အစ်ကိုစောနောင်တို့ ရောက်လာကြတယ်လေ၊ စောမင်းညိုက လွတ်ပြေးသွားတယ်"

"ဟုတ်တယ်လေ…"

"ဒါပေမယ့် အားလုံးက ကျွန်တော့်ကို ဂရုမစိုက်ကြပါဘူး၊ မမနန္ဒာကလွဲလို့ ကျေးဇူးတင်ပါတယ်လို့တောင် ဟေမာန်ဆိုတဲ့ကောင်ကို မပြောခဲ့ကြပါဘူး"

"ကဲ… ထားစမ်းပါကွယ်၊ ဒါတွေ"

"ပြောပါ့မယ်၊ ကျွန်တော့်ကို အရေးမလုပ်ကြတဲ့ အသိုင်းအဝိုင်းကနေ ကျွန်တော် ပြန်လာခဲ့ရတဲ့ညမှာပဲ ဒီစိန်လည်ဆွဲကို မြေပြင်ပေါ်က ကောက်ရခဲ့တာပါ"

"ဒါနဲ့…"

"အင်း… ဒါနဲ့ ကျွန်တော်လည်း ဒီစိန်လည်ဆွဲကို ကောက်ယူပြီး ကျွန်တော့်ရဲ့ စန္ဒာငယ်ရှိနေတဲ့ ဘုတ်ကုအောက်က မြေမှာတူးမြှုပ်ထားခဲ့မိတယ်၊ ရည်ရွယ်ချက်က မမနန္ဒာတစ်ယောက်တည်းကို မနက်ကျရင် ပြန်ပေးမယ်ပေါ့"

သူ့စကားများကို နန္ဒာနွယ်မှာ အသက်ရှူရပ်ပြီးများ နားထောင်နေမိလေသလားပါ။

"ဒါပေမယ့် မမနန္ဒာရယ်၊ ကျွန်တော့်မှာ ရောဂါတစ်ခုရှိနေပါတယ်"

"ဟင်…"

"အဲဒါကတော့ သိပ်ထိတ်လန့်ရင် သို့မဟုတ် အအေးမိသွားရင် ဖျားတတ်တဲ့ဝေဒနာ ကျွန်တော့်မှာရှိပါတယ်"

"ဪ… ဪ…"

"အဲဒီညက ကျွန်တော် စမ်းချောင်းဘေးမှာထိုင်နေတုန်း မမ





နန္ဒာရဲ့အော်သံ သဲ့သဲ့ကြားရပြီး လာကယ်တင်ရတော့ ထိတ်လန့်တဲ့အတွေ့အကြုံရယ်၊ အအေးမိသွားတဲ့ ဒဏ်ရယ်နဲ့ မနက်ကျတော့ ကျွန်တော်အပြင်းဖျားတယ်"

"အင်း… မမနန္ဒာသိတယ်လေ"

"အဲဒီနောက်မှာ အဲဒီစိန်လည်ဆွဲကိစ္စကို လုံးလုံးလျားလျားကြီးမေ့သွားခဲ့ပါတယ် မမနန္ဒာရယ်၊ တကယ်ပါ၊ တကယ့်ကိုပါ"

မောင်ဟေမာန် လိမ်ညာနေခြင်းမဟုတ်ကြောင်း သူ့မျက်နှာလေးက သက်သေခံနေရှာပါ၏။

"မမနန္ဒာ မယုံဘူးလားဟင်"

"ဖြစ်နိုင်ပါတယ် မောင်ဟေမာန်၊ တကယ်လို့ မင်းမှာကောက်ကျစ်တဲ့စိတ်ထားရှိခဲ့ရင် ခုလို မမနန္ဒာကို ဘယ်ခေါ်ပြပါ့မလဲ၊ မဟုတ်ဖူးလားဟင်"

"ဒါပေါ့… မမနန္ဒာရဲ့"

သူ့ကို အကဲစမ်းသလိုပြောလိုက်ပြီးမှ နန္ဒာနွယ်က…

"ကဲ… အခုတော့ ပြန်လည်းသတိရပြီ၊ ပြန်လည်း တွေ့ပြီ၊ မမနဲ့ မောင်ဟေမာန်မှာ လုပ်စရာတစ်ခုပဲ ကျန်တော့တာပေါ့နော်…"

"ဘာလုပ်ရမှာလဲ"

"အဲ… လည်ဆွဲပိုင်ရှင် ဒေါ်ကြူနန္ဒာကို ပြန်ပေးကြရအောင်လေ နော်…"

ဖြန့်ထားသော သူ့လက်ဝါးပေါ်မှ စိန်လည်ဆွဲကို ဆုပ်ကိုင်လိုက်ပြီး…

"မပေးနိုင်ပါဘူးဗျာ၊ ကျွန်တော် ကောက်ရတာပဲ"

"အို. . . ဒီလိုမဟုတ်ဘူးလေ၊ မောင်ဟေမာန်ကောက်ရတဲ့ ပစ္စည်းဆိုပေမယ့် ပိုင်ရှင်ကရှိနေတယ်၊ ပိုင်ရှင်ကိုသိနေတယ်လေ၊ ပြီးတော့ ဒေါ်က္ကန္ဒာရဲ့မြေပေါ်ကရတဲ့ သူ့ပစ္စည်းလည်းဖြစ်လို့ အဲဒါ ကောက်ရတယ်လို့ မခေါ်နိုင်ဘူး မောင်ဟေမာန်"

"တရားမချနဲ့ မမနန္ဒာ၊ ကျွန်တော် ဘယ်သူ့ကိုမှ မပေးနိုင်ဘူး"

"အို. . . မင်းဟာ. . ."

"ဘာမှပြောမနေနဲ့၊ ကျွန်တော်ပေးချင်တာ၊ ပေးမှာ. . . တစ်ယောက်တည်းရှိတယ်၊ အဲဒါ မမနန္ဒာပဲ"

ရွှန်းလက်နေသော မောင်ဟေမာန်၏ စေတနာမျက်ဝန်းလေးများကိုကြည့်ပြီး နန္ဒာနွယ် ပြုံးရပါပြီ။

ဘာပဲဖြစ်ဖြစ် ကိုယ့်လက်ထဲသို့ ရောက်ရှိလာမည်ဆိုပါ၍ တော်ပေသေးသည်။ နောက်ပိုင်းမှ ဒေါ်က္ကန္ဒာကို ပြန်ပေးလျှင်လည်း ဖြစ်ပါ၏။

"ဘယ်လိုလဲ. . . မမနန္ဒာ ယူမှာလားဟင်"

"ယူမှာပေါ့၊ ပေးရင်ယူမှာပေါ့"

"ဒါပေမယ့် မမနန္ဒာဆီမှာပဲ ထားရမှာနော်၊ မမနန္ဒာက တစ်ဆင့် ဘယ်သူ့မှမပေးပါဘူးဆိုမှ ကျွန်တော်ကပေးမှာ"

"အရူးပါးလေး"

ဟုသာ ပြောလိုက်ချင်ပါပြီ။ စကားသံဖြင့် မထွက်ဖြစ်ပါ။ နန္ဒာနွယ်ကို အကြပ်ရိုက်သွားစေအောင် လုပ်နိုင်သည့် လူလည်လေး





ပါလား. . .။

"ဘယ်လိုလဲ. . . မမနန္ဒာ"

"အေးပါ. . . မပေးနဲ့ဆို မပေးပါဘူး"

"တကယ်နော်. . ."

"အဲဒီကိစ္စကျေနပ်ပြီးရင် နောက်တစ်ခုပြောရဦးမယ်"

"ကဲ. . . ပြော ဘာလဲ"

"မမနန္ဒာ ကျွန်တော့်ကို စိတ်မဆိုးရဘူးနော်"

"အေးပါ. . . မဆိုးပါဘူး"

စိန်လည်ဆွဲနှင့်ပတ်သက်၍ ဒုတိယအချက်အနေနှင့် တခြားတစ်ခုခုကို တောင်းဆိုလိမ့်မည်ဟု နန္ဒာနွယ် ထင်ခဲ့မိပါသော်လည်း. .

"ကျွန်တော် မမနန္ဒာကို သိပ်ချစ်တယ်ဗျာ"

"အို. . ."

"မမနန္ဒာရယ်၊ ကျွန်တော်ရယ်၊ ဒီစိန်လည်ဆွဲကြီးကို ယူပြီး ဒီမိစ္ဆာအိမ်ကြီးနယ်မြေက ထွက်ပြေးကြရအောင်လားနော်. . . မမနန္ဒာရယ်"

သူက ရေစိုနေဆဲ ကြမ်းပြင်ကို ဒူးထောက်လိုက်ပြီး ကိုယ့်ကို ကိုင်းညွှတ်လာသည်။ နောက်ဆုတ်လိုက်ရသော နန္ဒာနွယ်၏ နောက်ဘက်ဆီမှ တိုင်ဖုံးထရံနှင့် ကျောနှင့်ကပ်မိသွားပါ၏။

ချောင်ပိတ်မိသလိုဖြစ်နေသော နန္ဒာနွယ်မှာ အံ့ဩစိတ်များဖြင့် မောင်ဟေမာန်ကို မျက်လုံးအဝိုင်းသားနှင့် ကြည့်နေမိသည်။

"ကျွန်တော် သိပ်ချစ်ရတဲ့ စန္ဒာဝယ်နဲ့ သိပ်တူတဲ့ မမနန္ဒာဟာ ကျွန်တော့် ချစ်သူဖြစ်လာစေရမှာပေါ့၊ ဟုတ်တယ်. . . ကျွန်တော်

တွေးနေတာကြာပြီ၊ မမနန္ဒာကို ကျွန်တော်ချစ်သင့်တယ်၊ ချစ်မယ်၊ မမနန္ဒာကလည်း ကျွန်တော့်ကို. . ."

"မောင်ဟေမာန်. . ."

စိုစွတ်နေသော သူ့လက်များဖြင့် နန္ဒာနွယ်၏လက်မောင်းနှစ်ဖက်ကို ဆုပ်ကိုင်လိုက်ပါသဖြင့် နန္ဒာနွယ်မှာ လူးလွန့်လိမ်ရုန်းလိုက်ရင်း အတင်းမာဆုံးလေသံနှင့် အော်လိုက်မိသည်။

"မမနန္ဒာရယ်. . ."

သည်တော့လည်း သူလျှော့သားပါလား။ လက်ကိုဖြည်လျက် ကြမ်းပြင်တွင် ညင်သာစွာ သူပြန်ထိုင်လိုက်သည်။

"မမနန္ဒာ. . . ဟေမာန့်ကို စိတ်ဆိုးသွားပြီဗျာ"

နန္ဒာနွယ် ဘာပြောရမှန်းမသိ။ သည်အကျဉ်းအကြပ်မှ မည်သို့ ရုန်းထွက်ရမည်မှန်း မသိတတ်နိုင်အောင် ဖြစ်နေမိဆဲ။

"အဲဒီ အမုန်းမျက်လုံးကြီးတွေနဲ့ မကြည့်စမ်းပါနဲ့ဗျာ၊ စိတ်မဆိုးဘူးလည်းဆိုသေး၊ စန္ဒာဆို ကျွန်တော့်ကို ဒီလိုဘယ်တော့မှ မကြည့်ဘူး"

တင်းမာနေသော မိမိ၏မျက်နှာကို ပြေလျှော့စေရသည်။ အနုနည်းဖြင့်သာ မောင်ဟေမာန်၏ ပိုင်နက်မြေမှ ထွက်ခွာရမည်ဖြစ်ကြောင်း နန္ဒာနွယ်နားလည်လာမိသည်နှင့်. . .

"မောင်ဟေမာန်"

"ဗျာ. . ."

"မေတ္တာတရားဆိုတာ ဆောက်တည်ယူလို့လည်း မဖြစ်ဘူး၊ လုယူလို့လည်းမရဘူးဆိုတာ မောင်ဟေမာန်သိတယ် မဟုတ်လား





ကွယ်"

"သိပ်သိတာပေါ့"

"ဒါဖြင့်လည်း မမနန္ဒာရဲ့ အသည်းနှလုံးထဲမှာ သူ့အလိုလိုဖြစ်တည်လာမယ့် မေတ္တာတရားကို မောင်ဟေမာန် စောင့်ကြိုသင့်တာပေါ့၊ မဟုတ်ဘူးလား"

မောင်ဟေမာန် ငြိမ်သွားသည်။

"ရုတ်တရက်ကြီးပေးရမယ့်အဖြေဟာ အဖြေမှန် မဖြစ်နိုင်ပါဘူးလေ၊ မမနန္ဒာကို အချိန်ပေးပါနော်. . . မောင်ဟေမာန်ရယ်"

"ကျွန်တော်ဘယ်လောက်အထိ စောင့်ရမှာလဲဗျာ"

"မကြာပါဘူး. . . မမနန္ဒာပြန်လာပြီး ပြောမယ်လေ"

"ညနေလာမလား"

"နောက်နေ့ပေါ့. . ."

"ကြာတယ်ဗျာ. . ."

"ဒါဖြင့်လည်း ကောင်းပါပြီလေ၊ မောင်ဟေမာန် ပြောတဲ့အချိန်လာခဲ့ပါ့မယ်၊ ဟုတ်ပြီလား"

"ဟုတ်ပြီ"

"ကဲ. . . ဒါဖြင့် မမနန္ဒာကို ပြန်ခွင့်ပြုတော့နော်"

"ဘာစကားမှလည်း မပြောရသေးဘူး"

"ခု. . . ပြောနေရတာတွေလည်း စကားတွေပဲ မဟုတ်လားကွယ်. . ."

"ဒီစကားမဟုတ်ဘူး. . . ချစ်စကား၊ မေတ္တာစကား၊ အသည်းစကား"

“ကဲပါ. . . ဒါတွေက မမနန္ဒာ နောက်တစ်ခေါက်ပြန်လာတော့မှ ပြောရမယ့်စကားတွေပါ”

“အင်းနော်. . . ဟုတ်တယ်”

“ကဲ. . . ဒါဖြင့် မမနန္ဒာပြန်တော့မယ်ကွယ်”

“စိတ်မဆိုးဘူးနော်. . .”

“မဆိုးပါဘူး”

“ပြန်လာမယ်နော်”

“ပြန်လာမယ်”

“ကဲ. . . ဒါဖြင့်သွားတော့ဗျာ၊ ညနေလာမှာနော်”

“လာမှာပါ”

“ကျွန်တော် ထမင်းမစားဘဲ၊ မအိပ်ဘဲ စမ်းချောင်းလေးဘေးက မမနန္ဒာမလာမချင်း ထိုင်စောင့်နေမှာနော်”

“ကောင်း. . . ကောင်းပါပြီ၊ မောင်ဟေမာန်ရယ်”

ထောင်ချောက်၏ တံခါးပွင့်သွားခဲ့ရပါပြီ။

သာမန်မဟုတ်သော မေတ္တာရူး လူငယ်လေးတစ်ဦး၏ ထောင်ချောက်မှ လွတ်ဆဲအံ့ဆဲကာလတွင် နောက်ဆုံးကြိုးစားခြင်းအဖြစ်နှင့်. . .။

“မောင်ဟေမာန်”

“မမနန္ဒာ”

“မမနန္ဒာကို ပေးမယ်ဆိုတဲ့ စိန်လည်ဆွဲကို တစ်ခါတည်း ပေးလိုက်ပါလားကွယ်. . . နော်”

သည်ကိစ္စလေးပြီးပြတ်သွားလျှင် ဤစိန်လည်ဆွဲကို ဒေါ်





နန္ဒာလက်သို့ ပြန်လည် အပ်နှင်းပြီးသည့်အခါတွင်. . .။

မောင်ဟေမာန်ဆိုသော မေတ္တာရူးကောင်လေးတစ်ယောက်ထံသို့ ဘယ်သောအခါမှ ပြန်မလာတော့ပါဘူးဟူသော ရည်ရွယ်ချက်များဖြင့် မျှော်လင့်နေသော နန္ဒာနွယ်သို့. . .။

“ဒီလည်ဆွဲဟာ. . . မမနန္ဒာ အတွက်ပါ၊ မမနန္ဒာကို ပေးမှာပါ”

“ဒါဖြင့်လည်း. . .”

“မမနန္ဒာပြန်မလာမှာစိုးလို့ ကျွန်တော် မပေးလိုက်ပါရစေနဲ့လားဗျာ. . .”

“ဒါဆိုရင် မမနန္ဒာက နောက်တစ်ခေါက်လာရမှာ စိတ်မသန့်တော့ဘူးပေါ့”

“ဘာဖြစ်လို့. . .”

“ဪ. . . မမနန္ဒာက စိန်လည်ဆွဲကြီးလိုချင်လို့ ပြန်လာတယ်လို့ မောင်ဟေမာန်က ထင်မှာပေါ့”

“မထင်ဘူး. . . မထင်ပါဘူး. . . မမနန္ဒာ”

“မမနန္ဒာရဲ့ စေတနာနဲ့ မမနန္ဒာလာခဲ့ပါရစေလား မောင်ဟေမာန်ရယ်၊ ခုတော့. . . အဲဒီ စိန်လည်ဆွဲကို မမကိုပေးနှင့်လိုက်ပါနော်”

မောင်ဟေမာန်က အဝေးကိုကြည့်ရင်း ငြိမ်သက်စွာခေါင်းညိမ့်လိုက်သည်။

ရှိပါစေတော့၊ ဤလည်ဆွဲကို တပ်မက်စိတ်နှင့် ဆက်၍ တောင်းနေမိပါလျှင် နန္ဒာနွယ်အတွက် အန္တရာယ်မှာ လက်တစ်ကမ်း

စာအကွာတွင် ရှိနေသေးကြောင်း သိနားလည်စွာနှင့် နန္ဒာနွယ် ပြန်လှည့်လာခဲ့ရပါပြီ။

ဤလည်ဆွဲမှာ မိမိပိုင်ဆိုင်ရယူဖို့အတွက်လည်း မဟုတ်ပါ။ ပြန်လည်ပေးချင်၍သာပါ။ ရှိနေရာအရပ်ကို လမ်းညွှန်နိုင်ပြီမို့လည်း အောင်မြင်ခြင်း တစ်ဆင့်ကို ကျော်လွှား၍ ပြန်လှည့်ရပါပြီ။

"မမနန္ဒာရယ်. . . ဟေမာန့်ဆီ ဆက်ဆက်ပြန်လာခဲ့ပါနော်"

ဟူသော ထပ်ဆင့်အမှာစကားလေးများသာ တဖြည်းဖြည်း ဝေး၍ဝေး၍ ကျန်ရစ်ခဲ့ပါပြီ။

မောင်ဟေမာန့်ကို သနားစိတ်နှင့် ခင်မင်ရုံမှလွဲ၍ တိုးပြီး စိတ်ပြောင်းရန် တွေးပင်မတွေးရဲသော ကိစ္စကြီးပါ။

နန္ဒာနွယ်၏ရင်မှာ ကြီးမားသော အင်အားတစ်ရပ်ဝင် ရောက်နေသည်။ ယင်းနှင့်ညီမျှသော တုံ့ပြန်မှုစွမ်းအားများကိုလည်း နန္ဒာနွယ်၏ရင်မှ ပြန်လည်အပ်နှင်းပါရန် ရည်ရွယ်ဆုံးဖြတ်ထားပြီး သားပါ။

ယင်း အင်အားဆိုသည်မှာ ကိုစောနောင်၏ မေတ္တာတရား များသာပါတည်း. . .။

* * *



## အခန်း(၂၂)

'ဟဲဟိုးလေဆိပ်' ဝန်းကျင်တွင် မောမြေ၏ လေပြည်အေးက ညင်းညင်းပြန့်ပြန့်လေး တိုက်ခတ်နေသည်။

တောင်ညိုများ ဆီးကာပတ်ရံထားသည့် မြေပြန့်ညီညီကို ကျယ်ဝန်းစွာ မြင်တွေ့နေရသည်။

တိမ်ပြာပြာ၊ တောင်ညိုညို၊ မြေနီနီနှင့် မြက်ခင်းစိမ်းစိမ်း များသည် မောမြေ၏အလှ အဆင်းတန်ဆာများအဖြစ်နှင့် တည်ငြိမ် လေးနက်စွာ လှပနေပါ၏။

ဒေစီပန်းရောင်စုံပွင့်ကြီးများက လန်းလန်းလတ်လတ်ရှိလှ သည်။ ဤပန်းအရောင်းဆိုင်တွင် ဟဲဟိုးရွာထွက် အာလူးကြော်အပိုင်း ကြီးများကို ပလပ်စတစ်အိတ် ရှည်မြောမြောကလေးများနှင့် ထည့်၍ လည်း ရောင်းချရန်ထားရှိသည်။ ထမင်းဆိုင်တန်းအလွန် ပန်းဆိုင်

လေးရှေ့တွင် ဒေါ်ကန္တာ၏ လဲန်ရိုဗာကားက ရပ်တန့်ထားပါ၏။

ကားကို ကိုစောနောင်ကိုယ်တိုင် ရပ်စောက်ရွှေညောင်လမ်းမှ ဤဟဲဟိုးလေဆိပ်အထိ နှစ်ဆယ့်ရှစ်မိုင်မျှလောက် ခရီးကို မောင်းနှင်လာခဲ့သည်။

ကားနှင့်အတူ ဦးယက္ခ၊ ဒေါ်ကန္တာ၊ စောစုမြတ်နှင့် နန္ဒာနွယ်တို့ လိုက်ပါလာခဲ့ကြပါ၏။

နန္ဒာနွယ်တို့ ရောက်ရှိနေသည်မှာပင် သုံးနာရီနီးပါးမျှ ကြာညောင်းခဲ့လေပြီ။ လေယာဉ်ကား မဆိုက်သေး။

လွိုင်ကော်လေဆိပ်မှ တက်လာပြီး ဖြတ်ကျော်လာမည့် တောင်တန်းကြီးပေါ်မှ လေယာဉ်များဘွားခနဲပေါ်လာလေမလားဟု လည်း လှမ်းမျှော်ကြည့်ရသည်။ လေယာဉ်ထွက်လာပြီဟူသော သံချောင်းခေါက်သံကိုလည်း နားစွင့်နေရပါသေးသည်။

ဤဟဲဟိုးလေဆိပ်သည် တောင်ပိုင်း ရှမ်းပြည်နယ်ကြီးတစ်ခု လုံးအတွက် ပြည်မဘက်သို့ထွက်ခွာရန် တစ်ခုတည်းသော လေယာဉ် လမ်းပါ။

လေယာဉ်စီးခရီးသည်ကိုပဲကြည့်ကြည့်၊ ရထားစီးခရီးသည်ကို ပဲကြည့်ကြည့်၊ လူဦးရေထူထပ်သော လူနေအိမ်ခြေများသော တောင် ကြီးမြို့သွား ခရီးသည်များသာ များသည်။

သို့ပါသော်လည်း တောင်ကြီးသို့တက်ရန် ဤဟဲဟိုးလေဆိပ်မှနေ၍ မိုင်ပေါင်း နှစ်ဆယ့်နှစ်မိုင်တိတိ ကားစီးပြီးမှ တောင်ကြီးမြို့သို့ ရောက်နိုင်သလို. . .။

မီးရထားလမ်းကလည်း ရွှေညောင်ဝှင် ဆုံးသည်။ ရွှေ





ညောင်မှတစ်ဆင့် တောင်ကြီးသို့ ပေပေါင်းလေးထောင်ကျော်မြင့်ပြီး ဆယ့်နှစ်မိုင်ခရီးသို့လည်း ကားနှင့်တက်ပါမှ ရောက်ရှိနိုင်ပါ၏။

တစ်ခါတစ်ရံမက အတော်များများ ရထားအချိန်မမှန်တတ်ပါ၍ မိုးချုပ်သည့်အခါ ကားခက မသက်သာသည့်အပြင် မှောင်ကြီး မည်းကြီးမှာ တောင်တက်ခရီးသွားရသည်က အန္တရာယ်များလှပါဘိ။

တောင်ကြီးမြို့သူ မြို့သားခရီးသည်များ၏ သွားလာရေးက လည်း မလွယ်ကူပါလား။

"နန္ဒာ အာလူးကြော် စားလေ၊ ဘာတွေ ငေးနေတာလဲ"

"ဩော်. . . ဘာမှ မဟုတ်ပါဘူး"

"ဟုတ်ရမယ်၊ နန္ဒာ တစ်ခုခုတွေးနေပါတယ်"

"ဩော်. . . ခရီးသည်တွေအကြောင်း၊ တောင်ကြီးမြို့က လူတွေရဲ့ဒုက္ခတွေအကြောင်းနဲ့ တောင်ကြီးအထိ ရထားလမ်းပေါက်ရင် ဘယ်လောက်များ ကောင်းမလဲဆိုတာတွေကို. . ."

"ဟား. . . သွားပြီကွာ"

"ဘာလဲလို့. . ."

"ဩော်. . . အဘိုးကြီး ရောက်လာခါနီးလို့ ကိုယ့်အကြောင်းများ တွေးနေသလားလို့၊ ကိုယ့်မှာဖြင့် မျှော်လင့်တကြီးနဲ့ ငေးကြည့်နေလိုက်ရတာ"

"စိတ်ပဲ. . . သူရောက်ချင်တဲ့ဆီ ရောက်သွားမှာပေါ့"

"စိတ်ရယ်. . . ကိုယ့်ဘက်ကို လှည့်တွေးစမ်းပါကွယ်"

"ရှူး. . . ဟိုမှာ. . ."

ဟု ကားရှေ့ခန်းမှာ စာတစ်အုပ်နှင့် ထိုင်နေသော ဒေါ်

ကုန္ဒာ၏သမီး အပျိုကြီးစောစုမြတ်ကို နန္ဒာနွယ်က မျက်လုံးဝင့်၍ ပြလိုက်ရသည်။

သည်နေ့မှ အပျိုကြီးက ဘာစိတ်ကူးပေါက်သည်မသိပါ။ အလှခြယ်မှုန်းထားသည်။ နန္ဒာနွယ်တို့လို အပြစ်ရှာမရသော အလှမျိုး မရှိပါသော်လည်း အသားဖြူဖြူ သေးသေးသွယ်သွယ်မို့ကြည့်ကောင်း နေပါ၏။

ဤအုပ်စုသည် လေယာဉ်ခရီးဖြင့် ရောက်ရှိလာမည်ဆိုသော ကိုစောနောင်၏ဖခင် 'ဦးကောင်းမြတ်' ကို လာကြိုနေကြခြင်းဖြစ်ပါ၏။

စောစုမြတ်က ကားရှေ့ခန်းတွင် စာတစ်အုပ်ဖတ်နေပါ၏။ တစ်ယောက်တစ်ထုပ် ချပေးထားသော အာလူးကြော်ကို သူတို့နှစ်ယောက်က မစားကြ။ နန္ဒာနွယ်က ဖောက်စားနေမိသည်။ ကိုစောနောင်က နန္ဒာနွယ်၏လက်ထဲမှ အာလူးကြော်ကို လာနှိုက်ယူစားသည်။

"ကိုယ့်အထုပ်တော့ ကိုယ်မစားဘဲနဲ့"

"သီးခြားကြီး မစားချင်လို့ပေါ့"

"မကျွေးနိုင်ပါဘူး. . ."

"လုစားမှာပဲ"

"လုယူလို့ရတာ ဘယ်ကောင်းမှာလဲ၊ စေတနာနဲ့ပေးမှ စားလို့ကောင်းမှာပေါ့"

"တချို့ကျတော့လည်း စေတနာလေးတွေကို ဝှက်ထားတတ်တယ်"





"ဟင်း. . ."

"ကိုယ်ကတော့ ဝှက်ထားတဲ့ပစ္စည်းတွေကို ရှာယူတတ်တယ်နော်. . ."

နန္ဒာနွယ်မှာ ကွယ်ကွယ်ဝှက်ဝှက်လေးပြုံးရင်း နောက်ခိုင်းထိုင်နေသော စောစုမြတ်ကို လက်ညှိုးညွှန်ပြလိုက်ရသည်။

"အသာနေပါ၊ ဒီအပျိုကြီးလောက်ကို ခေါက်ထားလိုက်စမ်းပါ" ဟူသောအပြောကို သူက အမူအရာနှင့်ပြလိုက်သည်။

နန္ဒာနွယ်က အာလူးကြော်ထုပ်လေးကို လက်တစ်ဖက်ဖြင့် ဆုပ်ကိုင်၍ ပိတ်ထားလိုက်သည်။ နန္ဒာနွယ်၏ အပြုအမူလေးကို နှစ်သက်ကျေနပ်လွန်းဟန်နှင့် ကိုစောနောင်က ကြည့်နေရှာပါ၏။

"ဘာတတ်နိုင်သေးလဲ. . . လုစားလို့မရတော့ဘူး မဟုတ်လား. . ."

ဟူသော အမူအရာပြုံးယဉ်စလေးများဖြင့် တစ်ဖက်သို့ လှည့်ပြီး လက်ထဲမှ ကိုက်လက်စအာလူးကြော် စက်ဝိုင်းခြမ်းလေးကို စားမည် အပြု. . .

"ဟင်. . ."

"အ. . . ဟား. . . ဟား. . ."

"ကြည့်. . . သူမကောင်းဘူး"

"ပြောတယ် မဟုတ်လား၊ ဝှက်ထားတဲ့ပစ္စည်းကို ရှာယူတတ်ပါတယ်လို့"

"သွားပါ"

"နန္ဒာနွယ်က နှုတ်ခမ်းလေးစူနေခိုက် သူကဖြင့် လုယူသွား

သော အာလူးကြော်ပြားလေးကို ဝါးပစ်လိုက်နေပြီ. . .။

ချစ်စကား မမည်သေးသော ဝေ့ဝေ့ဝိုက်ဝိုက်အပြောလေး များဖြင့် တစ်ယောက်နှင့်တစ်ယောက် ပြောဆိုရင်း ချစ်မျက်ဝန်းလေး များဖြင့် ကြည့်ကြရ၊ မြင်ကြရသည်မှာလည်း ကြည်နူးမှုများဖြင့် ရင် နွေးရသည်ပါလား. . .။

"သာလွန်လျှင်သာရှိရမည်၊ မလျော့နည်းနိုင်သော မေတ္တာ များဖြင့် ကို့ကို တုံ့ပြန်ချစ်ပါပြီ"

ဟူသော အဖြေကို နန္ဒာ၏ရင်မှာ ဖြေဆိုထားနှင့်ပြီးပါပြီ။ ဤအဖြေလွှာကို နှင်းအပ်ရန် အချိန်မရ အခွင့်မသင့်သေးသဖြင့်သာ မပြောကြားဖြစ်ရသေးခြင်းပါ. . .။

"ကိုလည်း သိမှာပါလေ"

ဟူသော ဖြေသိမ့်မှုဖြင့် အခွင့်အခါကိုစောင့်စားရင်း ယနေ့ ဟဲဟိုးလေဆိပ်သို့ လိုက်ပါလာရခြင်းဖြစ်ပါ၏။

ထိုအချိန်တွင် လေဆိပ်မှ သံချောင်းခေါက်သံကြောင့် သွား မည့်ခရီးသည်များ၊ လိုက်ပို့ကြသည့်မြို့ခံလူများ၊ လာကြိုကြသည့် သူများအားလုံး လှုပ်လှုပ်ရှရှဖြစ်သွားကြသည်။

"လွိုင်ကော်လေဆိပ်မှ ထွက်ခွာလာပြီ"

ဟူသော သတင်းစကားပါသည့် သံချောင်းခေါက်သံပါ။

လွိုင်ကော်လေဆိပ်နှင့် ဟဲဟိုးလေဆိပ်သည် အနီးကပ်ဆုံး ဖြစ်ပါ၏။ တောင်တန်းကြီးကျော်လိုက်ပြီးသည်နှင့် ကယားနယ်မြေနှင့် ရှမ်းပြည်နယ်ကို မြင်သာနိုင်ပါပြီ။ လေယာဉ်ပျံသန်းချိန် နာရီဝက်ခန့် မျှသာ ဖြစ်ပါ၏။





ဦးယက္ခနှင့် ဒေါ်ကြူနန္ဒာတို့ကားဆီသို့ ပြန်လာကြသည်။

"လာ. . . သမီးဆင်းတော့၊ လေဆိပ်ထဲ သွားကြရအောင်၊ မောင်စောနောင်တို့လည်း လာကြလေ. . ."

ဒေါ်ကြူနန္ဒာ၏နောက်မှ အားလုံးလိုက်ကြရပါ၏။ တစ်ထပ် လေဆိပ်အဆောက်အအုံလေးထဲမှာ ရှုပ်ထွေးနေကြပါ၏။ ကျိုင်းတုံ မြို့သို့ ဆက်လက်ထွက်ခွာမည့် ဖော်ကာလေယာဉ်မို့ လိုက်ပါခွင့်ရရှိ သူများက အလုပ်ရှုပ်နေသလောက် ဖြုတ်ချခံကျန်ရစ်သည့် ခရီးသည် များက ပွစိပွစိနှင့်ဖြစ်နေကြသည်။

"ဒေါ်လေးမှာလို့သာ သူ့ခမြာ လာရရှာတာ၊ ဦးကောင်းမြတ် က သိပ်တာဝန်များတဲ့သူပဲ"

"ကိစ္စမရှိပါဘူး. . . ဒေါ်လေးကြူနန္ဒာ၊ ဒါမှလည်း ဖေဖေက ရောက်ဖြစ်မှာ. . . ဖေဖေက ရှမ်းပြည်နယ်ကိုသိပ်ပြီး ခင်တွယ် သံယောဇဉ်ဖြစ်တာပဲ"

"အေးကွယ်. . . မောင်စောနောင်ရဲ့ စွမ်းဆောင်ချက် ဘယ် လောက်ကြီးမားတယ်ဆိုတာလည်း ဒေါ်လေးက အသေးစိပ် ပြောပြချင်တာတစ်ကြောင်း. . ."

"ဟုတ်ကဲ့"

"ပြီးတော့လည်း အရေးကြီးတဲ့ကိစ္စလေးတစ်ခုလည်း တိုင်ပင် ဆွေးနွေးစရာရှိလို့ပါ"

"ဟုတ်ကဲ့. . . ကျွန်တော်ကလည်း ဖေဖေလာရင် ဖေဖေ့ကို ပြောစရာ ခွင့်တောင်းစရာရှိနေတာနဲ့ အတော်ပါပဲ"

ဒေါ်ကြူနန္ဒာသို့ ပြန်ကြားသောစကားများဖြစ်ပါသော်လည်း

ကိုစောနောင်၏ မျက်ဝန်းများက နန္ဒာနွယ့်ဆီမှာ. . .

"ဩော်. . . နန္ဒာ့ရင်ဆီသို့ ကြည်နူးမှုများစွာကိုပေးစွမ်းကမ်းဆင့်နေရှာတဲ့ ကိုရယ်"

ခဏအကြာမှာပင် လေယာဉ်က မြေပြင်သို့ဆင်းသက်လာခဲ့ပါပြီ။

အသက်ငါးဆယ်ကျော်အရွယ်၊ ရင့်ကျက်မှု သရုပ်ဆောင်သည့် ဆံဖြူများ ရောနှောနေသည့်ဆံပင်ကို သပ်ယပ်စွာ ဖြီးထားသည့် ဝဝမြင့်မြင့် အသားဖြူဖြူနှင့် တည်ငြိမ်သိက္ခာရှိလှသော ဦးကောင်းမြတ်ကို ဒေါ်ကြူန္ဒာက လက်ကမ်းကြို၍ လက်ဆွဲနှုတ်ဆက်ပြီး လှိုက်လှိုက်လှဲလှဲ နှုတ်ဆက်ရှာပါ၏။

"နန္ဒာနွယ်တော့ အတော်ပဲ စိတ်ပင်ပန်းသွားရှာမှာပဲနော်၊ သားဆီကစာရတော့ အန်ကယ်(လ်)နန္ဒာ့ကို သနားနေမိတယ်"

နန္ဒာနွယ်ကို အရင်ဦးနှုတ်ဆက်ရှာသည်။

"ဟုတ်ကဲ့ အန်ကယ်(လ်)၊ ကိုစောနောင်ရဲ့ကျေးဇူးကြောင့် နန္ဒာ့ကို ခုလိုအသက်ရှင်ရက်နဲ့ တွေ့ရတာပါ"

"ငါ့သားတော့ ဟီးရိုးဖြစ်သွားပြီပေါ့ကွာ၊ ဟား. . . ဟား. ."

ပစ္စည်းရွေးချယ်စရာမရှိပါ၍ ချက်ချင်းပင် ကားပေါ်သို့ တက်၍ ထွက်နိုင်ခဲ့ပါ၏။ လေယာဉ်တွင် ဝန်ဆောင်တင်ခဲ့ရသော ပစ္စည်းရွေးချယ်ရန် စောင့်ဆိုင်းရသည်က တစ်ခါတစ်ရံ လာရင်းခရီးထက်ပင် ပိုမိုကြာမြင့်တတ်သည်ပါ. . .။

"ဘာပဲပြောပြော ရှမ်းပြည်နယ်နဲ့ ရှမ်းလေကို ရှူရှိုက်လိုက်ရတာကိုကပဲ ရန်ကုန်မှာ ပင်ပန်းနွမ်းနယ်လာသမျှ ပြေပျောက်ကုန်





သလိုပဲ မကြူန္ဒာရေ"

"ဒါနဲ့များတောင်. . . မှာမှပဲ လာတော့တာပဲလေ"

"တာဝန်တွေများလွန်းလို့ပါ"

"သိပါတယ်၊ ဦးကောင်းမြတ်ကို လာစေချင်တာကလည်းတစ်ကြောင်း၊ လာသင့်တဲ့ကိစ္စရှိတာကလည်းတစ်ကြောင်းမို့ပါ. . ."

"ဒါနဲ့ မကြူန္ဒာမှာတဲ့ကိစ္စက ဘာများပါလိမ့်"

ကားရှေ့ခန်းမှ သူ့သားဘေးတွင် ထိုင်နေသော ဦးကောင်းမြတ်မှာ နောက်ဘက်သို့လှည့်၍မေးလာသည်။

"ပြောမှာပေါ့လေ. . . ဖြည်းဖြည်းပေါ့"

"ဂွဒ်နျူး(စ်)လား"

"အာ. . . မင်္ဂလာသတင်းပါ. . ."

ဒေါ်ကြူန္ဒာက ပြုံးရွှင်စွာဖြေကြားအပြီးတွင် သူ့မျက်နှာချင်းဆိုင်မှ နန္ဒာနွယ်ကို စိုက်ကြည့်လာသည်။ ပိရိ၍ တင်းတင်းစေ့ထားသော သူ့နှုတ်ခမ်းနှင့် တည်ငြိမ်သောအကြည့်ဒဏ်ကို နန္ဒာနွယ် မခံယူရဲ။ ခေါင်းငုံ့ထားလိုက်ရပါ၏။

ဒေါ်ကြူန္ဒာ၏အကြည့်တွင် အဓိပ္ပာယ်တစ်ရပ်များ ဆောင်ကျဉ်းလေသလား. . .။

ကားသည် မောမြေမြင့်၏ ကွေ့ကောက်သော လမ်းများပေါ်တွင် ပြေးလွှားနေချေသည်တကား။

✻ ✻ ✻

## အခန်း(၂၃)

ထိုအချိန်က အိမ်တွင် ကိုစောနောင်မရှိ။

ရပ်စောက်မြို့သို့ ဦးဃက္ခနှင့်အတူ ဒေါ်ကြ္ကန္တာခိုင်းလိုက်သော ကိစ္စရပ်များကို ဆောင်ရွက်ရန် နေ့ချင်းပြန်ခရီးသွားနေရခြင်းဖြစ်ပါ၏။

"ပြီးရင် အိမ်ရှေ့လာခဲ့ပါ နန်းနန္ဒာနွယ်၊ ဦးကောင်းမြတ်နဲ့ စကားပြောကြရအောင်၊ စောစုမြတ်လည်း ရှိနေမယ်"

"ဟုတ်ကဲ့ပါ၊ ဒေါ်လေးကြ္ကန္တာ"

နံနက်စာ စားအပြီးတွင် ဒေါ်ကြ္ကန္တာ၏ မှာယူမှုကြောင့် အိမ်ရှေ့ဧည့်ခန်းသို့ ထွက်လာခဲ့ရသည်။

"ထိုင်. . . နန္ဒာ၊ သမီးနဲ့လည်း အဖော်အဖြစ် နေစမ်းပါ၊ ဒီမှာ အရေးကြီးတဲ့ စကားပြောကြမလို့"





အမိန့်သံပါသော စကားသံကိုနာခံရင်း နန္ဒာနွယ်မှာ စောစုမြတ်၏ဘေးတွင် ဝင်ထိုင်လိုက်ရသည်။

ဦးကောင်းမြတ်နှင့် ဒေါ်ကြ္ကန္တာက ဘေးချင်းယှဉ်လျက် ထိုင်နေကြပါ၏။ သူတို့ရှေ့တွင် သရက်သီး၊ လက်ဖက်၊ ဒရင်းကင်းချောကလက်က ကော်ဖီပန်းကန်ထဲမှာ အငွေ့များညွှန့်လူနေဆဲနှင့် အချိုပွဲ မုန့်မျိုးစုံကလည်း အသင့်ရှိနေပါ၏။

"ကဲ. . . ဦးကောင်းမြတ်ရေ၊ မိတ်ရင်းဆွေရင်းတွေမို့ ပွင့်ပွင့်လင်းလင်းပဲ တိုင်ပင်ကြရအောင်ပါရှင်"

"ကျွန်တော့်အကြောင်းကို မကြ္ကန္တာ သိပြီးသားမို့ အထူးပြောဖို့မလိုပါဘူးဗျာ၊ ကဲ. . . ပြောသာပြော၊ ကျွန်တော် ဘာကူညီပေးရမလဲ"

"ကူညီဖို့ရယ်တော့ မဟုတ်ပါဘူး၊ ဆွေးနွေးကြရမယ့် အပိုင်းပါ၊ ကျွန်မက တောင်းဆိုတင်ပြချင်တာပါ"

"ပြောပါ မကြ္ကန္တာ"

"ဒီလိုရှိပါတယ် ဦးကောင်းမြတ်၊ အခုပြောမယ့် စကားကို ဦးကောင်းမြတ်လိုလူကလွဲပြီးတော့ဖြင့် ဘယ်လိုမိတ်ဆွေမျိုးကိုမှ ကျွန်မအနေနဲ့ စတင်ပြီး ပြောသင့်တဲ့စကားမျိုးမဟုတ်ပါဘူး"

"စကားပလ္လင်ခံပုံက ထူးလှချည့်လား မကြ္ကန္တာ"

"ဟုတ်ကဲ့. . . ထူးဆို သားသမီးကိစ္စ ပြောရမှာမို့ပါ"

နန္ဒာနွယ်မှာ ဒေါ်ကြ္ကန္တာကို အလန့်တကြားကြည့်လိုက်မိပါသည်။ မိမိနှင့် ကိုစောနောင်တို့၏ ကိစ္စကို ဒေါ်ကြ္ကန္တာအနေနှင့် ဤမျှအရေးတယူ၊ ဤမျှ မြန်မြန်ဆန်ဆန်ကြီး ဖန်တီးပြောဆိုလိမ့်မည်ဟု

မထင်ခဲ့မိ။

"ဒါ. . . ဒါ. . . ကို စီစဉ်ပေးခဲ့တာ၊ ကို တီထွင်ပေးခဲ့တာ ဖြစ်မှာပါ၊ ဒါကြောင့် သူက တမင်ရှောင်ထွက်သွားတာကို၊ ကြည့်စမ်းပါဦး"

နန္ဒာနွယ်မှာ စိုးထိတ်စိတ်၊ ရှက်ရွံ့စိတ်၊ ကြည်နူးစိတ်များဖြင့် ကြမ်းပြင်ကိုသာ ငုံ့ကြည့်ရင်း လူကြီးများ၏ စကားကိုနားစွင့်နေရပါ၏။

"ကျွန်တော်လည်း နားလည်ပါပြီ မက္ကန္ဒာ၊ ဘာပဲဖြစ်ဖြစ် ပြောပါ"

"ဟုတ်ကဲ့. . . ဦးကောင်းမြတ်၊ တခြားလူတွေလည်း မဟုတ်လို့ အိမ်ထောင်စုနှစ်ခု ရောနှောရမှာ ဘာပြဿနာမှ မရှိနိုင်ပါဘူး၊ ရှင်းရှင်းပြောရရင်တော့ မောင်စောနောင်ကို ကျွန်မသမက်အဖြစ်နဲ့ ရွေးပါရစေ"

"ဘယ်သူနဲ့လဲ မက္ကန္ဒာ"

ဦးကောင်းမြတ်က သူ့ရှေ့မှ နန္ဒာနွယ်နှင့် စောစုမြတ်နှစ်ယောက်လုံးကို ကြည့်ပြီး မေးလိုက်ပါ၏။ ဒေါ်ကန္ဒာက. . .

"ကျွန်မသမီး စောစုမြတ်နဲ့ပါ"

နန္ဒာနွယ်၏နှလုံးသားကို အင်အားကြီးမားသော လက်အစုံက ရင်ဖွင့်ခွဲ၍ ဆွဲယူလွင့်ပစ်လိုက်သည့်နှယ်ပါ။

"သမီးနဲ့ဆို မောင်စောနောင်က နှစ်နှစ်လောက်ပဲ ငယ်ပါလိမ့်မယ်. . . ဦးကောင်းမြတ်"

"အင်း. . ."





"ကျွန်မသမီးအတွက်လည်း ကျွန်မရှာဖွေစုဆောင်းထားတာတွေ ဦးကောင်းမြတ် အသိပါပဲ၊ ဟောဟိုက မနန္ဒာ ဖျောက်ပစ်တဲ့ စိန်လည်ဆွဲမပါဘဲနဲ့တောင် သမီးအတွက် စိန်ရတီငါးဆယ်ကျော် ရှိနေပါတယ်၊ ပြီး ဘာ့လည်း. . ."

"ဒါတွေ ထားလိုက်ပါဦး၊ မက္ကန္ဒာရယ်၊ ကလေးချင်းကရော"

"ကျွန်မသမီးကတော့ ကျွန်မစကားနားထောင်ဖို့ အသင့်ပါပဲ၊ ဦးကောင်းမြတ်အနေနဲ့ ကျွန်မရဲ့ အရဲစွန့်ပြောရတဲ့တောင်းဆိုချက်ကို လက်ခံနိုင်မယ်ဆိုရင်သာ. . ."

"ကျွန်တော့်အနေနဲ့က ဘာငြင်းစရာလိုလဲဗျာ"

"ဒါဖြင့် မောင်စောနောင်ကိုသာ ပြောပြပေးပါတော့ရှင်"

"ကောင်းပြီ မက္ကန္ဒာ. . . ကောင်းပါပြီ၊ ပြောပြပေးရမှာက ကျွန်တော့် ဝတ္တရားပါ၊ ဖေဖေ သဘောတူပါတယ်လို့လည်း ထည့်ပြောပါ့မယ်၊ အဲ. . . ဒါပေမယ့် သားဟာ အရွယ်ရောက်နေပြီ၊ သူ့ဟာသူ ဆုံးဖြတ်ပါလိမ့်မယ် မက္ကန္ဒာ"

အဘိုးကြီး၏စကားသည် နန္ဒာနွယ်အတွက် ကန္တာရနွေလွင်ပြင်အလယ်မှ သစ်ပင်ရိပ်ကလေးတစ်ခုလိုပါ။

သို့ပါသော်လည်း ရင်ထဲမှ ခံစားရမှုများက ပွင့်ကွဲပေါက်ထွက်တော့မလိုပါ။ ဝိုင်းစို့လာသော မျက်ရည်ဥများကို အံခဲ၍ ထိန်းထားရပါ၏။

"ပြောရက်ကြပါပေ့. . . စီစဉ်ရက်ကြပါပေ့"

မနေ့က ကားနောက်ခန်းတွင် ချစ်ကြည်စယ်မှု စကားလေးများ ပြောကြားနေခဲ့ကြသော ကိုစောနောင်နှင့် မိမိ၏အဖြစ်ကို စော

စုမြတ် မသိမည်၊ မကြားမည်မဟုတ်။

ပါးနပ်သိလွယ်လွန်းသော ဒေါ်ကြန္ဒာသည်လည်း လူငယ်နှစ်ဦး၏ ချစ်မျက်ဝန်းများအကြောင်းကို အကဲမခတ်မိဘဲ နေမည်မဟုတ်ပါဘဲနှင့်။

“တမင်သက်သက် ပြောရက်ကြလေခြင်းကွယ်”

ရင်ထဲမှ ကြေကွဲမှုများကို ခက်ခက်ခဲခဲထိန်းချုပ်နေရသော အဖြစ်ကို ဒေါ်ကြန္ဒာလည်း သိမြင်ပါသည်။ အောင်မြင်ဝင့်ကြွားသော အကြည့်များဖြင့် ကြည့်နေလေရော့သလားဟုလည်း အားငယ်စွာ တွေးမိလာပါသည်။

စောစုမြတ် အနေနှင့်လည်း မထေမဲ့မြင်အကြည့်မျိုးဖြင့် မကြည့်ရှုံတမယ်သာ ရှိသည်။ တည်တည်ငြိမ်ငြိမ်ပင် ထိုင်နေပါ၏။ ကျေနပ်နှစ်သိမ့်နေခြင်းကို ဖုံးကွယ်ထားပါသော်လည်း မလုံလဲပါ။

“နန္ဒာနွယ် နားချင်သွားနားတော့လေ”

တုံ့ပြန်စကားပင် မပြောကြားနိုင်တော့ပါဘဲနှင့် အရှိန်အဝါကြီးမြင့်လှပါသော ဤမိသားစုဝိုင်းအလယ်မှ ခေါင်းလေးငုံ့လျှိုးပြီး နန္ဒာနွယ်ထွက်လာခဲ့ရပါတော့သည်။

“ယောက်ျားလေးလည်း အိမ်ထောင်ဘက် ရွေးတဲ့နေရာမှာ အရေးကြီးတာပဲ ဦးကောင်းမြတ်ရဲ့၊ ရုပ်လေးလှပြီး နောက်ပိုင်းက သုညဖြစ်နေတဲ့ မိန်းကလေးမျိုးကိုရွေးရင် ရှုံးသွားမှာပေါ့”

“နန္ဒာနွယ်၏ နောက်ကျောဘက်ဆီမှ စူးဝါးသောအသံလှိုင်းများက နန္ဒာနွယ့်ထံသို့ အရှိန်အဟုန်ပြင်းစွာ လိုက်လံပုတ်ခတ်နေပါသည်။





“ရုပ်လေးလှပြီး သုညဖြစ်နေတဲ့ မိန်းကလေးမျိုး”

ဤစကားစုသည် ပဲ့တင်သံများအဖြစ်နှင့်လည်း နန္ဒာနွယ်၏ နှလုံးသားပေါ်မှာ လေးလံစွာ ဖိတင်ထားနေပါ၏။

“ဟုတ်တယ်. . . ဟုတ်ပါတယ်၊ ငါ့နောက်မှာ သုညဆိုတာ ဟုတ်နေပါလား”

“ငါ့ဘဝရဲ့ အားထားအားကိုးရာ ဖေဖေဟာလည်း နောက်အိမ်ထောင်နဲ့မို့ သူ့ရဲ့ခံစားခွင့်များ အားလုံးဟာ သူ့ဇနီးအတွက်ပဲ ဖြစ်ရမှာပေါ့လေ”

“ပြီးတော့ ဒီအိမ်မှာလည်း ငါဟာဘာမှမျှော်လင့်ချက်မထားဝံ့တဲ့ ဧည့်သည်တစ်ယောက်ပါပဲလား. . .”

“ဒေါ်ကြန္ဒာစွပ်စွဲတဲ့အတိုင်း ငါဟာ သုညမလေးတစ်ယောက်ပါပဲလား”

“သြော်. . . စောစုမြတ်နဲ့ငါဟာ ပတ္တမြားတစ်လုံးနဲ့ သဲတစ်ပွင့်စာလောက် ကွာခြားနေပါပေါ့လား”

“သြော်. . . ကိုရယ်၊ ကိုကို နန္ဒာချစ်တယ်၊ ကိုကလည်း နန္ဒာ့ကိုချစ်တယ်နော်၊ ကိုနဲ့နန္ဒာနဲ့ အချစ်တွေမျှဝေတို့လှယ်ကြမယ်လို့ ရည်စူးထားပြီးပါပြီ. . .”

“ဒါပေမယ့် ကိုနဲ့နန္ဒာနဲ့ကြားမှာ အင်အားကြီးမားတဲ့ပိုင်းခြားမှုကြီးတစ်ခု ဖြစ်ပေါ်လာနေပြီကွယ်. . .”

“ကိုရယ်. . .”

“ဒီအခက်အခဲကို ရဲရဲကြီးဆုံးဖြတ်ပြီး နန္ဒာ့ဆီကိုကျော်လွှားလာမှာလား”

ဒါမှမဟုတ်. . .။

"ဟိုမှာဘက်ကမ်းကပဲ စောစုမြတ်ကိုလက်တွဲပြီး နန္ဒာ့ကို နှုတ်ဆက်ကျော်ခိုင်းသွားမှာလားအချစ်ရယ်. . ."

"ဪ. . . နန္ဒာရင်မှာ မချစ်ဘူးတဲ့ အသစ်ဦးမေတ္တာတွေ ချစ်မိနေရပါတဲ့ နန္ဒာ့ရဲ့အချစ်ဦး ကိုရယ်. . ."

* * *



## အခန်း(၂၄)

"ဘယ်လဲ မနန္ဒာ"

"အလကား လမ်းလျှောက်တာပါ ဦးသြတ"

"ဟိုအိမ်ထဲမှာ ဟိုကောင်ရှိနေတယ်နော်"

"ရှင်. . . ဘယ်ကောင်လဲ"

"ဟေမာန်ပေါ့"

ဦးသြတညွှန်ပြသော ဟိုအိမ်ဆိုသည်မှာ စောမင်းညိုခြံလုပ်ငန်းလုပ်စဉ်က နေ့ခင်းနေ့လယ် နားနားနေနေ နေရန်ဆောက်လုပ်ထားပါသော သပ်ယပ်သည့် တဲအိမ်ကလေးဖြစ်ပါ၏။

ဤအိမ်မှာ အိမ်ကြီး၏ မီးဖိုဘက်နှင့်မကွာဝေးလှ၊ လှမ်းအော်လျှင်ပင် ကြားနိုင်သည်။ မောင်ဟေမာန်၏စံအိမ်လို သီးခြားဝေးလံသော အရပ်တွင်မဟုတ်ပါ။ မြင်နေနိုင်၊ ကြားနေနိုင်သော နေရာဖြစ်

ပါ၍. . .။

"ကိစ္စမရှိပါဘူး ဦးသြတ၊ ကျွန်မ ဆက်သွားပါရစေ"

'သွားပေါ့. . .' ဟူသော အမူအရာကိုဆောင်ရင်း ဦးသြတမှာ 'ငါနှင့်မဆိုင်ဘူး၊ ဖြစ်ချင်ဖြစ်ပေါ့' ဟူသော သဘောမျိုးလည်း သက်ဝင်နေပါ၏။

"မောင်ဟေမာန်"

စောမင်းညို၏ စံရိပ်ငြိမ်ကြမ်းပြင်တွင် သူလဲလျောင်းနေရာမှ နန္ဒာနွယ်၏အသံကြောင့် လူးလဲထလိုက်သည်။

"ဟာ. . . မမနန္ဒာ၊ သိပ်ဆိုးတဲ့ မမနန္ဒာရယ်. . ."

"ဘာဆိုးလို့လဲကွ"

"ဟေမာန့်ဆီ ပြန်လာမယ်ဆို"

"လာမလို့ပဲ၊ ဧည့်သည်ရောက်နေလို့"

"စောစောက ဒေါ်ကြူနန္ဒာတို့နဲ့ ထွက်သွားကြတဲ့အဘိုးကြီးလား"

"ဘယ်လိုလုပ်သိလဲ"

"သိတာပေါ့ဗျ၊ ကျွန်တော်က မမနန္ဒာကို လာချောင်းကြည့်နေတဲ့ကောင်ပဲ"

"ဟင်"

နန္ဒာနွယ်မှာ ပြုံးရယ်ယင်း တဲလေး၏ ဖိနပ်ချွတ်ကပြင်တွင် တင်ပလ္လင် ဝင်ထိုင်လိုက်ပါ၏။ မောင်ဟေမာန်က တစ်ထစ်လျှောဆင်းလာပြီး နန္ဒာနွယ်၏ဘေးတွင် ယှဉ်ထိုင်လိုက်သည်။

"မောင်ဟေမာန်နှင့် စိန်လည်ဆွဲ"





ဟူသော ပြဿနာသည် နန္ဒာနွယ်အတွက် အထွေးအထိပ်နေရာတွင်ရှိနေရာမှ ဦးကောင်းမြတ် ရောက်လာသောအခါတွင်မှ အသည်းနှလုံးပြဿနာ ဝင်လာခဲ့ပါ၍ စိန်လည်ဆွဲပြဿနာက ဒုတိယနေရာသို့ ရောက်ရှိသွားရခြင်းပါ. . .။

"မမနန္ဒာကို ကျွန်တော်ပြောတယ်မဟုတ်လား၊ မမနန္ဒာလာမချင်း ထမင်းမစားဘဲ၊ မအိပ်ဘဲ စောင့်နေမယ်ဆိုတာလေ၊ မှတ်မိလား"

"အင်းပါ. . . မှတ်မိပါတယ်"

"ကျွန်တော် ထမင်းမစားတာ သုံးနပ်ရှိပြီ၊ မအိပ်တာက နှစ်ညရှိပြီ"

"အို"

မောင်ဟေမာန် မညာပါ။ ချောင်ကျသွားသော သူ့မျက်နှာလေးက သက်သေခံနေပါ၏။

"ခက်ပါလားကွယ်၊ မမနန္ဒာ မင်းကိုဒုက္ခပေးသလို ဖြစ်နေပါရောလား၊ သင် တော့ ရနေပါတယ်၊ မလာဖြစ်တာက ကိုယ့်အကြောင်းနဲ့ကိုယ်မို့ပါ. . ."

"မမနန္ဒာ ကျွန်တော့်ကို ရက်စက်တာပါဗျာ"

"မဟုတ်ရပါဘူး မောင်ဟေမာန်ရယ်. . . မမနန္ဒာ မင်းကိုတကယ်ခင်တာပါ"

လိမ်ညာခြင်းမဟုတ်ရပါ။ မောင်ဟေမာန့်သည် ငယ်စဉ်ကပင် မိတဆိုးလေးဖြစ်ခဲ့ရ၍ ထာဝရအားငယ်နေတတ်ရသည့်အထဲ၊ သူချစ်လှစွာသော စန္ဒာငယ် အသတ်ခံရမှုအတွက် သူ့စိတ်များ

ချောက်ချားခဲ့ရသည်။ စိတ်ကစဉ့်ကလျားဖြစ်တတ်သော စကီဇိုဖရီးနီးယား ရောဂါရနေသူဟု ဒေါက်တာနန္ဒာတို့က မှတ်ယူထားသော်လည်း ကြပ်မတ်စွာ ကုသမပေးခဲ့ကြပါ။

ယင်းသို့သော အားနည်းချို့ယွင်းမှုများကို သနားစိတ်ဖြင့် မောင်ဟေမာန့်ကို နန္ဒာ ခင်နေမိခြင်းပါ။

တစ်နေ့ညနေက ကြောက်လန့်စိတ်များဖြင့် ပြန်လာခဲ့ပြီးသော်လည်း သစ္စာမွန်သို့ ပြန်အရောက်တွင်...။

"ခုနေ ဒီအိမ်ကလူတွေကို မောင်ဟေမာန့်ဆီမှာ စိန်လည်ဆွဲရှိနေတယ်လို့ ငါပြောလိုက်ရင်၊ သူတို့ ချက်ချင်းသွားပြီး မရမက တောင်းကြတော့မယ်၊ သူက ငါ့ကိုသာ ပေးချင်တာ၊ အလွယ်တကူ ထုတ်ပေးမှာ မဟုတ်ဘူး"

"စိန်လည်ဆွဲရှိတယ်လို့ မသိခင်ကတောင် ဦးယက္ခက သူ့ကို ထိုးကြိတ်ပြီး စစ်မေးခဲ့လို့ ဒဏ်ရာတွေရခဲ့တာ ငါ့အမြင်ပဲ၊ ခုဆိုရင် မတရား ရိုက်နှက်စစ်မေးကြတော့မယ်"

"မပြောဘူး... သူတို့ကို ငါမပြောဘဲ ငါ့ဟာငါ ရအောင် တစ်နည်းနည်းနဲ့ တောင်းယူပြီးမှ ဒေါက်တာနန္ဒာကို ပြန်ပေးပါတော့မယ်လေ..."

ဟူသော တွေးခေါ်ဆုံးဖြတ်ချက်များဖြင့် ဤကိစ္စကို နန္ဒာနွယ် ရေငုံနေခဲ့မိသည်ပါ။

"မမနန္ဒာ"

"ဟင်..."

"ကျွန်တော့်ကို တကယ်ခင်တယ်ဆိုရင် ဘာလို့ မလာတာလဲ





ာ..."

"မင်းက ရည်းစားစကားပြောတာကိုကွ"

"ဟာဗျာ... မမနန္ဒာကလဲ"

သူက မလုံမလဲပြုံးရင်း နန္ဒာနွယ်၏ ပုခုံးစွန်းကို တွန်းလိုက်သည်။ ပြီးတော့ သူရယ်နေပါ၏။

"မောင်ဟေမာန်"

"ဗျာ..."

"ဒီလိုလုပ်ကွာ"

"ပြောပါ"

"မောင်ဟေမာန့်အိမ်ကို မမနန္ဒာလာဖို့ မလွယ်ဘူးလေ၊ တော့ ဒီအိမ်လေးမှာပဲ မမနန္ဒာတို့ တွေ့ကြရအောင်၊ စကားပြောကြအောင်လေနော်"

"ဟိုမှာက လွတ်လွတ်လပ်လပ်အေးငြိမ်းပါတယ်၊ မမနန္ဒာရယ်"

"ဒါပေမယ့် မမနန္ဒာလာလို့ မလွယ်ဘူးလေ"

"ဒေါက်တာနန္ဒာဆိုတဲ့ အဘွားကြီးက မသွားရဘူးတဲ့လား"

"ဦးယက္ခကပါ ပြောတာ"

သူကြောက်သော သူ့ဦးလေးနှင့် လှည့်ခြောက်ရပြန်၏။

"ကဲ... ပြောလေ... ဘယ်လိုလဲ"

"ဘာကိုလဲ"

"ဒီအိမ်လေးမှာပဲ တွေ့ကြမယ်ဆိုတာလေ"

"မမနန္ဒာ သဘောပါပဲလေ"

"ဒါဖြင့် နက်ဖြန်ကျရင် ဒီအိမ်ကိုလာခဲ့လေ၊ မမနန္ဒာလည်း လာခဲ့မယ်. . . ဟုတ်လား"

"ဘယ်အချိန်လာရမှာလဲ"

"နေဦး. . . ကိုးနာရီလောက် ဒေါ်ကြွနန္ဒာတို့ ရွှေပြောင်းသွားကြမယ် ပြောသံကြားတယ်၊ အဲဒီကမှ ပြောင်းရွှေ့သွားပြီး အင်းထဲကိုသွားကြမယ်ပြောတယ်၊ အဲဒီ နေ့လယ်ပိုင်းအချိန်တွေမှာ တွေ့လို့ရတာပဲ"

"သိပ်ဝမ်းသာတာပဲ မမနန္ဒာရယ်. . ."

"ဒါဖြင့်ရင် မမနန္ဒာစကားနှစ်ခုကို မောင်ဟေမာန်နားထောင်ရမယ်"

နန္ဒာနွယ်က လက်လေးနှစ်ချောင်းထောင်ပြရင်း သူ့ကိုကြည့်ပြီး တောင်းဆိုလိုက်သည်။ ရှင်လန်း တင့်ဝေနေသောမျက်ဝန်းများဖြင့် စိုက်ကြည့်ရင်း မောင်ဟေမာန်က နန္ဒာနွယ်၏ လက်လေးနှစ်ချောင်းကို ဖမ်းဆုပ်ထားလိုက်ပါ၏။ နန္ဒာနွယ်မှာ ရုန်းမရ၍ မရုန်းတော့ပါဘဲနှင့် ဆက်ပြောရပါ၏။

"တစ်ခုက အခုပြန်သွားရင် ထမင်းစားရမယ်၊ ပြီးရင် ဒီညကောင်းကောင်းအိပ်ရမယ်"

"ဟုတ်ပြီ၊ နောက်တစ်ခုရော"

"နောက်တစ်ခုက မမနန္ဒာကို ပေးမယ်ဆိုတဲ့ စိန်လည်ဆွဲကြိုးယူလာခဲ့"

"ကောင်းပြီ. . . ယူခဲ့မယ်"

"အမယ်လေး. . . တော်ပါသေးရဲ့၊ ရှောရှောရှူရှူပဲ ယူလာ





မယ်ဆိုပါလား"

ဟူသော အတွေးများဖြင့် နန္ဒာနွယ် သက်ပြင်းချရပါပြီ. . .။

"ကဲ. . . မောင်ဟေမာန်လည်းပြန်တော့၊ မမနန္ဒာလည်း သွားတော့မယ် ဟုတ်လား"

"နေပါဦးလား မမနန္ဒာရယ်"

"နက်ဖြန်ကျမှ တွေ့ကြမယ်လေ"

"ဟုတ်ကဲ့. . . ဟုတ်ကဲ့. . . မမနန္ဒာ ဟေမာန်ပြန်မယ်နော်"

"ကောင်းပြီ. . . မမနန္ဒာပြောတဲ့နှစ်ချက်ကို မမေ့ရဘူးနော်"

ခေါင်းသွက်သွက်ညိတ်လျက် ထွက်ခွာသွားသော မောင်ဟေမာန် ပျောက်ဆုံးသွားသည်နှင့် နန္ဒာနွယ်လည်း သဥ္ဇာမွန်သို့ ပြန်လည်ခြေဦးလှည့်ရပါပြီတည်း။

* * *

## အခန်း(၂၅)

"နန္ဒာရယ်. . . ကိုယ့်ကို ဘာလို့ရှောင်သွားရတာလဲ"

"ဘာမှမဖြစ်ပါဘူး၊ နန္ဒာ အပေါ်တက်မလို့"

"မတက်ရဘူး၊ ကိုယ့်ကိုတောင် အကြည့်ချင်းမဆုံဖြစ်အောင် နန္ဒာ တမင်မျက်နှာလွှဲပစ်နေတာ ကိုယ်သိပါတယ် နန္ဒာရယ်. . ."

"နန္ဒာသွားပါရစေ"

"ကိုယ်တောင်းပန်ပါတယ် နန္ဒာ. . . မသွားပါနဲ့၊ ခဏလေး စကားပြောခွင့်ပေးစမ်းပါ၊ လာပါ ဟိုမှာ ထိုင်ကြရအောင်ပါနော် နန္ဒာ"

လှေကားထိပ်မှပိတ်ရပ်ထားသော ကိုစောနောင်က အောက်ထပ်ဧည့်ခန်းရှိ ကုလားထိုင်များရှိနေရာကို ညွှန်ပြပြီး နူးညံ့သိမ်မွေ့စွာ တောင်းဆိုလာပါ၏။

နန္ဒာနွယ်မှာ သူ့ကိုကျော်ခိုင်းထွက်လာပြီး သူညွှန်ပြသည့်





နေရာတွင် ထိုင်ချလိုက်ရသည်။

"နန္ဒာ မျက်နှာလည်းမကောင်းဘူး၊ နန္ဒာ ဘာဖြစ်နေလဲဟင်"

"နန္ဒာ ဘာဖြစ်လို့လဲ. . . ဘာမှမဖြစ်ပါဘူး"

"နန္ဒာ တစ်ခုခုခံစားနေရတာ ကိုယ်သိပါတယ်"

"အထင်မလွဲပါနဲ့၊ နန္ဒာ့မှာ တခြားကိစ္စကြောင့် စိတ်အနှောက်အယှက် ဖြစ်နေရလို့ပါ၊ ကိုစောနောင်တို့ရဲ့ မင်္ဂလာသတင်းကြောင့် မဟုတ်ပါဘူးရှင်"

"ကျွန်တော်တို့ရဲ့ မင်္ဂလာသတင်း. . . ဟုတ်လား နန္ဒာ"

နန္ဒာနွယ်မဖြေမပေး။ ထိန်းချုပ်ထားရသောစိတ်များဖြင့် ပြင်ပဘက်သို့ ငေးကြည့်နေမိသည်။

"ဒီမှာ နန္ဒာ. . . ရယ်စရာပဲကောင်းသေးတော့ဗျာ၊ ကိုယ့်ရဲ့ အိမ်ထောင်ရေးကို ဒေါ်ကြူနန္ဒာရွေးပေးတဲ့ သူ့သမီးနဲ့ပဲတည်ဆောက်ရမယ်ဆိုတဲ့အဖြစ်ကို ကိုယ်ရယ်ချင်လွန်းလို့ပါ၊ ဖေဖေကလည်း ရယ်တယ်"

"ဟင်"

"ဟုတ်တယ်လေ. . . ကိုယ်နန္ဒာ့ကိုချစ်နေတယ်ဆိုတာရယ်၊ ဟောဒီ သဥ္စာမွန်ကို ကိုယ်လိုက်လာတာ. . . နန္ဒာ့ကိုချစ်လို့ပါဆိုတာတွေရယ်ကို ဖေဖေကလည်း အသိပါ. . ."

"ဘယ်သူနဲ့လဲ" ဟူသောအမေးဖြင့် စောစုမြတ်နှင့် နန္ဒာနွယ်တို့ကို ခြုံကြည့်လိုက်သော ဦးကောင်းမြတ်၏သွင်ပြင်ကို မျက်စိထဲတွင် ပေါ်လာမိသည်။ "စောစုမြတ်" ဆိုတော့လည်း အဘိုးကြီးအံ့ဩသွားပုံကို နန္ဒာနွယ် ပြန်လည်သတိရလာမိပါ၏။

"ကိုယ်မသိပါဘူး၊ ဖေဖေက ငါ့သား ဘယ်လိုလဲကွဲ၊ မင်းက နန္ဒာနွယ်နဲ့ စောစုမြတ်ကို ဘယ်သူ့ချစ်ပြီး ဘယ်သူ့ယူမှာလဲတဲ့"

"အမျိုးသမီးနှစ်ယောက်လုံးကို ကြံနေသလားဆိုတဲ့ မျက်နှာပေးနဲ့မေးတော့မှ... ကိုယ်က ဘာလဲလို့မေးယူရတာ၊ ဒီတော့မှ အကြောင်းစုံသိရတာ"

"အင်း..."

"ကိုယ့်ဆန္ဒကို ပြောပြပြီးပြီ... စောစုမြတ်မှာ စိန်ရတီငါးဆယ်မကလို့ သူတစ်ကိုယ်လေးသလောက် စိန်တွေချိန်စက်လို့ရတာတောင် ကျွန်တော်မယူနိုင်ပါဘူး၊ ချစ်လည်းမချစ်ဘူး၊ ပြောတာတောင်လွန်လှပြီ... ကျွန်တော်ချစ်တာ နန္ဒာနွယ်၊ ကျွန်တော် လက်ထပ်မှာလည်း နန္ဒာနွယ်ပဲလို့ ဖေဖေကိုပြောလိုက်တော့..."

"အို..."

"ဖေဖေက ပြုံးတယ်၊ သိပ်ကျေနပ်သွားတယ်၊ ဒါနဲ့ပဲ သားချစ်သူဟာ နန္ဒာနွယ်ပါ၊ စောစုမြတ်ကို လက်မထပ်နိုင်တာ ခွင့်လွှတ်ပါလို့ ဖေဖေကိုယ်တိုင် ဒေါ်က္ကန္ဒာကိုပြန်ကြားလိုက်တယ်"

"ဟင်"

"အဲဒါကြောင့် ဒေါ်က္ကန္ဒာတို့သားအမိနဲ့ ဦးယက္ခကြီးတို့ထွက်သွားကြပြီလေ၊ မျက်နှာပူလို့ထင်ပါရဲ့"

"မဟုတ်သေးဘူး... ကိုစောနောင်ရယ်"

"ဘာကို မဟုတ်တာလဲ... နန္ဒာ"

"ဩော်... ကိုစောနောင်နဲ့ စောစုမြတ်တို့ကူးယှက်ရမယ့် လမ်းက ပန်းတွေခင်းထားတဲ့ လမ်းပါရှင်၊ နန္ဒာ့ဘက်ကို ကွေ့ဆင်းလာရမယ့်လမ်းက ကြမ်းတမ်းလှပါတယ်၊ နန္ဒာ့ဘဝနဲ့ နန္ဒာရှိပါစေရှင်၊ အဆင်ပြေချောမွေ့မယ့် လမ်းအတိုင်းပဲ ကိုစောနောင်လျှောက်ပါလို့ နန္ဒာ..."

"တော်စမ်းပါ နန္ဒာရယ်၊ ယောကျ်ားဘက်က ပန်းခင်းလမ်းကိုရွေးရမယ်ဆိုတာ သိက္ခာကျလှပါတယ်၊ အို... ဒီမှာ နန္ဒာ့ကို ကိုယ်သိပ်ချစ်တယ်၊ နန္ဒာလည်း ကိုယ့်ကိုချစ်ပါတယ်ကွယ်၊ ဟုတ်ဖူးလားဟင်..."

"မဟုတ်သေးပါဘူး"

"ဟုတ်သေးပါတယ်"

"အို"

"ကဲ... ဒီမှာ နန္ဒာ ဒီမောမြေရဲ့မိုးသည်းညတွေမှာ သဥ္စာမွန်ဟာ အန္တရာယ်ဆိုးညနဲ့ ရင်ဆိုင်ခဲ့ကြရတယ်၊ ခုတော့ ဒီအန္တရာယ်တွေလည်းရှင်းပြီ၊ နန္ဒာလည်း လွတ်မြောက်ပြီ၊ ဒီတော့ သူတို့ဟာ သူတို့ ရှိခဲ့ပါစေတော့ နန္ဒာတို့ကိုယ်တို့ ပြန်ကြစို့နော်..."

"ဘယ်ကိုလဲ..."

"ရန်ကုန်ကိုပေါ့၊ ဟိုရောက်ရင် နန္ဒာ့ဖေဖေနဲ့ညှိပြီး နန္ဒာကြိုက်တဲ့ ပုံစံနဲ့လက်ထပ်ကြမယ်လေနော်... ချစ်"

"အို... သူတို့က ကြိုက်ပါ့မလား"

"ဘယ်သူတို့ကလဲ... ဒေါ်က္ကန္ဒာတို့ကလား"

"အင်းပေါ့"

"နန္ဒာရယ်... ကလေးဆန်လှချည်လားကွယ်"

"ဘာကိုလဲ...လို့"




ကြောင်နှစ်ကောင်စာပေ

"ဩော်. . . ဒီကိစ္စက ဒေါ်က္ကန္ဒာတို့မကျေနပ်ရင်ဘဲ ရပ်နေရတော့မတဲ့လား၊ ဘာဆိုင်လဲ. . . ဘာမှမဆိုင်ဘူးနန္ဒာရဲ့"

"ဟင်. . ."

"တကယ်ပြောတာ၊ ဒေါ်က္ကန္ဒာတို့ သားအမိကိစ္စကို ကိုယ့်စိတ်ထဲမှာ သေးမှုန်တဲ့အရာလေးလောက်တောင် မစွန်းထင်းပါဘူး၊ ကိုယ် ဂရုစိုက်တာ နန္ဒာပဲ၊ ကိုယ့်ရဲ့အရေးကြီးဆုံးအရာဟာ နန္ဒာပဲ၊ နန္ဒာ့ဆန္ဒဟာ ကိုယ့်ဆန္ဒပဲ"

"ဩော်. . . ကိုရယ်. . ."

"နန္ဒာ"

သူက နန္ဒာ့ရှေ့သို့ထလာသည်။ နန္ဒာထိုင်နေသော ကုလားထိုင်လက်တန်းနှစ်ဖက်ပေါ်သို့ သူ့လက်ကို ထောက်တင်လိုက်ပြီး နီးကပ်လွန်းသောနေရာမှ နန္ဒာ့မျက်နှာလေးကို သူပြုံးကြည့်နေသည်။

"ပြောစမ်းပါဦး နန္ဒာရာယ်၊ ကိုယ့်ကိုချစ်တယ်မဟုတ်လား၊ ဟင်. . . ဟင်. . ."

"အို. . ."

"ပြောလေ ချစ်ရယ်"

"ဟင်"

"မပြောရင် မဖယ်ဘူး. . . ဖက်ပစ်လိုက်မယ်သိလား"

"အို. . . ဘာပြောရမှာလဲ"

"ကိုယ့်ကို သိပ်ချစ်တာပဲလို့ ပြောပေါ့"

"ဟင့်အင်း. . ."

"ပြောနော်. . . မပြောရင်. . ."

"အို. . . နေပါဦး၊ အခြေအနေတွေက. . ."





"ဟာ. . . ဒါတွေထားစမ်းပါ၊ ကိုယ့်ဟာကိုယ် အားလုံးရှင်းသွားပါ့မယ်ဆို၊ ပြောစရာရှိတာသာပြော"

"ပြောစရာမှမရှိဘဲ"

"ကဲ. . . မရှိနဲ့ဦး"

"အား. . . အား. . . ပြောမယ်. . . ပြောမယ်"

"ပြော. . ."

"ကို့ကို သိပ်မုန်းတာပဲ"

"ဒါ ကိုယ်လိုချင်တဲ့ အဖြေမဟုတ်တဲ့အတွက်. . ."

"အို. . . အို. . . လွှတ်ကွာ"

"ပြောမလား"

"ပြောလို့မဖြစ်လို့ပါ"

"ဟင်. . . ဘာဖြစ်လို့"

"ကို့ကို ပြောနိုင်တာတွေထက် ပိုပြီးချစ်နေလို့"

ဖက်ထားသော သူ့လက်များကြားမှ မျက်နှာကို သူ့ရင်ခွင်ကျယ်မှာ အပ်ထားရင်း နှုတ်လုံးသားပါကြားသာအောင် ကပ်၍ပြောလိုက်မိသည်။

"အို. . . ကိုယ့်အချစ်. . . ကိုယ့်နန္ဒာ. . . ကိုယ့်အသည်းရယ်"

"နန္ဒာနွယ်၏အရှက်ဝေနေသော မျက်နှာလေးကို ကိုစောနောင်က သူ့ရင်ခွင်ထဲမှ မော့ယူလိုက်သည်။ နဖူးချင်း ထိပွတ်လိုက်သည်။ ပြီးမှ ရှိုက်မက်မွှေးမြသော အနမ်းကို ပန်းနုရောင်ပါးပြင်လေးပေါ်သို့ ညင်ညင်သာသာကျရောက်စေပါသတည်း။

❋ ❋ ❋

## အခန်း(၂၆)

"အဲဒီအိမ်ရှေ့ကို ဘာလို့သွားရတာလဲ နန္ဒာနွယ်၊ ကြောက်စရာကြီး"

"စောမင်းညိုမှ မရှိတော့တာ"

"ဒါပေမယ့် အဲဒီအိမ်မှာ. . . ဟိုအရှူးကောင်လေး ခုတလောလာလာအိပ်နေတတ်တယ်လေ"

"ခု. . . သူမရှိပါဘူး၊ သူရှိမလားလို့သွားကြည့်တာ"

"သူနဲ့ မပတ်သက်ရင်ကောင်းမယ် နန္ဒာနွယ်၊ အမေစောနန်းစေတနာနဲ့ ပြောတာပါ"

"ကျေးဇူးတင်ပါတယ်၊ နန္ဒာလည်း ကိစ္စလေးပြတ်ရင်. . ."

စကားမှားသွားပြီဆိုသော အသိများဖြင့် ရပ်တန့်လိုက်ရသည်။ တခြားစကားများလွှဲပြောင်းပြောရသည်။ ဒေါ်စောနန်း ရိပ်





လား၊ မရိပ်မိလားဖြင့် မသိပါ။

နန္ဒာနွယ်မှာ မောင်ဟေမာန်၏လက်ဝယ်၌ရှိနေသော စိန်လည်ဆွဲကို အနုနည်းနှင့်တောင်းယူ၍ ဒေါ်က္ကန္ဒာ၏လက်သို့ပေးအပ်ည်၊ ပြီးလျှင် ချစ်လှစွာသော ကို့ ဦးဆောင်မှုနောက်သို့ သဥ္စာမွန်ကိုကျော ခိုင်းလျက် အားတက်မာန်ဝင့်စွာ လိုက်ပါသွားမည်ဟူသော. . ။

နန္ဒာနွယ်၏ အတွေးများကို နန္ဒာနွယ်၏ရင်မှတစ်ပါး တခြားို့ အရိပ်စွန်းလေးမျှမကျစေရအောင် ထိန်းသိမ်းစွမ်းဆောင်သွားမည်ဟူသော ရည်ရွယ်ချက်များ ရှိလေသောနန္ဒာနွယ်။

စင်ကြယ်သော အတွေးများနှင့် လုပ်ဆောင်ချက်များပါဟုင်ခဲ့မိသော်လည်း၊ ယင်းစိန်လည်ဆွဲ ကိစ္စသည် နန္ဒာနွယ်၏ အသည်းလုံးကို မွမွကြေစေရမည့်အဖြစ်ကို မသိရှိခဲ့လေပါတကား. . . ။

"နန္ဒာနွယ်ကို အမေစောနန်း ပြောချင်နေတာကြာပြီ"

တွေးငေးနေသော နန္ဒာနွယ်မှာ ဒေါ်စောနန်းဘက်သို့ လှည့်ပါပြီ။

"စန္ဒာဝယ် သေဆုံးရမှုနဲ့ပတ်သက်ပြီး အမေ့ရင်ထဲမှာ အစိုင်ခဲကြီးဖြစ်နေမိတယ်"

"ဟင်. . . ဘယ်. . . ဘယ်လို"

"အမေသာ တွေးတတ်ခဲ့ရင် အစောကြီးထဲက သိကြရမှာလိုက်လည်း သေရရှာမယ်မဟုတ်ဘူး"

"ဘာကိုပြောတာလဲ အမေစောနန်း"

"အဲဒီညက စန္ဒာဝယ်ရဲ့အသက်ကို ဆုံးစေတဲ့ကော်ဖီကိုမေကိုယ်တိုင် သူ့အခန်းထဲသွားပို့ခဲ့ရတာ"

"ဟင်"

"စန္ဒာငယ်ဟာ မောင်ဟေမာန်ကို သိပ်ချစ်ရှာတယ်၊ လာ
လှည့်ပါလို့ရေးထားတဲ့စာ အမေ့ဆီမှာရှိတယ်သမီး၊ သူ့ရင်ထဲက
ကလေးကို လူပြည်မှာ တင့်တောင့်တင့်တယ် မွေးမယ်လို့လည်း သူ
အားခဲထားရှာပါတယ်"

ငုပ်ကွယ်နေသော ဝေဒနာဟောင်းများ နန္ဒာနွယ်၏ရင်ဝယ်
ပြန်လည်ပေါ်လာရသည်။ ညီမလေးစန္ဒာငယ်ကို နှမြောဘသ ယူကြုံ
မရဖြစ်မိလှပါသည်။

"အဲဒီညက နောက်ဖေးကို စောမင်းညိုဝင်လာတယ်၊ အဲ
စားပွဲနားက ဖြတ်သွားတယ်လေ၊ သူ အဆိပ်တွေခတ်လိုက်မှာပေါ့"

"သိပ်ယုတ်မာတဲ့လူ"

"အင်း. . . အမေလည်း စန္ဒာငယ်ကို သွားပို့ပေးလိုက်တယ်၊
အဲဒီမှာ ကော်ဖီသောက်ပြီး အသက်ပျောက်နေတာ. . . နောက်နေ့
မနက်မှတွေ့ကြရတယ်ပေါ့"

"အင်း. . . ရင်နာစရာကောင်းလိုက်တာ အမေစောနန်း
ရယ်"

"စန္ဒာငယ် အဆိပ်ခတ်ပြီး ကိုယ့်ကိုယ်ကို သတ်သေသွားတယ်
လို့ အားလုံးက မှတ်ချက်ချပေမယ့် မဖြစ်နိုင်ဘူးဆိုတာကိုတော့ အမေ
နဲ့ မောင်ဟေမာန်က သိကြပါတယ်"

"မောင်ဟေမာန်ကလည်း ဒီလိုပဲပြောပါတယ်"

"အေးလေ. . . အမေသာ ဆက်စပ်တွေးတယ်မယ်ဆိုရင်
ဒီထဲကအဖြေပေါ်မှာ၊ ဒါပေမယ့် ပြီးတာတွေပြီးပါစေဆိုပြီး စန္ဒာငယ်





စာတွေတောင် အမေသိမ်းဝှက်ထားတယ်၊ နောက်တော့ မီးရှို့ပစ်
လိုက်တယ်"

"ဩော်. . . အမေစောနန်းရယ်"

"အဲဒီတော့ စန္ဒာငယ်လေးသေရတာ အမေ့ပယောဂမကင်း
ပါဘူး၊ ခွင့်လွှတ်ပါလို့ စန္ဒာ့ရဲ့အစ်မ နန္ဒာနွယ်ကို အမေတောင်းပန်ပါ
တယ်"

"ဟာ. . . မဟုတ်တာဘဲ၊ အမေနဲ့ ဘာဆိုင်လဲ"

"ဩော်. . . ငါ နှုတ်နည်းခဲ့မိလို့၊ စကားပြော ဆင်ခြင်မိလို့
ပြီးမှာမွန်တို့ ဦးသိုက်တို့ထပ်ပြီးလုပ်ကြံခံရတယ်လို့ နောင်တတွေရ
နေမိတယ်"

"သူတို့ရဲ့ ကံပဲပေါ့ အမေစောနန်းရယ်၊ ကိုယ့်အပြစ်ပါလို့
တွေးယူမနေပါနဲ့လေ"

"အဲဒါကြောင့် အဲဒီနောင်တတွေကြောင့် ခုတော့ ရင်ထဲမှာ
နေတဲ့ သံသယကို မြှုပ်မထားတော့ဘူး၊ ပြောတော့မယ် သတိပေးတော့
မယ်"

"ဘာကိုသတိပေးမှာလည်း ဟင်၊ ဘယ်သူ့ကို သတိပေးမှာလဲ"

"သမီးကို. . . နန္ဒာနွယ်ကို. . ."

"ဟင်"

"မောင်ဟေမာန်နဲ့ မပတ်သက်ပါနဲ့. . . မတွေ့ဆုံပါနဲ့လို့"

"ရှင်. . . မောင်ဟေမာန်နဲ့ပတ်သက်လို့ ဘာသံသယရှိစရာ
တွေ့လို့လဲဟင်"

"သံသယရယ်တော့ မဟုတ်ပါဘူး၊ ဒါပေမယ့် သူဟာ သမီးကို

သိပ်စွဲလန်းသွားပြီ"

"ရှင်"

"သူ့အိမ်ပတ်လည်မှာ စွယ်တော်ပွင့်တွေနဲ့ မမနန္ဒာ. . . ချစ်သောနန္ဒာဆိုတဲ့ စာလုံးလေးတွေ ပုံဖော်ထားတာ အမေကိုယ်တိုင် ဟိုနေ့က ဆန်သွားပို့ရင်း တွေ့ခဲ့ရတယ်"

"အို. . . ဒီကောင်လေးကလည်း ခက်တာပဲ"

"သူ့မှာက စိတ်ထားချို့တဲ့နေတယ်လေ"

"နန္ဒာနဲ့ ပြောတော့လည်း ဖြောင့်လို့ပဲ"

"နန္ဒာနဲ့သူနဲ့. . . စောမင်းညိုရဲ့ အပန်းဖြေတဲမှာ စကား ပြောနေကြတာ အမေမြင်ပါတယ်၊ မောင်စောနောင်လည်း မြင်တယ်"

"ဟင်. . ."

"ဟောမာန်က သမီးလက်ကိုဆွဲပြီး ဘာတွေလည်းမသိဘူး ပြောနေတော့. . . မောင်စောနောင် မျက်နှာပျက်သွားတယ်၊ သမီးကို ဘာပြောသေးလဲ"

"ဟင့်အင်း. . . ဘာမှမပြောပါလား"

"သမီး စိတ်မချမ်းမသာဖြစ်မှာစိုးလို့နဲ့တူတယ်၊ သူက သမီး နန္ဒာနွယ်ကို သိပ်ပြီးချစ်မြတ်နိုးပုံရတာပဲနော်"

"ရှင်. . . ဘာတွေပြောနေတာလဲ အမေစောနန်းရယ်"

"အမေ အားလုံးသိပါတယ်"

"ဘယ်လိုသိတာလဲ၊ ဘာကိုသိတာလဲဟင်"

"သမီးနဲ့ ဦးကောင်းမြတ်နဲ့ ခြံထဲမှာ စကားပြောနေကြချိန် မှာ မောင်စောနောင်က အဲ. . . ခေတ်စကားနဲ့ပြောရရင် အပြတ်





ခဲ့တယ်ဆိုပါတော့ကွာ"

"ဘယ်သူ့ကိုလဲ"

"မက္ကနန္ဒာနဲ့ စောစုမြတ်ရယ်၊ ကိုယက္ခရယ်ကိုပေါ့"

"အို. . . ဘာတွေပြောကြလဲ"

"သူ့အရွယ်ဟာ အဖေကတစ်ဆင့် ပြောရမယ့်အရွယ်မဟုတ် ပါဘူးတဲ့၊ ဖေဖေကလည်း ကျွန်တော့်ဆန္ဒအတိုင်း ဖြစ်ရစေပါမယ်လို့ ပြောတယ်မဟုတ်လားတဲ့၊ ကျွန်တော်ချစ်တာ နန္ဒာနွယ်ပါ၊ သူ့ကိုပဲ ကျွန်တော်ယူမယ်ဆိုတော့ စောစုမြတ်က ထထွက်ပြေးသွားတယ်၊ ပြီးတော့ ငိုတယ်လေ၊ ဒီအပျိုကြီးကလည်း ယောကျ်ားသိပ်လိုချင်နေ တာ. . ."

"အို. . . အမေစောနန်းကလဲ"

"တကယ်ပြောတာ. . . မက္ကနန္ဒာကလည်း သိပ်သဘောတူ တယ်၊ ကိုယက္ခကလည်း စောစုမြတ် တခြားထွက်သွားစေချင်တယ်၊ ဒါမှ သူတို့နှစ်ယောက် တရားဝင်လက်ထပ်ပြီး နေကြမယ်လို့ မှန်းထား တယ်ထင်ပါရဲ့"

"ဒုက္ခပါပဲ"

"မက္ကနန္ဒာဟာ ကိုယက္ခနဲ့ ဖြစ်နေတာကလွဲရင် မဆိုးရှာပါဘူး၊ နန္ဒာ့အပေါ်မှာလည်း ချစ်ရှာပါတယ်၊ စန္ဒာငယ်ကိုလည်းသူတကယ် ချစ်တာပါ၊ သေတော့ ငိုလိုက်တာ လူကိုချုံးကျသွားတာပဲ"

"အခု နန္ဒာ့ကိစ္စမှာ ဒေါ်လေးက္ကနန္ဒာက အတော်ပဲမကျေ မချမ်းဖြစ်သလားဟင်"

"မဖြစ်ပါဘူး၊ သူတို့ရှက်သွားတာတစ်ခုပဲ၊ မက္ကနန္ဒာဟာ စိတ်

ကောင်းရှိတဲ့ မိန်းမတစ်ယောက်ပါကွယ်"

"နန္ဒာလည်း ကိုနဲ့. . . ဟို. . . ကိုစောနောင်နဲ့ ပြန်သွား
နေ့ကျရင် ဒေါ်လေးက္ကန္ဒာကို အသေအချာကန်တော့သွားပါ့မယ်"

"ကိုလည်း ကန်တော့မှာပေါ့၊ နှစ်ယောက်တွဲပြီး ကန်တေ
ကြမှာပေါ့"

"ဟင်. . . ကို. . ."

"ဟော. . . မောင်စောနောင် ဘယ်အချိန်က ရောက်နေလ"

"ခုပဲ. . ."

"တော်ပါသေးရဲ့၊ နန္ဒာတို့ သူ့အတင်းတွေ ပြောနေကြတ
နော်. . . အမေစောနန်း"

ကိုစောနောင်က နှစ်နှစ်သက်သက်ကြီး ပြုံးလိုက်သည်။
ကဘာမှမပြောသော်လည်း စူးစိုက်တင့်ရှန်းသော အကြည့်များဖြ
နန္ဒာနွယ်ကို စိုက်ကြည့်နေသည်။

ဒေါ်စောနန်းက အလိုက်သိစွာပင် ထမင်းစားခန်းမှ ဆ
သက်ပြီး နောက်ဖေးဘက်သို့ ဝင်သွားပါ၏။

"ချစ် ပျောက်နေလို့. . . ကို လိုက်ရှာနေတာ နှံ့နေပြ"

"ရှာမှန်းလည်း မသိလို့ပါ"

"သိရင် ပြေးကြိုမယ်ပေါ့"

"ကြိုပါလိမ့်မယ် အားကြီး. . . ရှာတယ်ဆိုရင် ပုန်းနေမှ
ပေါ့"

"ပြောပုံနဲ့ ကြည့်ပုံလေးက ကိုယ့်ရင်ထဲမှာ ခိုက်သွားအောင်
ချစ်စရာကောင်းလိုက်တာ နန္ဒာလေးရယ်"

**ကြောင်နှစ်ကောင်စာပေ**



ကိုယ့်ချစ်သူ၏ ချစ်ကြင်နာမှုစကားလေးများသည်လည်း တန်ပြန်စီးဝင်ကာ နန္ဒာ့ရင်ထဲမှာ နွေးသွားရသည်ပါပဲ၊ ကြည်နူးလွန်းရသည်ပါပဲကွယ်. . .။

"ကို. . ."

"ဗျာ. . ."

"နန္ဒာ့ကို တကယ်ချစ်တာပါနော်"

"ကိုယ်ဘာတွေနဲ့ သက်သေပြရမလဲ အချစ်ရယ်၊ ချစ်ပြောခဲ့ဘူးသလိုပဲ. . . ပြောနိုင်တာတွေထက် ပိုတဲ့အချစ်တွေ ကိုယ့်ရင်မှာ ထုထည်အပြည့်ပါ"

"နန္ဒာလည်းလေ ကို့ကိုသိပ်ချစ်တာပဲ၊ နန္ဒာရဲ့ အချစ်ဦးမို့ မချစ်ဘူးသေးတဲ့ အချစ်တွေနဲ့. . . အများကြီး၊ အများကြီး ချစ်တယ် သိလား"

"သိတယ်. . . ယုံတယ်. . . နန္ဒာရဲ့ အပြစ်မဲ့ မျက်နှာလေးဟာ အရာရာကို မလိမ်မညာ မကွယ်မဝှက်တတ်ဘူးဆိုတာ ကိုယ်သိပါတယ်၊ နားလည်ပါတယ် ချစ်ရယ်"

"ကိုနော်. . . နန္ဒာ မကြိုက်ဘူးသိလား"

"ဘာလုပ်လို့လဲ လက်ကလေးဆွဲတာ၊ ကဲတာ မဟုတ်ပါဘူး၊ နန္ဒာက သဲနေတာ၊ အေးပါ. . . အကဲပိုထားပါ၊ ရန်ကုန်ရောက်မှ သိမယ်၊ သန်ဘက်ခါ ပြန်ကြဖို့ လေယာဉ်လက်မှတ်ရလာပြီဗျ သိရဲ့လား"

"သွား. . . သွား. . . ကို့ဟာကိုသွား မလိုက်ဘူး"

"မလိုက်နေပေါ့"

**ကြောင်နှစ်ကောင်စာပေ**

"အောင်မယ်. . . မလိုက်ပါဘူးနော်"

"ဟိုလည်း မပြန်ပါဘူးနော်"

"ကြည့်. . . သူများကို လိုက်အရွဲ့တိုက်နေတယ်၊ အေး. . . နေခဲ့ အန်ကယ်(လ်)နဲ့ လိုက်သွားမယ်သိလား"

"သွားလေ. . . ကိုကလည်း ဒီသမီးယောက္ခမ ဘာတွေပြော သွားကြလဲလို့ လိုက်ချောင်းမှာပဲ"

"သူများပြောသမျှ လိုက်ပြီး ကပ်သပ်ပြောဦး"

စကားနိုင် မလုနိုင်တော့၍ သူ့လက်မောင်းမှ ကြွက်သား ဆိုင်ဖုထစ်ကြီးကို တအားဆွဲလိမ်ပစ်လိုက်သည်။

ကိုစောနောင်က နှစ်ခြိုက်စွာ ရယ်မောလျက် နန္ဒာနွယ်၏ ကိုယ်လုံး ကျစ်ကျစ်လေး ရုန်းမရအောင် တအားဖက်ညှစ်ထားလိုက် သည်။

သဥ္စာမွှန်စံအိမ်ကြီး၏ ထမင်းစားခန်းမတွင် အနမ်းပွင့်လေး များစွာ ကြွေကျကျဲပြန့်ပါသတည်း။

* * *



## အခန်း(၂၇)

ယနေ့ မောင်ဟေမာန်နှင့် တွေ့ရပါမှ ကိစ္စပြတ်နိုင်မည်။

နက်ဖြန်ဆိုပါလျှင် ချစ်လှစွာသော ကိုနှင့်အတူ တိမ်တိုက် များကြားမှ ထိုးဖောက်ဖြတ်ကျော်သည့် လေယာဉ်ခရီးကို နှစ်ကိုယ် ယှဉ်၍ စီးနင်းလိုက်ပါသွားရပါတော့မည်။

ဒေါ်က္ကန္ဒာကို ကိုက လျှော်ပါမည်ဆိုသော စိန်လည်ဆွဲ၏ တန်ဖိုးတစ်ဝက် ခုနစ်သောင်းခွဲကိုလည်း ဒေါ်က္ကန္ဒာက လျှော်ပစ် တော့မည်မဟုတ်ပါ။

ချွေးမ မတော်ရသေးခင်ကပင် ချွေးမ၏ကြွေးကို လိုက်ဆပ် ပေးရမည့်ယောက္ခမလောင်းကြီး ဦးကောင်းမြတ်၏မျက်နှာကိုလည်း နန္ဒာနွယ် ကြည့်ရဲမည်မထင်. . .။

"ငါ. . . ကိုကို ဖွင့်ပြောလိုက်ရမလား"

သည်သို့လည်း စဉ်းစားမိသည်။

"အို. . . ငါပြောလိုက်ရင် ကိုက သူဌေးသားဆိုတော့၊ ဒါကို တောင်းယူမနေနဲ့လို့ ပြောမှာသေချာတယ်၊ ဟိုနေ့က မောင်ဟေမာန်နဲ့ ငါနဲ့ စကားပြောနေကြတာကိုတောင် သူမျက်နှာပျက်သွားတယ် ဆိုပဲ၊ ကြိုက်မှာတော့ မဟုတ်ဘူး၊ ငါ့ကို ချစ်လွန်းလို့ မပြောရှာတာ နေမှာပဲ"

"ရှုပ်ပါတယ်လေ၊ ငါ့ဟာငါပဲ မောင်ဟေမာန့်ဆီက ရအောင် တောင်းယူပြီး ကိစ္စအားလုံးကို ရှင်းခဲ့တာပဲ ကောင်းပါတယ်"

စောမင်းညို၏ အိမ်ကပြင်တွင် ခြေတွဲလွဲချလျက် နန္ဒာနွယ် အလာကို ထိုင်၍မျှော်နေရှာသော မောင်ဟေမာန်ကို နန္ဒာနွယ်မှာ အိမ်ကြီးပေါ်မှ ကြည့်ရင်း တွေးနေခြင်းဖြစ်ပါသည်။

ယင်းဆုံးဖြတ်ချက်များကြောင့် နန္ဒာနွယ်မှာ ကို မမြင်သာ အောင် သဥ္စာမွှန်၏ နောက်ဖေးကြောင်လိန်လှေကားမှ ဆင်းသက် ခဲ့ပါသည်။

"အန္တရာယ်ဆိုးည. . ."

လှေကားမှ ဆင်းလာနေသော စောမင်းညိုနှင့် ကြုံကြိုက်ခဲ့ ရသောချောက်ချားတုန်လှုပ်ဖွယ် အန္တရာယ်ဆိုးည အကြောင်းကို ရုတ်တရက် ပြန်လည်အမှတ်ရလာမိပါသေးသည်။

ယခုတော့ အန္တရာယ်များလည်း ရှင်းပါပြီ။ နက်ဖြန် ကိုနှင့် ပြန်ရန်လည်း စီစဉ်ပြီးပါပြီ။

ယနေ့ မောင်ဟေမာန်နှင့် စိန်လည်ဆွဲကိစ္စပြီးပြတ်ရန်သာ အရေးကြီး၍ သူနှင့်ချိန်းဆိုထားသော စောမင်းညို၏ အပန်းဖြေတဲ





လေးသို့ ထွက်လာခဲ့ရသည်။

"မောင်ဟေမာန်. . . မောင်ဟေမာန်ရေ. . ."

အပြင်က အသံပြုသော်လည်း တဲလေးအတွင်းမှာ တိတ် ဆိတ်လျက်ပါ။

နန္ဒာနွယ်မှာ စိတ်ပျက်အားလျှော့စွာဖြင့် တဲရှေ့တွင်ရပ်နေ မိဆဲ. . .။

"အစ်မနန္ဒာ"

"ဟင်. . . ကိုတူးလေးပါလား"

"အစ်ကို ဟေမာန်က စာပေးထားခဲ့တယ်"

"ဟင်. . ."

"ကျွန်တော့်ကိုရိုက်လိမ့်မယ်ဗျ၊ ရော့. . . မြန်မြန်ယူ ကျွန်တော် သွားတော့မယ်"

ဒေါ်ကြန္ဒာ၏ ရွှေရတုပွဲအန္တရာယ်ဆိုးညက ကိုတူးဝင်ရှုပ်လို့ နန္ဒာနွယ်အန္တရာယ်နှင့် ကြုံရသည်ဟု အရိုက်ခံရဖူးသည်ကို သူအမှတ် တရ ရှိနေပေလိမ့်မည်။

နန္ဒာနွယ်မှာ ပြာလွင်သော စာရွက်ခေါက်လေးကို ဖြန့်လိုက် ပြီး လှပဝိုင်းစက်စွာ ဂရုတစိုက်ရေးထားပါသော မောင်ဟေမာန်၏ စာလွှာကို ဖတ်လိုက်ရသည်။

မမနန္ဒာ

*ဟေမာန်အစောကြီးထဲက စောင့်နေတယ်၊ ဦးဩတက မနေရဘူးဆိုလို့ ပြန်လာခဲ့ရတာပါ. . .*

*ကျွန်တော့်အိမ်မှာပဲ ဆုံကြရအောင်ပါ၊ ဆက်ဆက်လာ*

*ခဲ့ပါနော်. . . မမနန္ဒာရယ်. . .*

*ပစ္စည်းလာယူပါနော်၊ ဆက်ဆက်ပေးပါ့မယ်ခင်ဗျား. .*

*ချစ်ရတဲ့*
*ဟေမာန်*

မောင်ဟေမာန်သည် တစ်လောကလုံးအတွက် လူဆိုးလေး လူရူးလေးဖြစ်စေဦးတော့၊ နန္ဒာနွယ့်အတွက် အသက်ကယ်ခဲ့သူ ကူညီမည့် စေတနာရှင်လေး ဖြစ်မှာပါဟု နန္ဒာနွယ် ယုံကြည်မိသည်။

စိန်လည်ဆွဲကိုပြန်ယူရင်း ပြန်တော့မည့်အကြောင်းလည်း နှုတ်ဆက်ပါဦးမည်ဟူသော ရည်ရွယ်ချက်များဖြင့် နန္ဒာနွယ်မှာ မောင်ဟေမာန်ရှိရာ သချိုင်းဂူများအနီး၊ စမ်းချောင်းငယ်ဘေးမှ အိမ်လေးဆီသို့ ကသုတ်ကရက်ပြေးထွက်ခဲ့ရသည်။

ဦးဩတသည် သစ်ပင်ကွယ်တစ်နေရာမှနေ၍ နန္ဒာနွယ်၏ လှုပ်ရှားမှုများကို တစေ့တစောင်း ကြည့်နေသည့်အကြောင်းကိုဖြင့် နန္ဒာနွယ် မသိရှာချေပါတကား. . .။

စိတ်စောစွာဖြင့် မပြေးရုံသာလာခဲ့မိပါ၍ ချက်ချင်းလိုပင် မောင်ဟေမာန်၏ အေးရိပ်သာလေးရှိရာသို့ ရောက်ခဲ့ရပါ၏။

"မောင်ဟေမာန်. . . မောင်ဟေမာန်"

"ဗျာ. . . ဟာ. . . မမ. . . မမနန္ဒာလာပြီလားဗျာ"

ဝမ်းသာစိတ် လွန်ကဲလွန်းသော လေသံလေးဖြင့် ပြေးဆင်းလာသော မောင်ဟေမာန်က နန္ဒာနွယ်၏လက်ကို ဆွဲယူကြိုဆိုလိုက်





သည်။

နန္ဒာနွယ်က မသိမသာလေးရုန်းလျက် သူ့အိမ်ပေါ်သို့ လှမ်းတက်လိုက်သည်။

မောင်ဟေမာန်က ဘာမပြောညာမပြော စောစောပိုင်းဆီကလိုပင် ဘုရားညောင်ရေအိုးမှရေကို သွန်ချလိုက်သည်။ ထွက်လာသော ပလပ်စတစ်အိတ်တွင်းမှ စိန်လည်ဆွဲကိုယူပြီး. . .

"ရော့. . . မမနန္ဒာ. . . မမနန္ဒာလာရင် ပေးမယ်လို့ ပြောထားတဲ့ ဟေမာန့်ကတိအတိုင်း"

"အမယ်လေး. . . ဝမ်းသာလိုက်တာ မောင်ဟေမာန်ရယ်၊ ပြီး တော့ ကျေးဇူးလည်းသိပ်တင်တာပဲ မောင်လေးရယ်. . ."

နန္ဒာနွယ်၏စကားကြောင့် မောင်ဟေမာန်၏ မျက်နှာမှာ များစွာပြောင်းလဲသွားပါ၏။ ဝမ်းသာလွန်းစိတ်ကို သူထိန်းနိုင်ပုံမရပါ။ သူ့မျက်နှာမှာ သွေးရောင်များလွှမ်း၍ နီမြန်းသွားပါ၏။

"ဟေမာန်ကိုယ်တိုင် ဆွဲပေးမယ်နော်"

နန္ဒာနွယ်က ခေါင်းညိတ်လိုက်ရသည်။

လိမ်ထွေးနေသော စိန်လည်ဆွဲကို နေသားကျအောင် ဆွဲဖြန့်နေသော မောင်ဟေမာန်၏ လက်ကလေးများ ဆတ်ဆတ်တုန်နေကြောင်းလည်း နန္ဒာနွယ် မြင်ရပါ၏။ သူ သိပ်စိတ်လှုပ်ရှားနေပါလား။

လည်ဆွဲကုံးလေး ဆန့်ပြန့်သွားသည့်အခါ ထိပ်စပ်နှစ်ခု၏ တစ်ဖက်စီမှကိုင်၍ နန္ဒာနွယ်၏ လည်တိုင်ဖွေးဖွေး ကျော့ကျော့ ရှင်းရှင်းလေးကို သူ့လက်နှင့် ပတ်ပိုင်းလိုက်သည်။

နန္ဒာနွယ်က သူ၏ဆံပင်များကို သိမ်းယူလိုက်ပြီး ဘယ်ဘက်

ရင်အုံပေါ်သို့ ချထားလိုက်သည်။ ရှင်းသန့်နေသော ဆံပင်နုနုနွဲ့နွဲ့များက အဖြူရောင်ရင်ညွန့်ထက်ဝယ် တစ်ထွေးကြီးပုံကျလာသည်။

မောင်ဟေမာန်မှာ ဆံယဉ်နုလေးများအောက်ဘက်မှ လည်ကုပ်သား ဖွေးဖွေးလေးပေါ်ဝယ် စိန်လည်ဆွဲမှရွှေချိပ်ကို ချိပ်ပေးလိုက်သည်။

နီးကပ်လွန်းသော အနေအထားကြောင့် နန္ဒာနွယ်၏ ဖြူဖွေးထွေးနုသော အလှများ၊ သင်းပျံ့မွှေးမြသော ကိုယ်ရနံ့လေးများ၏ အတွေ့ထူးကို မူးမေ့မတတ် မောင်ဟေမာန်ခံစားလိုက်ရသည်။

"ကျေးဇူးပဲနော် မောင်ဟေမာန်ရယ်၊ သာမန်ပြောနေကျစကားမျိုးနဲ့ ပြောတာမဟုတ်ပါဘူး၊ တကယ်ကိုပဲ လှိုက်လှိုက်လှဲလှဲ ရင်ထဲအသည်းထဲကတင်တဲ့ ကျေးဇူးပါကွယ်"

"မမနန္ဒာရယ်. . . တကယ်နော်"

"တကယ်ပါ မောင်ဟေမာန်ရယ်၊ မမနန္ဒာရဲ့အသက်ကို ကယ်ခဲ့တဲ့ ပထမဦးကျေးဇူးရှင်ဟာ မောင်ဟေမာန်ပါ၊ ပြီးတော့ အခု စိန်လည်ဆွဲကို ပြန်ရတာဟာလည်း မမနန္ဒာရဲ့ ဘဝတစ်လျှောက်လုံး သိက္ခာရှိရမယ့် အဖြစ်မျိုးပါကွယ်"

တစ်သိန်းခွဲတန်ပစ္စည်းကို ပိုင်ဆိုင်ရယူနိုင်ခွင့်ရှိပါလျက်နှင့် ပြန်လည်ပေးအပ်သော နန္ဒာနွယ်၊ သစ္စာရှိသော၊ တည်ကြည်ဖြောင့်မတ်သော နန္ဒာနွယ်အဖြစ်နှင့် တစ်သက်တာပတ်လုံး သတ်မှတ်ခံရတော့မည့်ကိစ္စမို့ ကြည်နူးစရာ ကောင်းလှပါသည်။

"မမနန္ဒာ"

"ဟင်"





"ဒီလည်ဆွဲကို ဘယ်သူ့မှ မပေးရဘူးနော်၊ မမနန္ဒာပဲ ဆွဲထားရမှာနော်"

"မမနန္ဒာရဲ့ အတွေးတွေကိုများ မြင်ရသလားကွယ်၊ မောင်ဟေမာန်ရယ်"

ဟုသာ ပြောလိုက်ချင်ပါသော်လည်း. . .

"စိတ်ချပါ. . . မပေးပါဘူး"

"မမနန္ဒာ ပျော်သလားဟင်"

"ဘာဖြစ်လို့လဲ"

"မမနန္ဒာမျက်နှာလေး ပြုံးနေလို့"

"ပျော်လို့ပေါ့"

"ဟေမာန်လည်းပျော်တယ်"

"မမနန္ဒာလည်း ဝမ်းသာတယ်"

နှစ်ယောက်သား သံပြိုင်တေးသံလို ရယ်မောသံက ပြိုင်တူထွက်လာသည်။

မောင်ဟေမာန်က နာမ်စားကို 'ကျွန်တော်' မသုံးတော့၊ 'ဟေမာန်' ဖြစ်လာသည်။

ယခုအချိန်သည် ပြန်ရန်အသင့်တော်ဆုံးအချိန်သာ ဖြစ်ပါလိမ့်မည်ဟု နန္ဒာနွယ် တွေးလာမိသည်။ ဟေမာန် သည့်ထက်ဆက်၍ မပျော်မီ မေတ္တာလေသံများ ပွင့်အံမလာမီ ပြန်ရန်သင့်ပြီမို့. . .

"မောင်ဟေမာန် ခွင့်လွှတ်ပါလို့ တောင်းပန်ပြီးမှ မမနန္ဒာ ပြောစရာရှိတာ ပြောတော့မယ်"

"ဘာပြောမှာလဲ"

"မမနန္ဒာကို ပြန်ဖို့ခွင့်ပြုပါ"

"ဟာဗျာ"

"မဟာဗျာပါနဲ့ကွယ်. . . တကယ်တောင်းပန်တာပါ၊ မောင်ဟေမာန့်ကို သိပ်ပြီးကျေးဇူးတင်ပါတယ်ဆိုတဲ့အကြောင်းလေးတွေ မမနန္ဒာရဲ့ရင်ထဲမှာ ထာဝရအမှတ်ရနေပါ့မယ်ဆိုတာ နှုတ်ဆက်ရင်း ပြောခဲ့ပါရစေ"

"နှုတ်ဆက်ရင်း" ဆိုသော စကား ထည့်သွင်းပြောကြားမိခြင်းသည် နန္ဒာနွယ်ဘဝအတွက် ခက်ခဲကြီးမားသော အပြောင်းလဲ၊ တစ်ဆစ်၊ တစ်ချိုး၊ တစ်ကွေ့ ဖြစ်သွားရပါကြောင်း နှောင်းကာလမှ နန္ဒာနွယ် နောင်တရ,ရလေခြင်း. . .

"ဘာပြောတယ် မမနန္ဒာ. . . နှုတ်ဆက်ရင်း ဟုတ်လား"

"ဟုတ်တယ်. . . မောင်ဟေမာန်"

"ဘာကို နှုတ်ဆက်တာလဲဟင်. . . ဘာကိုနှုတ်ဆက်တာလဲ"

"ဟင်"

ပြောင်းလဲလာသောလေသံ၊ လှုပ်ရှားရှာလေသော သူ့အမူအရာများကြောင့် နန္ဒာနွယ် လန့်သွားမိသည်။

"ဩော်. . . ဟို. . . မမနန္ဒာ ပြန်တော့မလို့"

"ပြန်တော့မယ်ဆိုတာ ဟေမာန့်အိမ်က ပြန်တော့မယ်လို့ ပြောတာလား"

"မဟုတ်ဘူး မောင်ဟေမာန်၊ သဥ္ဇာမွန်က မမနန္ဒာ အပြီးပြန်တော့မှာ"

သံသယရှင်းရှင်းဖြင့် မိတ်ဆွေချင်းတစ်ယောက်ကို နှုတ်ဆက်





သလို နန္ဒာနွယ်က ခပ်ပေါ့ပေါ့ပင် ပြောလိုက်မိသည်။

"ဘာ. . . ဘာပြောတယ်. . ."

"မမနန္ဒာ ပြန်တော့မယ်လို့ဆို"

"ဘယ်ကိုလဲ. . . ဘယ်တော့ပြန်မှာလဲ၊ ပြီးတော့ ဘယ်တော့ ပြန်လာမှာလဲဟင်"

အမေးများဆက်နေသလို စကားသံများလည်း ထပ်ကုန်တတ အလောတကြီးမေးလာပါ၍. . .။

"မမပြောမယ်. . . မောင်ဟေမာန်"

"ဟင်"

"မမနန္ဒာဟာ သဥ္ဇာမွန်ရဲ့ ဧည့်သည်ပဲ၊ ဧည့်သည်ဆိုတာ အချိန်တန်ရင် အိမ်ပြန်ရမှာပဲ မဟုတ်လား"

"ဒါနဲ့ မမနန္ဒာကပြောတော့ စန္ဒာငယ်အတွက် ရောက်လာတာဆို. . . ဟိုမှာလည်း မိထွေးနဲ့မနေချင်လို့ဆို၊ ဒီမှာ အပြီးနေတော့မလိုလိုနဲ့ မမနန္ဒာရယ်၊ ဘယ်လိုလဲဗျာ. . ."

"အင်း. . . ပထမတော့ မမနန္ဒာရဲ့ရှေ့မှာ လမ်းတိုင်းဟာ ရေရာမှုတွေနဲ့ ပိတ်ဆည်းနေခဲ့တယ် မောင်ဟေမာန်၊ ခုတော့ ဒီ မရေရာတော့"ကို ကိုစောနောင်ဆိုသူက ခုတ်ထွင်ပေးတယ်၊ င်းလင်း ပေးခဲ့ပါတယ်၊ ဒါကြောင့် မမနန္ဒာရဲ့သွားရာဘဝလမ်းလေး ဖြောင့်ဖြောင့်ဖြူးဖြူးကို မြင်တွေ့ခွင့်ရပါပြီ။ မမနန္ဒာကို တွဲခေါ် သွားမယ့် ကိုစောနောင်ရဲ့လက်ကိုဆွဲပြီး လိုက်သွားရပါတော့မယ်၊ မောင်ဟေမာန် နားလည်ရစ်ပါတော့၊ ခွင့်လွှတ်ရစ်ပါတော့ကွယ်၊ . . . မမနန္ဒာ သွားတော့မယ်နော်"

နန္ဒာနွယ်မှာ စကားလုံးများ မဆုံးမီမှာပင် ထိုင်ရာမှထလိုက်မိသည်။ နုတ်ဆက်စကား၏ နိဂုံးအရောက်တွင် အိမ်၏ကပြင်လေးသို့ ခြေတစ်လှမ်းချမိပါသည်။

"မမနန္ဒာ"

ကျယ်လောင်မြည်ဟည်းသော အသံစိမ်းကြီးဖြင့် အာခေါင်ခြစ်ပြီး ခေါ်လိုက်သော မောင်ဟေမာန်၏အသံကြောင့် နန္ဒာနွယ်လန့်သွားမိသည်။

"ဘာ. . . ပြန်မလို့ဟုတ်လား"

စူးစိုက်ရဲတင်းသော အကြည့်များဖြင့်ကြည့်ယင်း ရှေ့သို့ခြေလှမ်းများ တိုးလာသော မောင်ဟေမာန်ကြောင့် နန္ဒာနွယ်လန့်သွားမိသည်။ သူ့ကို ဝိုင်းစက်သော မျက်ဝန်းများနှင့် ကြည့်နေမိဆဲ. . .

"ပြန်ပြောစမ်းပါဦးဗျ၊ မရေရာမှုတွေနဲ့ ပိတ်ဆို့နေတဲ့ လမ်းပွင့်သွားပြီဟုတ်လား"

"ဟင်"

"ကိုစောနောင်ရဲ့လက်ကိုဆွဲပြီး လိုက်သွားမယ်. . . ဟင် ဟုတ်လား မမနန္ဒာ. . . မသွားရဘူး. . . မလိုက်ရဘူး. . . မသွားရဘူး"

နားအုံပွင့်ကွဲမတတ် မောင်ဟေမာန်က တအားကြုံးအော်ပြီး နန္ဒာနွယ်၏လက်ကို ကြမ်းတမ်းစွာ ဆောင့်ဆွဲယူလိုက်သည်။

"ပကိုင်နဲ့. . . မဆွဲနဲ့. . . လွှတ်. . . လွှတ်ပါ"

"မလွှတ်ဘူး၊ မလွှတ်ဘူး. . . ခင်ဗျားကို ကျုပ်သိပ်ချစ်တယ် မခွဲနိုင်ဘူး. . . မလွှတ်နိုင်ဘူး. . . မပြန်ရဘူး"





"အို. . . မောင်ဟေမာန်၊ ဟင်. . . မင်းရူးနေသလား၊ ွတ်ဆို. . . လွှတ်. . ."

"မလွှတ်ဘူး"

"ကဲ"

နန္ဒာနွယ်မှာ ဆွဲထားသောလက်ကို တစ်ဖက်က ရုန်းရင်း စ်ဖက်က မောင်ဟေမာန်၏ပါးကို တအားရိုက်ချလိုက်သည်။ ရှောင်တိမ်းသော သူ့ပါးပြင်ဖြူဖြူမှာ သွေးရောင်များ လွှမ်းတက်လာ ၏။ သူ ဘာမှဖြင့်မတုံ့ပြန်ပါ။

"လွှတ်ပါကွယ်. . . မမနန္ဒာ ပြန်ပါရစေ"

"မပြန်ရဘူး. . . ဘယ်တော့မှမပြန်ရဘူး၊ ဟေမာန် အသက် င်နေသမျှ နန္ဒာနွယ် မပြန်ရဘူး. . . မပြန်ရဘူး"

"အား. . . အမယ်လေး"

မောင်ဟေမာန်တွင် သာမန်စိတ်ထက် လွန်ကဲလာပြီထင် ည်။ အင်အားက သုံးလေးဆမျှ ပိုလာသည်။ နန္ဒာနွယ်ကို သူသိမ်း က်လိုက်သည်။

သူ့လက်များ၏ သန်မာပုံက သံချောင်းသံခဲများလို ခိုင်မာ ခဲ့လှသည်။

"လွှတ်. . . လွှတ်. . . အရူး. . . အရူး"

မောင်ဟေမာန်သည် အမှန်ပင် သတိလက်လွတ်သွားချေ သား. . .

သူ့ရင်ထဲမှ ရုန်းကန်နေသော နန္ဒာနွယ်ကို သူ့ချစ်လှစွာသော မနန္ဒာ" အဖြစ်မှ သူမြင်မိပါရဲ့လား။

သူ့ဟန်ပန်က လူသားမဆန်တော့။

လှုပ်ရှားနေသော သားကောင်ကို မိမိရရဖမ်းဆီးချုပ်နှောင်နေသော မုဆိုးရိုင်း၏သဏ္ဌာန်လို. . .

ထိုအချိန်တွင်. . .

ကြေညာသတင်းပေးခြင်းမရှိပါဘဲလျက် မိုးသည် ပြိုကျလာသလို. . . တဝေါဝေါ သွန်ကျရွာချလာချေသည်။

အမှောင်သည် ဝန်းကျင်တစ်ခုလုံးကို ဖြန့်ကျက်အုပ်စိုးထား၏။ အသံအားလုံးကိုလည်း လွှမ်းကျော်လျက် မြည်ဟည်းစွာရွာသွန်းနေသော မိုးသည်းနေ့လယ်ခင်းတွင်. . .

နန္ဒာနွယ်၏ ဝန်းကျင်မှာ မှောင်လွှမ်းလှချေသည်တကား။

❀ ❀ ❀



## အခန်း(၂၈)

ဝေးလံသောအရပ်ဆီမှလို အသံလေးများကို တိုးတိတ်စွာ စတင်ကြားနေရသည်။

ပထမ မသဲကွဲ. . .

မိမိကိုယ်တိုင်လည်း ဘယ်အရပ် ဘယ်ဒေသသို့ ရောက်ရှိနေသည်မှန်း ရုတ်တရက်စဉ်းစား၍မရ။ တစ်ကိုယ်လုံး နာကျင်လေးလံနေသည်ဟူသော ပထမဆုံး အသိဉာဏ်မှာ အမှတ်ရလာသည်။

"တော်သေးတာပေါ့၊ သူတို့ကိုနှုတ်ဆက်ဖို့ အိမ်ကိုပြန်လာချိန်နဲ့ကြုံလို့. . ."

"တော်ရယ်. . . မိုးရေကြီးထဲမှာ ပြေးလာပြောလို့ပေါ့၊ ကိုသြတ ကလည်း စိတ်ထင့်ပြီး စောင့်နေလို့သာပေါ့"

"ကဲ. . . အခု ဘယ်လိုလုပ်ကြမလဲ"

"ဆရာဝန်တစ်ယောက်တော့ ခေါ်ပြမှပဲ၊ ရေ့(ပ)ကေ့(စ်)ပဲ မဟုတ်လား"

"လေဒီ ဒေါက်တာရအောင် သွားရှာရမှာပဲ၊ ဘာပဲဖြစ်ဖြစ် သူ့ကို သဥ္စာမွန်ပေါ်ကို ပြန်သယ်ကြမှပဲ"

ဒေါ်စောနန်း၊ ဒေါ်ဣန္ဒာနှင့် ဦးယက္ခတို့၏ စကားသံများ ကြားရလေမှ...

"အမယ်လေး... ဘုရား... ငါတော့... ငါတော့ ဘဝဆုံးပါပေ့လား"

ဟူသော အသိအတွေးများဖြင့် နန္ဒာနွယ်မှာ လှိုက်လှိုက် သည်းထန်စွာ ငိုချလိုက်မိပါပြီ။

"ကဲ... နန္ဒာနွယ်၊ ငိုနေလည်း အပိုပဲလေ၊ ကိုယ်က သူ့ အိမ်ပေါ်ရောက်နေတာကိုက ငါ့တူမရဲ့အမှားပဲ၊ ဘာလုပ်ချင်သလဲ အမှုဖွင့်ပေးရမလား"

"ဟင်... အမှု... အမှုဟုတ်လား"

ပုဒ်မ ၃၇၆ဟူသော ကိုယ်ခန္ဓာကျူးကျော်စော်ကားသော အကြောင်းကို မတွေးရဲ၊ မကြားရဲပါ။ သူတို့နှုတ်မှ မုဒိန်းမှုဆိုသော စကားများ ထွက်ရှိလာမည်ကို စိုးကြောက်လှချည်ရဲ့...

"ဟင့်အင်း... ဟင့်အင်း... သွားကြပါ... သွားကြပါ၊ နန္ဒာသေပါရစေ... နန္ဒာသေပါရစေ"

အမှန်တကယ်ပင် လူ့ပြည်ရွာမှာ နေလိုစိတ်မရှိတော့ပါ။ [illegible] လည်း မရှိသင့်တော့ပါ။ လက်ရှိအဖြစ်ထက် သေလွန်ခြင်းကမှ [illegible] ကောင်းမွန် မွန်မြတ်ပါလိမ့်မည်။





"ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲ... ငါ့တူမရယ်... ဒေါ်လေးဣန္ဒာ ဖြေရှင်းပေးပါ့မယ်၊ ကဲ... ဒေါ်စောနန်း"

"ပြောပါ မဣန္ဒာ"

"သူ့အဝတ်အစားတွေ ပြန်ဝတ်ပေးလိုက်ပါ၊ ပြီးရင် သဥ္စာမွန်ကို ရောက်တဲ့နည်းနဲ့ တွဲခေါ်သွားကြရအောင်"

"ဟင်အင်း... ဟင်အင်း... နန္ဒာ့ကို ထားရစ်ခဲ့ကြပါရှင်"

"မဟုတ်တာဘဲ နန္ဒာနွယ်၊ ခေါင်းအေးအေးထားပါ၊ ဘယ်သူမှလည်း မသိကြဘူးလေ၊ တိုးတိုးတိတ်တိတ်ဖြေရှင်းယူလို့ ရတဲ့ကိစ္စပဲ ကဲ... ကဲ... ဒေါ်စောနန်း"

ဒေါ်ဣန္ဒာက မေးဆတ်ပြလိုက်သည်။ နန္ဒာနွယ့်ကိုယ်ပေါ်သို့ စုတ်ပြလွင့်စင်ကျနေသော အဝတ်များ ပြန်လည်ဖုံးဖိပေးရန် ခိုင်းလိုက်ခြင်းပါ။

နန္ဒာနွယ်မှာ ငြင်းဆန်ရန် လူးလွန့်လိုက်သည်။ ရစ်ပတ်ထားသော ကိုယ်ပေါ်မှ အညာစောင်လေး လစ်ဟာသွားတော့သည်။

"ဟင်"

ဒေါ်ဣန္ဒာက မျက်လုံးပြူးသွားသည်။

"ဟာ"

ဒေါ်စောနန်းက အလန့်တကြား အော်လိုက်ပါ၏။

"အို... ကြည့်စမ်း"

ဦးယက္ခက နန္ဒာနွယ်၏ လည်ပင်းမှစိန်လည်ဆွဲကို လက်ညှိုးထိုးပြီး ဒေါသသံနှင့် ပြောလိုက်သည်။

သည်တော့မှ နန္ဒာနွယ်မှာ သူ့လက်တစ်ဖက်ဖြင့် သူ့လည်ပင်း

ကို အလန့်တကြားစမ်းကြည့်မိသည်။

မောင်ဟေမာန် ဆွဲပေးထားသော ပျောက်ဆုံးနေသော စိန်လည်ဆွဲက နန္ဒာနွယ်၏ လည်တိုင်မှာ. . .

"ငါသဘောပေါက်ပါပြီ. . . ငါသဘောပေါက်ပါပြီ"

ဒေါ်ကြ္ကန္ဒာက ကြုံးအော်လိုက်သည်။ သူသဘောပေါက်ပါပြီဆိုသည်ကို နန္ဒာနွယ် ဘာမှန်းမသိရပါချေ။

"ကြည့်စမ်း. . . လူမိုက်လို့ မဟုတ်ရင် တို့အညာခံနေရဦးမှာ"

"ဘာကိုလဲ မမကြ္ကန္ဒာ"

ဦးယက္ခက မျက်နှာလို မျက်နှာရဟန်နှင့် ပင့်ပေးတော့မည့် လေသံနှင့် မေးလိုက်သည်။

"ဟိုကောင်နဲ့ သူနဲ့ တိတ်တိတ်ပုန်းဖြစ်နေကြမှာပေါ့၊ စိန်လည်ဆွဲကို သဘောတူခိုးထားကြမှာပေါ့"

"အမယ်လေး. . . မဟုတ်ရပါဘူး"

"ဘာမဟုတ်ရပါဘူးလဲ၊ မိန်းကလေးတစ်ယောက် အစော်ကားခံရတာကလည်း ယောကျာ်းလေးအိမ်ပေါ်မှာ ကိုယ့်သဘောမပါဘဲဖြစ်မလား၊ ဟင်. . . ဒါနဲ့များ မောင်စောနောင်ကိုလည်း သူက လိုချင်ရသေးတယ်"

မိန်းမသားတစ်ယောက်အတွက် ကမ်းကုန်အောင် ပက်စက်သော ဝေဖန်ချက်များပါတကား. . .

"ပေးစမ်း. . . ဒါ ညည်းတို့ ငမ်းငမ်းတက်လိုချင်နေတဲ့ အမွေနဲ့ ဘာမှမဆိုင်ဘူး၊ ဒါ ငါ့ပစ္စည်း"

နန္ဒာနွယ်၏ ကျော့ရှင်းသော လည်တိုင်ဆီမှ စိန်လည်ဆွဲကို





ဒေါ်ကြ္ကန္ဒာက ဆောင့်ဆွဲယူလိုက်သည်။

လည်ကုပ်နောက်ပိုင်းတစ်ဝိုက်တွင် ထက်လှသော ဓားနှင့် ရစ်လှီးလိုက်သည့်သို့ပင်၊ ပူ၍ နာကျင်ပြီးမှ စပ်၍ကျန်ရစ်တော့သည်။

'တိုးတိုးတိတ်တိတ် ဖြေရှင်းယူကြတာပေါ့' ဟူသော စေတနာစကားများဖြင့် နိဒါန်းပျိုးပေးခဲ့လေသော ဒေါ်ကြ္ကန္ဒာမှာ စိန်လည်ဆွဲကို လက်ထဲတွင် ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်လျက် မောင်ဟေမာန်၏အိမ်ပေါ်မှ ဆောင့်ကြီးအောင့်ကြီးနှင့် ဆင်းသွားခဲ့ပါပြီတည်း။

သူ့နောက်မှ ဦးယက္ခက လိုက်ဆင်းသွားသည်။

နန္ဒာနွယ်မှာ ပြင်းထန်လွန်းသော ခံစားမှုများကြောင့် အိပ်ရာမှ ခုန်ထလိုက်သည်။

"ဟဲ့. . . ဟဲ့. . . အို. . ."

ဒေါ်စောနန်းက နန္ဒာနွယ်၏ကိုယ်မှ ကွက်လပ်ဖြစ်နေသော ခန္ဓာကိုယ် အစိတ်အပိုင်းများကို စုတ်ပြဲနေသော နန္ဒာနွယ်၏ အင်္ကျီ၊ လုံချည်များဖြင့် လိုက်လံဖိဖုံးပေးနေပါ၏။

အပြင်မှ အခြေအနေအရပ်ရပ်ကို စောင့်ကြည့်နေသော ဦးဩတက ဖျတ်ခနဲ မျက်နှာလွှဲပစ်လိုက်ရှာသည်။

"အမေစောနန်း. . . ဟေမာန်ရော၊ ဟေမာန်ရော ဟင်"

"ဟယ်. . . ဘာလုပ်မလို့လဲ ဒေါသတကြီးနဲ့ကွယ်. . ."

"ပြောစမ်းပါ. . . ပြောစမ်းပါ"

"ရှိပါတယ်. . . သူ့ကို ဖမ်းချုပ်ထားရတယ်"

"ဟင်. . . ဟင်. . . ဘာ. . . ချုပ်ထားပြီးလား၊ မရဘူး မရဘူး. . ."

"ဟဲ့ . . . အို . . . ခက်ပါလား မိန်းကလေးရယ်၊ ဘာလုပ်မလို့လဲ"

"သူချုပ်ထားတယ်ဆိုတဲ့ဆီ လိုက်သွားမယ်"

"အလို . . . ဘာကိစ္စလဲ"

"သူ့ကိုသတ်မယ်၊ ပြီးရင် နန္ဒာ့ကိုယ် နန္ဒာသတ်မယ် . . ."

"မြတ်စွာဘုရား"

"ဟုတ်တယ် . . . တကယ် . . . ဘာလုပ်တော့မလဲ၊ ဘာဆက်လုပ်ဖို့ လူ့လောကမှာ နေကြတော့မှာလဲ၊ သတ်မယ် . . . သေမယ်"

စောစောပိုင်းဆီက ဒေါ်ကြူနန္ဒာထံမှ "မောင်စောနောင်" ဆိုသောစကားသံလေး တစ်ခွန်းသည် နန္ဒာနွယ်အတွက် ပေါက်ကွဲဖို့များဖြစ်လာလေသလား . . .

အသွယ်သွယ် စုတ်ပြတ်နေသော အဝတ်အစား မလုံမလဲဖြင့် ခြေရင်းမှဓားကို တအားဆွဲပြီး ထွက်ပြေးတော့မည့်ဆဲဆဲ နန္ဒာနွယ်ကို ကြည့်ပြီး . . .

"အမယ်လေး . . . ကိုသြတရဲ့ လုပ်ပါဦး"

ဒေါ်စောနန်း၏ အသံအဆုံးတွင် အရှိန်နှင့်ပြေးထွက်လာသော နန္ဒာနွယ်ကို အဆီးအတားတစ်ခုက အရှိန်ပြင်းစွာ လှမ်း၍ ဟန့်တားလိုက်သည်နှင့် . . .

နန္ဒာနွယ်မှာ ကစဉ့်ကလျား လိမ့်လဲကျသွားရင်း လောက၏ အသိအမြင်များအားလုံး အမှောင်ဖုံးကွယ်ရပြန်ချေပြီတကား။

* * *



## အခန်း(၂၉)

"လူနာရဲ့အခြေအနေက . . ."

"ရှူး . . ."

ဆရာဝန်၏မှတ်ချက်ကို ဒေါ်ကြူနန္ဒာကပင် ဟန့်တားလိုက်ပါ၏။ မိမိရှေ့တွင် ဘာကြောင့်များ မပြောစေချင်ရပါလိမ့်။

"အို . . . မပြောတာဘဲ ကောင်းပါတယ်၊ ငါမှ မကြားရဲတဲ့စကားပဲလေ"

နန္ဒာနွယ်မှာ တစ်ဖက်သို့ စောင်းလှည့်လိုက်ရသည်။ မျက်ရည်များက စောင်းထားသည့် လက်ယာဘက်သို့ သွန်ချလိုက်သလို လျှံအံကျလာရပါ၏။

တစ်ကိုယ်လုံးဆီမှ နာကျင်သောဝေဒနာထက် ယခုလောလောဆယ် ဆရာဝန်မ၏ စစ်ဆေးထားချက်က ဆိုးရွားလွန်းလှပါ၏။

ဘာကိုမှ မစဉ်းစားချင်တော့. . . ပြန်တွေးရ၊ စဉ်းစားရမည့် အရေးကိုပင် ရှက်ရွံ့လှချည့်ရဲ့။

ဘာကိုမှ မစဉ်းစားချင်တော့ ပြန်တွေးရ၊ စဉ်းစားရမည့် အရေးကိုပင် ရှက်ရွံ့လှချည့်ရဲ့။

"နန္ဒာနွယ်. . . ဘယ်လိုနေသလဲဟင်"

ဒေါ်စောနန်းက အနီးကပ်မေးလာသည်။ ကြင်နာစိတ်ဖြင့် နန္ဒာနွယ်၏ လက်ကလေးတစ်ဖက်ကိုလည်း ဆုပ်ကိုင်ထားရှာပါသည်။

နန္ဒာနွယ် ဘာမှမဖြေနိုင်၊ ခေါင်းကိုသာ ယမ်းပြမိသည်။ မျက်နှာဖြူဖြူနုနုလေးတွင် မျက်ရည်များ အိုင်ထွန်းနေသည်ကို ဒေါ် စောနန်းက မကြည့်ရက်သလို မျက်နှာသုတ်ပဝါစနှင့် တို့သုတ်ပေးနေပါ၏။

နန္ဒာနွယ်မှာ မျက်နှာပေါ်သို့ ဝေ့ဝဲစွာဖြာကျလာသော ဆံပင်ကို သပ်တင်လိုက်မိသည်နှင့်. . .

"ဟင်. . . ခေါင်းမှာပတ်တီးနဲ့ပါလား"

စိတ်ထဲမှအသိဖြင့်သာ စမ်းမိသော်လည်း ဒေါ်စောနန်းက နန္ဒာနွယ်သိလိုသည့်ဆန္ဒကို သူ့စိတ်မှန်းဖြင့် ဖြေကြားနိုင်ခဲ့သည်။

"ဟိုကောင်နဲ့ လုံးထွေးတုန်းက တွန်းလှဲလိုက်တဲ့ဒဏ်ရာပေါ့၊ ချိုစောင်းမှာ ပေါက်သွားတယ်လေ"

"အင်း. . ."

မောင်ဟေမာန်၏လက်မှ အားကုန်အင်ကုန် ရုန်းကန်ရစဉ်က ပြင်းထန်သောထိခိုက်မှုတစ်ခုဖြင့် ခေါင်းကိုထိမှန်ပြီး နာကျင်ကြီးစွာဖြစ်လိုက်ရပါကြောင်း သိမှတ်ပြီးနောက်၊ အားလုံးကို မေ့လျော့





သွားခဲ့ရသည့်အဖြစ်ကို နန္ဒာနွယ်ပြန်လည်သတိရလာမိသည်။

"တစ်ကိုယ်လုံးက ဒဏ်ရာတွေတော့ ဂရုတစိုက်ကြည့်ပေး သွားရှာပါတယ်. . . ဆရာဝန်က ဘာတွေပြောနေလဲတော့မသိဘူး၊ မင်္ဂလာကလည်း အမေစောနန်းကို နားမထောင်စေချင်ဘူးလေ"

နန္ဒာနွယ်မှာ ခေါင်းသာညိတ်ပြမိသည်။ မိမိ၏ရင်ထဲတွင် ပြောကြားစရာစကားများ ပျောက်ဆုံးကုန်ခမ်းနေလေပါပြီ။

"သမီးရယ်. . . ဒီဆွဲကြိုးကြီးကိစ္စက ဘယ်လိုဖြစ်ရတာလဲကွယ်"

"နန္ဒာ ဘာမှမပြောပါရစေနဲ့တော့ အမေစောနန်းရယ်၊ နန္ဒာ့စကားကို ဘယ်သူမှလည်း ယုံကြမှာမှမဟုတ်ဘဲလေ၊ အမေစောနန်းစကားကို နားမထောင်မိခဲ့လို့ ဟို. . . ဟို. . ."

နန္ဒာနွယ် ဆို့နစ်ကြေကွဲစွာ ငိုရှိုက်မိပါသည်။

"သမီးရဲ့စကားကို အားလုံးက မယုံဘဲရှိလိမ့်မယ်၊ ဒါပေမယ့် အမေစောနန်းကတော့ အကြွင်းမဲ့ယုံပါတယ် သမီး"

"ဟင်. . . ဘာကို"

"ဒီစိန်လည်ဆွဲကြိုးကို ငါ့သမီးမခိုးဘူးဆိုတာ"

"အို. . . တကယ်. . . တကယ်လားအမေရယ်"

နန္ဒာနွယ်မှာ စောင်းလျက်က လက်နှစ်ဖက်ဖြင့် ဒေါ်စောနန်းကို ဆွဲကိုင်၍ တစ်ဝက်ထရင်း မေးလိုက်မိသည်။

"တကယ်သမီး. . . သမီးရဲ့ကိုယ်မှာ လက်ဆုပ်လက်ကိုင်ကြီးမိနေပေမယ့် အမေကတော့ ငါ့သမီးမခိုးဘူးဆိုတာ ငါ့သမီးရဲ့ ရိုးသားအပြစ်ကင်းတဲ့ မျက်နှာလေးကိုကြည့်ပြီး သိပါတယ်ကွယ်"

ဒေါ်စောနန်း၏စကားသည် ရင်တွင်းသို့ အေးမြစွာစီးဆင်းသော်လည်း ယင်းအေးမြမှုသည် ကြေကွဲမှု၏ တွန်းအားတစ်ခုလို နန္ဒာနွယ့်ရင်မှာ ခံစားလာရသည်။

"မဥမ္မာတုန်းကလည်း. . . ဒီလိုပဲ"

"ဟင်. . . မေမေ့တုန်းက ဘာဖြစ်လို့လဲ"

"ဘာမှတော့မဖြစ်ပါဘူး၊ ပြဿနာရယ်တော့ မဟုတ်ပါဘူး၊ ဒါပေမယ့် သူ့ရိုးသားမှုဟာ သဥ္စာမွန်ကနေ လွင့်စင်သွားရစေသလို ဖြစ်ခဲ့တယ်"

ဒေါ်စောနန်းသည် ဝေးလံသောအရပ်ဆီမှ မြင်ကွင်းတစ်ခုကိုလှမ်းကြည့်နေသလို ငေးငိုင်စူးစိုက်နေရာမှ တစ်လုံးချင်းပြောနေသည်။ နန္ဒာနွယ်မှာ မိခင်ဒေါ်ဥမ္မာ၏ မေတ္တာရေးရာနှင့်ပတ်သက်သော အရေးအခင်းများကို သတိရလာသည်။ ထိုအချိန်က ဒေါ်ကြူနန္ဒာ၏ တိုက်တွန်းမှုလည်းပါမည်။

မေမေကိုယ်တိုင်က လေးနက်သော မေတ္တာတရားနှင့် အမှန်တရားကို အားပြုလျက် ဤသဥ္စာမွန်မှ ထွက်ခွာခြင်းဖြစ်ပေမည်။

ရှိစေတော့. . .။

ဝေးလံသောအတိတ်ဆီမှ မိခင်၏မေတ္တာဇာတ်ကြောင်းကို ထားလိုက်ပါတော့။ လက်ရှိ မိမိ၏ဖြစ်ရပ်အား မည်သို့ဖြေရှင်းရမည်ကို နန္ဒာနွယ် မတွေးတတ်ပါနိုင်။

လက်ရှိအခက်အခဲနှင့် ဒုက္ခပေါင်းစုံကို သေခြင်းတရားဖြင့်သာ ဆေးကြောရှင်းလင်းပစ်နိုင်လိမ့်မည်ဟု တွေးမိနေပါတော့သည်။ မိမိအသက်ကို ခြွေဖယ်ပစ်ရန် နန္ဒာနွယ့်အတွက် ခွင့်မသာခဲ့။ ယခု





ပင် အနားတွင် ဒေါ်စောနန်းရှိနေခဲ့သည်။

"ဆရာဝန်က ဘာတွေပြောနေလဲ မသိဘူးနော်"

"ဟင်း. . ."

သက်ပြင်းသာချလိုက်ရသော်လည်း နန္ဒာနွယ်၏ရင်မှ တင်းကြပ်နေသော ထုထည်အစိုင်အခဲကြီးမှ မြူတစ်မှုန်စာမျှ လျော့နည်းပပျောက်မသွားပါချေ။

"မကြူနန္ဒာက ဘာဖြစ်လို့များ ဆရာဝန်မကို အပြင်ခေါ်ထုတ်သွားရလဲမသိဘူးနော်"

"အမေစောနန်းကလည်းရှင်. . . ဒီစကားတွေ နန္ဒာနွယ် ကြားရဲပါ့မလားလို့"

"အင်း. . . နည်းနည်းတော့ ထူးခြားသလိုပဲ၊ နန္ဒာနွယ်ရဲ့ အခင်းဖြစ်ချိန်က အဝတ်တွေ၊ စောင်တွေပါ ဆရာဝန်က ယူခဲ့ခိုင်းလို့ သူ့ကားပေါ်တင်ပေးလိုက်ရပြီး ဆရာဝန်မျက်စိနဲ့ ကြည့်မယ်ထင်ပါရဲ့ အမေတို့တော့ ဘာမှမတွေ့ရဘူး"

နန္ဒာနွယ်မှာ နားကိုလက်မောင်းနှင့်ပိတ်ပစ်လိုက်ပြီး လှိုက်လှဲစွာငိုမိပြန်ပါပြီ။ ပျောညံ့အားလျော့သောစိတ်များဖြင့် မျက်ရည်များသည်သာ နန္ဒာနွယ်၏အဖော်လို ဖြစ်နေရရှာချိန်ပါတည်း. . .။

"သမီးတော့ ကြားချင်မှာမဟုတ်ဘူး၊ ဒါပေမယ့် အမေကတော့ သူ့အကြောင်းပြောချင်တယ်"

"ကို. . . ကိုစောနောင်အကြောင်း မဟုတ်လားအမေရယ်"

"မဟုတ်ဘူး သမီး"

"ဟင်"

"သူတို့သားအဖ ပင်းတယကိုသွားကြတယ်၊ ဦးကောင်းမြတ်ရဲ့ခြံမြေတွေ ရှိသေးတဲ့ကိစ္စ သွားကြတယ်လို့ပြောတယ်၊ အောင်ပန်းက မိတ်ဆွေတွေဆီလည်း ဝင်မယ်ပြောတယ်၊ အမေပြောမှာ မောင်စောနောင်အကြောင်း မဟုတ်ဖူး. . . ဟေမာန်ရယ်လေ"

"အို. . . အမေစောနန်း၊ နန္ဒာမကြားချင်ဆုံး နာမည်ဆိုတာ သိဖို့ကောင်းပါတယ်ရှင်"

နာမည်ကို မကြားချင်သည် မှန်သော်လည်း သူဘာဖြစ်သွားသည်လဲဆိုသည်ကိုဖြင့် သိလိုစိတ်ရှိနေမိပါ၍. . .။

"အဲဒီ အယုတ်တမာကောင် ဘာဖြစ်သွားပြီလဲ၊ သူ့ကို ဖမ်းထားပြီဆို"

ဖမ်းထားပြီဆိုကတည်းက ဘာမှုလဲဟု မေးမည်ဖြစ်ကြရော့မည်။ "ဘာမှုလဲ" ဆိုသည့်နောက်တွင် "ဘယ်သူ့ကိုလဲ" ဆိုသည်ကပါလိုက်ပါလာချေမည်။ အို. . . မတွေးဘူး. . . ငါမတွေးဘူး. . .။

"ဖမ်းထားတယ်ဆိုတာ ရဲကမဟုတ်ဘူးသမီး"

"ဟင်"

"ရပ်စောက်မြို့အဝင်က ဘုန်းကြီးကျောင်းဆရာတော်ဆီ အပ်ထားရတာ၊ သူ သွက်သွက်လည်အောင် ရူးသွားပြီ"

"ဟင်. . . ဘာ. . ."

"ဟေမာန်ဟာ ဘာကိုမှမသိတော့ဘူး၊ ဘယ်သူ့ကိုမှ မမှတ်မိတော့ဘူး"

"အို. . . မဖြစ်နိုင်တာ"

သူ့ကျူးလွန်မှုကို ဖုံးကွယ်ရန် ကြိုးစားခြင်းသာဖြစ်ရမည်မှာ





မြကြီးလက်ခတ်မလွဲသလိုပါဟု နန္ဒာနွယ် စွပ်စွဲလိုပါသည်။

"တော်စမ်းပါတော့ အမေစောနန်း၊ သမီးကို စေတနာထားသေးတယ်ဆိုရင် ဒီကောင့်အကြောင်း ဒါနောက်ဆုံးပဲပြောပါ. . ."

"ကောင်းပါပြီကွယ်. . . သူတကယ်ရူးသွားတယ်ဆိုတာ သိအောင်ပြောတာပါ၊ သူ့အကုသိုလ်ကံနဲ့သူ ခံသွားရပြီဆိုတာ သမီးသိရအောင်ပါ"

နန္ဒာနွယ် ဘာမှမပြောတော့၊ ဒေါသဝင်လာသော နှလုံးသားကြောင့် မျက်ရည်စများ ရပ်တန့်သွားတော့သည်။

"သမီး. . . ထမင်းစားမလား"

"ဟင့်အင်း. . ."

"ဒါဖြင့် ဟောလစ်လေးသောက်မလား"

"ဘာဆိုဘာမှ မစားပါရစေနဲ့ရှင်"

"အေးလေ. . . ဒါဖြင့်လည်း မှိန်းနေလိုက်၊ အမေစောင့်နေပေးမယ်၊ မနက်ဖြန်ကျ နေကောင်းသွားမှာပါ"

"မနက်ဖြန်"

မနက်ဖြန်ဆိုသော နောက်တစ်နေ့သည် နန္ဒာနွယ့်အတွက် အမျှော်လင့်ခဲ့ရဆုံး၊ အတောင့်တခဲ့ရဆုံးနေ့ပါတကား။

ထိုမနက်ဖြန်ဆိုသောနေ့သည် ကိုစောနောင်နှင့်အတူ အာကာသထဲမှ တိမ်တိုက်များကို ဖြတ်ကျော်လျက် ကောင်းကင်ဘုံသို့ အရောက်သွားကြရမည့်နေ့မဟုတ်ပါလား. . .။

* * *

## အခန်း(၃၀)

မိုးစွေနေဆဲပါ. . .။

စောစောဆီမှ အရှိန်အဟုန်ပြင်းသော ရွာသွန်းခြင်းဖြင့် မိုးသည် သည်းထန်စွာရွာသွန်းခဲ့ပြီး ယခု အားလျော့အရှိန်ပျော့လေပြီ၊

သက်မဲ့ရာသီ၏ သဘောအရ၊ ရွာလိုက်၊ စွေလိုက်၊ ရပ်လိုက်ဖြင့် လည်ပတ်နေသော်လည်း၊ နန္ဒာနွယ်၏ နှလုံးသားရာသီမှာဖြင့် ထာဝရတစ်ရာသီထဲပါ။ ပူခြင်း၊ အေးခြင်း၊ ရွာသွန်းခြင်းမရှိပါဘဲနှင့် အမြဲတစေ ပူလောင်နေရသော နှလုံးသားဖြင့် မှန်ပြတင်းကိုငေးကြည့်နေမိသည်။

ိုးပေါက်တို့ ခုန်ချလိုက်လျှင် ချယ်ရီရွက်လေးများ ငိုက်ကျသွားလိုက်၊ ပြန်ထောင်လိုက်၊ မိုးစက်ထိလိုက်၊ ပြန်ငိုက်ကျလိုက်ဖြင့် သနားစရာ အားမာန်လေးနှင့် ကြံ့ကြံ့ခံနေရှာသည်။





နန္ဒာနွယ်၏ဘဝ၊ နန္ဒာနွယ်၏အသည်းနှလုံးပေါ်သို့လည်း အရှိန်ပြင်းသော ထိခိုက်ရိုက်ပုတ်မှုများက မကြာခဏကျရောက်တတ်ခဲ့သည်။

ချယ်ရီရွက်၊ ချယ်ရီကိုင်းလေးလို ကြံ့ကြံ့ခိုင်နိုင်စွမ်းမှ ဆက်၍ရှိပါတော့မလား. . .။

"ငါဘာလုပ်ရမလဲ"

ဟူသော မေးခွန်းကြောင့် ရင်မှာ တင်းကြပ်လာမိသည်။

အစဦးက မရေရာသော ပိတ်ဆီးမှုများဖြင့် မိမိဘဝကို မမြင်သာနိုင်ခဲ့ရာမှ ချစ်လှစွာသော "ကို" ၏စီမံမှုဖြင့် ဖြောင့်ဖြူးလွန်းသာယာလွန်းသော ဆူးလွတ်လမ်းကိုလှမ်းရန် စီစဉ်ပြီးလေမှ. . .

"ဟင်း. . ."

သက်ပြင်းများချရင်း မိုးငွေ့များဖြင့် မှုန်ဝေနေသော မှန်တံခါးကို ခေါင်းဖြင့်မှီကပ်ထားလိုက်မိသည်။

ဩော်. . . ရှေ့ခရီးမှာလည်း ဒီလိုပဲ မှုန်ဝါးဝေသီရပြန်ချေပြီသာ. . .။

"နန္ဒာ"

ညင်သာတိုးတိတ်သော အသံဖြစ်သော်လည်း ကျက်မှတ်မိသောအသံမို့ နန္ဒာနွယ် လန့်ဖျပ်သွားမိသည်။ နှမ်းလျစွာနွဲ့မှီနေရာမှ ဆတ်ခနဲ တောင့်တင်းသွားရသည်။

"နန္ဒာရယ်"

နီးကပ်လာသော အသံနှင့်အတူ ပခုံးစွန်းနှစ်ဖက်ပေါ် နူးညံ့သော ထိတွေ့မှုဖြင့် ကိုင်တွယ်လာလေသူ ကိုစောနောင်. . .

"ကိုရယ်. . . နန္ဒာ့အဖြစ်ကိုကြည့်လှည့်ပါဦး၊ ကို ရွံသွားပြီလား၊ မုန်းသွားပြီလား"

ဟူသော စကားများဖြင့် တအားဖက်ရင်း သူ့ရင်တွင်းမှာ အားပါးတရ ငိုချလိုက်ချင်ပါသော်လည်း. . .

မတန်ရာခဲ့သော အရာနှစ်ခု မထိစပ်စေချင်သလို၊ နန္ဒာနွယ်က ကိုယ်ကိုရှိုလိုက်ပြီး ပခုံးပေါ်မှ သူ့လက်များကို အသာဖယ်ပစ်လိုက်မိသည်။

"ဘာလို့ဖယ်ပစ်နေတာလဲ ချစ်ရယ်. . . ဒီမှာ ကိုယ့်ကိုကြည့်စမ်း"

သူက နန္ဒာနွယ်၏ မေးစေ့ဝိုင်းဝိုင်းလေးကို ဆွဲမော့ယူလိုက်သည်။ မရှုန်းသာသော နန္ဒာနွယ်မှာ ကိုစောနောင်ကို မကြည့်ရဲတော့ပါ၍၊ မျက်စိ စုံမှိတ်ပစ်လိုက်မိသည်။ မျက်ဝန်းအစုံမှ မျက်ရည်ပူများက ညှစ်ချလိုက်သလို သွယ်တန်းကျဆင်းလာတော့သည်။

"ကို နန္ဒာ့ကို နှစ်ခုပဲမေးချင်တယ်၊ ကို သိချင်တာလည်း အဲဒီနှစ်ခုပါပဲ ချစ်ရယ်"

နန္ဒာနွယ်မှာ သူ့လက်မှ လွတ်သွားအောင်ခေါင်းကိုသွက်သွက်ခါလိုက်ပြီးမှ. . .

"မ. . . မမေးနဲ့. . . မလာနဲ့. . . သွားပါ. . . ကိုရယ်၊ နန္ဒာ့နားက သွားစမ်းပါ"

"ဘာဖြစ်လို့ ကို့ကို နှင်ပစ်နေရတာလဲဟင်. . . နန္ဒာ"

"ကိုရယ်. . . ကြာရင်. . . နန္ဒာ့ရင်ထဲက အသည်းတွေကြေရပါတော့မယ်၊ ကို. . . သွားပါ. . . နန္ဒာ့နားမလာပါနဲ့"





"အို. . . မဟုတ်တာနန္ဒာရယ်၊ မသွားဘူး၊ ကိုသိချင်တဲ့ အဖြေမရမချင်း ဘယ်တော့မှမသွားဘူး၊ သိလား နန္ဒာ"

ကိုစောနောင်ကလည်း ပေါက်ကွဲသလို အော်ပြောလိုက်သည်။

"ဒီမှာ. . . နန္ဒာ"

နန္ဒာနွယ့်ပခုံးကို ကိုင်လှုပ်ရင်းခေါ်သည်။ ငုံ့ထားသော နန္ဒာ့နွယ့်မျက်နှာလေး မြင်ရအောင် သူကပါ လိုက်ငုံ့ကြည့်ရင်း. . .

"နန္ဒာ"

"ရှင်. . . ကို. . ."

"သူတို့စွပ်စွဲသလို ပောမာန်ဟာ နန္ဒာ့ချစ်သူလား"

"ဟင့်အင်း. . . ဟင့်အင်း. . ."

နန္ဒာနွယ်မှာ အလန့်တကြားပင် ငြင်းဆန်လိုက်မိသည်။

"နန္ဒာပါ သဘောတူ ဟိုအိမ်မှာချိန်းတွေ့ကြတယ်ဆိုတာရော ဟုတ်သလား"

"မ. . . မဟုတ်ရပါဘူး ကိုရယ်"

"ဟုတ်ပြီ၊ ကိုယ် မေးစရာတစ်ခု ကျန်တယ်နန္ဒာ"

"ရှင်. . ."

"နန္ဒာ ကို့ကိုချစ်သလား. . . ချစ်သေးလား"

"ရှင်"

"ကိုမေးတာ ရှင်းပါတယ်"

"ချစ်သေးလား. . . ဟုတ်လား"

"အင်းလေ"

"ဘာဖြစ်လို့ မချစ်သေးရမှာလဲ၊ ကို့မှာ ဘာအပြစ်ရှိလို့လဲ၊ နန္ဒာလေ ကို့ကိုသေမတတ်၊ ရူးမတတ် ချစ်တယ်၊ အားကိုးခဲ့ပါတယ်. . . ကိုရယ်. . . သိပ်ချစ်တယ်၊ ဒါပေမယ့်. . . ခုတော့. . ."

"တော်ပြီ နန္ဒာ. . . ဒါ ကိုလိုချင်တဲ့အဖြေပဲ၊ ဟေမာန့်ကို နန္ဒာ မချစ်ဘူး မဟုတ်လား"

နန္ဒာနွယ် ခေါင်းညိတ်ပြလိုက်ရသည်။

"ကို့ကို နန္ဒာချစ်တယ်နော်"

သုံးလေးဆင့်မျှထပ်မံ၍ ခေါင်းညိတ်ပြရပြန်သည်။

"ကောင်းပြီ နန္ဒာ. . . ဒါဆိုရင် အားလုံးကို နန္ဒာမေ့ပစ်လိုက်တော့၊ ကိုတို့ရဲ့မူလအစီအစဉ်အတိုင်း မနက်ဖြန်ပြန်ကြမယ်၊ ဒါပဲ နန္ဒာ. . . မငိုပါနဲ့တော့အချစ်ရယ်. . . နော်"

နန္ဒာနွယ်မှာ ကိုစောနောင်ကို မမြင်ဘူးသူလို အလန့်တကြား မော့ကြည့်လိုက်မိသည်။

"ချစ် ငိုနေတာကို မကြည့်ရက်ဘူး၊ ချစ်ကို တကယ်ချစ်တာပါလို့ သက်သေပြခွင့်ရလို့ ကိုယ် ပိုပြီးတောင် ဝမ်းသာသေးတယ်၊ ကဲ သွားစမ်းပါ၊ ဒီမျက်ရည်တွေ. . . အဟား. . . ဟား. . . ငိုနေတာလည်း လှတဲ့မျက်နှာလေးကို"

ကိုစောနောင်က လှိုက်လှဲဟန်နှင့် ရယ်ပြုံး၍မျက်ရည်လူးနေသော မျက်နှာလေးကို မြတ်နိုးစုံမက်စွာ ရှိုက်နမ်းလိုက်ရှာသည်။

"ကို. . . ကိုရယ်. . . ကိုရဲ့"

မတ်တတ်အနေအထားနှင့်ရှိနေသော ကိုစောနောင်၏ခါးကို တအားဖက်ရင်း နန္ဒာနွယ်မှာ ရင်ကွဲမတတ် လှိမ့်ငိုပစ်လိုက်မိ





သည်။

"ဘာဖြစ်လို့ ငိုရပြန်တာလဲ. . . ချစ်ရဲ့"

"ကိုရယ်. . . နန္ဒာငိုပါရစေ၊ နန္ဒာရင်ကွဲပြီး တစ်ခါတည်းလဲသေသွားအောင် ငိုပါရစေတော့"

"အို. . . အချစ်ကလည်း မဟုတ်တာ"

"ကိုရယ်. . . ဒီထက် ရင်နာကြေကွဲစရာ ပြဿနာရှိနိုင်ပါဦးမလားရှင်၊ ကို ခွင့်မလွှတ်ပါနဲ့. . . နန္ဒာ့ကို မချစ်ပါနဲ့တော့"

"ဩော်. . . ခက်ပါလား နန္ဒာရယ်. . . ဘာဆိုင်လဲကွယ်"

"နန္ဒာ ကိုရှေ့မှာမနေရဲဘူး၊ ကိုရယ် နန္ဒာတစ်ယောက်တည်း နေခဲ့ပါရစေ၊ ကိုသွားပါ. . . ကိုသွားပါတော့ကွယ်"

"မဟုတ်သေးဘူးလေ ချစ်ရဲ့၊ အခုကိစ္စက နန္ဒာရဲ့ သစ္စာယိုယွင်းမှုမှ မပါတာဘဲ"

"ဒါပေမယ့်လည်း. . . အို. . . ကိုရယ်. . . နန္ဒာဘာတွေပြောရမှန်းလည်း မသိတော့ပါဘူး ရှင်ရယ်"

ကိုစောနောင်က နန္ဒာနွယ်၏ ကိုယ်လုံးလေးကို သိမ်းကြုံးဖက်လိုက်သည်။ ပါးနုလေးတစ်ခြမ်းကို သူ့ရင်မှာ ကပ်ထားစေပြီး နန္ဒာနွယ်၏ခေါင်းပေါ်သို့ သူ့ပါးကို ထိအပ်ဖိကပ်ထားရင်းက. . .

"ချစ်ပင်ပန်းနေပါတယ်၊ ဘာမှ မပြောပါနဲ့ဦးကွယ်. . . ကိုပဲပြောမယ်နော်၊ ကို့ကိုချစ်ရင် ကို့စကားကို ချစ်နားထောင်ရမယ်. . . ဟုတ်လားနော်"

နန္ဒာနွယ် ငြိမ်နေမိသည်။ ခေါင်းလည်းမညိတ်မိ၊ ငြင်းဆန်တုံ့ပြန်ခြင်းလည်းမရှိ။

"မနက်ဖြန် မနက်စောစောပဲ ဒီအိမ်က ထွက်ခွာကြမယ်၊ ကိုနဲ့တစ်ခါတည်း လိုက်ခဲ့ရမယ်. . . ဟုတ်လား၊ ဒီသဥ္ဇာမွန်ရဲ့ပြင်ပကို ရောက်သွားရင်လည်း ကို့ အချစ်နန္ဒာလေး စိတ်တစ်မျိုးပြောင်းသွားမှာပါကွယ်"

"ကိုရယ်. . . နန္ဒာ့အသက်ရဲ့ နန္ဒာ့ကို. . . နန္ဒာ့ကို. . ."

"တော်တော့. . . ဆက်မပြောရဘူး"

နန္ဒာနွယ်၏ ဝန်းဝိုင်းပြည့်ဖောင်းသော နှုတ်ခမ်းလေးကို မွမွလေးဖိပိတ်နမ်းစုတ်လိုက်သည်။ ငိုရလွန်း၍ ချစ်သူ့နှုတ်ခမ်းလေးဆတ်ဆတ်တုန်နေသည့်အဖြစ်ကို ထိတွေ့လိုက်ရသော ကိုစောနောင်က လွှတ်ခွာလိုက်သည်။ မေးစေ့တစ်ဝိုက်မှ သူ့လက်ဝါးဖြင့် ပင့်ကိုင်ရင်း နန္ဒာနွယ်၏ အငိုမျက်နှာလေးကို အနီးကပ်ကြည့်၍ ကြင်နာမြတ်နိုးခြင်းများစွာဖြင့်. . .

"ချစ်ခြင်းမေတ္တာတရားမြင့်မားလေ ခွင့်လွှတ်ခြင်းကြီးမားရလေ မဟုတ်လားအချစ်ရယ်၊ ခုကိစ္စက နန္ဒာ့အပေါ် ခွင့်လွှတ်ယူရမယ့်ကိစ္စမျိုး မဟုတ်ပါဘူး၊ နန္ဒာရဲ့ သစ္စာယိုယွင်းမှုမပါတဲ့ ကိစ္စပါ"

"ဒါပေမယ့်. . . ကိုရယ် အိမ်ထောင်ရေးမှာ ဒီအမည်းစွန်းကြီးနဲ့. . ."

"အို. . . ချစ်ဘာမှ ဝင်မပြောရဘူး၊ ပြောခွင့်လည်း မပေးဘူး၊ ကိုဟာ မြင့်မြတ်တဲ့ ယောကျ်ားတစ်ယောက်အဖြစ်နဲ့ ဂုဏ်ယူချင်တယ် နန္ဒာ၊ ကို ကတိပေးပါတယ်၊ ဒီကိစ္စကို ဒီနေ့ဒီနေရာမှာ နောက်ဆုံးပြောခြင်းပါလို့"

"အို. . . ကိုရယ်"





"တကယ့်ချစ်ခြင်းမေတ္တာရဲ့ အနှစ်သာရဆိုတာ အသည်းနှလုံးထဲမှာပဲဖြစ်တည် ကိန်းဝပ်ပါတယ် နန္ဒာ၊ ဒါမျိုးတွေမပါစေသင့်ပါဘူးကွယ်"

နန္ဒာနွယ်မှာကြေကွဲသွားမတတ် ကိုစောနောင်ကိုမြတ်နိုးစုံမက်ခြင်းများစွာဖြင့် တအားဖက်ထားလိုက်မိသည်။

"ဟိုး . . . ကိုယ်တို့မသိသေးခင်အချိန်က နေလိုလလိုထွန်းပခဲ့တဲ့ အင်္ဂလန်နိုင်ငံရဲ့ထီးနန်းကိုဆက်ခံမယ့် အက်ဒွပ်ဘုရင်ဟာ ချစ်ခြင်းမေတ္တာကြောင့် သူ့ရဲ့ထီးနန်းစည်းစိမ်ကို စွန့်လွှတ်ခဲ့တယ်၊ သူ့ချစ်သူက ခင်ပွန်းသုံးဆက်ကွာရှင်းခဲ့ပြီးသူ"

"အို. . ."

"ပြီးတော့ကိုယ်တို့ရဲ့နတ်သျှင်နောင်၊ သူဟာသေသည်အထိ ဒိကြင်ယာတော်တစ်ဦးတည်းကိုပဲ လက်ထပ်ပြီးသူ့အချစ်ကို နှောင်းလူတို့အံ့မခန်းဖြစ်အောင် မေတ္တာစာတွေဖွဲ့ခဲ့တဲ့တောင်ငူဘုရင်. . . အဲ. . . သူသိပ်ချစ်မြတ်နိုးရှာခဲ့တဲ့ ရာဇဓာတုကလျာဟာလည်း မိဖုရားမုဆိုးမ"

"တော်ပါတော့ ကိုရယ်. . . နန္ဒာစိတ်သက်သာရာရအောင် ကိုယ်လျှောက်ပြောနေတာသိပါတယ်. . . ကိုယ့်ရဲ့မြင့်မြတ်လွန်းတဲ့ စိတ်ထားနဲ့ ယောကျ်ားပီသလွန်းတဲ့ခွင့်လွှတ်နိုင်မှုတွေကို နန္ဒာလေ . . . နန္ဒာ"

"ပြောလေ ချစ်ရဲ့. . . အို. . . ဘာလို့ငိုရပြန်တာလဲကွယ်"

"နန္ဒာအဖြစ်ကို. . . နန္ဒာ ယူကြုံးမရဘူး၊ပြီးတော့. . . ကို့ကို နန္ဒာ သိပ်ချစ်တယ်. . . သိပ်ချစ်တာပဲ"

"အဟား. . . ဟား. . . ချစ်တယ်ဆိုတဲ့ စကားကို ငိုပြီး မပြောရဘူးဗျ၊ သားဦး မျက်လုံးပြူးတတ်တယ်"

"အို"

"ဟုတ်တယ်. . . ဒုတိယကလေးကျတော့ မျက်လုံးမှေးတတ်တယ်"

"ကိုရယ်လေ. . ."

"ကဲ. . . ဒီမှာ ကို့ကိုချစ်လား. . . ပြော"

"သိပ်ချစ်ပေါ့"

"ဒါဖြင့် ကိုစိတ်ချမ်းသာစေချင်လား၊ စိတ်ညစ်စေချင်လား"

"မေးနေရသေးလား ကိုရယ်"

"မေးတာကောင်းကောင်းဖြေပါ ကန်မလေး"

ကိုက ကုလားလေသံနှင့် ပြောနေပြန်သည်။ နန္ဒာနွယ်စိတ်ပြေပါစေရန် ဟာသနှော၍ ပြောနေရှာခြင်းပါ။

"စိတ်ချမ်းသာစေချင်တာပေါ့၊ ဒါကြောင့်လည်း နန္ဒာရဲ့ နွမ်းနေတဲ့"

"တော်ပြီ. . . မေးတာပဲဖြေပါ"

ကိုက ခပ်တည်တည်ကြီးနှင့် ပြောလာပြန်၍ နန္ဒာနွယ်ပင်လျှင် ရယ်ချင်စိတ်ပေါက်လာမိသည်။

"နန္ဒာလေး"

"ရှင်"

"ကို့ကိုချစ်တယ်နော်"

"နန္ဒာဖြေပြီးပါပြီလေ"





"ကဲဒါဖြင့် ကိုစိတ်ချမ်းသာ ပျော်ရွှင်တာကို ကြည့်ချင်တယ် မဟုတ်လား"

"ဒါပေါ့ ကိုရယ်"

"အဲဒါဆို ချစ်မငိုနဲ့"

"ဟင်"

"ပြီးတော့ အားလုံးကိုမေ့ပစ်လိုက်"

"အို"

"ကဲ. . . ပြော၊ ကို့စကားကိုနားထောင်မလား. . . ပြော"

"ဩော်. . . နန္ဒာ့အတွက် နန္ဒာ့ဘက်ကချည်း ကြည့်ပေးနေရှာတဲ့ ကိုရယ်၊ နန္ဒာ့အနေနဲ့ ကိုသာခွင့်လွှတ်ကြည်ဖြူနိုင်မယ်ဆိုရင် နန္ဒာ့လောက်ဝမ်းသာကြည်နူးရမယ့် မိန်းကလေး ဒီကမ္ဘာမှာ ရှိနိုင်ပါသေးရဲ့လားရှင်"

မိုးငွေ့မိုးစက်များပါသော လေပြည်လေညင်းသည် နန္ဒာနွယ်၏ တစ်ကိုယ်လုံးကို ခြုံငုံတိုက်ခိုက်လာသော်လည်း. . .။

ကိုစောနောင်ထံမှ ရရှိသော မေတ္တာလေပြည် လေအေးလောက် နန္ဒာနွယ်၏ အသည်းနှလုံးကို မအေးမြစေနိုင်ပါတကား။

* * *

အခန်း(၃၁)

နန္ဒာနွယ်၏အခန်းမှ တစ်ညနေခင်းနှင့် တစ်ညဦးလုံး အပြင်သို့မထွက်တော့. . . ဘယ်သူ့ကိုမှလည်း မတွေ့ချင်တော့ပါ။ ဘယ်သူနှင့်မှလည်း မရင်ဆိုင်ချင်၊ ဆွဲယူဖယ်ပစ်၍ရသော အရာသာဆိုပါလျှင် ဤတစ်ညတာနှင့် နောက်တစ်နေ့ကို ချေဖျက်ပြီးပျောက်ပျက်သွားစေချင်လှပါသည်။

အန္တရာယ်ဆိုးညများ ဖြစ်ထွန်းရာ ဤသဥ္စာမွန်မှာလည်း ယနေ့ည မနေလိုတော့ပါ။

မနက်ဖြန် ကောင်းကင်ယံခရီးအတွက် အကြာကြီးလေဆိပ်မှာစောင့်ရမည်။ လေယာဉ်အတူစီးပြီး ခရီးဆုံး မင်္ဂလာဒုံတွင် ပစ္စည်းရွေးယူဖို့ တမေ့တမော စောင့်ရဦးမည့်အချိန်များတွင် ယောက္ခမလောင်းကြီး ဦးကောင်းမြတ်နှင့် မျက်နှာချင်းဆိုင်နေရမည့် အဖြစ်





များမှ ကျော်လွှားသွားစေချင်လှပါသည်။

"လာ. . . ဦးကောင်းမြတ်၊ ဒီမှာပဲ စကားပြောကြရအောင် တစ်နေ့လုံး ဟိုဟာမကိစ္စနဲ့ လုံးလည်လိုက်နေလို့ မနက်ဖြန်ပြန်မယ့် ဦးကောင်းမြတ် တောင် ပြောစရာဆိုစရာလေးတွေ မပြောရသေးဘူး. . ."

လဲလျောင်းနေရာမှ ဒေါ်ကြက္ကန္ဒာ၏အသံကြောင့် လန့်ဖျပ်ရင်း လူးလဲထမိသည်။

နန္ဒာနွယ်၏ အရှေ့ဘက်ခန်းသည် စာကြည့်ခန်းဖြစ်ပါ၏။ အနောက်ဘက်က စတိုခန်းဖြစ်သည်။

ယခု ဒေါ်ကြက္ကန္ဒာ၏အသံများကို စာကြည့်ခန်းဆီမှ ကြားလိုက်ရခြင်းပါ။

မြင့်မားသော အခန်းများ၏ ထိပ်ဘက်တွင် ယိုးဒယားပန်းခက်နွယ်များနှင့် အခန်းတိုင်းတွင် ကာရံထားပါ၏။ လေပေါက်ပါသော ပန်းခက်နွယ်များကြားမှ စကားသံများကို အတိုင်းသားကြားသာနေရပါ၏။ လူချင်းဖြင့် မမြင်နိုင်။

"ဟိုဘက်ခန်းက ဟိုကလေးမလေးအခန်းမဟုတ်လား"

"ဪ. . . အင်း. . . အရင်က ဟုတ်တယ်၊ ခုတော့ ရှက်တော်မူလို့ဆိုပြီး နောက်ဘက်အဆောင် ပြောင်းနေတယ်လေ"

ဒေါ်ကြက္ကန္ဒာ၏စကားများသည် နန္ဒာနွယ်၏ရင်ကို သွက်သွက်ခါစေပါပြီ။

တမင်ဘက်ဆင်၍ ဦးကောင်းမြတ်နှင့် သည်အခန်းမှာလာ၍ စကားပြောကြားခြင်းပါ၊ မိမိကြားသာအောင်ပါ။

နန္ဒာနွယ့်အနေနှင့်လည်း "ကျွန်မဒီမှာရှိနေတယ်၊ အတင်း မပြောကြပါနဲ့" ဟူ၍ ပြောရေးဆိုခွင့်ရှိသော အခြေအနေမဟုတ်ပါ ကြောင်း ဒေါ်ဣန္ဒာ သိရှိပြီးသားပါ။

"ဘာများပြောစရာရှိလို့လဲ မဣန္ဒာ"

"ဩော်. . . ပင်းတယက လိမ္မော်ခြံကိစ္စပါ၊ ကျွန်မအနေနဲ့ နှစ်နှစ်စာငွေမချေနိုင်သေးပေမယ့်၊ စာရင်းနဲ့အင်းနဲ့ အကိအကျရှိ ပါတယ်၊ ရပ်စောက်ဘက်က ငွေတွေပေါ်လာတာနဲ့ အပြေချေပါ့မယ် လို့"

"ရပါတယ်. . . ပြောနေရမယ့် လူချင်းမှမဟုတ်ဘဲ မဣန္ဒာ ရယ်. . ."

"ဟုတ်ကဲ့၊ ကျွန်မလည်း ရထားတဲ့ပစ္စည်းလေးတွေ မထုခွဲ ချင်လို့ပါ၊ မဟုတ်ရင်တော့. . ."

နန္ဒာနွယ်မှာ ခေါင်းအုံးပေါ်သို့ အသာယာလေး ပြန်လှဲချ လိုက်ရပါသည်။ တစ်ခါတစ်ရံ လူသားများသည် ကိုယ်လိုချင်သော ဘက်သို့သာ ဆွဲယူတွေးခေါ်တတ်ကြပါလားဟု တွေးနေမိဆဲ. . .

"ဒီအိမ်ကြီးရဲ့ ထိန်းသိမ်းမှုကိုဖြင့် ဘယ်သူကမှ စိတ်မဝင် စားကြပဲနဲ့ လိုချင်လိုက်ကြတဲ့ အမွေတွေ၊ ဦးကောင်းမြတ် သိတဲ့၊ မြင်တဲ့၊ ကြားတဲ့အတိုင်းပဲ ဒီအိမ်ကြီးကို ရောက်လာကြ၊ သတ်ကြဖြတ် ကြ၊ ဒုက္ခပေးကြနဲ့၊ နောက်ဆုံးတော့ သူတို့အကုသိုလ် သူတို့ဖိစီးသွား ကြတာ၊ ဦးကောင်းမြတ် မြင်တဲ့အတိုင်းပဲ"

ဒေါ်ဣန္ဒာမှာ လူသတ်မှုတွင် ပူးပေါင်းကြံစည်နေသည်ဟု နန္ဒာနွယ်တို့ကအစ ထင်မြင်မိကြသော်လည်း တကယ်တန်းတွင် သည်





မျှလောက် မဆိုးဝါးပါ။

မကောက်ကျစ်သော်လည်း မကောင်းသည်ဖြင့် အမှန်ပါ၊ သက်ဆိုင်ရာမိသားစုသို့ သက်ဆိုင်မှုပစ္စည်းများ ခွဲဝေပေးသင့်သော် လည်း မခွဲဝေပေးသေးသည်က သူ့လောဘပါ။

ယခု သူ့အနေနှင့် ပိုမိုထောင်လွှားထိုက်သည်။ မိတ္ထီလာမှ ဦးသီဟကလည်း အမွေအတွက် သားနှင့်သမီးဆုံးရပြီးမှ ဘာမှလာ၍ မပြောနိုင် မဆိုနိုင်တော့ပါချေ။

ပင်းတယမှ ဦးဝဏ္ဏနှင့် ဒေါ်ကြာငုံတို့ကလည်း သူ့သား လူသတ်သမား "စောမင်းညို"အတွက် ခေါင်းမဖော်နိုင်လောက်အောင် ဖြစ်သွားရပါ၍ သဥ္ဇာမွန်၏အရိပ်သို့ပင် မချဉ်းကပ်ဝံ့ကြသော အခြေ အနေ. . .။

နန္ဒာနွယ်သည်လည်း စိန်လည်ဆွဲခိုးယူသူနှင့် အရှက်ရခဲ့သူ အဖြစ်နှင့် ဘယ်သောအခါမှ သဥ္ဇာမွန်သို့ ပြန်လာဖြစ်မည့်သူ မဟုတ် တော့ပါ။

သည့်အတွက် ဤအိမ်ကြီး၊ ဤပစ္စည်း၊ ဤသမီးနှင့် ဦးယက္ခ တို့နှင့်အတူ တပျော်တပါးကြီး စံစားရတော့မည့်အခြေအနေပါ။

သစ္စာရှိကျေးကျွန်အဖြစ်နှင့်လည်း ဒေါ်စောနန်းနှင့် ဦးသြတ တို့က အဆင်သင့်ပါ။

နန္ဒာနွယ် အတွေးလွန်နေစဉ် ဒေါ်ဣန္ဒာတို့ထံမှလည်း စီးပွား ရေးစကားများ ပြောဆိုနေကြခြင်း ဖြစ်ပါ၏။ ယခုမှ. . .

"ကျွန်မ ရှင်းရှင်းပဲမေးပါရစေလား ဦးကောင်းမြတ်ရေ. . . မောင်နှမချင်းလို သဘောထားမျိုးနဲ့ပါ"

"ပြောပါ မက္ကန္ဒာ"

"ကျွန်မတူမကို မောင်စောနောင်က တစ်ခါတည်း ခေါ်သွားမယ်ဆိုပါလား၊ မရွှေနန္ဒာကတော့ အထုပ်အပိုး ပြင်နေပြီလေ. . . အဲဒါ"

နန္ဒာနွယ်မှာ ကုတင်ပေါ်မှ မူးမိုက်ကျသွားမတတ် ရင်လှုပ်လှုပ်ခါရပြန်ပါပြီ။

"အဲဒါ ဦးကောင်းမြတ်ကရော. . . ဘယ်လိုသဘောရသလဲလို့"

"အင်းလေး. . . သူနဲ့ပေါင်းရမှာ သူကြည်ဖြူတယ်ဆိုရင်တော့. . ."

"သြော်. . . ဦးကောင်းမြတ်ရယ်၊ ကြည်ဖြူတယ်ဆိုတာကလည်း ခုလို အချစ်မှွန်နေတုန်းသာဖြစ်မှာပေါ့. . . နောင်ကျရင် ယောက်ျားပဲရှင်. . ."

"မက္ကန္ဒာက မက္ကန္ဒာတူမကို သားကတစ်သက်လုံး မကြည်ဖြူ မမြတ်နိုးမှာစိုးလို့လား. . . ဟုတ်လား"

နန္ဒာနွယ် အသက်မရှူရဲတော့။

"အင်း. . . သွေးသားစိတ်နဲ့ အဲဒါလည်းပါတယ်၊ ပြီးတော့"

ဒေါ်ကြန္ဒာ စကားရပ်ထားသည်။ အလှပဆုံးစကားလုံးကို သူရှာနေပုံရ၏။

"ဦးကောင်းမြတ်တို့ သားအဖကိုလည်း ကျွန်မမောင်တွေထက် အားကိုးတယ်၊ ကျွန်မကျေးဇူးရှင်တွေလည်းဖြစ်လို့ ဒီလိုကိစ္စကို ဦးကောင်းမြတ်အနေနဲ့ ဘယ်လိုဆန္ဒရှိပါသလဲလို့ သိချင်လို့ပါ"





"အင်း. . . ခက်တယ်ဗျာ"

"မောင်စောနောင်ဟာ ပညာတတ်တယ်၊ လိမ္မာယဉ်ကျေးတယ်၊ ပြီးတော့ သိပ်ချမ်းသာတယ်၊ ကိုယ့်သားရဲ့အရည်အချင်းတွေကို ဦးကောင်းမြတ်က ပိုသိမှာပါလေ. . . ဒါကြောင့်. . ."

"ကျွန်တော်ကတော့ တစ်ခုပဲစိတ်ပူမိပါတယ်"

"ဘာများလဲရှင်"

"သြော်. . . သားရဲ့အိမ်ထောင်ရေးမှာ အမည်းစွန်းကြီးပါလာတဲ့အတွက်. . ."

"ဟုတ်ကဲ့. . . ဟုတ်ကဲ့. . ."

"တစ်ချိန်မဟုတ်တစ်ချိန်၊ တစ်နေရာမဟုတ်တစ်နေရာ ဒီကိစ္စကြီးဟာ ရိုက်ခတ်လာမှာပဲ၊ ဒါဆို သားလေးစိတ်ဆင်းရဲသွားမှာ စိုးရိမ်မိတယ်"

"ဟုတ်တာပေါ့. . . သိပ်ဟုတ်တာပေါ့ရှင်. . ."

"ဆင်းရဲတာ ချမ်းသာတာကို ကျွန်တော် မရွေးစေချင်ပါဘူး၊ သားလေးရဲ့အိမ်ထောင်ရေးမှာအပြစ်မဲ့တဲ့အိမ်ထောင်ဘက် တွေ့ရစေချင်တာတစ်ခုပါပဲ၊ အင်း. . . ခုတော့. . . ခုတော့လည်း ဘယ်တတ်နိုင်ပါ့မလဲ မက္ကန္ဒာရယ်. . . သူက ခေါ်ခဲ့မယ်ဆိုတာကို"

"ကျွန်မလည်း မျက်နှာပူပါရဲ့ ဦးကောင်းမြတ်ရယ်၊ မိန်းကလေးကိုကလည်း ကပါတယ်၊ ကြည့်ပါဦး. . . ယောက်ျားလေးအိမ်ပေါ်မှာ သွားဖြစ်ရတယ်လို့. . . သူဘယ်လိုငြင်းငြင်း တစ်နေ့မောင်စောနောင် စိတ်ပျက်လာမှာပဲ၊ ဒါကြောင့် ကျွန်မတို့တော့ ကျွန်မသမီး စာစုမြတ်ကို သိပ်ပြီးထိန်းသိမ်းထားတယ်၊ မှဲ့တပေါက်မစွန်းစေရဘူး"

"ပြောမနေနဲ့တော့ မင်္ဂလာနန္ဒာရေ . . သူတို့အိမ်ထောင်ရေးမှာ ရိုက်ခတ်မှုတွေမလာဘဲ၊ သာယာကြပါစေလို့သာ ဆုတောင်းရတော့မှာပဲ"

"အိမ်ထောင်ရေးအမည်းစွန်း"

"အိမ်ထောင်ရေးရိုက်ခတ်မှု"

နန္ဒာနွယ်မှာ ခေါင်းအုံးပေါ်သို့ မျက်နှာကိုလှိမ့်မှောက်ပြီး ကြီးစွာသော ရှိုက်ငင်ခြင်းဖြင့် ငိုကြွေးမိပါသတည်း။

* * *



## အခန်း(၃၂)

ထိုညက မိုးသည်းသည်းရွာပြန်သည်။

ကိုစောနောင်မှာ အိပ်မပျော်နိုင်။ နန္ဒာနွယ်ရှိနေရာသို့ သွားရောက်ပြီး ထွေးပွေ့ယုယချင်လှသည်။

ငိုနေရှာမည့်ချစ်သူလေး၏မျက်နှာ ညှိုးရာမှ လန်းလာအောင် ညနေဦးကလို ရယ်ရွှင်ဖွယ်လေးများနှောပြီး၊ အနားမှာ တတွတ်တွတ် ထိုင်ပြောနေချင်မိသည်။

"နေပစေတော့လေ. . . ဒီတစ်ညပဲ တို့ချစ်သူနှစ်ယောက် တစ်အိမ်ထဲနေပြီး ဝေးနေကြရမယ့်အဖြစ်ပါ၊ မနက်ဖြန်ကစပြီး ငါ့ရဲ့ ချစ်နန္ဒာကို ငါပိုင်ဆိုင်ရတော့မှာပဲ"

မိုးက ပိုသည်းလာသည်။ လေကလည်း ထန်လာပါ၏။ မှန်ပြတင်းပေါက်များ ပိတ်ထားသော်လည်း အေးစိမ့်သောလေက အခန်း

ထဲသို့ တိုးဝင်ဝဲလှည့်လာသည်။

"သား. . . စောင့်ခြုံထား၊ အေးလာပြီ"

တစ်ခန်းတည်းရှိ တစ်ဖက်ကုတင်မှ ဦးကောင်းမြတ်က ပြောလိုက်သည်။ ကိုစောနောင် နာခံရပါ၏။ ဤစောင်မှာရသော အနွေးဓာတ်သည် ဖခင်ပေးသော မေတ္တာငွေ့များအဖြစ်နှင့် ကိုစောနောင် ခံယူမိပါ၏။

"သားဆုံးဖြတ်ပြီးပြီလား"

တစ်ဖက်ကုတင်မှ ညင်သာစွာ ဦးကောင်းမြတ်က မေးလာပါ၏။

"ဘာကိုလဲ ဖေဖေ. . ."

"နန္ဒာ့ကိစ္စပေါ့"

"သားဆုံးဖြတ်ပြီးပါပြီ ဖေဖေ"

"ခေါ်သွားမယ်ပေါ့"

"ဟုတ်ကဲ့"

"ငါ့သားတစ်သက်တာအတွက်ရော ဆုံးဖြတ်နိုင်ရဲ့လား"

"ဖေဖေ ဘာကိုပြောတာလဲဟင်"

"နန္ဒာ့ကို လက်ထပ်ပြီးရင် သားတစ်သက်လုံး မြတ်နိုးနိုင်ပါ့မလား သား. . ."

"မြတ်နိုးနိုင်ပါတယ် ဖေဖေ၊ နန္ဒာဟာ အပြစ်မဲ့ပါတယ်၊ ဖေဖေရယ်၊ အပြစ်မဲ့သူကို ခွင့်လွှတ်ကြည်ဖြူသင့်ပါတယ်၊ ပြီးတော့ နန္ဒာ့ကို သားရဲ့တစ်သက်စာချစ်မြတ်နိုးနိုင်ပါတယ်လို့လည်း ခိုင်ခိုင်မာမာ ယုံကြည်ပြီးပါပြီ"





"အဲဒါကတော့ ငါ့သားက ခုချိန်မှာ သိပ်မြတ်နိုးနေချိန်၊ အိမ်ထောင်ရေးကျလာပြန်တော့ အမည်းစွန်းကင်းစင်တာတောင် ပြဿနာဆိုတာ ရှာကြံပြီး ပေါ်လာတတ်တယ် သား. . ."

ဦးကောင်းမြတ်က သူ့အိပ်ရာမှ ထလိုက်သည်၊ သားအဖနှစ်ယောက်၏ ကုတင်ကြားတွင် ခြားထားသောခေါင်းရင်းဘက်ဆီမှ စာကြည့်စားပွဲ၏ရှေ့တွင် လာရပ်ပြီ. . .

"ကိုယ့်မိန်းမဟာ သူများချစ်သူဖြစ်ခဲ့ဖူးရင်တောင် ဝေဒနာဟာ လာလာပြီးရိုက်ခတ်တတ်တယ် သား"

"ဖေဖေရယ်. . . နန္ဒာနွယ်နဲ့ပတ်သက်လာရင် သားမှာခံနိုင်ရည်ရှိမှာပါ၊ ပြောချင်တာပြောကြပါစေ. . ."

"သားအနေနဲ့ကတော့ နန္ဒာနွယ်က သိပ်လှနေတော့ အပြစ်မမြင်နိုင်လောက်အောင် ချစ်မှာပေါ့လေ. . . ဒါပေမယ့် ဒီနေ့အချိန်ရှိသေးတယ်၊ သားစဉ်းစားစေချင်သေးတယ်"

ကိုစောနောင်လည်း စိတ်ညစ်ညူးစွာ ကုတင်ပေါ်မှာပင် ထထိုင်လိုက်သည်။ ဦးကောင်းမြတ်ကလည်း စာကြည့်စားပွဲမှ ကုလားထိုင်တွင် ဝင်ထိုင်ပါ၏။ သားအဖချင်း မျက်နှာချင်းဆိုင်. . .

"ဖေဖေ့အနေနဲ့ ပြောရရင်တော့ နန္ဒာနွယ်ဟာ အခြေအနေမဲ့သလိုဖြစ်နေလို့ သိပ်သဘောမတူလှပါဘူး၊ ဒါပေမယ့် သားက ချစ်မြတ်နိုးတယ်ဆိုတော့လည်း မကန့်ကွက်ခဲ့ပါဘူးလေ၊ သြော်. . . မိနဲ့ဘနဲ့ တောင့်တောင့်တင်းတင်း ခြေခြေမြစ်မြစ်မရှိပေမယ့်၊ ဆင်းရဲပေမယ့်၊ နန္ဒာဟာ ရိုးသားတယ်၊ အပျိုစင်လေးဖြစ်တယ်၊ ပြီးတော့ လှတယ်ဆိုတဲ့ ဂုဏ်ပုဒ်တွေကြောင့် ဖေဖေလိုက်လျောခဲ့တယ်သား"

"ဟုတ်ပါတယ်. . . ဖေဖေ"

"ဒါပေမယ့် ဖေဖေနှစ်ခြိုက်ခဲ့တဲ့အရည်အချင်းတွေ နန္ဒာ့မှာ မရှိတော့ပါလားကွယ်. . ."

"ဗျာ. . . ဘ[illegible]ကိုလဲ ဖေဖေ"

"ဩော်. . . စိန်လည်ဆွဲအတွက် သားတစ်ဝက်လျော်ပါရစေ ဆိုတာကိုတောင် ဖေဖေကြည်ဖြူခဲ့တယ်လေ၊ ဒါပေမယ့် ဒီစိန်လည်ဆွဲကို သူနဲ့သူ့ကောင်လေးနဲ့ပေါင်းပြီး ခိုးယူထားကြတယ် မဟုတ်လား"

"မဟုတ်ဘူး ဖေဖေ၊ မဟုတ်ဘူး. . . နန္ဒာဟာ ဒီလောက်တောင် မကောက်ကျစ်ပါဘူး ဖေဖေရယ်"

"ဒါက သားက သူ့ကိုသိပ်ချစ်နေလို့ အပြစ်မမြင်တာဖြစ်မှာပေါ့၊ သူ့လည်ပင်းကနေ မက္ကန္ဒာကိုယ်တိုင် ဖြုတ်ယူလာခဲ့ရတယ်ဆိုတာ ငါ့သားလည်း အသိပဲလေ. . ."

"သားဖက်မှာ ငြင်းနိုင်လောက်စရာ အထောက်အထားတော့ မရှိပါဘူး ဖေဖေ၊ ဒါပေမယ့် နန္ဒာ ဒီလိုမခိုးယူပါဘူးဆိုတာတော့ သား ယုံကြည်တယ်"

ဦးကောင်းမြတ်က သားဖြစ်သူကို စိတ်ပျက်စွာကြည့်လိုက်ပြီး သက်ပြင်းချလိုက်သည်။

"အေးပေါ့. . . သားရယ်၊ သားရဲ့ အိမ်ထောင်ရေးမှာတော့ ဖေဖေဝင်ပြီး မဟန့်တားသင့်ဘူးပေါ့၊ သားလည်း အရွယ်ရောက်နေပြီကို. . ."

"ဒါပေမယ့် ဖေဖေကျေနပ်တာကိုလည်း သားကဖြစ်စေချင်ပါတယ်"





"ဖေဖေကျေနပ်တဲ့အတိုင်းသာ အိမ်ထောင်ရေးကို တည်ဆောက်စတမ်းဆိုရင်တော့ သားကို စောစုမြတ်နဲ့ လက်ထပ် ပေးမယ်"

"သားမှ ဒီမိန်းမကို ချစ်လို့မရဘဲ"

"ဟုတ်ပါတယ်၊ ဒါကြောင့် ယူပါ[illegible] မပြောပါဘူး၊ ဖေဖေ့ဆန္ဒကိုသာ ပြောပြတာပါ. . . စောစုမြတ်တို့ သားအမိမှာ ဘာပဲပြောပြော ငွေကြေးက တောင့်တင်းပြီးသား၊ ပြီးတော့ စောစုမြတ်က ဘာမှဲ့တစ်ပေါက်မှ မစွန်းဘူး"

ကိုစောနောင် မျက်နှာကို ခါခနဲနေအောင် လွှဲပစ်လိုက်သည်။ ဘာမှဖြင့် မပြောပါ။

"ထားပါတော့. . . ဖေဖေ့ဆန္ဒကိုသာ ပြောတာပါ၊ စောစုမြတ်ကို သားမယူပါဘူးဆိုတာ ဖေဖေသိပါတယ်၊ ခွင့်လွှတ်ပါတယ်"

"ဒါဖြင့် နန္ဒာနွယ်ကို သားလက်ထပ်မှာတော့ ဖေဖေ ခွင့်မလွှတ်နိုင်ဘူးလား"

"ခွင့်လွှတ်ပါတယ်၊ သား. . ."

"ဗျာ. . ."

"ဒါပေမယ့် ဖေဖေ သားအတွက် စိတ်မကောင်းဘူး၊ ငါ့သားလေးကို နှမြောနေသလိုပဲ"

"ဩော်. . . ဖေဖေရယ်၊ သားက ယောကျ်ားပဲ၊ အားလုံးပြည့်စုံပြီးသားပဲ"

"ပြည့်စုံလို့ နှမြောတယ် ပြောတာပေါ့"

"ခွင့်လွှတ်တယ်ဆိုရင် ထားလိုက်ပါတော့ ဖေဖေရယ်"

"ခွင့်တော့ လွှတ်ပါတယ်၊ ထားလိုက်လို့တော့ မရဘူးသား၊

နန္ဒာနွယ်ရဲ့ စာရိတ္တနဲ့ တို့သားအဖရဲ့ ကြွယ်ဝချမ်းသာမှုတွေအတွက်လည်း စိတ်မချတာကတစ်ကြောင်း. . ."

"ဗျာ. . ."

"ပြီးတော့. . ငါ့သားရဲ့အိမ်ထောင်ရေးမှာ အမည်းစွန်းကြီးပါလာရတော့မယ့် နှစ်ချက်အတွက် ဖေဖေ စိတ်မကောင်းမိတာပါပဲ"

"ဟင်း. . ."

ကိုစောနောင် သက်ပြင်းသာ ချမိသည်။ ဘာပြန်ပြောရမှန်းလည်း မသိတော့. . .။

ဖခင် စိတ်ပျက်နေသည့် ပထမအချက်ကိုဖြင့် မဖြစ်နိုင်ပါဟု ကိုစောနောင် ယုံကြည်မိပါသော်လည်း၊ ဒုတိယအချက်အတွက်ကိုဖြင့် ငြင်းချက်မထုတ်နိုင်ပါ။

ဘာပဲဖြစ်ဖြစ် နန္ဒာ့အပေါ် ခွင့်လွှတ်နိုင်ရမည်။ ပတ်ဝန်းကျင်ထံမှ ရိုက်ခတ်လာမည့်ဒဏ်ကို ခံနိုင်ရည်ရှိရပါမည်ဟူ၍သာ ကိုယ့်စိတ်ကို ကိုယ်တင်းထားရပါပြီ။

"ခွင့်လွှတ်တယ်ဆိုရင် ကျေနပ်လို( )ါတော့ ဖေဖေရယ်၊ ကဲ. . . ဖေဖေ အိပ်တော့လေ၊ မနက် လေယာဉ်စီးရမှာဆိုတော့ အိပ်ရေးဝအောင် အိပ်ပါ. . ."

"ကောင်းပြီ. . . ငါ့သားလည်း အိပ်တော့လေ"

"ဟုတ်ကဲ့. . . ဖေဖေ"

ဟုတ်ကဲ့ ဆိုသော်လည်း အိပ်ရာထဲ မလှဲဖြစ်နိုင်သေး။

အပြင်တွင် မိုးမစဲသေးပါ။ အိမ်ထဲရှိ အခန်းများထဲမှ ထွက်နေသော မီးရောင်တန်းအောက်တွင် မိုးစက်မိုးပေါက်လေးများသည်





ငွေရောင်အဆင်းဖြင့် တဖျပ်ဖျပ်တောက်ပရင်း သက်ဆင်းကြွေကျနေကြသည်။

ချစ်လှစွာသော နန္ဒာနွယ်၏အခန်းဆီမှလည်း မီးရောင်တန်းကို မြင်နေရသည်။

"ဩော်. . . နန္ဒာလည်း မအိပ်နိုင်သေးပါလား၊ ဖေဖေနဲ့ပါ အားလုံးပြေလည်ကြပြီးမှ ဖေဖေ့အတွက် အချက်နှစ်ချက် စွန်းကွက်ပေကျံသွားရတယ်၊ အဲဒီအဖြစ်တွေကိုများ ချေဖျက်ပစ်လို့ရရင် ကိုယ့်ရဲ့ အားမာန်တွေသုံးပြီး ချေဖျက်ပစ်ချင်လိုက်တာ နန္ဒာရယ်"

"ဘာပဲဖြစ်ဖြစ် ဖေဖေလည်း စိတ်ချမ်းသာပါစေ၊ ချစ်သောနန္ဒာလည်း ကြည်မွေ့ပြုံးပျော်နိုင်ပါစေဆိုတာ ကိုယ့်ရဲ့ အဆုံးစွန်သောဆန္ဒနှစ်ခုပါပဲကွယ်"

⁂ ⁂ ⁂

## အခန်း(၃၃)

ဒေါ်စောနန်း၏ စူးစူးဝါးဝါးအော်သံကြောင့် အားလုံးလန့်နိုးကုန်ကြသည်။

"လာကြပါဦး. . . နန္ဒာနွယ့်ကို ခေါ်လို့မရတော့ဘူး"

ဒေါ်စောနန်းက နန္ဒာနွယ်၏အခန်းဝမှ ကြုံးအော်နေသည်။ သူ့အသံသည် ကြေကွဲမှုကြောင့် ငိုသံပါနေပါ၏။

ကိုစောနောင်တို့သားအဖ ရောက်သွားချိန်တွင် အခန်းထဲ၌ ဒေါ်ကြူနန္ဒာရောက်နှင့်နေပြီ။

ဒေါ်ကြူနန္ဒာက နန္ဒာနွယ်၏လက်ကို ဆွဲယူကိုင်ကြည့်ပြီး အလန့်တကြား လွှတ်ချလိုက်ပါ၏။

"အမယ်လေး. . . အေးစက်လို့ ဆုံးပြီ. . . နန္ဒာဆုံးပြီ"

"ဟာ. . . ဟာ. . ."





ကိုစောနောင်မှာ ပြေးဝင်လာပြီး နန္ဒာနွယ့်ဘေးမှလူများကို တွန်းဖယ်ပြီး ပက်လက်အနေအထားနှင့် ငြိမ်သက်နေပြီဖြစ်သော နန္ဒာနွယ်ကို အတင်းပွေ့ယူလိုက်သည်။

"နန္ဒာ. . . နန္ဒာ. . . နန္ဒာရယ်"

ပြင်းထန်လွန်းသော စိုးရိမ်ကြောင့်ကြမှုများကြောင့် ကိုစောနောင်၏အသံများ တစ်ဆို့အက်ကွဲနေသည်။

"ကွယ်. . . ဘယ်လိုဖြစ်ရတာလဲ"

ဦးကောင်းမြတ်ကလည်း စိုးရိမ်ခြင်းကြီးစွာဖြင့် ပြေးဝင်လာရှာပါ၏။

ဦးယက္ခနှင့် ဦးသြတကလည်း အခန်းဝတွင် မျက်စိပျက်မျက်နှာပျက်နှင့်ပါ။ စောစုမြတ်ကတော့ အိမ်မှာမရှိ၊ အောင်ပန်းမှာကျန်ရစ်သည်။

"ဖေဖေ. . . ဖေဖေ. . . နန္ဒာ့ကို ကြည့်ပါဦး ဖေဖေ"

ကိုစောနောင်က ဖခင်ကြီးကို အားကိုးစွာ အကူအညီတောင်းရှာသည်။

ဦးကောင်းမြတ်မှာ အတွေ့အကြုံရှိသူ၊ ရင့်ကျက်သူမို့ ကိုစောနောင်၏ ရင်ခွင်ထဲမှ နန္ဒာနွယ်၏မျက်ခွံကို လှန်ကြည့်လိုက်သည်။ နဖူးနှင့်ပါးကို စမ်းပြီး၊ ရင်ညွန့်ကို လက်နှင့်အုပ်စမ်းလိုက်ပြီးသည်နှင့်. . .။

"ဟာ. . . အသက်ရှိသေးတယ်"

"ဟင်. . . ဟင်. . . ဖေဖေ"

"ကိုယ်တွေအေးနေပေမယ့် အသက်ရှူနေသေးတယ်. . .

ကိုသြတ ကားအမြန်ထုတ်ပါ"

"ဟင်. . . ဖေဖေ၊ ဘာ. . . ဘာလုပ်မလို့လဲ"

"ဆေးရုံသွားကြမှ၊ အဆိပ်မိသွားပြီထင်တယ်"

"ဗျာ. . . အဆိပ်"

"အေး. . . ဒါတွေ ဆေးရုံရောက်မှပြောကြမယ်၊ ကိုသြတ ကားအဆင်သင့်ဖြစ်ပြီလား"

"ဖြစ်မယ်. . . ဖြစ်မယ်. . . သွားထုတ်နေပြီ"

ဦးယက္ခက ပြာပြာသလဲ ဝင်ပြောပါ၏။

"ကဲ. . . ,သား မ, အောက်ခေါ် ချသွားကြရအောင်"

ဦးကောင်းမြတ်တို့သားအဖ နန္ဒာနွယ့်ကို ပွေ့ချကြလေ၏။ ဦးယက္ခက ခုမှသတိရသလို ဝိုင်း၍ဝင်မသည်။

ဒေါ်က္ကန္ဒာကလည်း တုန်တုန်ရီရီနှင့် မျက်ရည်ဝိုင်းနေသည်။ ဒေါ်စောနန်းကဖြင့် အသံထွက်အောင်ငို၍ ကျန်ရစ်ရှာပါ၏။

ကားကို ဦးသြတ မောင်းသည်။ ဒေါ်က္ကန္ဒာနှင့် ဦးကောင်းမြတ်က နောက်ခန်းမှ စိုးရိမ်တကြီးနှင့်. . .။

မလှုပ်ရှားနိုင်သော နန္ဒာနွယ်၏ကိုယ်ခန္ဓာလေးသည် ကိုစောနောင်၏ရင်ခွင်ထဲမှာ ပျော့ပျော့ခွေခွေလေး။

ကားကို ဦးသြတက မိုင်ငါးဆယ်နှုန်းလောက်နှင့် ဤလမ်းကြမ်းပေါ်တွင် အမြန်ဆုံး မောင်းနှင်လာခဲ့သည်။

သူတို့အားလုံး ဦးတည်လာနေကြသည်က. . .

ရွှေညောင် ပြည်သူ့ဆေးရုံသို့. . .။

⁂ ⁂ ⁂



## အခန်း(၃၄)

"အိပ်ဆေးတွေ အလွန်အကျွံသောက်ထားတယ်"

"ဆေးရုံရောက်လာချိန်က နည်းနည်းနောက်ကျသွားတယ်၊ ဒါပေမယ့် ကျွန်မတို့ အစွမ်းကုန်ကြိုးစားပါ့မယ်"

ဟူသော ဆရာဝန်၏ မှတ်ချက်အပြီးတွင် ကိုစောနောင်နှင့် လူအားလုံး ဆေးရုံ၏ ကော်ရစ်တာမှာ စောင့်နေကြပါ၏။

ခွဲစိတ်ခန်းငယ်လေးအတွင်းမှာ နန္ဒာနွယ်၏အသက်ကို လုယူနေကြချိန်တွင် အပြင်တွင်စောင့်နေကြသူများအားလုံးမှာ တစ်ယောက်နှင့်တစ်ယောက် စကားမပြောနိုင်ကြ၊ သောကကိုယ်စီဖြင့်သာ. . .

ဒေါ်က္ကန္ဒာက တူမလေးအပေါ်တွင် ဆိုပြောမိခဲ့သည်များကို နောင်တရသည်ထင်ပါ၏။ ယခုမှ သူမျက်ရည်ကျနေရှာပါ၏။

ဦးညြတနှင့် ဦးကောင်းမြတ်တို့လည်း မျက်နှာမကောင်းရှာ၊ ကိုစောနောင်၏ ရင်ထဲမှာဖြင့်. . .

"နန္ဒာရယ်. . . ဖြစ်မှဖြစ်ရလေ အချစ်ရယ်"

"ချစ်ရဲ့အသက် ချမ်းသာရာရပါစေ"

"နန္ဒာ မသေပါစေနဲ့"

"ကို့ကို ခွဲမသွားဖြစ်ပါစေနဲ့လား ချစ်ရေ. . ."

ဟူသော စကားလုံးများသည်သာ နှလုံးသားတွင်းမှာ ပဲ့တင်ရိုက်ခတ်နေပါသတည်း။

မိုးစင်စင်လင်း၍ နေပင်တဖြည်းဖြည်းမြင့်လာခဲ့ပါပြီ။ အခြေအနေက မထူးခြားသေးပါ။

"ဟော. . . ဆရာတော်ဘုရား"

ရွှေညောင်မြို့၏ ပြည်သူ့ဆေးရုံလေးဆီသို့ ကြွလှမ်းလာသော ရပ်စောက်မြို့မှ ဒေါ်ကြူနွာတို့ ကိုးကွယ်သော ဆရာတော်. . .

"အေး. . . သတင်းကောင်းပါးရအောင် လိုက်လာခဲ့ရာက သဥ္စာမွှန်ကျတော့ ဒီလို ဒီအကြောင်းကြားတာနဲ့ ကျုပ်ဆက်ပြီးလိုက်လာခဲ့တာ၊ ဘယ်မလဲ. . . ကလေးမလေး"

"အခန်းထဲမှာဘုရား. . . သတိမရသေးဘူး"

"ကျုပ်သွားကြည့်ပြီး မေတ္တာပို့ခွင့်တောင်းဦးမယ်"

"ကြွပါဘုရား. . . ကောင်းပါ့ဘုရား"

ဒေါ်ကြူနွာက လက်အုပ်ချီရင်း အားကိုးတကြီး လျှောက်ထားလိုက်သည်။

ဆရာတော်ကို ကြည်ညိုပြီးသား ဗုဒ္ဓဘာသာဝင်ဆရာဝန်မ၏





ခွင့်ပြုချက်အရ လူနာကိုကြည့်ခွင့်ရသည်။ နှာခေါင်းတွင် အောက်စီဂျင်ပိုက်တပ်ရင်း အသက်ပြင်းစွာ ရှူရှိုက်နေရှာသော နန္ဒာနွယ်၏ ခေါင်းရင်းမှ ဆရာတော်သည် တိုးတိတ်စွာကြိတ်၍ မေတ္တာပို့ဝေနေရှာပါ၏။

စေတနာရှင် ဆရာဝန်များ၏ ကြိုးစားပမ်းစား ကုသချက်များနှင့်. . .

မေတ္တာရှင်ဆရာတော်ဘုရား၏ မေတ္တာပို့ဝေမှုများကြောင့် နန္ဒာနွယ် ပြန်လည်သတိရလာခဲ့ပါပြီတည်း။

"စိတ်ပူရတဲ့ဝေဒနာသာ သေတတ်ရင် ကိုယ်က ချစ်ရှေ့က အရင်သေနှင့်နေပြီသိရဲ့လား"

"နန္ဒာ့ကို ဘာလို့ ကယ်ကြတာလဲကိုရယ်"

"ဘယ်လိုပြောလိုက်တာလဲချစ်၊ ဒါနဲ့ကို့ကို ဘာလို့ ချစ်တယ်လို့ ညာပြောရတာလဲဟင်. . ."

"နန္ဒာ ဘယ်မှာညာလို့လဲ"

"ညာတာပေါ့၊ ပြောတဲ့အတိုင်းသာ ချစ်တယ်ဆိုရင် ကို့ကို ဒီလိုနှိပ်စက်ရက်မလား၊ ကိုယ်တစ်ယောက်ထဲထားခဲ့ပြီး နန္ဒာ ခွဲသွားရက်မလား"

"ဩော်. . . ဒါကတော့. . ."

ပမ်းလျနေသော နန္ဒာနှယ်မှာ စကားကိုရှည်ကြာအောင် မပြောနိုင်၊ ရင်ထဲမှပြောကြားလိုသော ဆန္ဒလေးများသည် မျက်ရည်ကြည်လေးအဖြစ်နှင့်သာ မျက်ဝန်းမှာဝေ့ဝဲလာပါ၏။

"ပထမတော့ အဆိပ်မိတာလို့လည်း သိရရော ကိုယ်ဖြင့်လေ တစ်အိမ်လုံးကိုလျှောက်ပြီး မကောင်းထင်မိတာ. . . သိလား"

"အင်. . ."

"နန္ဒာ့ကို အဆိပ်ခတ်သတ်ပစ်ကြတယ်လို့ ထင်မိတာ. . . နန္ဒာလည်း တကယ်သေသွားမယ်၊ တရားခံလည်း မိမယ်ဆိုရင်လား၊ ဟင်း. . . ကိုယ့်လက်နဲ့ ကိုယ်ပြန်လက်စားချေပစ်မယ် သိရဲ့လား"

"ကိုရယ်. . . ဒီတိုင်းဆို နန္ဒာမသေတာက ကောင်းသေးတာ ပေါ့နော်. . ."

"အေးလေ. . . ဒါကြောင့် ကိုယ့်ကို တကယ်မချစ်လို့ ဒီလိုလုပ်ရက်တာလို့ စွပ်စွဲရတာပေါ့ဗျာ"

"နန္ဒာ ကတော့လေ. . ."

"ဖြည်းဖြည်းပြော နန္ဒာ"

"နန္ဒာကတော့. . . နန္ဒာသေရင်ပြီးရော၊ အားလုံးအေးငြိမ်းရော မှတ်တာ၊ ပြီးတော့လေ. . ."

"အင်း. . . ဘာဖြစ်လဲ"

"ကိုနဲ့ နန္ဒာနဲ့ မထိုက်တန်ဘူး ထင်လို့"

"အိုကွာ. . . နန္ဒာကလည်း မပိုနဲ့လေ"

"တကယ်ပါ. . . ကိုကိုချစ်လွန်းလို့ ကိုနဲ့မထိုက်တန်ဘူးထင်





လို့. . . နန္ဒာ အိပ်ဆေးတွေသောက်ပြီး သတ်သေပေးတာ သိရဲ့လား"

"သတ်သေပေးတာ"

"အင်း. . ."

"အရူးမလေး"

"တကယ်ပါကို. . . ကိုနဲ့ နန္ဒာနဲ့ မတန်ဘူးဆိုပြီး"

"တော်. . . ချစ်ရယ်၊ ကိုယ်မကြားချင်ဘူး. . . ဒီသောက မျိုးလည်း ထပ်ပြီး မခံစားချင်တော့ဘူး၊ ချစ် ကို့ကို ကတိပေး"

"ဘာပေးရမှာလဲ ကို"

"နောက်ကို ဒါမျိုး မလုပ်တော့ပါဘူးလို့"

"နောက်ကို ဒါမျိုး မလုပ်တော့ပါဘူး"

"အို. . . ချစ်ရယ်၊ လိမ္မာလိုက်တာ၊ ကိုယ်တို့ရဲ့ ရှေ့ အနာဂတ်လမ်းမှာ ဒီလိုပြဿနာတွေ ဘယ်တော့မှ ရှိမလာစေရ အောင် ကိုယ်တို့နှစ်ယောက်လုံး ထိန်းကြမယ်လေနော်၊ ကဲ. . . အား လုံးကိုမေ့ပစ်လိုက်ကြစို့၊ ချစ်သာ နေကောင်းဖို့ကြိုးစား၊ ဟုတ်လား နော်. . ."

"ဟုတ်ကဲ့ပါကို. . . ကို အိမ်ပြန်လိုက်မသွားနဲ့နော်၊ နန္ဒာ့နား မှာပဲ နေခဲ့"

"ဒီ ဆေးရုံကုတင်ပေါ်မှာ နှစ်ယောက်နေခွင့်ပေးပါလို့ ဆရာ ဝန်ကြီးကို သွားခွင့်တောင်းလိုက်ဦးမယ်"

"ကိုနော်. . ."

* * *

ကြောင်နှစ်ကောင်စာပေ

# အခန်း(၃၅)

"ဟောမာန်. . . နေကောင်းတယ်နော်"

"ကောင်းပါတယ် ခင်ဗျာ"

"အေးကွယ်. . . ဒေါ်လေးက္ကန္ဒာလည်း မှားတာတွေရှိပါတယ်၊ ဒါပေမယ့် မင်းတို့အပေါ်မှာတော့ ဘယ်တော့မှ ယုတ်မာပက်စက်တဲ့ အကြံအစည်မျိုး မရှိခဲ့ပါဘူး"

"ကျွန်တော် သိပါတယ်. . . ကျွန်တော် ဘာမှလုပ်မပေးဘဲ ကျွန်တော့်ကို ကောင်းကောင်းကျွေးထားတာကိုပဲ ကြည့်ပါ"

"မင်း. . . ဒီလိုသဘောပေါက်ရင် ဒေါ်လေးက္ကန္ဒာ ဝမ်းသာပါပြီကွာ. . . ကဲ. . . ဒေါ်လေးကို ပြောပြတဲ့အတိုင်း ဟောဒီက ဦးကောင်းမြတ်ကို ပြောပြပါကွယ်၊ ပြီးရင် ဒေါ်လေး ဆေးရုံသွားမယ်၊ နန္ဒာနှယ့်ရှေ့မှာ ဒေါ်လေးဖုံးကွယ်ထားတဲ့အပြစ်တစ်ခုကို ဝန်ခံရင်း





တောင်းပန်ရဦးမယ်"

သူကိုယ်သူ ပြောသလိုလို အားလုံးကိုပြောသလိုလိုနှင့် ပြောနေသော ဒေါ်က္ကန္ဒာ၏စကားကို အားလုံးက နားထောင်နေကြပါ၏။ ဆရာတော်ဘုရားလည်းရှိနေ၍ ဘယ်သူကမှ ဘာလဲဟု မမေးကြပါချေ. . .။

ဆရာတော်ဘုရားက. . .

"ကဲ. . . ဟောမာန်၊ ရန်ကုန်က ဒကာကြီးသိရအောင် မင်းကိစ္စပြောလိုက်လေ. . . မင်းလည်းအားလုံးကို ပြန်သတိရနေပြီပဲ"

"တင်ပါ့ဘုရား"

မောင်ဟောမာန်က ရိုသေဝပ်တွားစွာ ပြောကြားလိုက်ပြီး သဥ္စာမွန် အိမ်သားများဘက်သို့ လှည့်၍. . .

"ကျွန်တော်ပြောချင်တာ. . . စိန်လည်ဆွဲကိစ္စပါ"

ဦးကောင်းမြတ်ကို ကြည့်၍ပြောသည်။ ဦးကောင်းမြတ်က ခေါင်းဆတ်ပြလိုက်ပါ၏။

"အဲဒီကိစ္စက မမနန္ဒာနဲ့ ဘာမှမဆိုင်ပါဘူး ခင်ဗျာ. . . သူ သိလည်းမသိပါဘူး၊ ကျွန်တော့်ဟာ ကျွန်တော် ကောက်ရထားတာပါ"

"ဩော်. . ."

"ကျွန်တော် ပထမတော့ ယူထားမလို့ပါ. . . ဒါပေမယ့် ကျွန်တော်က မမနန္ဒာကို သိပ်ချစ်တော့ သူ့ကိုပေးမယ်ဆိုပြီး ပြလိုက်မိပါတယ်"

"အင်း. . ."

"မမနန္ဒာက အဲဒီလည်ဆွဲကို ဒေါ်လေးက္ကန္ဒာကို ပြန်ပေးမယ်လို့ ပြောပါတယ်"

"သူက ဒီလိုပဲပြောလား"

"ပြောပါတယ် ခင်ဗျာ. . . မမနန္ဒာဟာ သိပ်ရိုးသားဖြူစင်ပါတယ်. . . ကျွန်တော့်ကိုလည်း ခင်မင်သံယောဇဉ်ရှိရှာပါတယ်၊ ဒါပေမယ့် ကျွန်တော်ချစ်သလိုမျိုးတော့ မဟုတ်ပါဘူး၊ သူတကယ်ချစ်တာက အစ်ကိုစောနောင်ကိုပါ"

ဦးကောင်းမြတ် လှုပ်ရှားသွားသည်။

"ဒါနဲ့. . . မင်းနဲ့. . ."

ဘုန်းကြီးကလည်းရှိနေ၍ ဦးကောင်းမြတ်က သဘောလောက်သာ မေးရပါ၏။

"ဒီလိုပါခင်ဗျာ. . . သူက ဒီစိန်လည်ဆွဲကို ကျွန်တော့်ဆီက ပြန်တောင်းပါတယ်၊ ဒါကလည်း ပြန်ပေးချင်လွန်းလို့ဖြစ်မှာပါ၊ ဒါနဲ့ ကျွန်တော်လည်း အိမ်မှာချိန်းပြီး သူ့လည်ပင်းမှာ ဆွဲပေးလိုက်ပါတယ်"

"အင်း. . ."

"ပြီးတော့ သူကပြန်တော့မယ့်အကြောင်း၊ ကိုစောနောင်နဲ့ လိုက်သွားတော့မယ့်အကြောင်း အပြီးနှုတ်ဆက်ပြီး ပြန်တော့မယ် အလုပ်မှာ ကျွန်တော်လည်း သိပ်ဝမ်းနည်းသွားမိတယ်၊ မမနန္ဒာကို ပြန်မလွှတ်ချင်တာတစ်ခုပဲ သိပြီး ရမ်းရမ်းကားကား ဆွဲထားမိတယ်၊ မမနန္ဒာက အတင်းရုန်းတော့ အင်္ကျီတွေစုတ်ပြဲကုန်တယ်. . . ပြီးတော့ ကျွန်တော့် တစ်ကိုယ်လုံးဆတ်ဆတ်တုန်ပြီး မျက်စိတွေ ပြာလာတာအထိ မှတ်မိပါတယ်၊အဲဒီ့နောက်တော့ ကျွန်တော် ဘာမှမသိတော့





တာအမှန်ပါပဲ ခင်ဗျာ"

စာရိတ္တယိုယွင်းသူဟု ချွေးမလောင်းကို စွပ်စွဲထားမိသော ဦးကောင်းမြတ်၏ရင်မှ အစွန်းတစ်ကွက် ခြေဖျက်ပျယ်လွင့်သွားရပါပြီတည်း။

"ဒီလိုကွဲ့ ဟေမာန့်ရောဂါမျိုးက အမြဲတန်းရူးသွပ်နေတာ မဟုတ်ပေမယ့် တစ်ခါတစ်ခါ အဲဒီလို ကြီးကြီးမားမား စိတ်လှုပ်ရှားစရာမျိုးတွေ့ခဲ့ရင် သတိလက်လွတ်သွားတတ်တဲ့ စိတ်ရောဂါတစ်မျိုးပေါ့"

ဆရာတော်ဘုရားက ရှင်းပြပါ၏။

"အခု သူ စိတ်ကောင်းဝင်တဲ့အခါ ပြန်ကောင်းလာပေမယ့် စိတ်မချရသေးဘူး၊ သူ့ကို သည်းခြေဆေးကျွေးရဦးမယ်၊ အချိန်ယူကုရဦးမယ်. . ."

"ဘယ်လိုလဲ ဟေမာန်၊ မင်း. . . ဆရာတော်စကား နားထောင်မလား"

မောင်ဟေမာန်၏ဦးလေး ဦးယက္ခက မေးလိုက်သည်။

"နားထောင်မယ် ဦးလေး၊ ကျွန်တော် ဘုန်းကြီးကျောင်းမှာပဲ ဆေးကုရင်း သွားနေဦးမယ်"

"ကောင်းတာပေါ့ကွာ"

"ရောဂါပျောက်ရင် ကျွန်တော် ကျောင်းဆက်တက်ပါရစေ ဦးလေးရယ်. . ."

"ကောင်းတယ်. . . ကောင်းတယ်. . . ထားပေးမယ် ဟေမာန်၊ ဒေါ်လေး ထားပေးမယ်"

ဒေါ်ကြူနွာက အားတက်သရော ပြောရှာပါ၏။ နှောင်တဝင်နေသော ဒေါ်ကြူနွာ၏မျက်နှာမှာ ညှိုးငယ်နေသော်လည်း ကြည်အေးနေရှာပါ၏။

"ကဲ. . . ဟေမာန်၊ အားလုံးကို ကန်တော့၊ တို့သွားကြစို့"

ဆရာတော်က ဆော်ဩလိုက်သည်။

မောင်ဟေမာန်မှာ ဦးကောင်းမြတ်၊ ဦးယက္ခ၊ ဦးဩတနှင့် ဒေါ်ကြူနွာ၊ ဒေါ်စောနန်းတို့ကို တစ်ယောက်ချင်းကန်တော့ပြီး သူ့မိတ်ဆွေ ကိုတူးလေးကို နှုတ်ဆက်အပြီးတွင်. . .

"မမနန္ဒာကိုမှန်းပြီး ကျွန်တော် ကန်တော့သွားတယ်လို့ ပြောပေးပါ ဒေါ်လေးရယ်"

မောင်ဟေမာန်က ခေါင်းရင်းတစ်နေရာကိုမှန်း၍ ကန်တော့ပြီးပြန်အမော့လိုက်တွင် မျက်ရည်များ ပြည့်လျှံနေရှာသည်။

နန္ဒာနွယ့်အပေါ်တွင် သူ တစ်ခုခုကျူးလွန်မိလေပြီလားဟုလည်း သံသယစိတ်နှင့် နှောင်တရနေရှာပေလိမ့်မည်သာ. . .။

"ဟေမာန်"

"ဗျာ. . . ဒေါ်လေး"

"ဒေါ်လေး မနက်ဖြန် မင်းဆီလာခဲ့မယ်"

"ဘာ. . . ဘာကိစ္စလဲ ဒေါ်လေး"

"မင်း ဝမ်းသာစရာကိစ္စ၊ ဒေါ်လေးဖွင့်ပြောပြမလို့"

"ခင်ဗျာ. . . ဘာများလဲ ဒေါ်လေးရယ်"

"အခု ဆရာတော်ရှိနေသေးလို့ မင်းတို့ပြန်ရင် နန္ဒာနွယ့်ဆီသွားပြီး ဝန်ခံတောင်းပန်မယ်၊ ပြီးမှ မနက်ဖြန်မှ မင်းဆီလာခဲ့မယ်၊



ကဲ. . . ဟုတ်ပြီလား၊ သွားတော့. . . သွားတော့. . . တို့များ ဆေးရုံသွားကြရဦးမယ်"

※ ※ ※

## အခန်း(၃၆)

"ကဲ. . . ချစ်. . . ဟောလစ်လေးနည်းနည်းသောက်လိုက်ဦး၊ ကိုယ်ကိုယ်တိုင် ဖျော်ထားတာ. . ."

"ကွယ်. . . ကိုလည်း မေး(လ်)နပ်(စ်)ကြီးဖြစ်နေပြီ"

"ကျင့်ထားတာ၊ မိန်းမကလေးမွေးရင် အမျိုးသမီးနပ်(စ်)မငှားဘဲ၊ ကိုယ်တိုင် ယောကျ်ားသူနာပြု ဝင်လုပ်မလို့. . ."

"ကိုဟာလေ. . . ဘယ်တော့မှ စကားအကောင်းမပြောဘူး၊ အမြဲနောက်တယ်၊ ကဲ. . . လော်ဦး"

"အဟား. . . ဟား. . ."

လိမ်ဆွဲလိုက်တော့လည်း သဘောကျစွာ ရယ်မောနေရှာသည့်ကို. . . ထိုစဉ်. . .

"နေကောင်းလား နန္ဒာနွယ်"





"ဩော်. . . ဒေါက်တာ၊ ဟုတ်ကဲ့ရှင့်"

"ဘာတွေများ သဘောကျနေကြလဲ"

"ကိုပေါ့. . . အလကား လိုက်လျှောက်နောက်နေလို့"

"သူလည်းပျော်မှာပေါ့လေ. . . ချစ်သူလှလှလေးကို အသက်ရှင်ရက် ပြန်ရတာကို"

"အဲဒါ. . . ဒေါက်တာတို့ ကျေးဇူးပေါ့"

"ဒီလိုပါပဲ လူနာတိုင်းကို ကူညီရတာပါပဲ"

"ဒီနေ့ ဒေါက်တာ့ဂျူတီလား"

"မဟုတ်ဘူး. . . အော့(ဖ်)ပဲ၊ နန္ဒာနွယ်နဲ့ စကားနည်းနည်းပြောချင်လို့ တမင်ဝင်လာတာ"

"ထိုင်ပါ ဒေါက်တာ"

ကိုစောနောင်က နန္ဒာနွယ်ကို ကုသပေးနေသော ဆရာဝန် "မြကေသီ" ကို ခုံလေးထိုးပေးရင်း သူက အပြင်သို့ထွက်သွားရှောင်ပေးရှာပါ၏။

"မမကေသီကို အမှန်အတိုင်းပြောနိုင်မလား နန္ဒာနွယ်"

"ဘာကိုလဲဟင်"

"ဘာကိုပဲဖြစ်ဖြစ်ပေါ့"

"ပြောမယ်မမ. . . ပြောပါ့မယ်၊ မမဟာ နန္ဒာ့ရဲ့ အသက်ကိုကယ်တင်ပေးခဲ့တဲ့ ကျေးဇူးရှင်ပါ"

"ဒါတွေထားပါဦးလေ"

"ပြီးတော့လည်း နန္ဒာ့ဘဝမှာ ဘာမှကွယ်ဝှက်စရာမရှိတော့ပါဘူးရှင်၊ ဒေါက်တာ အသိဆုံးပါပဲလေ. . ."

ဤဒေါက်တာမြကေသီသည် နန္ဒာနွယ့်ဘဝ နွမ်းခဲ့ရသည့်နေ့က သဥ္ဈာမွန်သို့ရောက်လာပြီး စမ်းသပ် စစ်ဆေးပေးခဲ့သော ဆရာဝန်မ. . .။

"ကောင်းပြီ. . . ဒါဖြင့်မေးမယ်၊ နန္ဒာနွယ် ဘာဖြစ်လို့ အိပ်ဆေးတွေ သောက်ရတာလဲ"

"စိတ်ညစ်လွန်းလို့ သေချင်လို့ပါ"

"ဒါတော့ ဒါပေါ့ နန္ဒာရဲ့ မမကေသီမေးတာက စိတ်ညစ်ရတဲ့အကြောင်းက ဘာလဲလို့. . ."

"တိတိကျကျ ပြောရရင်တော့၊ ကို့ ကိုချစ်လွန်းလို့ပါ"

"ဟင်"

"ဟုတ်ပါတယ်၊ နန္ဒာရဲ့ နွမ်းနေတဲ့ဘဝကြီးကို ကို့ရင်ခွင်ထဲ မထည့်ရက်လို့ပါလို့ နန္ဒာအမှန်အတိုင်း ဝန်ခံပါရစေ"

"ဘာ. . . ဘာပြောတယ် နန္ဒာနွယ်"

"ရှင်"

"နန္ဒာ့မှာ. . . ဘဝနွမ်းရပြီလို့ ဘယ်သူကပြောတာလဲဟင်"

"ရှင်"

"ဖြေစမ်း နန္ဒာနွယ်"

"ဒေါက်တာပဲ စမ်းသပ်ပြီးပြီလေ. . ."

"အေး. . . ဒါကြောင့် ပြောတာပေါ့၊ ဘယ်သူက ပြောတာအမှန်လဲလို့"

"ဒေါက်တာက ပြောသွားတယ်ဆို"

"အဲဒီဆို. . . ဆိုတာ ဘယ်သူလဲ"

ကြော်ငြာ နှစ်ကောင်စာပေ



"ဒေါ်လေး ဣန္ဒာပေါ့"

"တောက်. . . တယ်ယုတ်မာပါလား၊ ဒါကြောင့် လူနာရှေ့မှာ ဘာမှမပြောပါနဲ့ဆိုပြီး အပြင်ခေါ်ထုတ်ပြီးမှ နှစ်ယောက်ထဲ ကြိတ်မေးတာကို. . ."

"ရှင် မမရယ်. . . ဘာလဲ"

"နန္ဒာ ဘာမှမဖြစ်ခဲ့ဘူး၊ နန္ဒာဟာ ပကတိ အပျိုစင်အတိုင်းပဲ. . . ကြောက်လန့်လွန်းလို့ မေ့လဲသွားတာတစ်ခုပဲ"

"ရှင်"

"ကြည့်စမ်း. . . အဲဒီလိုပြောခဲ့ပါလျက်နဲ့ ဘာဖြစ်လို့များနန္ဒာ့ကို ဒီလို ရက်ရက်စက်စက် ပြောရတာပါလိမ့်နော်. . ."

"အကြောင်းရှိပါတယ် မမကေသီ၊ အကြောင်းရှိပါတယ်ရှင်"

"ဘာအကြောင်းလဲဟင်"

"သူနဲ့ သူ့သမီးပါ သိကျွာကျရမယ့်အကြောင်းမို့ ဒါတွေ နန္ဒာမပြောပါရစေနဲ့ရှင်"

"သူ့သမီးနဲ့ ကိုစောနောင်နဲ့ သဘောတူတယ်ဆိုတာ မမကေသီ သတင်းသန့်သန့် ကြားမိပါတယ်"

နန္ဒာနွယ် ငြိမ်နေမိသည်။ မျက်ရည်များ လျှံကျလာရသည်။ သည်တစ်ခါ လျှံကျလာရသော မျက်ရည်များက ကြေကွဲမှုကြောင့် မဟုတ်တော့ပါ။

"ကဲ. . . ဒေါ်ဣန္ဒာကို ဘာပြန်လုပ်ချင်လဲ၊ မမကေသီ သက်သေလိုက်မယ်"

နန္ဒာနွယ်မှာ ဖြည်းညင်းစွာ ခေါင်းကိုခါယမ်းလိုက်ပြီးမှ. . .

ကြော်ငြာ နှစ်ကောင်စာပေ

"နေပါစေတော့. . . သူ့ကို ဘာမှမတုံ့ပြန်လိုတော့ပါဘူး မမကေသီရယ်. . . နန္ဒာ့ကို တစ်ခုပဲပြောပေးစေချင်ပါတယ်"

"ပြော. . . ဘာပြောပေးရမလဲ"

"ကို. . . ကိုစောနောင် ယုံအောင် မမကေသီက သက်သေအဖြစ်နဲ့ ပြောပေးပါလို့. . ."

"ကောင်းပြီ. . . အခုထွက်သွားရင် ကိုယ်ပြောလိုက်မယ်၊ ကဲ. . . ဟုတ်ပြီလား"

"ကျေးဇူး. . . မမ. . . ကျေးဇူး"

ဒေါက်တာမြကေသီ ထွက်သွားချိန်တွင် ဆေးရုံရှေ့သို့ သဥ္စာမွန်မှ ကား ဆိုက်ရောက်လာပါပြီ. . .။

စိန်လည်ဆွဲကြိုးကို နန္ဒာနွယ် မခိုးပါဟူသော သတင်းစကားနှင့် နန္ဒာနွယ့်ဘဝ မနွမ်းခဲ့ပါဟူသော သတင်းစကားနှစ်ရပ်တို့ ဤဆေးရုံခန်းလေးအတွင်း အားလုံးရှေ့မှာပင် ရှင်းလင်းပြတ်သားစွာ သိခွင့်ရလိုက်ကြပါပြီ။

"ဟာ. . . နန္ဒာ. . . ချစ်ရယ်"

ဝမ်းသာကြည်နူးခြင်းများဖြင့် ဆေးရုံခန်းတွင်းသို့ အလောတကြီးပြေးဝင်လာသောကိုစောနောင်ကိုမြင်လိုက်သည်နှင့် နန္ဒာနွယ်မှာစောင်ကို မျက်နှာပေါ်သို့ ဆွဲဖုံးပစ်လိုက်ပါတော့သတည်း. . .။

* * *

ပြီးပါပြီ။

**ကလျာ (ဝိဇ္ဇာ/သိပ္ပံ)**

(၂၂. ၅. ၁၉၇၉)

ကြောင်နှစ်ကောင်စာပေ

ကလျာ(ဝိဇ္ဇာ/သိပ္ပံ)

# အန္တရာယ်ဆုံးည

